၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၄ ရက်နေ့ ရက်စွဲပါ ကနဦး အလားအလာညွှန်းတမ်း



ကွန်ကော့ဒီးယား အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်
(ကုမ္ပဏီမှတ်ပုံတင်အမှတ်: ၁၇၇၇၀၃၅၉၁)
(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၌ ၁၉၉၃ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်နေ့တွင် ပေးရန်တာဝန်အကန့်အသတ်ဖြင့် ဖွဲ့စည်းတည်ထောင်ခဲ့သည်)

အစုရှယ်ယာပေါင်း [[၉,၂၉၆,၂၉၆] နှင့် [၉,၃၂၀,၀၀၀] အကြား] စတော့အိပ်ချိန်း တွင် စာရင်းတင်သွင်းသည်။
ကမ်းလှမ်းအစုရှယ်ယာပေါင်း [[၂၉၆,၂၉၆] နှင့် [၃၂၀,၀၀၀] အကြား] ကို ဝယ်ယူရန် လျှောက်ထားနိုင်ကြောင်း ကမ်းလှမ်းသည်။
ကမ်းလှမ်းဈေးနှုန်းမှာ ကမ်းလှမ်းအစုရှယ်ယာ တစ်စုလျှင် [[၂,၅၀၀] နှင့် [၂,၇၀၀] ကျပ် အကြား] ဈေးနှုန်း ဖြစ်ပါသည်။

ဤစာတမ်းသည် အရေးကြီးပါသည်။လူကြီးမင်း အနေဖြင့် တစ်စုံတစ်ရာ သံသယ ရှိလျှင် မည်သို့ ဆောင်ရွက်သင့်ကြောင်း လူကြီးမင်း၏ ဥပဒေ ဆိုင်ရာ၊ ဘဏ္ဍာရေး ဆိုင်ရာ၊ အခွန် ဆိုင်ရာ သို့မဟုတ် အခြား ကျွမ်းကျင်ပညာရှင် အကြံပေးပုဂ္ဂိုလ်နှင့် ဆွေးနွေးတိုင်ပင်သင့်ပါသည်။

ဤအလားအလာညွှန်းတမ်းကို ကျွန်ုပ်တို့ ကွန်ကော့ဒီးယား အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် ("ကုမ္ပဏီ") သည် ကျွန်ုပ်တို့ ကုမ္ပဏီ၏ အစုရှယ်ယာ မတည်ငွေရင်း ("အစုရှယ်ယာ") တွင် အများပြည်သူမှ သာမန်အစုရှယ်ယာ အသစ်များ ထည့်ဝင်နိုင်ရေး အတွက် အစုရှယ်ယာ သစ်များ ကမ်းလှမ်းရောင်းချရန် ("ကမ်းလှမ်းချက်") လည်းကောင်း၊ ကျွန်ုပ်တို့ ကုမ္ပဏီမှ ထုတ်ဝေ ရောင်းချမည့် အစုရှယ်ယာများ နှင့် ထုတ်ဝေပြီးအစုရှယ်ယာများ အားလုံး(၁၀၀%)ကို အရောင်းအဝယ် ပြုလုပ်နိုင်ရန် ရန်ကုန်စတော့အိပ်ချိန်း (**"YSX")** တွင် စာရင်းတင်သွင်းခြင်းအတွက် လည်းကောင်း နှစ်ရပ်ပေါင်းလျက် "စာရင်းတင်သွင်းခြင်း" ဟု ရည်ညွှန်း၍ ပြည်တွင်းရှိ ရင်းနှီးမြှုပ်နှံလိုသူများသို့ ထုတ်ဝေခြင်း ဖြစ်ပါသည်။

နောက်ဆုံးတင်သွင်းသည့်နေ့ရက် (Latest Practicable Date) အရ ကုမ္ပဏီ၏ ထုတ်ဝေပြီးအစုရှယ်ယာမတည်ငွေရင်း (ကမ်းလှမ်းခြင်းမပြုမီ) တွင် **အစုရှယ်ယာ ၉,၀၀၀,၀၀၀** ဖြင့် စုစုပေါင်းကျပ်ငွေ ၉,၀၀၀,၀၀၀,၀၀၀ (ကိုးဘီလီယံ) ရှိပါသည်။

ဤကမ်းလှမ်းမှုအရ ကျွန်ုပ်တို့၏ ကုမ္ပဏီသည် မြန်မာနိုင်ငံရှိ ရင်းနှီးမြှုပ်နှံသူများအား အသစ်ထုတ်ဝေမည့် ကမ်းလှမ်း အစုရှယ်ယာစုစုပေါင်း **[[၂၉၆,၂၉၆] မှ [၃၂၀,၀၀၀]]** အထိ *("Offering Shares")* ကို ကမ်းလှမ်းဈေးနှုန်း (အောက်တွင် ဖော်ပြထားသည့်အတိုင်း) ဖြင့် ထည့်ဝင်နိုင်ရန် ကမ်းလှမ်းပါသည်။ အကယ်၍ အဆိုပါ ကမ်းလှမ်းမှုအား အပြည့်အဝ ထည့်ဝင်ပါက စုစုပေါင်း ခန့်မှန်းရငွေ **[[၇၄၀,၇၄၀,၀၀၀] မှ [၈၆၄,၀၀၀,၀၀၀]]** ကျပ်အထိ ရရှိမည်ဖြစ်ပါသည်။ ကမ်းလှမ်းအစုရှယ်ယာ တစ်စုစီ၏ **ကမ်းလှမ်းဈေးနှုန်း** *("Offering Price")* မှာ **[[၂,၅၀၀] မှ [၂,၇၀၀]] ကျပ်** ဖြစ်ပါသည်။

မြန်မာငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်သည် ဤကမ်းလှမ်းမှုနှင့်စပ်လျဉ်း၍ Sole Bookrunner, Sole Lead Manager နှင့် Underwriter အဖြစ် ဆောင်ရွက်ရန် သဘောတူညီထားပြီး [အခြားငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီများ (ရှိပါက) [Joint Underwriters] အဖြစ် ပူးပေါင်းဆောင်ရွက်မည်]၊ အကောင်းဆုံး ကြိုးစားအားထုတ်မှု နည်းလမ်းဖြင့် (best efforts basis) တာဝန်ခံ၍ အစုရှယ်ယာများကို ဖြန့်ချိရောင်းချမည်ဖြစ်ပါသည်။

ဤစာရင်းဝင်ခြင်း မတိုင်မီ ကျွန်ုပ်တို့ ကုမ္ပဏီ၏ အစုရှယ်ယာများကို မြန်မာနိုင်ငံတွင် ဖြစ်စေ၊ အခြား နေရာတွင်ဖြစ်စေ မည်သည့် စတော့အိပ်ချိန်း သို့မဟုတ် ငွေချေးသက်သေခံလက်မှတ်ဆိုင်ရာအိပ်ချိန်းတွင်မှ စာရင်းဝင်ခြင်း၊ ဈေးနှုန်း ဖော်ပြခြင်း မပြုလုပ်ခဲ့ပါ။ အစုရှယ်ယာအားလုံးကို အစုရှယ်ယာ အတန်းအစား ခွဲခြားထားခြင်းမရှိသည့်အပြင် တူညီသော ရပိုင်ခွင့်နှင့် အခွင့်အရေးရှိပါသည်။

ဤကနဦးအလားအလာညွှန်းတမ်းသည် အပြည့်အစုံမဟုတ်ပါ။ အကြောင်းကြားခြင်းမရှိခဲ့ ဤကနဦးအလားအလာညွှန်းတမ်းကို ပြည်စုံအောင်ပြည့်စွက် သို့မဟုတ် ပြင်ဆင်နိုင်ပါသည်။ ဤ ကနဦး အလားအလာညွှန်းတမ်းသည် ရှယ်ယာထမ်းလွှဲမှု သို့မဟုတ် ရောင်းချမှုကို ခွင့်ပြုမထားသော စီရင်ပိုင်နယ်တစ်ရပ်ရပ်တွင် ရှယ်ယာများအား ရောင်းချခြင်း မဟုတ်ပါ သို့မဟုတ် ဝယ်ယူရန်ကမ်းလှမ်းမှုကို ဆွယ်ခြင်းမဟုတ်ပါ။

ဤကမ်းလှမ်းမှုတွင် (၁) မြန်မာနိုင်ငံသားဥပဒေ၏ ပုဒ်မ၂ ပုဒ်မခွဲ(ဇ) ၌ အဓိပ္ပါယ်ဖွင့်ဆိုထားသည့် နိုင်ငံသား မဟုတ်သောသူ၊ ဧည့်နိုင်ငံသားမဟုတ်သောသူ သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူမဟုတ်သောသူ၊ (၂) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ နှင့် နိုင်ငံတော်ပြင်ပတွင် အခြားနိုင်ငံတစ်ခုခု၏ ဥပဒေတစ်ရပ်ရပ်အပါအဝင် အခြားဥပဒေ တစ်ရပ်ရပ်အရ ဖွဲ့စည်းတည်ထောင်ထားသော နိုင်ငံခြားကုမ္ပဏီ (သို့မဟုတ်) အဖွဲ့အစည်း (အားလုံးကို "နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ" အဖြစ် ရည်ညွှန်းသည်)၊ သို့မဟုတ် (၃) မြန်မာနိုင်ငံသားများနှင့် နိုင်ငံသားပိုင်ကုမ္ပဏီများသည် ကမ်းလှမ်းအစုရှယ်ယာများအတွက် လျှောက်ထားနိုင်ခွင့်ရှိသည်။ သို့သော် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများက ကိုင်ဆောင်ထားသည့်အစုရှယ်ယာ စုစုပေါင်းရာခိုင်နှုန်းသည် ၃၅% ("သတ်မှတ်ကန့်သတ်ချက်") အောက်သာရှိရပါမည်။ ယင်းသည် မြန်မာနိုင်ငံအစိုးရ၊ မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင် (SECM) သို့မဟုတ် ရန်ကုန်စတော့အိပ်ချိန်း (YSX) မှ ထုတ်ပြန်လာနိုင်သည့် နောက်ထပ် စည်းမျဉ်းများ၊ အမိန့်ကြော်ငြာစာများ၊ ညွှန်ကြားချက်များသို့မဟုတ် ကြေညာချက်များကို လိုက်နာရမည်ဖြစ်ပါသည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအား ကျွန်ုပ်တို့၏ အစုရှယ်ယာများကို နောက်ထပ်ထုတ်ဝေခြင်း၊ လွှဲပြောင်းခြင်း သို့မဟုတ် အခြားစီမံခန့်ခွဲမှုများ ပြုလုပ်ရာတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ၏ ပိုင်ဆိုင်မှုရာခိုင်နှုန်း စုစုပေါင်းသည် သတ်မှတ်ကန့်သတ်ချက်အောက် သို့မဟုတ် ကုမ္ပဏီမှ YSX သို့ အကြောင်းကြားထားသည့် အခြားကန့်သတ်ချက် သို့မဟုတ် SECM သို့မဟုတ် YSX မှ သတ်မှတ်ထားသည့် အခြားကန့်သတ်ချက် အောက်တွင်သာရှိရမည်။ ဤသို့ဖြစ်ရန်မှာ သတ်မှတ်ကန့်သတ်ချက်နှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံအစိုးရမှ ထုတ်ပြန်လာနိုင်သည့် နောက်ထပ်စည်းမျဉ်းများ၊ အမိန့်ကြော်ငြာစာများ၊ ညွှန်ကြားချက်များ သို့မဟုတ် ကြေညာချက်များ ကို လိုက်နာရမည်ဖြစ်သည်။ အစုရှယ်ယာများနှင့် စပ်လျဉ်း၍ ရောင်းဝယ်ခြင်းနှင့် စာရင်းရှင်းလင်း ပေးချေမှုတို့ကို မြန်မာကျပ်ငွေဖြင့်သာ လုပ်ဆောင်မည်ဖြစ်ပါသည်။

မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင်မှ နောက်ဆုံး ခွင့်ပြုမိန့် ရရှိသည့်အခါ ဤအလားအလာညွှန်းတမ်း၏ မိတ္တူတစ်စုံကို ကုမ္ပဏီများဥပဒေပုဒ်မ (၂၀၃) နှင့်အညီ မှတ်ပုံတင်နိုင်ရန် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာနသို့ ပေးပို့တင်သွင်းမည် ဖြစ်ပါသည်။ ငွေချေးသက်သေခံ လက်မှတ်များ လဲလှယ်ရောင်းဝယ်ရေး ဥပဒေ ပုဒ်မ ၃၅ (က) နှင့်အညီ ဤကမ်းလှမ်းမှုအတွက် အတည်ပြုချက်ကို မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်ထံမှ လျှောက်ထားရယူကာ၊ ရန်ကုန်စတော့အိပ်ချိန်းတွင် စာရင်းတင်သွင်းရန်အတွက် လိုအပ်ချက်များနှင့်အညီ ရန်ကုန်စတော့အိပ်ချိန်းထံသို့ ပေးပို့လျှောက်ထားပြီး လည်းဖြစ်ပါသည်။ ဤအလားအလာညွှန်းတမ်းတွင် ပါရှိသော အကြောင်းအရာများနှင့် ပတ်သက်၍ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန၊ မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်နှင့် ရန်ကုန်စတော့အိပ်ချိန်းတို့တွင် တာဝန်ရှိသည်ဟု မမှတ်ယူနိုင်ပါ။ ဤအလားအလာညွှန်းတမ်းတွင် ပါရှိသော သတင်းအချက်အလက်များ ပြည့်စုံမှုအတွက် သော်လည်းကောင်း၊ တိကျမှန်ကန်မှုအတွက် သော်လည်းကောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင်နှင့် ရန်ကုန်စတော့အိပ်ချိန်းတို့မှ မည်သည့်အာမခံချက်မှ မပေးပါ။ ဤအလားအလာညွှန်းတမ်းကို မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်က အတည်ပြုမှုသည် ကုမ္ပဏီများဥပဒေ၊ ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေး ဥပဒေ သို့မဟုတ် အခြား ဥပဒေစည်းမျဉ်း တစ်စုံတစ်ရာ၏ လိုအပ်ချက်များကို လိုက်နာဆောင်ရွက်မှု ပြီးပြည့်စုံပြီဟု အဓိပ္ပာယ်မသက်ရောက်ပါ။ ထို့နည်းတူစွာ ရန်ကုန်စတော့အိပ်ချိန်းက ၎င်းထံ စာရင်းတင်သွင်းရန် ခွင့်ပြုမှုသည်လည်း ကျွန်ုပ်တို့ကုမ္ပဏီ သို့မဟုတ် ကျွန်ုပ်တို့ကုမ္ပဏီ၏ အစုရှယ်ယာများသည် ကောင်းမွန်ကြောင်း ညွှန်ပြခြင်း ဖြစ်သည်ဟုလည်း မမှတ်ယူရပါ။ ယခုကမ်းလှမ်းခြင်းအတွက် မြန်မာနိုင်ငံငွေချေး သက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင် နှင့် ရန်ကုန် စတော့အိပ်ချိန်းတို့၏ သဘောတူခွင့်ပြုချက်ပေးခြင်းသည် "မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်" နှင့် "ရန်ကုန်စတော့အိပ်ချိန်း" တို့အနေဖြင့် ကမ်းလှမ်းအစုရှယ်ယာများတွင် ရင်းနှီးမြှုပ်နှံရန် အကြံပြုခြင်း မဟုတ်သကဲ့သို့၊ ကမ်းလှမ်းအစုရှယ်ယာများ၏တန်ဖိုး သို့မဟုတ် အမြတ်အစွန်းပေါ် အာမခံချက်ပေးခြင်း မဟုတ်ပါ။ ရင်းနှီးမြှုပ်နှံသူများသည် ကျွန်ုပ်တို့အစုရှယ်ယာများတွင် ရင်းနှီးမြှုပ်နှံခြင်းအတွက် ဥပဒေရေးရာ၊ စီးပွားရေး၊ ဘဏ္ဍာရေး၊ အခွန်အခနှင့် ဆက်စပ်ရှုထောင့်များနှင့်စပ်လျဉ်း၍ မိမိတို့၏ အတတ်ပညာရှင် အကြံပေးများနှင့် တိုင်ပင်ဆွေးနွေးသင့်ပါသည်။

အထက်တွင် ဖော်ပြသည်မှအပ ဤအလားအလာညွှန်းတမ်းကိုသော်လည်းကောင်း၊ (ဤတွင် အဓိပ္ပါယ် သတ်မှတ်သည့်) လျှောက်လွှာပုံစံများကိုသော်လည်းကောင်း၊ ဤကမ်းလှမ်းမှုဖြင့် ဆက်စပ်သော အခြားစာရွက်စာတမ်း တစ်စုံတစ်ရာကို သော်လည်းကောင်း၊ အခြားမည်သည့် စီရင်ပိုင်ခွင့်နယ်ပယ်တွင်မျှ တင်သွင်းလျှောက်ထားမှု သို့မဟုတ် မှတ်ပုံတင်မှု လုပ်ဆောင်ထားခြင်း မရှိပါ။ ကမ်းလှမ်းအစုရှယ်ယာများအား ကမ်းလှမ်းခွင့်ရရှိရေးအတွက်လည်းကောင်း၊ ဤအလားအလာညွှန်းတမ်းကိုဖြစ်စေ၊ ပူးတွဲပါ လျှောက်လွှာပုံစံ များကိုဖြစ်စေ လက်ဝယ်ရရှိခြင်း၊ ဖြန့်ဝေခြင်း သို့မဟုတ် ဖြန့်ဖြူးခြင်းအတွက်လည်းကောင်း၊ သက်ဆိုင်ရာ ရည်ရွယ်ချက်အလို့ငှာ တစ်စုံတစ်ရာလုပ်ဆောင်ရန်လိုအပ်သော အခြားမည်သည့် နယ်ပယ်ဒေသတွင်မျှ မည်သည့်လုပ်ရပ်မျှ လုပ်ဆောင်ထားခြင်း မရှိပါ၊ လုပ်ဆောင်မည်လည်း မဟုတ်ပါ။ ထိုကြောင့် ဥပဒေဆိုင်ရာ လိုအပ်ချက်များအား ဆောင်ရွက်ခြင်းမှအပ ကမ်းလှမ်းအစုရှယ်ယာများအား ကမ်းလှမ်းခြင်း၊ ရောင်းချခြင်း သို့မဟုတ် ပေးအပ်ခြင်းကိုလည်းကောင်း၊ ဤအလားအလာညွှန်းတမ်းနှင့် ပူးတွဲပါလျှောက်လွှာပုံစံများအား ဖြန့်ဝေခြင်း သို့မဟုတ် ဖြန့်ဖြူးခြင်းကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ ဖြစ်စေ လုပ်ဆောင်ခွင့် မရှိပါ။

Sole Bookrunner, Sole Lead Manager နှင့် Underwriter

မြန်မာငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေး ကုမ္ပဏီလီမိတက် (MSEC)

သို့
ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အစုရှယ်ယာများထုတ်ဝေသည့်ကုမ္ပဏီ၏ အမည်	:	ကွန်ကော့ဒီးယားအများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်
ကိုယ်စားပြုသူ၏ အမည်နှင့် ရာထူး	:	ဒေါက်တာသန်းဝင်း၊ အမှုဆောင်အရာရှိချုပ်
အလားအလာညွှန်းတမ်းတင်သွင်းသည့်ရက်စွဲ	:	(၂၀၂၆ ခုနှစ်၊ မတ်လ ၃၁ ရက်)
ကနဦးအတည်ပြုချက်ရရှိသည့်ရက်စွဲ	:	(၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၄ ရက်)
အတည်ပြုသည့်ရက်စွဲ	:	[၂၀၂၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်]
မှတ်ပုံတင်ထားသည့်ရုံးလိပ်စာ	:	အဆောက်အဦး (၁၁)၊ အမ်အိုင်စီတီပတ်ခ် ၊ ပထမထပ်မှ စတုတ္ထထပ်အထိ၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့၊ မြန်မာနိုင်ငံ။
ဆက်သွယ်ရန် လိပ်စာများ		
လိပ်စာ	:	အထက်ဖော်ပြပါ ရုံးလိပ်စာအတိုင်း ဖြစ်ပါသည်။
ဆက်သွယ်ရန်တာဝန်ခံအမည်	:	ဦးသန်းထွန်းဦး၊ဘဏ္ဍာရေးဆိုင်ရာအရာရှိချုပ်
ဖုန်း	:	+၉၅၉ ၈၈၀ ၄၄၁ ၀၆၀
ဖက်စ်	:	+၉၅၉ ၈၈၀ ၄၄၁ ၀၆၀
အီးမေးလ်	:	thanwin@concordia.com.mm
ဝဘ်ဆိုဒ်	:	www.concordiamyanmar.com
တာဝန်ခံ၍တဆင့် ဖြန့်ချီရောင်းချမည့် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများ၏အမည် (Underwriter(s)) :	:	၁။ မြန်မာငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေး ကုမ္ပဏီလီမိတက် (၂၁-၂၅၊ဆူးလေဘုရားလမ်း၊ မြန်မာ့စီးပွားရေးဘဏ်ပထမထပ် (ရန်ကုန်တိုင်းဒေသကြီးရုံး၊ ရန်ကုန်မြို့၊ မြန်မာနိုင်ငံ။) **[ကနဦးအတည်ပြုချက် ရရှိပြီးနောက်တွင် အခြားသော ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီများ (Securities Companies) ကို ဤကမ်းလှမ်းမှု (Offering) တွင် ပါဝင်ရန် ဖိတ်ကြားမည်ဖြစ်ပြီး ၎င်းတို့ပါဝင်ဆောင်ရွက်ရန် ဆုံးဖြတ်ပါက ၎င်းတို့၏ အချက်အလက်များ ထည့်သွင်းဖော်ပြပါမည်။]**
အစုရှယ်ယာများထုတ်ဝေသည့်ကုမ္ပဏီ၏ ဥပဒေရေးရာအကြံပေးအမည်	:	Allen & Gledhill (Myanmar) Co., Ltd အခန်းနံပါတ် (၂၆)၊ အထပ် (၁၄)၊ ဂျန်းရှင်းစီးတီးတာဝါ၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊ မြန်မာနိုင်ငံ။

အစုရှယ်ယာများထုတ်ဝေသည့်ကုမ္ပဏီ၏ စာရင်းစစ်အမည်	:	ဝင်းသင်နှင့်အဖွဲ့ကုမ္ပဏီလီမိတက် အမှတ် (၁၆၄/၁၇၀)၊ အခန်း (အီး၊ အက်ဖ်၊ ဂျီ)၊ သတ္တမထပ်၊ နိုင်ဂရုပ်ဆူးလေတာဝါ(၂)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ မြန်မာနိုင်ငံ။
အစုရှယ်ယာများထုတ်ဝေသည့်ကုမ္ပဏီ၏ အမြဲအသုံးပြုမည့်ဘဏ်	:	၁။ ကမ္ဘောဇောဏ် - အဆောက် အဦး (၁၈)၊ အခန်း (၁၀၁-၁၀၃ / ၁၁၂-၁၁၄)၊ မြေညီထပ်၊ အမ်အိုင်စီတီ ပတ်ခ် ၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့၊ မြန်မာနိုင်ငံ။ ၂။ ရိုးမဘဏ် - အမှတ် (၁၁၄/အေ)၊ ပြည်လမ်း၊ (၈) မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊ မြန်မာနိုင်ငံ။ ၃။ ယူအေဘီဘဏ် - တိုင်းမ်စ်စီးတီး ရုံးအဆောက်အဦး (၂)၊ အထပ် (၂၁၊ ၂၂၊ ၂၃)၊ ကျွန်းတောလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့၊ မြန်မာနိုင်ငံ။

စာရင်းသွင်းဝယ်ယူရန် အများပြည်သူသို့ကမ်းလှမ်းရောင်းချခြင်း

စာရင်းသွင်းဝယ်ယူရန်ကမ်းလှမ်းမည့် ငွေချေးသက်သေခံလက်မှတ်အမျိုးအစား	-	သာမန်အစုရှယ်ယာများ
စာရင်းသွင်းဝယ်ယူရန် ကမ်းလှမ်းမည့် ပမာဏ	-	မြန်မာကျပ်ငွေ **[[၇၄၀,၇၄၀,၀၀၀] နှင့် [၈၆၄,၀၀၀,၀၀၀] ကြား]**
စာရင်းတင်သွင်းမည့် စတော့အိပ်ချိန်း	-	ရန်ကုန်စတော့အိပ်ချိန်း (YSX)

အလားအလာညွှန်းတမ်းမိတ္တူကို အများပြည်သူ ကြည့်ရှုစစ်ဆေးနိုင်ရန် ထားရှိမည့်နေရာ

ထိုသို့ထားရှိသည့် ရုံး၏အမည်	:	**ကွန်ကော့ဒီးယား အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်** အဆောက်အဦး (၁၁)၊ အမ်အိုင်စီတီပတ်ခ်၊ ပထမထပ်မှ စတုတ္ထထပ်အထိ၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့၊ မြန်မာနိုင်ငံ။ **မြန်မာငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်(MSEC)** (၂၁-၂၅)၊ ဆူးလေဘုရားလမ်း၊ မြန်မာ့စီးပွားရေးဘဏ်ပထမထပ် (ရန်ကုန်တိုင်းဒေသကြီးရုံး)၊ ရန်ကုန်မြို့၊ မြန်မာနိုင်ငံ။ **[ကနဦးအတည်ပြုချက် ရရှိပြီးနောက်တွင် အခြားသော ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီများ (Securities Companies) ကို ဤကမ်းလှမ်းမှု (Offering) တွင် ပါဝင်ရန်**

		ဖိတ်ကြားမည်ဖြစ်ပြီး ၎င်းတို့ ပါဝင်ဆောင်ရွက်ရန် ဆုံးဖြတ်ပါက ၎င်းတို့၏ အချက်အလက်များ ထည့်သွင်းဖော်ပြပါမည်။]
ဤအလားအလာညွှန်းတမ်းကို မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်၏ အတည်ပြုချက်ရရှိပြီးနောက် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ၏ ပုဒ်မ ၂၀၃၊ ၂၀၅(က) နှင့် ၂၁၅ များနှင့်အညီ ပြုစုတင်ပြမည် ဖြစ်ပါသည်။		

	မာတိကာ	
	အကြောင်းအရာများ	**စာမျက်နှာ**
အပိုင်း (၁)။	အများပြည်သူသို့ အစုရှယ်ယာများ ကမ်းလှမ်းရောင်းချခြင်း အနှစ်ချုပ်	၈
အပိုင်း (၂)။	အများပြည်သူသို့ ကမ်းလှမ်းရောင်းချခြင်းဆိုင်ရာ အချက်အလက်များ	၂၃
အပိုင်း (၃)။	အစုရှယ်ယာထုတ်ဝေသည့် ကုမ္ပဏီ၏ အချက်အလက်များ	၅၃
အပိုင်း (၄)။	အစုရှယ်ယာ ထုတ်ဝေသည့်ကုမ္ပဏီ၏ စီမံအုပ်ချုပ်မှုဆိုင်ရာ အချက်အလက်များ၊ အစုရှယ်ယာရှင်များနှင့် အစုရှယ်ယာများ	၉၁
အပိုင်း (၅)။	ဆက်နွယ်သည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများအကြား ပတ်သက်ဆောင်ရွက်မှုများ	၁၁၅
အပိုင်း (၆)။	ဘဏ္ဍာရေးရှင်းတမ်းများ	၁၂၅
အပိုင်း (၇)။	ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်	၁၂၇
အပိုင်း (၈)။	မြန်မာနိုင်ငံ၏ ငွေချေးသက်သေခံလက်မှတ်ဈေးကွက်	၁၂၈
အပိုင်း (၉)။	လုပ်ငန်းနှင့်ပတ်သက်သည့် မြန်မာဥပဒေများနှင့် စည်းမျဉ်းများ အကျဉ်းချုပ် ဖော်ပြချက်	၁၃၄
အပိုင်း (၁၀)။	အခွန်ဆိုင်ရာကိစ္စရပ်များ	၁၄၇
အပိုင်း (၁၁)။	အခြားသတင်းအချက်အလက်များ	၁၅၉
အပိုင်း (၁၂)။	ကွန်ကော့ဒီးယား အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်၏ ဒါရိုက်တာများ၏ လက်မှတ်များ	၁၆၆

အပိုင်း (၁)။ အများပြည်သူသို့ အစုရှယ်ယာများကမ်းလှမ်းရောင်းချခြင်း အနှစ်ချုပ်

၁.၁။ ရင်းနှီးမြှုပ်နှံလိုသူများ သတိပြုရမည့် အချက်များ

ကျွန်ုပ်တို့၏ ကုမ္ပဏီ ကို ၁၉၉၃ ခုနှစ် နိုဝင်ဘာလ ၆ ရက်နေ့တွင် မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ (၁၉၁၄) အရ Concordia International Company Limited အမည်ဖြင့် ပေးရန်တာဝန်ကန့်သတ်ထားသည့် အများနှင့်မသက်ဆိုင်သော ကုမ္ပဏီလီမိတက် အဖြစ် မြန်မာနိုင်ငံတွင် စတင်တည်ထောင်ခဲ့ပါသည်။ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ(၂၀၁၇) နှင့် ယင်းနှင့်ဆက်စပ်သော နည်းဥပဒေများနှင့်အညီ ပြန်လည်မှတ်ပုံတင်ရန် သတ်မှတ်ချက်အရ ကုမ္ပဏီ သည် ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်နေ့မှ စတင်လျက် ကုမ္ပဏီမှတ်ပုံတင်အမှတ် ၁၇၇၇၀၃၅၉၁ ဖြင့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန (DICA) ၏ အွန်လိုင်းမှတ်ပုံတင်စနစ် (MyCO)တွင် အစုရှယ်ယာများဖြင့် ပေးရန်တာဝန် ကန့်သတ်ထားသည့် အများနှင့်မသက်ဆိုင်သော ကုမ္ပဏီလီမိတက်အဖြစ် ပြန်လည် မှတ်ပုံတင်ခဲ့ပါသည်။ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်နေ့တွင် ကုမ္ပဏီသည် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနထံ ပုံစံအက်ဖ်-၁ (အစုရှယ်ယာများဖြင့် ပေးရန်တာဝန်ကန့်သတ်ထားသည့် အများနှင့် မသက်ဆိုင်သော ကုမ္ပဏီမှ အစုရှယ်ယာများဖြင့် ပေးရန်တာဝန်ကန့်သတ်ထားသည့် အများနှင့်သက်ဆိုင်သော ကုမ္ပဏီသို့ ပြောင်းလဲရန် လျှောက်လွှာ) ကို တင်သွင်းခဲ့ပြီး ၂၀၂၄ ခုနှစ်၊ မတ်လ ၂၉ ရက်နေ့မှ စတင်လျက် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ (၂၀၁၇) အရ Concordia Public Company Limited အမည်ဖြင့် ပြောင်းလဲခဲ့ပါသည်။ ကုမ္ပဏီသည် ၁၉၉၃ ခုနှစ် နိုဝင်ဘာလ ၆ ရက်နေ့မှစ၍ အများနှင့်မသက်ဆိုင်သော ကုမ္ပဏီလီမိတက်အဖြစ် စီးပွားရေးလုပ်ငန်းကို စတင်လည်ပတ်ခဲ့ပြီး အများနှင့်သက်ဆိုင်သော ကုမ္ပဏီအဖြစ်သို့ ပြောင်းလဲဖွဲ့စည်းခြင်း ဖြစ်ပါသဖြင့် မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင်၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနတို့မှ အတည်ပြုချက်အရ လုပ်ငန်း စတင်ဆောင်ရွက်ခွင့်လက်မှတ်ကို ထပ်မံထုတ်ပေးရန် မလိုအပ်ကြောင်း ရှင်းလင်းပြီးဖြစ်ပါသည်။ နောက်ဆုံးတင်သွင်းသည့်နေ့ရက် (Latest Practicable Date) အရ ကုမ္ပဏီ၏ ထုတ်ဝေပြီး အစုရှယ်ယာမတည်ငွေရင်း (ကမ်းလှမ်းခြင်းမပြုမီ) တွင် အစုရှယ်ယာ ၉,၀၀၀,၀၀၀ ဖြင့် စုစုပေါင်းကျပ်ငွေ ၉,၀၀၀,၀၀၀,၀၀၀ (ကိုးဘီလီယံ) ရှိပါသည်။

ဤအလားအလာညွှန်းတမ်းကို မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ၏ ပုဒ်မ ၂၀၃ နှင့် ၂၀၅ တို့နှင့်အညီ ပြင်ဆင်ပြုစုထားပါသည်။ မြန်မာနိုင်ငံငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်မှ နောက်ဆုံးခွင့်ပြုမိန့်ရရှိသည့်အခါ ဤအလားအလာညွှန်းတမ်း၏ မိတ္တူတစ်စုံကို ကုမ္ပဏီများဥပဒေပုဒ်မ (၂၀၃) နှင့်အညီ မှတ်ပုံတင်နိုင်ရန် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနသို့ ပေးပို့တင်သွင်းမည်ဖြစ်ပါသည်။ ငွေချေးသက်သေခံ လက်မှတ်များလဲလှယ်ရောင်းဝယ်ရေး ဥပဒေ ပုဒ်မ ၃၅ (က) နှင့်အညီ ဤကမ်းလှမ်းမှုအတွက် အတည်ပြုချက်ကို မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်ထံမှ လျှောက်ထားရယူကာ၊ ရန်ကုန်စတော့အိပ်ချိန်းတွင် စာရင်းတင်သွင်းရန်အတွက် လိုအပ်ချက်များနှင့်အညီ ရန်ကုန်စတော့အိပ်ချိန်းထံသို့ ပေးပို့လျှောက်ထားပြီးလည်းဖြစ်ပါသည်။

ဤအလားအလာညွှန်းတမ်းတွင်ပါဝင်သည့် အချက်အလက်များနှင့်ပတ်သက်၍ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်နှင့် ရန်ကုန်စတော့အိပ်ချိန်းတို့တွင် တာဝန်ရှိသည်ဟု မမှတ်ယူရပါ။ ဤအလားအလာညွှန်းတမ်းတွင် ပါဝင်သော သတင်းအချက်အလက်များ ပြည့်စုံမှုအတွက် သော်လည်းကောင်း၊ တိကျမှန်ကန်မှု အတွက် သော်လည်းကောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန၊ မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်နှင့် ရန်ကုန်စတော့အိပ်ချိန်းတို့မှ အာမခံချက် မပြုပါ။ ဤအလားအလာညွှန်းတမ်းကို မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်က အတည်ပြုမှုသည် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ၊ ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေ သို့မဟုတ် အခြား ဥပဒေစည်းမျဉ်းတစ်စုံတစ်ရာ၏ လိုအပ်ချက်များနှင့်စပ်လျဉ်း၍ လိုက်နာဆောင်ရွက်မှုများ ပြီးပြည့်စုံပြီဟု အဓိပ္ပာယ်မမှတ်ယူရ။ ထို့နည်းတူစွာ ရန်ကုန်စတော့အိပ်ချိန်းက ယင်းထံသို့ စာရင်းတင်သွင်းရန် ခွင့်ပြုမှုသည်လည်း ကျွန်ုပ်တို့ ကုမ္ပဏီ သို့မဟုတ် ကျွန်ုပ်တို့ ကုမ္ပဏီ၏ အစုရှယ်ယာများသည် ကောင်းမွန်ကြောင်း ညွှန်ပြခြင်း ဖြစ်သည်ဟုလည်းမမှတ်ယူရ။ ယခုကမ်းလှမ်းခြင်းနှင့်ပတ်သက်၍ မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်နှင့် ရန်ကုန်စတော့အိပ်ချိန်းတို့၏ သဘောတူခွင့်ပြုချက်ပေးခြင်းသည်၊ မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်နှင့် ရန်ကုန်စတော့အိပ်ချိန်းတို့မှ ဤအစုရှယ်ယာ

ကမ်းလှမ်းရောင်းချခြင်းတွင် ရင်းနှီးမြှုပ်နှံရန် အကြံပြုခြင်းမဟုတ်သကဲ့သို့၊ ကမ်းလှမ်းရောင်းချမည့် အစုရှယ်ယာများ၏တန်ဖိုးသို့မဟုတ် အမြတ်အစွန်းပေါ် အာမခံချက်ပေးခြင်းလည်း မဟုတ်ပါ။ ရင်းနှီးမြှုပ်နှံသူများသည် ကျွန်ုပ်တို့အစုရှယ်ယာများကို ဝယ်ယူရင်းနှီးမြှုပ်နှံခြင်းကိစ္စရပ်အတွက် ဥပဒေရေးရာ၊ စီးပွားရေး၊ ဘဏ္ဍာရေး၊ အခွန်အခနှင့် ဆက်စပ်ရှုထောင့်များ နှင့်စပ်လျဉ်း၍ မိမိတို့၏သက်ဆိုင်ရာ ပညာရှင်များ၊ ဥပဒေဆိုင်ရာအကြံပေးများနှင့် တိုင်ပင်ဆွေးနွေး သင့်ပါသည်။

ဤအလားအလာညွှန်းတမ်းတွင် ဖော်ပြထားခြင်းမရှိသော၊ ပါဝင်ခြင်းမရှိသော သတင်းအချက်အလက်များ နှင့်ပတ်သက်၍ ကိုယ်စားပြုတင်ပြချက် တစ်စုံတစ်ရာအား လုပ်ဆောင်ရန်အတွက် အခြားမည်သူတစ်ဦး တစ်ယောက်ကိုမျှ အခွင့်အာဏာ အပ်နှင်းထားခြင်းမရှိပါ။ ထို့ပြင် ယင်းသို့ ပါဝင်ခြင်းမရှိသော မည်သည့် သတင်းအချက်အလက် သို့မဟုတ် မည်သည့် ကိုယ်စားပြုတင်ပြချက်ကိုမျှ ကျွန်ုပ်တို့ကိုယ်တိုင် သို့မဟုတ် ကျွန်ုပ်တို့ကိုယ်စား သဘောတူခွင့်ပြုထားသည်ဟု မှတ်ယူခြင်း မပြုရပါ။ ဤအလားအလာညွှန်းတမ်းအား ပေးပို့ခြင်းသည်လည်းကောင်း၊ ဤစာတမ်းအတွင်း တစ်စုံတစ်ရာ ကမ်းလှမ်းမှု၊ ရောင်းချမှု သို့မဟုတ် လွှဲပြောင်းမှု လုပ်ဆောင်ခြင်းသည် လည်းကောင်း၊ ဤအလားအလာညွှန်းတမ်း၏ ထုတ်ပြန်သည့်နေ့စွဲ နောက်ပိုင်း မည်သည့် နေ့ရက်တွင်မဆို ဤအတွင်း ပါရှိသော သတင်းအချက်အလက်အား မှန်ကန်ကြောင်း တင်ပြခြင်း ဖြစ်သည်ဟု ဖြစ်စေ၊ ဤစာတမ်း၏ ရက်စွဲ နောက်ပိုင်း၌ ကျွန်ုပ်တို့၏ ကိစ္စများ၊ အခြေအနေများ၊ မျှော်မှန်းချက်များ သို့မဟုတ် ကျွန်ုပ်တို့၏ အစုရှယ်ယာများ အပေါ် အရေးကြီးပြီး မလိုလားအပ်သော ပြောင်းလဲမှုဖြစ်စေရန် ကြောင်းကျိုးသင့်လျော်သည့် အခွင့်အလမ်းရှိသော အပြောင်းအလဲ သို့မဟုတ် တိုးတက်မှုတစ်စုံတစ်ရာ ဖြစ်ပေါ်ထားခြင်း မရှိကြောင်း တင်ပြခြင်း ဖြစ်သည်ဟု ဖြစ်စေ၊ မည်သည့် အခြေအနေတွင်မျှ မမှတ်ယူရပါ။ ထိုသို့သော အရေးကြီးသည့် အပြောင်းအလဲများ ဖြစ်ပေါ်ခြင်းရှိပြီး အကျုံးဝင်ဥပဒေများ အရ နှင့်/သို့မဟုတ် အာဏာပိုင် တစ်ရပ်ရပ်၏ သတ်မှတ်ချက်အရ ဖွင့်ဟကြေညာရန်လိုအပ်လျှင် ကျွန်ုပ်တို့သည် ထိုအပြောင်းအလဲများနှင့် စပ်လျဉ်း၍ ကြေညာချက်ထုတ်ပြန်မည် ဖြစ်ပြီး လိုအပ်ပါက ဤအလားအလာညွှန်းတမ်း သို့မဟုတ် ယင်း၏ ဖြည့်စွက်ချက် သို့မဟုတ် ယင်းအား အစားထိုးသော အလားအလာညွှန်းတမ်းအတွက် ပြင်ဆင်ဖြည့်စွက် နူတ်ပယ်ချက်များကို ပြန်လည် ထုတ်ပြန်တင်ပြသွားမည် ဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ထိုသို့သော ကြေညာချက်နှင့် စာတမ်းတို့ကို သတိဖြင့် စောင့်ကြည့်နေသင့်ပြီး အဆိုပါ ကြေညာချက် သို့မဟုတ် စာတမ်းများကို ထုတ်ပြန်ခြင်းဖြင့် ရင်းနှီးမြှုပ်နှံသူတို့အား အကြောင်းကြားပြီး ဖြစ်သည်ဟု မှတ်ယူရပါမည်။ အကျုံးဝင်ဥပဒေများတွင် အခြားနည်း ပြဋ္ဌာန်းထားသည်မှအပ ဤစာတမ်းအတွင်း ပါရှိသော သတင်းအချက်အလက်များ၏ တိကျမှန်ကန်မှု သို့မဟုတ် ပြည့်စုံမှုဖြင့် စပ်လျဉ်း၍ ကျွန်ုပ်တို့က သော်လည်းကောင်း၊ ကျွန်ုပ်တို့၏ မည်သည့်တွဲဖက်အဖွဲ့အစည်း၊ ဒါရိုက်တာ၊ အရာရှိ၊ ဝန်ထမ်း၊ အေးဂျင့်၊ ကိုယ်စားလှယ် သို့မဟုတ် အကြံပေးပုဂ္ဂိုလ်ကမျှ သော်လည်းကောင်း မည်သည့် ကိုယ်စားပြုတင်ပြမှု၊ အာမခံမှု သို့မဟုတ် ကတိကဝတ်ကိုမျှ အတိအလင်း ဖြစ်စေ၊ အရိပ်အမြွက်အားဖြင့်ဖြစ်စေ လုပ်ဆောင်ခြင်း မရှိပါ။ ထို့ပြင် ဤစာတမ်းအတွင်း ပါရှိသော မည်သည့် အကြောင်းအချက်မျှ ကျွန်ုပ်တို့က သော်လည်းကောင်း၊ ကျွန်ုပ်တို့၏ တွဲဖက်အဖွဲ့အစည်း၊ ဒါရိုက်တာ၊ အရာရှိ၊ ဝန်ထမ်း၊ အေးဂျင့်၊ ကိုယ်စားလှယ် သို့မဟုတ် အကြံပေးပုဂ္ဂိုလ်တစ်ဦးဦး တစ်ရပ်ရပ်က သော်လည်းကောင်း ပြုလုပ်သော ကိုယ်စားပြုတင်ပြချက် သို့မဟုတ် ကတိကဝတ် မဟုတ်ပါ။ ထိုသို့သော ကိုယ်စားပြုတင်ပြချက် သို့မဟုတ် ကတိကဝတ်အဖြစ် ယုံကြည်အားထားခြင်း မပြုရပါ။

ကျွန်ုပ်တို့၏ အစုရှယ်ယာများတွင် ရင်းနှီးမြှုပ်နှံသူတစ်ဦးဦး၏ ရင်းနှီးမြှုပ်နှံမှုသည် ဆီလျော်သည့် တရားရေးဆိုင်ရာ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သို့မဟုတ် အလားတူ ဥပဒေများအရ တရားဝင်ကြောင်း ကျွန်ုပ်တို့ကသော်လည်းကောင်း၊ ကျွန်ုပ်တို့၏ မည်သည့် တွဲဖက်အဖွဲ့အစည်း၊ ဒါရိုက်တာ၊ အရာရှိ၊ ဝန်ထမ်း၊ အေးဂျင့်၊ ကိုယ်စားလှယ် သို့မဟုတ် အကြံပေးပုဂ္ဂိုလ်ကမျှ သော်လည်းကောင်း မည်သည့် ကိုယ်စားပြုတင်ပြမှု၊ တာဝန်ခံမှုကိုမျှ မလုပ်ဆောင်ပါ။ ထို့ပြင် ကျွန်ုပ်တို့၏ အစုရှယ်ယာများတွင် ရင်းနှီးမြှုပ်နှံသူများ အနေဖြင့် ဤအလားအလာညွှန်းတမ်းအတွင်း သို့မဟုတ် ယင်း၏ နောက်ဆက်တွဲများ အတွင်း ပါရှိသည်တို့ကို ဥပဒေဆိုင်ရာ၊ စီးပွားရေးလုပ်ငန်းဆိုင်ရာ၊ ဘဏ္ဍာရေးဆိုင်ရာ၊ အခွန်အကောက်ဆိုင်ရာ သို့မဟုတ် အခြားဆိုင်ရာ အကြံပြုချက်အဖြစ် မှတ်ယူခြင်းမပြုသင့်ပါ။ ရင်းနှီးမြှုပ်နှံသူသည် ကျွန်ုပ်တို့၏ အစုရှယ်ယာများတွင် ရင်းနှီးမြှုပ်နှံခြင်းဆိုင်ရာ ငွေရေးကြေးရေး ဆုံးရှုံးနိုင်ခြေများအား အချိန်အကန့်အသတ်မဲ့ ထမ်းဆောင်ထားရနိုင်သည်ကို သိရှိနားလည်သင့်ပါသည်။ ရင်းနှီးမြှုပ်နှံသူများသည် ကျွန်ုပ်တို့၏ အစုရှယ်ယာများတွင် ရင်းနှီးမြှုပ်နှံခြင်းအတွက် ဥပဒေရေးရာ၊ စီးပွားရေး၊ ဘဏ္ဍာရေး၊ အခွန်အခနှင့် စသည့် ဆက်စပ်ရှုထောင့်များနှင့် စပ်လျဉ်း၍ မိမိတို့၏ အတတ်ပညာရှင်အကြံပေးများနှင့် တိုင်ပင်ဆွေးနွေးသင့်ပါသည်။ ထို့အပြင် မြန်မာနိုင်ငံသားမဟုတ်သော ရင်းနှီးမြှုပ်နှံသူများထံသို့ ကျွန်ုပ်တို့၏ အစုရှယ်ယာများကို နောင်တစ်ချိန်တွင် ထုတ်ဝေခြင်း၊

လွှဲပြောင်းခြင်း သို့မဟုတ် အခြားနည်းဖြင့် ရောင်းချခြင်းများကို ပြုလုပ်ရာတွင်၊ မြန်မာနိုင်ငံသားမဟုတ်သော ရင်းနှီးမြှုပ်နှံသူများ ပိုင်ဆိုင်သည့် စုစုပေါင်းအစုရှယ်ယာ ရာခိုင်နှုန်းသည် သတ်မှတ်ချက် (Threshold) အောက် နည်းပါးမှသာလျှင် သို့မဟုတ် ကုမ္ပဏီက သတ်မှတ်၍ ရန်ကုန်စတော့အိပ်ချိန်းသို့ အကြောင်းကြားထားသော သို့မဟုတ် မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင် သို့မဟုတ် ရန်ကုန်စတော့အိပ်ချိန်းတို့မှ သတ်မှတ်ထားသော အခြား သတ်မှတ်ချက်များအောက် နည်းပါးမှသာလျှင် ဆောင်ရွက်ခွင့်ရှိမည်ဖြစ်ပြီး၊ ယင်းသည် သတ်မှတ်ချက် (Threshold) နှင့် စပ်လျဉ်း၍ မြန်မာအစိုးရမှ ထုတ်ပြန်မည့် နောက်ဆက်တွဲ စည်းမျဉ်းများ၊ မိန့်ကြော်ငြာစာများ၊ ညွှန်ကြားချက်များ သို့မဟုတ် ကြေညာချက်များ အပေါ်တွင်လည်း မူတည်နေမည်ဖြစ်ပါသည်။

ဤအလားအလာညွှန်းတမ်းအား ဖြန့်ဝေခြင်းနှင့် ကျွန်ုပ်တို့၏ အစုရှယ်ယာများအား ကမ်းလှမ်းခြင်း၊ ရောင်းချခြင်း သို့မဟုတ် လွှဲပြောင်းခြင်းတို့ကို အချို့သော တရားစီရင်ပိုင်ခွင့် နယ်ပယ်တို့တွင် ဥပဒေအရ ကန့်သတ်ထားခြင်းများ ရှိနိုင်ပါသည်။ ဤအလားအလာညွှန်းတမ်းအား လက်ဝယ်ရရှိသည့် ပုဂ္ဂိုလ်များအနေဖြင့် ယင်းသို့သော ကန့်သတ်ချက်များကို သိရှိထားရန်နှင့် လိုက်နာမှုရှိရန် အလို့ငှာ ကျွန်ုပ်တို့အပေါ် တာဝန်မကျရောက်စေဘဲ ၎င်းတို့၏ စရိတ်ဖြင့်သာ ဆောင်ရွက်ကြရန် လိုအပ်ပါသည်။ ကျွန်ုပ်တို့၏ အစုရှယ်ယာ တစ်စုအား ထည့်ဝင်ခြင်း သို့မဟုတ် ဝယ်ယူခြင်းပြုရန် ကမ်းလှမ်းမှု သို့မဟုတ် ဖိတ်ခေါ်မှုသည် ဥပဒေနှင့် ဆန့်ကျင်သော စီရင်ပိုင်ခွင့် နယ်ပယ်တို့တွင် ဤစာတမ်းသည် ယင်းသို့ကမ်းလှမ်းမှု သို့မဟုတ် ဖိတ်ခေါ်ချက် မဖြစ်မြောက်ပါ။ ဤအလားအလာညွှန်းတမ်း၏ မိတ္တူထုတ်ပေးထားခြင်းခံရသည့် ပုဂ္ဂိုလ်များသည် ဤစာတမ်း သို့မဟုတ် ယင်းတွင်ပါရှိသော မည်သည့် သတင်းအချက်အလက်ကိုမဆို မည်သည့် ရည်ရွယ်ချက်ဖြင့်ဖြစ်စေ အခြားပုဂ္ဂိုလ် တစ်ဦးတစ်ယောက်ထံ လှည့်လည်ပြသခြင်း၊ မိတ္တူကူးပွားခြင်း သို့မဟုတ် အခြားနည်း ဖြန့်ဝေခြင်း မလုပ်ဆောင်ရပါ။ ထို့ပြင် ယင်းသို့ လုပ်ဆောင်စေခြင်း သို့မဟုတ် လုပ်ခွင့်ပေးခြင်းလည်း မပြုရပါ။ ဤအလားအလာညွှန်းတမ်းကို ကျွန်ုပ်တို့ထံမှ လည်းကောင်း၊ ကျွန်ုပ်တို့က ယုံကြည်စိတ်ချရသည်ဟု ယူဆထားသော အခြားဇစ်မြစ်တို့မှလည်းကောင်း ရရှိသော သတင်းနှင့်အချက်အလက်များအပေါ်တွင် အခြေခံထားပါသည်။ (ရှေ့တွင် ဖော်ပြပြီး ဖြစ်သော) မြန်မာနိုင်ငံ ဥပဒေများဆိုင်ရာ ကျွန်ုပ်တို့၏ အကြံပေးပုဂ္ဂိုလ်နှင့် Sole Bookrunner, Sole Lead Manager နှင့် Underwriter တို့ အသီးသီးသည် အဆိုပါ သတင်းနှင့်အချက်အလက်တို့၏ တိကျမှန်ကန်မှု၊ ပြည့်စုံမှုတို့ အပေါ် မည်သည့် ကိုယ်စားပြုတင်ပြခြင်း သို့မဟုတ် အာမခံခြင်းကိုမှ အတိအလင်း ဖြစ်စေ၊ အရိပ်အမြွက်အားဖြင့် ဖြစ်စေ မပြုလုပ်ပါ၊ ပြုလုပ်ရန်လည်း မရည်ရွယ်ပါ။ ဤစာတမ်းအတွင်း ပါရှိသော ဖော်ပြချက်မှန်သမျှနှင့် ယင်းတို့ ကိုးကားသော ဖော်ပြချက်မှန်သမျှတို့ကို ဥပဒေမှခွင့်ပြုသည့် အဆုံးစွန်သော အတိုင်းအတာအထိ တာဝန်မခံ ငြင်းပယ်ကြောင်း အတိအလင်းကြေညာပါသည်။ ဤအလားအလာညွှန်းတမ်းပါ ဖော်ပြချက်၊ သတင်းအချက်အလက် သို့မဟုတ် ထင်မြင်ချက်များအပေါ် အခြေခံသော သို့မဟုတ် ယင်းတို့မှ ပေါ်ပေါက်သော မည်သည့်ပုဂ္ဂိုလ် တစ်ဦးတစ်ယောက်သို့ ပေးရန်တာဝန်ကိုမျှ မြန်မာနိုင်ငံ ဥပဒေများ ဆိုင်ရာ ကျွန်ုပ်တို့၏ အကြံပေးပုဂ္ဂိုလ်နှင့် Sole Bookrunner, Sole Lead Manager နှင့် Underwriter တို့မှ တာဝန် မယူပါ။

ကုမ္ပဏီသည် ကမ်းလှမ်းမှုအရ ကမ်းလှမ်းအစုရှယ်ယာများအတွက် အလားအလာရှိသော လျှောက်ထားသူများထံမှ အစုရှယ်ယာ လျှောက်လွှာများနှင့် လျှောက်လွှာအပ်ငွေများ လက်ခံရရှိရန် Sole Bookrunner, Sole Lead Manager နှင့် Underwriter အား ခန့်အပ်ထားပါသည်။ ဤခန့်အပ်ခြင်းကို ဆက်လက်အားဖြည့်ရန် Sole Bookrunner, Sole Lead Manager and Underwriter သည် ကမ်းလှမ်းမှုအရ ကမ်းလှမ်း အစုရှယ်ယာများ အတွက် အလားအလာရှိသော လျှောက်ထားသူများထံမှ အစုရှယ်ယာ လျှောက်လွှာများနှင့် လျှောက်လွှာအပ်ငွေများ လက်ခံရရှိရန် လုပ်ငန်းစဉ်ကို ပူးပေါင်း ကူညီဆောင်ရွက်ပေးရန် ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီများ (Securities Companies) ကိုလည်း ခန့်အပ်ထားပါသည်။ ထို့အပြင် MSEC သည် ၎င်း၏ တာဝန်ခံ၍ တစ်ဆင့်ဖြန့်ချိရောင်းချခြင်း (underwriting) တာဝန်ဝတ္တရားများနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံရှိ အခြားသော ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီများနှင့် ၎င်းကသင့်လျော်သည်ဟု ယူဆသောစည်းကမ်းချက်များဖြင့် သဘောတူညီချက် ချုပ်ဆိုခွင့်ရှိပါမည်။ Sole Bookrunner, Sole Lead Manager, Underwriter နှင့် ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီများအတွက် ငွေပေးချေမှု စည်းကမ်းချက်များသည် ကော်မရှင်အခြေခံ (commission basis) ဖြစ်မည်ဖြစ်ပြီး၊ ၎င်းကုမ္ပဏီများသည် အောက်ပါ စည်းကမ်းချက်များနှင့်အညီ ကမ်းလှမ်းအစုရှယ်ယာများအား ရောင်းချရန် ဝယ်လိုသူများ ရှာဖွေကမ်းလှမ်းခွင့်ရှိပါသည်။ (၁) Sole Bookrunner, Sole Lead Manager, Underwriter နှင့် ငွေချေးသက်သေခံလက်မှတ်

ကုမ္ပဏီများသည် ကမ်းလှမ်းမှုအရ မြန်မာနိုင်ငံရှိ အလားအလာရှိသော လျှောက်ထားသူများအား အကောင်းဆုံး ကြိုးစားအားထုတ်မှု နည်းလမ်းဖြင့် (best efforts basis) ကမ်းလှမ်း အစုရှယ်ယာများအတွက် ကမ်းလှမ်းနိုင်ပါသည်။ (၂) အလားအလာရှိသော လျှောက်ထားသူများအား ကမ်းလှမ်း အစုရှယ်ယာများအတွက် ကမ်းလှမ်းသည့်အခါ Sole Bookrunner, Sole Lead Manager, Underwriter နှင့် ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီများသည် ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေး နည်းဥပဒေ၏ နည်းဥပဒေပုဒ်မ ၆၈၊ ပုဒ်မခွဲ (ခ)၊ (စ)၊ (ဆ) များနှင့်အညီ ရင်းနှီးမြှုပ်နှံသူများအား ကမ်းလှမ်း အစုရှယ်ယာများနှင့် ကမ်းလှမ်းမှုအကြောင်း လုံလောက်သောရှင်းလင်းချက်များ ပေးအပ်ရပါမည်။

[ကုမ္ပဏီသည် ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေပုဒ်မ ၃၅(က) အရ ကမ်းလှမ်းအစုရှယ်ယာများကို ကမ်းလှမ်းမှုအရ အများပြည်သူသို့ ကမ်းလှမ်းရောင်းချရန်နှင့် ဤအလားအလာညွှန်းတမ်းတွင် အမည်ဖော်ပြထားသည့် ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီများအား ဤရည်ရွယ်ချက်အတွက်သာ အသုံးပြုရန် မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင် (SECM) ထံမှ [ကနဦး] အတည်ပြုချက် ရရှိထားပါသည်။ ဤကနဦးအလားအလာညွှန်းတမ်းအတွက် SECM ၏ ကနဦးအတည်ပြုချက် ရရှိပြီးနောက် အပြီးသတ်ကမ်းလှမ်းဈေးနှုန်းနှင့် ပူးပေါင်းပါဝင်သော ပူးတွဲတာဝန်ခံဖြန့်ချိသူများ မည်သူမည်ဝါစသည့် အချို့သောထပ်တိုးအချက်များကို Book-Building process နှင့်အညီ မွမ်းမံပြင်ဆင်သွားပါမည်။ မြန်မာနိုင်ငံငွေချေးသက်သေခံ လက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ထံမှ အပြီးသတ်သဘောတူညီချက်ကို ကွန်ပဏီက ရရှိနိုင်ခြင်းမတိုင်မီ၊ ဤမွမ်းမံပြင်ဆင်ချက်များနှင့်အတူ အချို့သော ထပ်တိုးစည်းကမ်းသတ်မှတ်ချက်များကို ကွန်ပဏီအပေါ် ပြဋ္ဌာန်းသွားနိုင်ဖွယ်ရှိပါသည်။ မြန်မာနိုင်ငံငွေချေးသက်သေခံ လက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်မှ ယင်းသို့ ထပ်တိုးစည်းကမ်းသတ်မှတ်ချက်များ (ရှိလျှင်)ကို အချိန်နှင့် တပြေးညီ ဖော်ပြပေးသွားမည်ဖြစ်ပါသည်။]

ကွန်ပဏီ၏ အစုရှယ်ယာများတွင် ရင်းနှီးမြှုပ်နှံရာ၌ သိသိသာသာ ဆုံးရှုံးနိုင်ခြေများရှိနိုင်ပြီး၊ ဤအလားအလာညွှန်းတမ်းတွင် အလေးပေးဖော်ပြထားသော ဆုံးရှုံးနိုင်ခြေများကို နားလည်သူများအတွက်သာလျှင် သင့်လျော်ပါသည်။ ကွန်ပဏီ၏ အစုရှယ်ယာများတွင် ရင်းနှီးမြှုပ်နှံရန် ဆုံးဖြတ်ခြင်းမပြုမီ ဤအလားအလာညွှန်းတမ်း၏ "**အပိုင်း (၂)။ အများပြည်သူသို့ ကမ်းလှမ်းရောင်းချခြင်းဆိုင်ရာ အချက်အလက်များ - ဆုံးရှုံးနိုင်သည့် အချက်များ**" တွင် ဖော်ပြထားသော ဆုံးရှုံးနိုင်ခြေ တစ်ခုချင်းစီနှင့် အခြားဖော်ပြထားသော သတင်းအချက်အလက်များအားလုံးကို သေချာစွာ စဉ်းစားသုံးသပ်သင့်ပါသည်။

အများပြည်သူသို့ ကမ်းလှမ်းရောင်းချခြင်းကို အများပြည်သူထံ ရောင်းချပေးမည့် အချိန်ကာလအတိုင်းအတာများနှင့်ဆိုင်သော သတင်းအချက်အလက်ကို "**အပိုင်း (၁)။ အများပြည်သူသို့ အစုရှယ်ယာများ ကမ်းလှမ်းရောင်းချခြင်း အနှစ်ချုပ် - အများပြည်သူသို့ ကမ်းလှမ်းမှုအတွက် ခန့်မှန်းအချိန်ဇယား**" တွင် ဖော်ပြထားပါသည်။

၁.၂။ အနာဂတ်မျှော်မှန်းဖော်ပြချက်များ

ဤအလားအလာညွှန်းတမ်းအတွင်း ပါရှိသော ဖော်ပြချက်များ၊ သတင်းမီဒီယာကြော်ငြာများတွင်ပါရှိသော ဖော်ပြချက်များနှင့် ဤကုမ္ပဏီက သို့မဟုတ် ယင်း၏ကိုယ်စား ကွန်ပဏီတို့၏ ဒါရိုက်တာများ၊ အမှုဆောင်အရာရှိများ သို့မဟုတ် ဝန်ထမ်းများက ပြုလုပ်သော ထုတ်ပြန်ချက်များနှင့် ပြောဆိုချက်များတွင် ကြိုတင်မျှော်မှန်းထားသည့်အကြောင်းအရာများ ပါဝင်ပါသည်။ လူကြီးမင်း အနေဖြင့် ယင်းကဲ့သို့သော ထုတ်ပြန်ချက်အချို့ကို "ယူဆသည်"၊ "ကြိုတင်တွက်ချက်သည်"၊ "ခန့်မှန်းသည်"၊ "မျှော်လင့်သည်"၊ "ကြိုတင်မျှော်မှန်းသည်"၊ "ယုံကြည်သည်"၊ "စီစဉ်ထားသည်"၊ "ရည်ရွယ်သည်"၊ "(ဖြစ်)နိုင်သည်"၊ "(ဖြစ်)နိုင်ခြေရှိသည်"၊ "(ဖြစ်)လာလိမ့်မည်"၊ "(ဖြစ်လာ)နိုင်သည်"၊ "(ဖြစ်သွား)နိုင်သည်"၊ "(ဖြစ်)သင့်သည်" သို့မဟုတ် အခြား အလားတူ အနာဂတ် အတွက် မြော်မြင်ခြင်းဆိုင်ရာ စကားရပ်အသုံးအနှုံးများအရ ဖော်ထုတ်သိရှိနိုင်ပါသည်။ သို့ရာတွင် ထို စကားရပ် အသုံးအနှုံးများမှာ အနာဂတ် မြော်မြင်ထုတ်ပြန်ချက်များအား ဖော်ထုတ်သိရှိနိုင်ရေးအတွက် တစ်ခုတည်းသောနည်းလမ်း မဟုတ်ကြောင်း လူကြီးမင်း သတိပြုရပါမည်။ ဤကုမ္ပဏီ၏ မြော်မြင်ထားသည့် ဘဏ္ဍာရေးအနေအထား၊ စီးပွားရေးလုပ်ငန်းဆိုင်ရာမဟာဗျူဟာ၊ အစီအစဉ်များနှင့် အခွင့်အလမ်းများနှင့် စပ်လျဉ်း၍ ထုတ်ပြန်ချက်အားလုံးသည် ယခင်က ဖြစ်ပျက်ခဲ့သည့်ကိစ္စများ မဟုတ်ဘဲ

ကြိုတင်မျှော်မှန်းထားသည့် အကြောင်းအရာများ ဖြစ်ကြပါသည်။ အောက်ပါတို့နှင့်စပ်လျဉ်းသော ဖော်ပြချက်များအပါအဝင် ယင်း ကြိုတင်မျှော်မှန်းထားသည့် အကြောင်းအရာများသည် အမှန်တကယ် ဖြစ်လာလိမ့်မည်ဟု အာမခံထားသည့် ကိစ္စများ မဟုတ်ဘဲ ကြိုတင်မျှော်မှန်းထားသောကိစ္စရပ်များသာ ဖြစ်ကြပါသည် -

- ကျွန်ုပ်တို့ကုမ္ပဏီ၏ ဝင်ငွေနှင့် အမြတ်ရရှိနိုင်စွမ်း၊
- ကျွန်ုပ်တို့ကုမ္ပဏီ၏ အမြတ်ဝေစု ပေါ်လစီ၊
- ကျွန်ုပ်တို့ကုမ္ပဏီ၏ ဖွံ့ဖြိုးတိုးတက်မှု မျှော်မှန်းချက်၊
- ကျွန်ုပ်တို့ကုမ္ပဏီ၏ လုပ်ငန်းအစီအစဉ်၊
- လုပ်ငန်းကဏ္ဍ အမျိုးအစား အလိုက် မျှော်မှန်း အလားအလာများ၊
- ကျွန်ုပ်တို့ကုမ္ပဏီ၏ အခွင့်အလမ်း အလားအလာများ နှင့်
- ဤအလားအလာညွှန်းတမ်းတွင် ပါဝင်သော ဆွေးနွေးတင်ပြထားသည့် အတိတ်ကာလတွင် ဖြစ်ပွားခဲ့ပြီးသောကိစ္စများ မဟုတ်သည့် အခြားအကြောင်းအရာများ။

ကျွန်ုပ်တို့ကုမ္ပဏီ၏ အနာဂတ်၌ အမှန်တကယ် ဖြစ်ပေါ်ရရှိသည့်ရလဒ်များ၊ စွမ်းဆောင်ရည်များ သို့မဟုတ် အောင်မြင်မှုများသည် ဤအလားအလာညွှန်းတမ်းတွင်ပါဝင်သည့် ကြိုတင်မျှော်မှန်းထားသည့်အချက်တို့၏ တင်ပြချက်များ သို့မဟုတ် ထင်ကြေးပေးမှုများနှင့် များစွာကွာဟခြားနားနိုင်ကြောင်း သတိပေးအပ်ပါသည်။ ထိုသို့ ကွာဟခြားနားရခြင်းမှာ သိထားပြီးဖြစ်သော၊ မသိရသေးသော မသေချာမရေရာမှုများ၊ ဆုံးရှုံးနိုင်ခြေများ၊ အခြားအကြောင်းရင်းများကြောင့် ဖြစ်နိုင်ပါသည်။ ထိုသို့သော မသေချာမရေရာမှု၊ ဆုံးရှုံးနိုင်ခြေနှင့် အခြားအကြောင်းရင်းများနှင့် စပ်လျဉ်း၍ ဤအလားအလာညွှန်းတမ်းအတွင်း အထူးသဖြင့် **"အပိုင်း (၂)။ အများပြည်သူသို့ ကမ်းလှမ်းရောင်းချခြင်းဆိုင်ရာ အချက်အလက်များ " ရှိ - "ဆုံးရှုံးနိုင်သည့် အချက်များ"** အပိုင်းတွင် အသေးစိတ် ဆွေးနွေးတင်ပြထားပါသည်။ သို့ရာတွင် ယင်းဆွေးနွေးချက်များသည် ပြီးပြည့်စုံသည်မဟုတ်ဘဲ၊ ဤအလားအလာညွှန်းတမ်းပါ အခြားအပိုဒ်များတွင်လည်း ကျွန်ုပ်တို့၏ ရလဒ်များ၊ စွမ်းဆောင်ရည်များ သို့မဟုတ် အောင်မြင်မှုများ အပေါ် မလိုလားအပ်သော သက်ရောက်မှုများ ဖြစ်ပေါ်စေနိုင်သည့် အခြားဆုံးရှုံးနိုင်ခြေများ၊ မသေချာမရေရာမှုများနှင့် အခြား အကြောင်းရင်းများကို ရှင်းလင်းတင်ပြထားမှုများ ပါရှိနိုင်ပါသည်။ အချို့သော ဆုံးရှုံးနိုင်ခြေတို့ အကြောင်း ကျွန်ုပ်တို့ မသိရှိရသေးသည့် အပြင်၊ ကျွန်ုပ်တို့က အရေးမကြီးဟု ယခု အချိန်တွင် ယုံကြည်ထားသော်လည်း နောင်တစ်ချိန်တွင် အရေးကြီးလာသည့် အခြား ဆုံးရှုံးနိုင်ခြေများလည်း ရှိနိုင်ပါသည်။ ကျွန်ုပ်တို့ ကုမ္ပဏီက ပြုလုပ်သော သို့မဟုတ် ပြုလုပ်သည်ဟု ဆိုနိုင်သော သို့မဟုတ် ကျွန်ုပ်တို့ ကုမ္ပဏီ ကိုယ်စား တစ်စုံတစ်ယောက်က ပြုလုပ်သော၊ ဤအလာအလားညွှန်းတမ်း အတွင်း ထည့်သွင်းပါရှိသော ကြိုတင်မျှော်မှန်းထားသည့် အကြောင်းအရာများ အားလုံးသည် ယင်းကဲ့သို့ ဆုံးရှုံးနိုင်ခြေများ၊ မသေချာမရေရာမှုများနှင့် အခြား အကြောင်းရင်းများ အားလုံးတို့ အပေါ် မူတည်ပါသည်။ ဤကြိုတင်မျှော်မှန်းထားသည့် အကြောင်းအရာများသည် နောက်ဆုံးတင်သွင်းသည့်နေ့ရက်ထိသာ အကျုံးဝင်ပါသည်။

ကျွန်ုပ်တို့ကုမ္ပဏီ၏ အနာဂတ်၌ အမှန်တကယ်ဖြစ်ပေါ်ရရှိသည့် ရလဒ်များ၊ စွမ်းဆောင်ရည်များ သို့မဟုတ် အောင်မြင်မှုများအနေဖြင့် ဤအလားအလာညွှန်းတမ်းပါ ကြိုတင်မျှော်မှန်းထားသည့် အကြောင်းအရာများအနေဖြင့် မျှော်မှန်းထားသော၊ အတိအလင်း သို့မဟုတ် အရိပ်အမြွက် ဖော်ပြထားသော ရလဒ်များ၊ စွမ်းဆောင်ရည်များ သို့မဟုတ် အောင်မြင်မှုများမှ များစွာကွာခြားရခြင်း၏ အကြောင်းရင်း ဖြစ်နိုင်သည့် မသေချာမရေရာမှုများ၊ ဆုံးရှုံးနိုင်ခြေများနှင့် အခြားအကြောင်းရင်းများ ရှိနိုင်သည့် အားလျော်စွာ၊ ထို ထုတ်ပြန်ချက်များအပေါ် လွန်လွန်ကဲကဲ ယုံကြည်ကိုးစားမှု မထားရှိရန် လူကြီးမင်းအား ကျွန်ုပ်တို့အကြံပြုပါသည်။ ကျွန်ုပ်တို့ ကုမ္ပဏီ၏ အနာဂတ်၌ အမှန်တကယ်ဖြစ်ပေါ်ရရှိသည့် ရလဒ်များ၊ စွမ်းဆောင်ရည်များ သို့မဟုတ် အောင်မြင်မှုများသည် ထို ထုတ်ပြန်ချက်များတွင် ဆွေးနွေးတင်ပြထားသည့်အတိုင်း ဖြစ်လိမ့်မည်ဟု ကျွန်ုပ်တို့ ကုမ္ပဏီကလည်းကောင်း၊ အခြားမည်သည့် ပုဂ္ဂိုလ်ကမျှလည်းကောင်း လူကြီးမင်းထံ ဝန်ခံကတိပြုခြင်း မရှိပါ။ ကျွန်ုပ်တို့ကုမ္ပဏီ၏ အနာဂတ်၌ အမှန်တကယ် ဖြစ်ပေါ်ရရှိသည့် ရလဒ်များ၊ စွမ်းဆောင်ရည်များ သို့မဟုတ် အောင်မြင်မှုများအနေဖြင့် ထိုကြိုတင်မျှော်မှန်းထားသည့် ထုတ်ပြန်ချက်များဖြင့် မျှော်မှန်းထားသည်တို့မှ များစွာကွာခြားနိုင်ပါသည်။ ထို့ပြင် သတင်းအချက်အလက်အသစ်များ ရရှိလာခြင်း သို့မဟုတ် အနာဂတ်တွင် အခြားဖြစ်ရပ်များ ပေါ်ပေါက်ခြင်းတို့ ရှိပင်ရှိငြားလည်း အဆိုပါ ကြိုတင်မျှော်မှန်းထားသည့် အကြောင်းအရာများအား အချိန်နှင့်

တစ်ပြေးညီ ဖြစ်စေရေးအတွက် ပြုပြင်ပြောင်းလဲရန်သော်လည်းကောင်း၊ မည်သည့်အကြောင်းရင်းကြောင့်ဖြစ်စေ နောင်ဖြစ်ပေါ်လာမည့် တိုးတက်မှုများ၊ ဖြစ်ရပ်များ သို့မဟုတ် အခြေအနေများအား ထင်ဟပ်ပေါ်လွင်စေရေးအတွက် အဆိုပါ ကြိုတင်မျှော်မှန်းထားသည့် ထုတ်ပြန်ချက်များအပေါ် တစ်စုံတစ်ရာ ပြုပြင်ပြောင်းလဲခြင်းများအား အများပြည်သူသို့ ထုတ်ပြန်ကြေညာရန် သော်လည်းကောင်း တာဝန်ယူသည်ဟု မမှတ်ယူရပါ။

တိကျသော အဓိပ္ပာယ်သတ်မှတ်ထားသည့် စကားရပ်များနှင့်အသုံးအနှုန်းများ

ဤအလားအလာညွှန်းတမ်းအတွင်း၌ "ကျပ်" သို့မဟုတ် "Ks" ဟူသော အသုံးအနှုန်းသည် မြန်မာနိုင်ငံ၏ တရားဝင် ငွေကြေးအမျိုးအစားကို ရည်ညွှန်းပါသည်။ "US$" ဟူသော အသုံးအနှုန်းတို့သည် အမေရိကန်ပြည်ထောင်စု၏ တရားဝင် ငွေကြေးအမျိုးအစားကို ရည်ညွှန်းပါသည်။ ဤအလားအလာညွှန်းတမ်း၌ ရှေ့နောက် စကားအဆက်အစပ်အရ အခြားနည်းလိုအပ်သည်မှအပ၊ "ကျွန်ုပ်တို့၏ ကုမ္ပဏီ"၊ "ဤကုမ္ပဏီ" ၊ "ကျွန်ုပ်တို့" ၊ "ကျွန်ုပ်တို့ကို/ကျွန်ုပ်တို့အား" "ကျွန်ုပ်တို့၏" "ကျွန်ုပ်တို့ ကိုယ်တိုင်" ဟု သုံးနှုန်းဖော်ပြမှုများသည် ကွန်ကော့ဒီးယား အများနှင့်သက်ဆိုင်သော ကုမ္ပဏီလိမိတက်အား ရည်ညွှန်းပါသည်။ ကျွန်ုပ်တို့၏ စီမံအုပ်ချုပ်သူများနှင့် ဒါရိုက်တာများ ဟု သုံးနှုန်းဖော်ပြမှုများသည် ကျွန်ုပ်တို့ကုမ္ပဏီ၏ စီမံအုပ်ချုပ်သူများနှင့် ဒါရိုက်တာများအား ရည်ညွှန်းပါသည်။

တစ်ခု၊ တစ်ယောက် ကဲ့သို့ ဧကဝုစ်ကိန်း အနက်အဓိပ္ပာယ် ရှိသည့် အသုံးအနှုန်းတွင် သင့်လျော်ပါက အများ၊ ဗဟုဝုစ် ကိန်းဟူသော အနက်အဓိပ္ပာယ်လည်း ပါဝင်စေရမည့်အပြင်၊ အပြန်အလှန်အားဖြင့်လည်း အဓိပ္ပာယ်သက်ရောက်မှု ရှိစေရမည်ဖြစ်သည်။ အမျိုးသား၊ ယောကျ်ား၊ ပုလ္လိင် အနက်အဓိပ္ပာယ်ရှိသည့် အသုံးအနှုန်းတွင် အမျိုးသမီး၊ မိန်းမ၊ ဣတ္ထိလိင်နှင့် (လိင်မထင်ရှား) နပုန်းပဏ္ဍုက် အနက်အဓိပ္ပာယ်လည်းပါဝင်စေရမည့်အပြင် အပြန်အလှန်အားဖြင့်လည်း အဓိပ္ပာယ်သက်ရောက်မှုရှိစေရမည်။ ပုဂ္ဂိုလ်ဟု ရည်ညွှန်းရာတွင် လူပုဂ္ဂိုလ်၊ ကုမ္ပဏီ (မည်သည့်အရပ်ဒေသ၏ ဥပဒေအရ ဖွဲ့စည်းတည်ထောင်သည်ဖြစ်စေ)၊ ကော်ပိုရေးရှင်းများ၊ ဥပဒေအရ မဟုတ်ဘဲ မည်သည့်အရပ်ဒေသတွင် ဖြစ်စေ ဖွဲ့စည်းထားသည့် အသင်းအဖွဲ့နှင့် အစုစပ်လုပ်ငန်း (လီမိတက် အစုစပ်လုပ်ငန်း အပါအဝင်) တို့လည်း ပါဝင်စေရမည် ဖြစ်သည်။

ဤအလားအလာညွှန်းတမ်းအတွင်း ပြဋ္ဌာန်းဥပဒေ သို့မဟုတ် ဥပဒေပြဋ္ဌာန်းချက် တစ်စုံတစ်ရာအား ရည်ညွှန်းချက်သည် အခါအားလျော်စွာ ပြုပြင်ဖြည့်စွက် နုတ်ပယ်ထားခြင်း သို့မဟုတ် ပြန်လည် ပြဋ္ဌာန်းထားသည့် ထိုပြဋ္ဌာန်းဥပဒေ သို့မဟုတ် ဥပဒေပြဋ္ဌာန်းချက်အား ရည်ညွှန်းခြင်းဖြစ်သည်။ ကုမ္ပဏီများဥပဒေ သို့မဟုတ် ယင်းအား ပြဋ္ဌာန်းဥပဒေဖြင့် ပြင်ဆင် ပြောင်းလဲထားသည့် ဥပဒေတွင် အဓိပ္ပာယ်သတ်မှတ်ထားသည့် အသုံးအနှုန်း တစ်စုံတစ်ရာကို ဤအလားအလာညွှန်းတမ်းအတွင်း အသုံးပြုရာတွင် သင့်လျော်ပါက ယင်းသို့ ကုမ္ပဏီများဥပဒေ သို့မဟုတ် ယင်းအား ပြဋ္ဌာန်းဥပဒေဖြင့် ပြောင်းလဲထားသည့် ဥပဒေ (ဆီလျော်ရာ) တွင် သတ်မှတ်သည့် အဓိပ္ပာယ် အတိုင်း ရှိစေရမည်။

ဤအလားအလာညွှန်းတမ်းအတွင်း နေ့ရက်တစ်ရက်ရှိ အချိန်တစ်စုံတစ်ရာကို ရည်ညွှန်းရာ၌ သီးခြားဖော်ပြသည်မှ လွဲ၍ မြန်မာစံတော်ချိန်ကိုဆိုလိုသည်။ မြန်မာအက္ခရာစာလုံးများဖြင့် ရေးသားသည့် အမည်အချို့ကို အင်္ဂလိပ်စာဖြင့်ရေးသားသည့် အမည်များအဖြစ်ဘာသာပြန်ထားပါသည်။ ယင်းသို့သော ဘာသာပြန်ချက်များသည့် လူကြီးမင်းများ အဆင်ပြေစေရန် အတွက်သာဖြစ်ပြီး၊ မြန်မာအာဏာပိုင်များထံတွင် မှတ်ပုံတင်ထားခြင်း ရှိချင်မှရှိမည် ဖြစ်ပါသည်။ ထို့ပြင် အင်္ဂလိပ်စာဖြင့် ရေးသားသည့် အမည်များသည် သက်ဆိုင်ရာ မြန်မာအက္ခရာတို့အား ကိုယ်စားပြုပါသည်ဟု မမှတ်ယူသင့်ပါ။

ဤအလားအလာညွှန်းတမ်းပါ ဇယားများ၊ ဂရပ်ပုံများ၊ ရုပ်ပုံကားချပ်များတွင် တန်းစီပြထားသော တန်ဖိုးများနှင့် ယင်းတို့၏ စုစုပေါင်းတန်ဖိုးတို့အကြား ကွဲလွဲမှု တစ်စုံတစ်ရာသည် ကိန်းပြည့်အဖြစ် ပြောင်းလဲမှုကြောင့်သာ ဖြစ်ပါသည်။ ဤအလားအလာညွှန်းတမ်းအတွင်း၌ ကိန်းပြည့်ပြောင်းမှု နည်းနာ အချို့ကို အသုံးပြုထားပါသည်။ သို့ဖြစ်၍ အချို့သော ဇယား၊ ဂရပ်ပုံ သို့မဟုတ် ရုပ်ပုံကားချပ်တို့တွင် ဖော်ပြထားသော စုစုပေါင်း ကိန်းဂဏန်း တန်ဖိုးသည် ယင်းတို့ရှေ့တွင်ရှိသော ကိန်းဂဏန်းတန်ဖိုးများ၏ သင်္ချာနည်းအတိုင်း ပေါင်းလဒ်ဖြင့် ထပ်တူညီချင်မှ ညီမည် ဖြစ်ပါသည်။

ဤအလားအလာညွှန်းတမ်းတွင် အသုံးပြုထားသည့် အခြားသောအသုံးအနှုန်းများ၏ အဓိပ္ပာယ်သတ်မှတ်ချက်များအတွက် "**အပိုင်း (၁)။ အများပြည်သူသို့ အစုရှယ်ယာများ ကမ်းလှမ်းရောင်းချခြင်း အနှစ်ချုပ် - အဓိပ္ပာယ်ဖွင့်ဆိုချက်များ**" အပိုင်းတွင် ကြည့်ရှုပါရန်။

၁.၃။ အများပြည်သူသို့ ကမ်းလှမ်းရောင်းချရန် ခွဲဝေသတ်မှတ်ထားသည့်ငွေပမာဏ

ကမ်းလှမ်းရောင်းချမည့် အစုရှယ်ယာများ၏ အမျိုးအစား	သာမန်အစုရှယ်ယာများ
ကမ်းလှမ်းရောင်းချမည့် အစုရှယ်ယာ အရေအတွက်	ကမ်းလှမ်းရောင်းချမည့် အစုရှယ်ယာ အရေအတွက်**[[၂၉၆,၂၉၆] နှင့် [၃၂၀,၀၀၀] ကြား]**
ကမ်းလှမ်းရောင်းချမည့်ဈေးနှုန်း	ကမ်းလှမ်းရောင်းချမည့် အစုရှယ်ယာ တစ်စုလျှင် **[[၂,၅၀၀] နှင့် [၂,၇၀၀] ကျပ် ကြား]** ကမ်းလှမ်းအစုရှယ်ယာအတွက် ဈေးကွက်အခြေပြု ဈေးနှုန်းသတ်မှတ်ချက် တစ်ရပ်ကို ဆောင်ရွက်စေနိုင်ရန်အတွက် ကမ်းလှမ်းရောင်းချမည့်ဈေးနှုန်းအား Book-Building Process ဖြင့် ဆုံးဖြတ်သတ်မှတ်ခဲ့မည် ဖြစ်သည်။ အသေးစိတ် အချက်အလက်များ ထပ်မံသိရှိလိုလျှင် "**အပိုင်း (၂)။ အများပြည်သူသို့ ကမ်းလှမ်း ရောင်းချခြင်းဆိုင်ရာ အချက်အလက်များ**" ကို ကြည့်ရှုပါ။
ရှယ်ယာတစ်စောင်၏ မူလတန်ဖိုး (Par Value)	သက်ဆိုင်ခြင်းမရှိပါ။
ကမ်းလှမ်းရောင်းချမည့် ငွေပမာဏ (Offering Amount)	စုစုပေါင်း တန်ဖိုး **[[၇၄၀,၇၄၀,၀၀၀] နှင့် [၈၆၄,၀၀၀,၀၀၀] ကျပ် ကြား]**
ကမ်းလှမ်းရောင်းချမည့် အစုရှယ်ယာ ရေတွက်ပုံ (Offer Unit for Shares)	တစ်ယူနစ်လျှင် အစုရှယ်ယာတစ်စု

အများပြည်သူသို့ ကမ်းလှမ်းရောင်းချခြင်းကို အများပြည်သူထံ ရောင်းချပေးမည့် အချိန်ကာလ အတိုင်းအတာများနှင့် ဆိုင်သော သတင်းအချက်အလက်ကို "**အပိုင်း (၁)။ အများပြည်သူသို့ အစုရှယ်ယာများ ကမ်းလှမ်းရောင်းချခြင်း အနှစ်ချုပ် - အများပြည်သူသို့ ကမ်းလှမ်းမှုအတွက် ခန့်မှန်းအချိန်ဇယား**" တွင် ဖော်ပြထားပါသည်။

၁.၄။ အများပြည်သူသို့ ကမ်းလှမ်းမှုအတွက် ခန့်မှန်းအချိန်ဇယား

အကြောင်းအရာ	မျှော်မှန်းရက်စွဲ
ဈေးပြိုင်စနစ်ဖြင့် စတင်ကမ်းလှမ်းမည့်ရက်စွဲ	[၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်] မှ
ဈေးပြိုင်စနစ်ဖြင့် ပိတ်သိမ်းမည့်ရက်စွဲ	[၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်] အထိ
ဈေးပြိုင်စနစ်အရအောင်မြင်သောရင်းနှီးမြှုပ်နှံသူများထံ အကြောင်းကြားမည့်ရက်စွဲ	[၂၀၂၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်]
ပေးသွင်းငွေစတင်လက်ခံမည့် ရက်စွဲ	[၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်] မှ
ငွေလက်ခံပိတ်သိမ်းမည့်ရက်စွဲ	[၂၀၂၆ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်] အထိ
ငွေသွင်းပြီး အစုရှယ်များကို ခွဲဝေပေးမည့် ရက်စွဲ	[၂၀၂၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်]
အောင်မြင်သောလျှောက်ထားသူများအားအကြောင်းကြားမည့်ရက်စွဲ	[၂၀၂၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်]

စတော့အိပ်ချိန်းတွင် စာရင်းတင်သွင်းသည့်ရက်စွဲ	[၂၀၂၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်] ဤ စာရင်းတင်သွင်းခြင်းရက်စွဲသည် ညွှန်းဆိုမှုသာဖြစ်ပြီး မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေး ကော်မရှင် (SECM) ၏ ညွှန်ကြားချက်အရ ပြောင်းလဲနိုင်ပါသည်။ ဤစာရင်းတင်သွင်းခြင်းရက်စွဲတွင် ပြောင်းလဲမှုတစ်စုံတစ်ရာ ရှိပါက ကျွန်ုပ်တို့သည် ချက်ချင်းပင် ရန်ကုန်စတော့အိပ်ချိန်း (YSX) တွင် ကြေညာချက် ထုတ်ပြန်ပါမည်။

အထက်ဖော်ပြပါ အချိန်ဇယားသည် ခန့်မှန်းအချိန်ဇယားသာဖြစ်ပြီး အပြောင်းအလဲရှိနိုင်ပါသည်။ ယင်းကမ်းလှမ်းမှုအတွက် လျှောက်လွှာတင်ခွင့် စတင်ဖွင့်လှစ်မည့် နေ့ရက်နှင့်အချိန်သည် [၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၁၁] ရက်နေ့ နံနက် [၉ : ၀၀ နာရီ] ဖြစ်သည် (ဤအချက်သည် ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေး ဥပဒေအရ မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင်မှ ခွင့်ပြုချက် ချမှတ်မှုအပေါ် မူတည်ပါသည်)။ ကမ်းလှမ်းမှုအတွက် လျှောက်လွှာတင်ခွင့်ကို [၂၀၂၆ ခုနှစ်၊ ဒီဇင်ဘာလ ၇] ရက်နေ့ နေ့လည် [၂ : ၀၀ နာရီ] တွင် ပိတ်သိမ်းပါမည်။ ဖော်ပြပါရက်စွဲနှင့် အချိန်အားလုံးမှာ မြန်မာစံတော်ချိန်အရ ဖော်ပြချက် ဖြစ်ပါသည်။

ကျွန်ုပ်တို့သည် အစုရှယ်ယာများ ကမ်းလှမ်းရောင်းချခြင်းအတွက် လိုက်နာရမည့် ပြဋ္ဌာန်းဥပဒေ အားလုံးအပေါ်တွင် မူတည်၍ Sole Bookrunner, Sole Lead Manager နှင့် Underwriter တို့နှင့် ဆွေးနွေးတိုင်ပင်ကာ လျှောက်လွှာတင်ခွင့် ဖွင့်လှစ်ထားရှိသည့် ကာလကို လျှော့နိုင် သို့မဟုတ် တိုးနိုင်ပါသည်။

အစုရှယ်ယာ ကမ်းလှမ်းရောင်းချခြင်းအတွက် လျှောက်လွှာတင်ခွင့်ဖွင့်လှစ်သည့်ကာလကို လျှော့လျှင် သို့မဟုတ် တိုးလျှင် ကျွန်ုပ်တို့သည် ယင်းသို့ ပြုလုပ်ကြောင်းကို ရန်ကုန်စတော့အိပ်ချိန်း (YSX) နှင့် ကုမ္ပဏီ၏ ဝဘ်ဆိုဒ်တို့တွင် အများပြည်သူသို့ ကြေညာပါမည်။

ကမ်းလှမ်း အစုရှယ်ယာများအတွက် လျှောက်ထားမှု တစ်စုံတစ်ရာကို မည်သည့် အကြောင်းပြချက်မျှမလိုဘဲ အပြည့်အဝ ခွဲဝေချထား၍ သော်လည်းကောင်း၊ တစ်စိတ် တစ်ဒေသလျှော့ချပြီး ခွဲဝေချထား၍သော်လည်းကောင်း လက်ခံရန် သို့မဟုတ် ငြင်းပယ်ရန် ကျွန်ုပ်တို့က ဆုံးဖြတ်ပိုင်ခွင့်ရှိသည်။ ကျွန်ုပ်တို့၏ အဆုံးအဖြတ်နှင့် စပ်လျဉ်း၍ မည်သည့် ဆက်သွယ်မေးမြန်းစုံစမ်းမှုကိုမျှ လက်ခံဖြေကြားခြင်း မပြုပါ။ အထက်ဖော်ပြပါ အချက်ကို ထိခိုက်ခြင်းမရှိစေဘဲ၊ ကမ်းလှမ်းမှုအရ သက်ဆိုင်ရာ လျှောက်ထားသူများအား ကမ်းလှမ်းအစုရှယ်ယာများ ခွဲဝေချထားခြင်းကို ကုမ္ပဏီနှင့် Sole Bookrunner, Sole Lead Manager, Underwriter တို့က ပူးပေါင်းသတ်မှတ်မည်ဖြစ်ပြီး စီးပွားရေးအရ သင့်တော်သော စည်းကမ်းချက်များဖြင့် တစ်ဦးနှင့်တစ်ဦး ဘက်လိုက်မှု ကင်းသည့် ပုံစံဖြင့် ဆောင်ရွက်မည်ဖြစ်ပါသည်။

လျှောက်ထားမှုတစ်ရပ်သည် မအောင်မြင်လျှင် သို့မဟုတ် ငြင်းပယ်ခံရလျှင် လျှောက်လွှာအပ်ငွေပမာဏ အပြည့်အစုံကို လျှောက်လွှာပုံစံတွင် ဖော်ပြထားသောရက် သို့မဟုတ် ကမ်းလှမ်းမှု ပိတ်သိမ်းရက်ပြီးနောက် တစ်လအတွင်း လျှောက်ထားသူ၏ ဆုံးရှုံးနိုင်ခြေ တာဝန်ခံမှုဖြင့် အတိုးမဲ့ အပြည့်အဝ ပြန်လည် ထုတ်အမ်းပေးပါမည်။ အဆိုပါ လျှောက်လွှာအပ်ငွေမှ ပေါ်ပေါက်ထားသော ဝင်ငွေ သို့မဟုတ် အခြား အကျိုးခံစားခွင့်အတွက် ဝေစုထုတ်မပေးပါ။

လျှောက်ထားမှုတစ်ရပ်သည် တစ်စိတ်တစ်ဒေသသာ အောင်မြင်လျှင် လျှောက်လွှာအပ်ငွေမှ ပိုသောငွေများကို လျှောက်လွှာပုံစံတွင် ဖော်ပြထားသောရက် သို့မဟုတ် ကမ်းလှမ်းမှု ပိတ်သိမ်းရက်ပြီးနောက် တစ်လအတွင်း လျှောက်ထားသူ၏ ဆုံးရှုံးနိုင်ခြေ တာဝန်ခံမှုဖြင့် အတိုးမဲ့ အပြည့်အဝ ပြန်လည် ထုတ်အမ်းပေးမည် ဖြစ်သည်။ အဆိုပါ လျှောက်လွှာအပ်ငွေမှ ပေါ်ပေါက်ထားသော ဝင်ငွေ သို့မဟုတ် အခြား အကျိုးခံစားခွင့်အတွက် ဝေစုထုတ်မပေးပါ။

အကြောင်းကြောင်းကြောင့် ကမ်းလှမ်းမှုကို ဆက်လက်ဆောင်ရွက်နိုင်မှု မရှိလျှင် လျှောက်လွှာတင်သွင်းထားသည့် ငွေပမာဏ အပြည့်အဝကို လျှောက်လွှာပုံစံတွင် ဖော်ပြထားသောရက် သို့မဟုတ် ကမ်းလှမ်းမှု ရပ်ဆိုင်းပြီးနောက် တစ်လအတွင်း လျှောက်ထားသူ၏ ဆုံးရှုံးနိုင်ခြေတာဝန်ခံမှုဖြင့် အတိုးမဲ့ ပြန်လည် ထုတ်အမ်းပေးပါမည်။

ဤအလားအလာညွှန်းတမ်းနှင့် လျှောက်လွှာပုံစံ မိတ္တူများကို အောက်ပါနေရာဌာနများတွင် ရုံးချိန်အတွင်း စုံစမ်းတောင်းခံ ရယူနိုင်ပါသည် -

ကျွန်ုပ်တို့၏ မှတ်ပုံတင်ရုံးခန်း

ကွန်ကော့ဒီးယားအများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်

အဆောက်အဦး (၁၁)၊ အမ်အိုင်စီတီပတ်ခ်၊ ပထမထပ်မှ စတုတ္ထထပ်အထိ၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့၊ မြန်မာနိုင်ငံ

ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများ (Securities Companies)

မြန်မာငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေး ကုမ္ပဏီလီမိတက် (MSEC)

အမှတ် ၂၁- ၂၅ ၊ ဆူးလေးဘုရားလမ်း မြန်မာ့စီးပွားရေးဘဏ်ပထမထပ် (ရန်ကုန်တိုင်းဒေသကြီးရုံး)၊ ရန်ကုန်မြို့၊ မြန်မာနိုင်ငံ။

[ကနဦးအတည်ပြုချက် ရရှိပြီးနောက်တွင် အခြားသော ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများ (Securities Companies) ကို ဤကမ်းလှမ်းမှု (Offering) တွင် ပါဝင်ရန် ဖိတ်ကြားမည်ဖြစ်ပြီး ၎င်းတို့ ပါဝင်ဆောင်ရွက်ရန် ဆုံးဖြတ်ပါက ၎င်းတို့၏ အချက်အလက်များ ထည့်သွင်းဖော်ပြပါမည်။]

၁.၅။ အဓိပ္ပာယ်ဖွင့်ဆိုချက်များ

"လျှောက်လွှာပုံစံများ"	:	ကမ်းလှမ်းမှုရည်ရွယ်ချက်အတွက် အသုံးပြုရန်ရိုက်နှိပ်ထားသော လျှောက်လွှာပုံစံများဖြစ်ပြီး ထိုပုံစံများသည် ဤ အလားအလာညွှန်းတမ်း၏ အစိတ်အပိုင်းဖြစ်သည်။
"အကျုံးဝင်ဥပဒေများ"	:	အာဏာပိုင် တစ်ရပ်ရပ်၏ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းနှင့် မူဝါဒများ အပါအဝင် အခါအားလျော်စွာ အာဏာတည်သက်ရောက်လျက်ရှိသော ဥပဒေများ၊ ပြဋ္ဌာန်းဥပဒေများ၊ နည်းဥပဒေများ၊ စည်မျဉ်းများနှင့် စည်းကမ်းများ
"ဒါရိုက်တာအဖွဲ့" သို့မဟုတ် "ဒါရိုက်တာဘုတ်အဖွဲ့"	:	ကွန်ကော့ဒီးယားအများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်၏ ဒါရိုက်တာဘုတ်အဖွဲ့
"ဈေးပြိုင်စနစ်" (Book Building)	:	ကုမ္ပဏီက အများပြည်သူသို့ ကမ်းလှမ်းရောင်းချမည့် အစုရှယ်ယာများ အတွက် အဆီလျော်ဆုံး ကမ်းလှမ်းဈေးနှုန်းသတ်မှတ်နိုင်ရန် အလို့ငှာ အဆိုပါ ကမ်းလှမ်းအစုရှယ်ယာများတွင် ရင်းနှီးမြှုပ်နှံသူတို့၏ ထည့်ဝင်လိုမှု သို့မဟုတ် ထည့်ဝင်မှု အတိုင်းအတာနှင့် စပ်လျဉ်းသော သတင်းအချက်အလက်များကို စစ်တမ်းကောက်ခြင်း၊ စုစည်းခြင်းတို့ ပါဝင်သည့် လုပ်ငန်းစဉ်။
"Bookrunner"	:	Myanmar Securities Exchange Centre Co., Ltd (MSEC) MSEC သည် ကမ်းလှမ်းအစုရှယ်ယာများအတွက် Book Building Process ဆောင်ရွက်မည့် တစ်ခုတည်းသော ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီဖြစ်သည်။ ရင်းနှီးမြှုပ်နှံသူတို့၏ အစုရှယ်ယာများအပေါ် ဝယ်လိုအား သို့မဟုတ် အစုရှယ်ယာများ၏ ထည့်ဝင်မှုတွင် ပါဝင်ကြသည့် အတိုင်းအတာ သတင်းအချက်အလက်တို့ကို အခြား (ပါဝင်ဆောင်ရွက်လျှင်) ပါဝင်ဆောင်ရွက်သည့် ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီတို့ထံမှ ကောက်ယူခွင့်ရှိသည်။ ကမ်းလှမ်းအစုရှယ်ယာများ အတွက် အသင့်တော်ဆုံး ကမ်းလှမ်းဈေးနှုန်းကို MSECနှင့် ကျွန်ုပ်တို့ ကုမ္ပဏီ၏ သဘောတူညီချက်ဖြင့် သတ်မှတ်ခွင့် ရှိသည်။
"စီးပွားရေးလုပ်ငန်း"	:	ဤအလားအလာညွှန်းတမ်း၏ **"အပိုင်း (၃)။ အစုရှယ်ယာထုတ်ဝေသည့် ကုမ္ပဏီ၏ အချက်အလက်များ"** တွင် ဖော်ပြထားသည့် ကျွန်ုပ်တို့ ကုမ္ပဏီ၏ အောက်ဖော်ပြပါ စီးပွားရေး လုပ်ငန်းများ- • ဆေးဘက်ဆိုင်ရာ၊ အင်ဂျင်နီယာဆိုင်ရာနှင့် ရုံးသုံးဆိုင်ရာ ထုတ်ကုန်များ ရောင်းချခြင်းနှင့် ဖြန့်ဖြူးခြင်း၊ • ဆေးဘက်ဆိုင်ရာ၊ အင်ဂျင်နီယာဆိုင်ရာနှင့် ရုံးသုံးဆိုင်ရာ ထုတ်ကုန်များအတွက် ပြုပြင်သည့် ဝန်ဆောင်မှုပေးခြင်း နှင့် • စက်ပစ္စည်းဌာနရမ်းဝန်ဆောင်မှုများနှင့် အရည်အသွေးထိန်းချုပ်ရေး ဓာတ်ခွဲခန်း ဝန်ဆောင်မှုများပေးခြင်း။
"CBM"	:	မြန်မာနိုင်ငံတော်ဗဟိုဘဏ်
"ကုမ္ပဏီများအက်ဥပဒေ"	:	မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ (၁၉၁၄) (ယင်းအက်ဥပဒေကို မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ (၂၀၁၇) က အစားထိုးပြဋ္ဌာန်းခဲ့ပြီးဖြစ်သည်)
"မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေ (၂၀၁၇)"	:	မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ (၂၀၁၇) (အခါအားလျော်စွာ ပြင်ဆင်ဖြည့်စွက်ထားသည့်အတိုင်း)

"ကုမ္ပဏီ"	:	ကွန်ကော့ဒီးယား အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်။ "ကွန်ကော့ဒီးယား"၊ "ကျွန်ုပ်တို့", "ကျွန်ုပ်တို့၏", "ကျွန်ုပ်တို့၏ ကုမ္ပဏီ" နှင့် "ကျွန်ုပ်တို့"စသည့် အသုံးအနှုန်းများတွင်လည်း အလားတူ အဓိပ္ပာယ်ရှိပါသည်။
"ကုမ္ပဏီဖွဲ့စည်းပုံအခြေခံစည်းမျဉ်း"	:	ကျွန်ုပ်တို့ကုမ္ပဏီ၏ ကုမ္ပဏီဖွဲ့စည်းပုံအခြေခံစည်းမျဉ်း
"DICA" **"ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန"**	:	ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန
"ဒါရိုက်တာများ"	:	နောက်ဆုံးတင်သွင်းသည့်နေ့ရက်အထိ **"အပိုင်း (၄)။ အစုရှယ်ယာထုတ်ဝေသည့် ကုမ္ပဏီ၏ စီမံအုပ်ချုပ်မှုဆိုင်ရာ အချက်အလက်များ၊ အစုရှယ်ယာရှင်များနှင့် အစုရှယ်ယာများ - ဒါရိုက်တာဘုတ်အဖွဲ့နှင့် ဒါရိုက်တာများ"** တွင် ဖော်ပြထားသည့် ကျွန်ုပ်တို့ကုမ္ပဏီ၏ ဒါရိုက်တာများ
"အမှုဆောင်အရာရှိများ"	:	နောက်ဆုံးတင်သွင်းသည့်နေ့ရက်အထိ **"အပိုင်း (၄)။ အစုရှယ်ယာထုတ်ဝေသည့် ကုမ္ပဏီ၏ စီမံအုပ်ချုပ်မှုဆိုင်ရာ အချက်အလက်များ၊ အစုရှယ်ယာရှင်များနှင့် အစုရှယ်ယာများ - အုပ်ချုပ်မှု ဒါရိုက်တာများ၊ မန်နေဂျာများနှင့် အုပ်ချုပ်မှုကိုယ်စားလှယ်များ"** တွင် ဖော်ပြထားသည့် ကျွန်ုပ်တို့ကုမ္ပဏီ၏ အမှုဆောင်အရာရှိများ
"ဘဏ္ဍာရေးနှစ်"	:	မတ်လ ၃၁ ရက် တွင် ကုန်ဆုံးသော သို့မဟုတ် ကုန်ဆုံးမည့် ဘဏ္ဍာရေးနှစ် (သက်ဆိုင်သည့်အတိုင်း)
"၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်"	:	၂၀၂၄ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင်ကုန်ဆုံးသော ဘဏ္ဍာရေးနှစ် (၂၀၂၃ ခုနှစ်၊ ဧပြီလ ၁ ရက် မှ ၂၀၂၄ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ ကာလ)
"၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်"	:	၂၀၂၅ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင်ကုန်ဆုံးသော ဘဏ္ဍာရေးနှစ် (၂၀၂၄ ခုနှစ်၊ ဧပြီလ ၁ ရက် မှ ၂၀၂၅ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ ကာလ)
"၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်"	:	၂၀၂၆ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင်ကုန်ဆုံးသော ဘဏ္ဍာရေးနှစ် (၂၀၂၅ ခုနှစ်၊ ဧပြီလ ၁ ရက် မှ ၂၀၂၆ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ ကာလ)
"၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်"		၂၀၂၇ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင်ကုန်ဆုံးသော ဘဏ္ဍာရေးနှစ် (၂၀၂၆ ခုနှစ်၊ ဧပြီလ ၁ ရက် မှ ၂၀၂၇ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ ကာလ)
"အာဏာပိုင်"	:	ရှေ့နောက်စကားစပ် သို့မဟုတ် ဤအလားအလာညွှန်းတမ်းပါ စည်းကမ်းချက်များအရ လိုအပ်သည့်အတိုင်း ပြည်တွင်း ပြည်ပမှ ပြည်ထောင်စုအဆင့်၊ နိုင်ငံတော်အဆင့်၊ ပြည်နယ်/တိုင်းအဆင့်၊ နယ်မြေလိုက် အဆင့် သို့မဟုတ် ဒေသန္တရအဆင့်ရှိ အစိုးရအာဏာပိုင်၊ အစိုးရသဘောဆောင် အာဏာပိုင်၊ တရားရုံး၊ အစိုးရပိုင်း သို့မဟုတ် ကိုယ်ပိုင်စည်းမျဉ်းခံ အဖွဲ့အစည်း၊ ကော်မရှင်၊ အနုညာတခုံရုံး၊ အဖွဲ့အစည်း၊ သို့တည်းမဟုတ် ကြပ်မတ်ကွပ်ကဲရေးပိုင်း သို့မဟုတ် အုပ်ချုပ်ရေးပိုင်း သို့မဟုတ် အခြားအပိုင်း အေဂျင်စီ၊ သို့တည်းမဟုတ် ရှေ့ကဆိုခဲ့သည်တို့၏ နိုင်ငံရေး အရ သော်လည်းကောင်း၊ အခြားနည်း အရ သော်လည်းကောင်း ခွဲခြမ်းထားသည့် အစိတ်အပိုင်း သို့မဟုတ် ဌာန သို့မဟုတ် ဌာနခွဲ တစ်ရပ်ရပ်။
"Joint Underwriters"	:	[ကနဦးအတည်ပြုချက် ရရှိပြီးသောအခါ အများပြည်သူသို့ အစုရှယ်ယာများ ကမ်းလှမ်းရောင်းချရာတွင် အခြားငွေချေးသက်သေခံ လက်မှတ်ကုမ္ပဏီများ ကိုလည်း ပူးပေါင်းပါဝင်ရန် ဖိတ်ခေါ်မည်ဖြစ်ပြီး၊ ထိုငွေချေးသက်သေခံ လက်မှတ်လုပ်ငန်း ကုမ္ပဏီများက သဘောတူညီသည် ဟုဆုံးဖြတ်ပါက ၎င်းတို့၏ သတင်းအချက် အလက်များကို ထပ်မံ အသိပေးကြေငြာမည်ဖြစ်သည်။]
"Latest Practicable Date"	:	၂၀၂၆ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့။ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန (DICA) သို့ ဤအလားအလာညွှန်းတမ်း တင်သွင်းခြင်းမပြုမီ နောက်ဆုံးတင်သွင်းသည့်နေ့ရက် ဖြစ်သည်။

“ကမ်းလှမ်းမှု”	:	ကမ်းလှမ်းအစုရှယ်ယာများ **[[၂၉၆,၂၉၆] နှင့် [၃၂၀,၀၀၀] ကြား]** ကို ကမ်းလှမ်းဈေးနှုန်းဖြင့် အများပြည်သူသို့ စာရင်းသွင်းဝယ်ယူရန် ကမ်းလှမ်းခြင်း ဖြစ်ပါသည်။
“ကမ်းလှမ်းဈေးနှုန်း”	:	ကမ်းလှမ်းအစုရှယ်ယာတစ်စောင်လျှင် **[[၂,၅၀၀] နှင့် [၂,၇၀၀] ကျပ် အတွင်း]** ဖြစ်ပါသည်။
“ကမ်းလှမ်းအစုရှယ်ယာများ”	:	ဤကမ်းလှမ်းမှုအရ ကမ်းလှမ်းသော အစုရှယ်ယာအသစ်စုစုပေါင်း **[[၂၉၆,၂၉၆] နှင့် [၃၂၀,၀၀၀] ကြား]**
“ထုတ်ကုန်များ”	:	ဤအလားအလာညွှန်းတမ်း၏ **“အပိုင်း (၃)။ အစုရှယ်ယာ ထုတ်ဝေသည့် ကုမ္ပဏီ၏ အချက်အလက်များ”** အပိုင်းတွင် ဖော်ပြထားသည့်အတိုင်း မြန်မာနိုင်ငံတွင် ရောင်းချရန် ကုမ္ပဏီက လိုင်စင်ရရှိထားသော ထုတ်ကုန်များဖြစ်သည့် ဆေးပညာဆိုင်ရာ၊ အင်ဂျင်နီယာဆိုင်ရာနှင့် ရုံးသုံးဆိုင်ရာ ထုတ်ကုန်များ ပါဝင်ပါသည်။
“အလားအလာညွှန်းတမ်း”	:	[၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၄] ရက်နေ့ ရက်စွဲရှိ ဤအလားအလာညွှန်းတမ်း
“SECM”	:	“မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်”
“ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီများ”	:	Myanmar Securities Exchange Centre Co., Ltd (MSEC) **[ကနဦးအတည်ပြုချက် ရရှိပြီးသောအခါ အများပြည်သူသို့ အစုရှယ်ယာများ ကမ်းလှမ်း ရောင်းချရာတွင် အခြားငွေချေးသက်သေခံ လက်မှတ်ကုမ္ပဏီများ ကိုလည်း ပူးပေါင်းပါဝင်ရန် ဖိတ်ခေါ်မည်ဖြစ်ပြီး၊ ထိုငွေချေးသက်သေခံ လက်မှတ်လုပ်ငန်း ကုမ္ပဏီများက သဘောတူညီသည် ဟုဆုံးဖြတ်ပါက ၎င်းတို့၏ သတင်းအချက် အလက်များကို ထပ်မံ အသိပေးကြေငြာမည် ဖြစ်သည်။]**
“ငွေချေးသက်သေခံလက်မှတ် များလဲလှယ်ရောင်းဝယ်ရေး ဥပဒေ”	:	ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေးဥပဒေ (၂၀၁၃) (အခါအားလျော်စွာပြင်ဆင်ဖြည့်စွက်ထားသောအတိုင်း)
“ငွေချေးသက်သေခံလက်မှတ် များလဲလှယ်ရောင်းဝယ်ရေး နည်းဥပဒေ”		ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေးနည်းဥပဒေ (၂၀၁၅) (အမိန့်ကြော်ငြာစာအမှတ်၁၈၀၆/၂၀၁၅)
“အစုရှယ်ယာရှင်များ”	:	အစုရှယ်ယာများ၏ စာရင်းဝင်ပိုင်ရှင်များ
“အစုရှယ်ယာများ”	:	ကျွန်ုပ်တို့ ကုမ္ပဏီ၏ အစုရှယ်ယာ မတည်ငွေရင်းရှိ သာမန်အစုရှယ်ယာများ
“Sole Bookrunner, Sole Lead Manager နှင့် Underwriter”		Myanmar Securities Exchange Centre Co., Ltd (MSEC)
“စုစုပေါင်းခန့်မှန်းရငွေ”	:	ကမ်းလှမ်းရောင်းချခြင်းအရ ကမ်းလှမ်းအစုရှယ်ယာများ ထုတ်ဝေမှုမှ စုစုပေါင်းရငွေ **[[၇၄၀,၇၄၀,၀၀၀] မှ [၈၆၄,၀၀၀,၀၀၀] ကျပ် အကြား]** စုပေါင်း၍ စုစုပေါင်း ပမာဏ **[[၇၄၀,၇၄၀,၀၀၀] မှ [၈၆၄,၀၀၀,၀၀၀] ကျပ် အကြား]** ဖြစ်သည်။
“တာဝန်ခံ၍ တစ်ဆင့်ဖြန့်ချိရောင်းချသည့် အစုရှယ်ယာများ” “Underwritten Shares”	:	Sole Bookrunner, Sole Lead Manager နှင့် Underwriter နှင့် [Joint Underwriters] တို့မှ အကောင်းဆုံး ကြိုးစားအားထုတ်မှု နည်းလမ်းဖြင့် တာဝန်ခံ၍ တစ်ဆင့် ဖြန့်ချိရောင်းချသည့် အစုရှယ်ယာများ

“အကောင်းဆုံးကြိုးစားအား ထုတ်မှုနည်းလမ်းဖြင့် တာဝန်ခံ၍ တစ်ဆင့်ဖြန့်ချိရောင်းချခြင်း” “Underwriting on a best efforts basis”	:	ဤတာဝန်ခံ၍ တစ်ဆင့် ဖြန့်ချိရောင်းချခြင်းတွင် ကမ်းလှမ်းမှုဆိုင်ရာ တာဝန်ခံ၍ တစ်ဆင့် ဖြန့်ချိရောင်းချသူများသည် ဈေးပြိုင်စနစ်နှင့် စာရင်းသွင်းဝယ်ယူခြင်းကာလအတွင်း အများဆုံးသော အစုရှယ်ယာများကို တတ်နိုင်သမျှ အကောင်းဆုံး ကြိုးစားအားထုတ်မှုဖြင့် ကမ်းလှမ်း ရောင်းချပေးမည် ဖြစ်ပါသည်။ ကမ်းလှမ်း အစုရှယ်ယာများကို လျှောက်ထားသူများမှ လျှောက်ထားသည့် အရေအတွက် အထိသာ တာဝန်ခံ၍ တစ်ဆင့် ဖြန့်ချိရောင်းချပေးမည် ဖြစ်ပါသည်။ ဈေးပြိုင်စနစ်နှင့် စာရင်းသွင်းဝယ်ယူခြင်းကာလအတွင်း အဆိုပြုထားသော အစုရှယ်ယာ အရေအတွက်အားလုံး လျှောက်ထားခြင်း မခံရပါက ရောင်း၍ မကုန်သော အစုရှယ်ယာများအား ဝယ်ယူရန် ငွေကြေး သို့မဟုတ် ဥပဒေရေးရာ တာဝန်ဝတ္တရား တစ်စုံတစ်ရာကို ကမ်းလှမ်းမှုဆိုင်ရာ တာဝန်ခံ၍ တစ်ဆင့်ဖြန့်ချိရောင်းချသူများမှ မယူပါ။
“YSX”	:	“ရန်ကုန်စတော့အိပ်ချိန်း”
ငွေကြေး အမျိုးအစားများ၊ ရေတွက်ပုံများနှင့် အခြား		
"ကျပ်" သို့မဟုတ် “Ks”	:	ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တရားဝင်ငွေကြေး
"ရာခိုင်နှုန်း" သို့မဟုတ် "%"	:	ရာခိုင်နှုန်း
“US$”	:	အမေရိကန်ပြည်ထောင်စု၏ တရားဝင်ငွေကြေး

၁.၆။ တာဝန်မရှိကြောင်းဖော်ပြချက်

ဤအလားအလာညွှန်းတမ်းကို သေချာစွာ ဖတ်ရှုသင့်ပြီး၊ ကျွန်ုပ်တို့ နှင့်/သို့မဟုတ် ကမ်းလှမ်းခြင်းနှင့်ဆက်နွယ်၍ ဆောင်းပါးများ သို့မဟုတ် အခြားမီဒီယာများပါ သတင်းအချက်အလက် တစ်ရပ်ရပ်အပေါ် အမှီပြုအားထားခြင်းမပြုရန် အလေးအနက် သတိပေးအပ်ပါသည်။

မြန်မာနိုင်ငံရှိ သတင်းစာနှင့် စာစောင် အချို့တွင်ရှိ ဖော်ပြချက်များတွင် ကျွန်ုပ်တို့ ကုမ္ပဏီမှ အများပြည်သူသို့ အစုရှယ်ယာများ ကမ်းလှမ်းရောင်းချခြင်းတို့နှင့် ပတ်သက်၍ အချို့ဖော်ပြထားချက်များရှိပြီး၊ ယင်းတို့တွင် ကျွန်ုပ်တို့၏ အချို့သော ဘဏ္ဍာရေး သတင်းအချက်အလက်၊ အကျိုးအမြတ် ခန့်မှန်းချက်များ၊ လုပ်ငန်းဆောင်ရွက်လည်ပတ်မှု ဆိုင်ရာ ခန့်မှန်းခြေများ၊ တန်ဖိုးဖြတ်မှုများနှင့် အခြား သတင်းအချက်အလက်များ **(“သတင်းအချက်အလက်များ”)** အစရှိသည်တို့ ပါဝင်ပါသည်။ အဆိုပါ သတင်းအချက်အလက်များ၏ မှန်ကန်တိကျမှု သို့မဟုတ် ပြည့်စုံမှုတို့အတွက် ကျွန်ုပ်တို့ထံတွင် မည်သည့်တာဝန်ယူမှုမျှ မရှိကြောင်းကိုလည်းကောင်း၊ ယင်းသတင်းအချက်အလက်များကို ကျွန်ုပ်တို့မှ အထောက်အထားပေးခြင်း သို့မဟုတ် ခွင့်ပြုထားခြင်းတို့ မရှိကြောင်းကိုလည်းကောင်း၊ အလားအလာရှိ ရင်းနှီးမြှုပ်နှံသူများအား အလေးထားပြောကြားလိုပါသည်။ ယင်းသတင်းအချက်အလက် တစ်ရပ်ရပ်နှင့် ယင်းတို့ကိုအခြေခံသော ယူဆချက်များ၏ သင့်လျော်မှု၊ မှန်ကန်တိကျမှု၊ ပြည့်စုံမှု သို့မဟုတ် ယုံကြည်အားထားရမှုတို့အပေါ် ကျွန်ုပ်တို့က မည်သည့် ကိုယ်စားပြုမှုမျှ မရှိပါ။ ယင်းသတင်းအချက်အလက် တစ်ရပ်ရပ်နှင့် ဤအလားအလာညွှန်းတမ်းပါ သတင်းအချက်အလက်တို့ကြား မကိုက်ညီမှု သို့မဟုတ် ကွဲလွဲမှုတစ်စုံတစ်ရာရှိလျှင် ယင်းတို့ကို ငြင်းဆိုအပ်ပါသည်။ ယင်းနှင့်ပတ်သက်၍ ရင်းနှီးမြှုပ်နှံမှု ဆုံးဖြတ်ချက်ချရာတွင် ဤအလားအလာညွှန်းတမ်းပါ သတင်းအချက်အလက်တို့ကိုသာ အခြေခံသင့်ကြောင်းနှင့် အခြားမည်သည့် သတင်းအချက်အလက်ကိုမျှ အားထားခြင်း မပြုကြပါရန် ရင်းနှီးမြှုပ်နှံသူများကို သတိပေးအပ်ပါသည်။

၁.၇။ ရွေးချယ်ထားသော ဘဏ္ဍာရေးဆိုင်ရာ အချက်အလက်များ

ဘဏ္ဍာရေးအချက်အလက်အကျဉ်းချုပ်	၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့တွင် ကုန်ဆုံးသော ခြောက်လကာလ (သုံးသပ်ပြီး)	၂၀၂၅ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့ တွင် ကုန်ဆုံးသော ဘဏ္ဍာရေးနှစ် (စာရင်းစစ်ပြီး)	၂၀၂၄ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့ တွင် ကုန်ဆုံးသော ဘဏ္ဍာရေးနှစ် (စာရင်းစစ်ပြီး)
(ကျပ်ထောင်ပေါင်း)	အကျဉ်းချုံးကြားဖြတ်	၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်	၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်
<u>လက်ကျန်ရှင်းတမ်း</u>	၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ(၃၀)ရက်	၂၀၂၅ ခုနှစ်၊ မတ်လ(၃၁)ရက်	၂၀၂၄ ခုနှစ်၊ မတ်လ(၃၁)ရက်
ငွေသားနှင့်ညီမျှသောငွေသားဖော်ပြချက်	၁,၉၃၉,၂၁၃	၂,၅၄၄,၇၇၆	၁,၈၀၈,၃၁၃
လက်ငင်းရပိုင်ခွင့်များ	၂၃,၃၇၅,၀၆၆	၂၂,၂၃၇,၈၄၁	၂၁,၂၀၃,၆၆၂
လက်ငင်း မဟုတ်သောရပိုင်ခွင့်များ	၃,၀၀၉,၆၀၀	၂,၈၂၇,၆၀၄	၃,၀၃၁,၅၄၆
စုစုပေါင်းရပိုင်ခွင့်များ	**၂၆,၃၈၄,၆၆၆**	**၂၅,၀၆၅,၄၄၅**	**၂၄,၂၃၅,၂၀၈**
လက်ငင်းပေးရန်တာဝန်များ	၅,၁၀၅,၃၅၀	၄,၉၃၉,၆၄၈	၇,၃၄၃,၅၁၅
ကာလရှည်ချေးငွေ	-	-	-
လက်ငင်း မဟုတ်သောပေးရန်တာဝန်များ	-	-	-
စုစုပေါင်း ပေးရန်တာဝန်များ	**၅,၁၀၅,၃၅၀**	**၄,၉၃၉,၆၄၈**	**၇,၃၄၃,၅၁၅**
အစုရှယ်ယာရှင်များ၏ စုစုပေါင်းပိုင်ဆိုင်ခွင့်များ	**၂၁,၂၇၉,၃၁၆**	**၂၀,၁၂၅,၇၉၇**	**၁၆,၈၉၁,၆၉၃**

<u>အရှုံးအမြတ် စာရင်း</u>	၁-၄-၂၀၂၅ မှ ၃၀-၉-၂၀၂၅ အထိ (၆ လ) (မှတ်ချက် (၁)) (သုံးသပ်ပြီး)	၁-၄-၂၀၂၄ မှ ၃၁-၃-၂၀၂၅ အထိ (၁၂ လ) (စာရင်းစစ်ပြီး)	၁-၄-၂၀၂၃ မှ ၃၁-၃-၂၀၂၄ အထိ (၁၂ လ) (စာရင်းစစ်ပြီး)
အရောင်းဝင်ငွေ	၁၁,၅၀၃,၅၆၆	၂၁,၈၀၃,၄၀၆	၁၇,၅၉၈,၂၉၇
စုစုပေါင်းဝင်ငွေ	၁၁,၅၀၃,၅၆၆	၂၁,၈၀၃,၄၀၆	၁၇,၅၉၈,၂၉၇
အကြမ်း အမြတ်	၅,၂၅၁,၉၀၆	၁၀,၃၅၂,၀၃၁	၈,၄၆၄,၉၆၁
နိုင်ငံခြားသုံးငွေလဲလှယ်နှုန်း အမြတ်/(အရှုံး)	(၃၅၈,၅၆၄)	(၄၈၃,၅၁၄)	(၁၅,၆၈၆)
စီမံခန့်ခွဲမှုစရိတ်	(၃,၂၃၆,၄၉၀)	(၆,၁၀၈,၄၈၁)	(၄,၅၉၁,၅၁၆)
<u>ဘဏ္ဍာရေးစရိတ်နှင့် အခွန်အခများ မနုတ်မီ အမြတ်ငွေ</u>	**၁,၂၈၅,၃၁၃**	**၃,၀၇၄,၄၇၆**	**၃,၃၄၈,၇၀၈**
ဘဏ္ဍာရေးစရိတ်များ	(၂၆,၇၅၈)	(၁၃,၈၃၆)	(၁၇၆,၆၁၆)
ဝင်ငွေခွန်	(၃၀၆,၇၈၄)	(၉၂၁,၇၃၅)	(၈၂၇,၀၄၄)
အသားတင်အမြတ်	**၉၅၁,၇၇၁**	**၂,၁၃၈,၉၀၅**	**၂,၃၄၅,၀၄၈**

မှတ်ချက် (၁)။ ကုမ္ပဏီ၏ နောက်ဆုံးထွက်ရှိထားသော ဘဏ္ဍာရေးရလဒ်များကို ရင်းနှီးမြှုပ်နှံသူများ သိရှိစေရန် အလို့ငှာ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့ ကုန်ဆုံးသော ခြောက်လကာလအတွက် ဘဏ္ဍာရေးအခြေအနေကို အထက်ဖော်ပြပါ ဇယားတွင် ထည့်သွင်း ဖော်ပြထားပါသည်။ ထိုရလဒ်များသည် ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့ ကုန်ဆုံးသော ခြောက်လကာလ အတွင်း ဖြစ်ပေါ်သော ရလဒ်များကို ကိုယ်စားပြုပြီး လက်ယာဘက် ကော်လံရှိ ရလဒ်များသည် ၂၀၂၅ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့ နှင့် ၂၀၂၄ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့ တို့တွင် ကုန်ဆုံးသော ၁၂ လ ကာလ အသီးသီး ကိုယ်စားပြုသော ရလဒ်များကို ဖော်ပြထားခြင်းဖြစ်ပါသည်။

အပိုင်း (၂)။ အများပြည်သူသို့ ကမ်းလှမ်းရောင်းချခြင်းဆိုင်ရာ အချက်အလက်များ

၂.၁။ အများပြည်သူသို့ ကမ်းလှမ်းရောင်းချရာတွင် အသုံးပြုသည့် နည်းလမ်းနှင့် စည်းကမ်းချက်များ

ထုတ်ဝေသူ (The Issuer)	ပေးရန်တာဝန်ကန့်သတ်ထားသည့် အများနှင့်သက်ဆိုင်သော ကုမ္ပဏီအဖြစ် မြန်မာနိုင်ငံ၏ ဥပဒေများနှင့်အညီ ဖွဲ့စည်းတည်ထောင်ထားသည့် Concordia Public Co. Ltd
စာရင်းဝင်ကုမ္ပဏီအဖြစ်တင်သွင်းခြင်း (The Listing)	ရန်ကုန်စတော့အိပ်ချိန်း၏ အတည်ပြုချက်အပေါ် မူတည်လျက် ကျွန်ုပ်တို့ ကုမ္ပဏီ၏ အစုရှယ်ယာ **[[၉,၂၉၆,၂၉၆] နှင့် [၉,၃၂၀,၀၀၀] အတွင်း]** ကို ရန်ကုန်စတော့အိပ်ချိန်းတွင် အရောင်းအဝယ်ပြုနိုင်ရန် အလို့ငှာ စာရင်းဝင် ကုမ္ပဏီအဖြစ် တင်သွင်းပါသည်။
ကမ်းလှမ်းမှု (The Offering)	ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင်၏ အတည်ပြုချက်အပေါ် မူတည်ပြီး ကျွန်ုပ်တို့၏ ကုမ္ပဏီက အများပြည်သူများမှ အစုရှယ်ယာထည့်ဝင်နိုင်ရန် အလို့ငှာ ကမ်းလှမ်းရောင်းချမည့် အစုရှယ်ယာပေါင်းမှာ **[[၂၉၆,၂၉၆] နှင့် [၃၂၀,၀၀၀] အတွင်း]** ဖြစ်ပြီး ကမ်းလှမ်းအစုရှယ်ယာများ ထုတ်ဝေချိန်တွင် ယင်းတို့သည် ထုတ်ဝေထားပြီး ဖြစ်သော အစုရှယ်ယာများနှင့် ကိစ္စအဝဝ အလို့ငှာ အဆင့်အတန်းတူညီပါသည်။ ကမ်းလှမ်း အစုရှယ်ယာများကို မှတ်ပုံတင်ထားပြီး ပုံစံဖြင့် ထုတ်ဝေသည်။
ကမ်းလှမ်းဈေးနှုန်း (Offering Price)	ကမ်းလှမ်းအစုရှယ်ယာ တစ်စုလျှင် **[၂,၅၀၀] နှင့် [၂,၇၀၀] ကျပ် အတွင်း]** ဖြစ်ပြီး၊ ရင်းနှီးမြှုပ်နှံသူများသည် မိမိလျှောက်ထားသော ကမ်းလှမ်း အစုရှယ်ယာ တစ်စုစီအတွက် ကမ်းလှမ်းဈေးနှုန်းကို လျှောက်လွှာတင်သောအချိန်တွင် တစ်ပါတည်း မြန်မာကျပ်ငွေဖြင့် ပေးသွင်းရပါမည်။
လျှောက်ထားရန် အရည်အချင်း (Eligibility to Apply)	ဤကမ်းလှမ်းမှုအတွက် (၁) မြန်မာနိုင်ငံသားဥပဒေ (Myanmar Citizenship Law) ပုဒ်မ ၂၊ ပုဒ်မခွဲ(c) ၌ အဓိပ္ပါယ်ဖွင့်ဆိုထားသည့် နိုင်ငံသား မဟုတ်သောသူ၊ နှစ်နိုင်ငံသားမဟုတ်သောသူ သို့မဟုတ် နိုင်ငံသား ပြုခွင့်ရသူ မဟုတ်သောသူ၊ (၂) ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်အတွင်း တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ နှင့် နိုင်ငံတော် ပြင်ပတွင် အခြားနိုင်ငံတစ်ခုခု၏ ဥပဒေတစ်ရပ်ရပ် အပါအဝင် အခြားဥပဒေ တစ်ရပ်ရပ်အရ ဖွဲ့စည်း တည်ထောင်ထားသော နိုင်ငံခြားကုမ္ပဏီ (သို့မဟုတ်) အဖွဲ့အစည်း၊ သို့မဟုတ် (၃) မြန်မာနိုင်ငံသားများနှင့် နိုင်ငံသားပိုင် ကုမ္ပဏီများမှ ကမ်းလှမ်းအစုရှယ်ယာများကို ဝယ်ယူခွင့်ရှိမည်ဖြစ်ပါသည်။ သို့သော် နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများ ပိုင်ဆိုင်သော အစုရှယ်ယာများ၏ စုစုပေါင်း ရာခိုင်နှုန်းသည် ကုမ္ပဏီမှ ရန်ကုန်စတော့အိပ်ချိန်းသို့ အကြောင်းကြား သတ်မှတ်ထားသည့် သို့မဟုတ် မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေး ကော်မရှင် သို့မဟုတ် ရန်ကုန်စတော့အိပ်ချိန်း တို့မှ နောက်ဆက်တွဲ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များဖြင့် သတ်မှတ်ထားသည့် သို့မဟုတ် နိုင်ငံတော် အစိုးရမှ ထုတ်ပြန်ကြေညာချက်များဖြင့် သတ်မှတ်ထားသည့် ကန့်သတ်ချက်ထက် လျော့နည်းမည် ဖြစ်သည်။
တာဝန်ခံဖြန့်ချိခြင်း (Underwriting)	ဤကမ်းလှမ်းမှုတွင် Myanmar Securities Exchange Centre မှ Sole Bookrunner, Sole Lead Manager နှင့် Underwriter အဖြစ်ဆောင်ရွက်လျက် Joint Underwriters အခန်းကဏ္ဍမှ ပါဝင်မည့် အခြားငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများ (ရှိပါက) နှင့်အတူ အစုရှယ်ယာများကို Best effort basis ဖြင့် တာဝန်ခံ၍ တစ်ဆင့်ရောင်းချပေးရန် သဘောတူညီထားပါသည်။

စုစုပေါင်း ခန့်မှန်းရငွေ (Total Gross Proceeeds)	ကမ်းလှမ်းအစုရှယ်ယာ တစ်စုလျှင် **[[၂,၅၀၀] နှင့် [၂,၇၀၀] ကျပ် အတွင်း]** ဖြစ်သော ကမ်းလှမ်းဈေးနှုန်းပေါ်တွင် အခြေခံလျက် ယခုကမ်းလှမ်းချက်အရ ကမ်းလှမ်း အစုရှယ်ယာပေါင်း **[[၂၉၆,၂၉၆] နှင့် [၃၂၀,၀၀၀] အတွင်း]** ခွဲဝေချထား ထုတ်ပေးခြင်းမှ စုစုပေါင်း ခန့်မှန်းရငွေမှာ **[[၇၄၀,၇၄၀,၀၀၀] နှင့် [၈၆၄,၀၀၀,၀၀၀] ကျပ် အတွင်း]** ဖြစ်ပါမည်။ သို့ဖြစ်ပါ၍ ကမ်းလှမ်း အစုရှယ်ယာများ အားလုံး ရောင်းချပြီးသော အခါတွင် ကျွန်ုပ်တို့ ကုမ္ပဏီ၏ စုစုပေါင်း ခန့်မှန်းရငွေမှာ **[[၇၄၀,၇၄၀,၀၀၀] နှင့် [၈၆၄,၀၀၀,၀၀၀] ကျပ် အတွင်း]** ရရှိမည် ဖြစ်ပါသည်။
ယခုအစုရှယ်ယာ ကမ်းလှမ်းရောင်းချခြင်း၏ ရည်ရွယ်ချက် (Purpose of the offering)	ဤအစုရှယ်ယာ ကမ်းလှမ်းချက်သည် ကျွန်ုပ်တို့ ကုမ္ပဏီသို့ တိုးမြှင့်ရင်းနှီးငွေ (Fund raising) ကို အများပြည်သူထံမှ ဖော်ပြပါ **"အပိုင်း (၂)။ အများပြည်သူသို့ ကမ်းလှမ်းခြင်းဆိုင်ရာ အချက်အလက်များ"** အပိုဒ်အရ ရရှိစေမည်ဖြစ်ပြီး အများပြည်သူမှလည်း ကျွန်ုပ်တို့ ကုမ္ပဏီ၏ ပိုင်ဆိုင်မှု (Equity) တွင် ပါဝင်ခွင့်ရရှိစေရန်နှင့် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကဏ္ဍတွင် ပါဝင်ခွင့်ရရှိစေရန် ရည်ရွယ်ပါသည်။
ရန်ကုန်စတော့အိပ်ချိန်း (YSX)	ရန်ကုန်စတော့အိပ်ချိန်းတွင် စာရင်းဝင်အဖြစ် မတင်သွင်းမီအချိန်တွင် ကျွန်ုပ်တို့ ကုမ္ပဏီ၏ အစုရှယ်ယာများကို မြန်မာနိုင်ငံအတွင်း သို့မဟုတ် အခြားမည်သည့် စတော့/ငွေချေးသက်သေခံလက်မှတ် အိပ်ချိန်းတွင်မျှ စာရင်းဝင်အဖြစ် တင်သွင်းခြင်း၊ ဈေးနှုန်းဖော်ပြခြင်း၊ အများပြည်သူတို့ ကမ်းလှမ်းရောင်းချခြင်း မရှိခဲ့ပါ။ ယခု ကမ်းလှမ်းချက် နောက်ပိုင်းမှစ၍ အစုရှယ်ယာရှင်များနှင့် ရင်းနှီးမြှုပ်နှံသူများသည် ရန်ကုန်စတော့အိပ်ချိန်း မှတဆင့် ကျွန်ုပ်တို့ ကုမ္ပဏီ၏ အစုရှယ်ယာများကို အရောင်းအဝယ် ပြုလုပ်နိုင်ကြမည်ဟု မျှော်မှန်းပါသည်။ သို့သော် ကျွန်ုပ်တို့၏ အစုရှယ်ယာများနှင့် ပတ်သက်၍ သက်ဝင်လှုပ်ရှားသော ဈေးကွက် ရှိခြင်း၊ မရှိခြင်းနှင့် စပ်လျဉ်းပြီး မည်သည့် အာမခံချက်မျှမပေးပါ။ အသေးစိတ် အချက်အလက်များနှင့် ပတ်သက်၍ **"အပိုင်း (၈)။ မြန်မာနိုင်ငံ၏ငွေချေးသက်သေခံလက်မှတ်ဈေးကွက်"**တွင် အသေးစိတ်ဖော်ပြထားပါသည်။
ခွဲဝေချထားခြင်းနှင့် ပေးချေရှင်းလင်းခြင်း (Allocation and Settlement)	ယခုကမ်းလှမ်းချက်အား စာရင်းပိတ် ပြီးနောက် လျှောက်ထားသူများထံ ကမ်းလှမ်း အစုရှယ်ယာများ ခွဲဝေချထားခြင်းကို ကုမ္ပဏီနှင့် Sole Bookrunner, Sole Lead Manager နှင့် Underwriter တို့ကပူးပေါင်းပြီး စီးပွားရေးအရ ကျိုးကြောင်းဆီလျော်ပြီး ဘက်လိုက်မှုမရှိဘဲ ဆောင်ရွက်မည်ဖြစ်ပါသည်။ လျှောက်ထားသူများ လျှောက်ထားသည့် အစုရှယ်ယာများ၏ စုစုပေါင်းအရေအတွက်သည် ကမ်းလှမ်း အစုရှယ်ယာ **[[၂၉၆,၂၉၆] မှ [၃၂၀,၀၀၀] အတွင်း]** ထက် ကျော်လွန်ပါက လျှောက်ထားသူအားလုံးပေါ်တွင် အစုရှယ်ယာ အရေအတွက်ကို အချိုးကျလျှော့ချခွဲဝေပေးမည် ဖြစ်ပါသည်။ ကမ်းလှမ်းအစုရှယ်ယာ အားလုံးအတွက် ငွေပေးချေမှုရရှိရန် ကျွန်ုပ်တို့ မျှော်မှန်းပါသည်။ လျောက်ထားမှု အောင်မြင်သော သူများအား ကမ်းလှမ်းအစုရှယ်ယာများ ခွဲဝေချထား ထုတ်ပေးပြီး အကြောင်းကြားစာများ ပေးပို့ခြင်းကို [၂၀၂၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်] သို့မဟုတ် ယင်းနေ့ရက်ခန့်တွင် ကျွန်ုပ်တို့ ဆောင်ရွက်နိုင်ရန် မျှော်မှန်းပါသည်။

အမြတ်ဝေစု (Dividends)	ကျွန်ုပ်တို့၏ ကုမ္ပဏီအနေဖြင့် အမြတ်ဝေစု တစ်စုံတစ်ရာ ထုတ်ပေးရန်ရှိပါက မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ (၂၀၁၇)၊ ပုဒ်မ ၁၀၇ ပါ သတ်မှတ်ချက်များ ဖြစ်သည့် ကြွေးမြီပေးဆပ်နိုင်စွမ်း အချို့၊ တင့်သင့်လျောက်ပတ်ပြီး ကုမ္ပဏီ၏ မြီရှင်များအား ပေးချေနိုင်စွမ်းကို သိသိသာသာ ထိခိုက်စေခြင်း မရှိခြင်း စသည်တို့ကို ပြည့်မီမှသာလျှင် အမြတ်ဝေစုများ ကို ပေးချေမည်ဖြစ်ပါသည်။ အမြတ်ဝေစုများကို ကျွန်ုပ်တို့ ကုမ္ပဏီ၏ အမြတ်ငွေများမှ ကျပ်ငွေ ဖြင့် ထုတ်ပေးမည် ဖြစ်ပါသည်။ ကျွန်ုပ်တို့ ကုမ္ပဏီအနေဖြင့် ဘဏ္ဍာရေးနှစ်အားလုံးတွင် အမြတ်ဝေစုများ ထုတ်ပြန်ကြေညာခြင်း သို့မဟုတ် ထုတ်ပေးခြင်းနှင့် ပတ်သက်၍ အာမခံချက် မထားရှိပါ။ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ဘဏ္ဍာရေးနှစ်အားလုံးတွင် ကျွန်ုပ်တို့ ကုမ္ပဏီမှ အမြတ်ဝေစုများ ထုတ်ပြန်ကြေညာခြင်း သို့မဟုတ် ထုတ်ပေးခြင်း ပြုလုပ်မည်ဟု မယူဆသင့်ပါ။ အသေးစိတ် အချက်အလက်များကို **"အပိုင်း (၄)။ အစုရှယ်ယာထုတ်ဝေသည့် ကုမ္ပဏီ၏ စီမံအုပ်ချုပ်မှုဆိုင်ရာ အချက်အလက်များ၊ အစုရှယ်ယာရှင်များနှင့် အစုရှယ်ယာများ – အမြတ်ဝေစုများ၊ အမြတ်ဝေစုပေးမည့်အစီအစဉ်"** တွင် အသေးစိတ်ဖော်ပြထားပါသည်။
မြန်မာနိုင်ငံအတွင်း လျှောက်ထားရန် လုပ်ထုံးလုပ်နည်းများ (Application Procedures in Myanmar)	ကမ်းလှမ်း အစုရှယ်ယာများအတွက် လျှောက်ထားသူများသည် Sole Bookrunner, Sole Lead Manager and Underwriter နှင့် သက်ဆိုင်ရာ Securities Companies များမှ သတ်မှတ်ပေးထားသည့် လျှောက်ထားခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အတိုင်း လိုက်နာဆောင်ရွက်သင့်ပါသည်။ ဤအလားအလာညွှန်းတမ်းမိတ္တူကို အများပြည်သူများလေ့လာနိုင်ရန် အလို့ငှာ Sole Bookrunner, Sole Lead Manager and Underwriter နှင့် သက်ဆိုင်ရာ Securities Companies များ ၏ ရုံးခန်းများတွင် ထားရှိမည် ဖြစ်ပါသည်။ ကနဦး လျှောက်ထားရမှုအတွက် ကမ်းလှမ်းအစုရှယ်ယာ အနည်းဆုံး တစ်စု (၁-စု) ကို လျောက်ထားရမည် ဖြစ်ပါသည်။ လျှောက်ထားသူတစ်ဦးအနေဖြင့် ပိုမိုများပြားသော ကမ်းလှမ်းအစုရှယ်ယာများအတွက် ကမ်းလှမ်းအစုရှယ်ယာ တစ်စု၏ ကိန်းပြည့် အရေအတွက်ဖြင့် လျှောက်ထားနိုင်ပါသည်။
ဆုံးရှုံးနိုင်သည့် အချက်များ (Risk Factors)	**"အပိုင်း (၂)။ အများပြည်သူသို့ ကမ်းလှမ်းရောင်းချခြင်းဆိုင်ရာ အချက်အလက်များ- ဆုံးရှုံးနိုင်သည့် အချက်များ"** တွင်ဖော်ပြထားသည့် အချက်များအပါအဝင်၊ ကျွန်ုပ်တို့ ကုမ္ပဏီ၏ အစုရှယ်ယာများတွင် ရင်းနှီးမြှုပ်နှံခြင်းနှင့် ဆက်စပ်သော ဆုံးရှုံးနိုင်ချေများကို ရင်းနှီးမြှုပ်နှံလိုသူများ စေ့စပ်သေချာစွာ စဉ်းစားသုံးသပ်ရန် လိုအပ်ပါသည်။ ဤအပိုင်းတွင် ကျွန်ုပ်တို့၏ အစုရှယ်ယာများတွင် ရင်းနှီးမြှုပ်နှံခြင်းနှင့် ပတ်သက်ပြီး ထည့်သွင်း စဉ်းစားသင့်သော အကြောင်းအချက်များကို ဆွေးနွေးတင်ပြထားပါသည်။
ရောင်းဝယ်ခွင့် ကန့်သတ်ထားသော ကာလ (Lock-up Period)	စာရင်းဝင်ဖြစ်ရန်ကနဦးလျှောက်လွှာတင်သည့်နေ့မတိုင်မီခြောက်လအတွင်း ထုတ်ဝေခဲ့သော အစုရှယ်ယာများသည်ရန်ကုန်စတော့အိပ်ချိန်း(YSX)၏ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း များဆိုင်ရာ စည်းမျဉ်း အပိုဒ်-၁၀အရ စာရင်းဝင်သည့် နေ့ရက်မှ သုံးလ အတွင်းရောင်းဝယ်ခွင့်ကို ကန့်သတ်ထားပါသည်။ ကနဦး လျှောက်လွှာတင်သည့် နေ့မတိုင်မီ ခြောက်လအတွင်း မည်သည့်အစုရှယ်ယာများကို ထုတ်ဝေခဲ့ခြင်းမရှိပါ။

ကမ်းလှမ်းမှုမတိုင်မီ ၈,၉၉၅,၀၀၀,၀၀၀ကျပ် တန်ဖိုးရှိသော အစုရှယ်ယာများကို Bonus shares များအဖြစ် ထုတ်ဝေခဲ့ပါသည်။

လွန်ခဲ့သော နှစ်နှစ်အတွင်း ထုတ်ဝေခဲ့သည့် အစုရှယ်ယာများ (Bonus shares) ၏ အရေအတွက်နှင့် ငွေပမာဏများကို အောက်ပါဇယားဖြင့် ဖော်ပြထားသည်။

အစုရှယ်ယာရှင်	၂၀၂၄ ခုနှစ်၊ မတ်လ ၃၀ ရက်			၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်		
	အစုရှယ်ယာ အရေအတွက်	အစုရှယ်ယာ တစ်စောင် ဈေးနှုန်း (ကျပ်)	ငွေပမာဏ (ကျပ်)	အစုရှယ်ယာ အရေအတွက်	အစုရှယ်ယာ တစ်စောင် ဈေးနှုန်း (ကျပ်)	ငွေပမာဏ (ကျပ်)
ဒေါက်တာသန်းဝင်း	၂၃၉,၇၀၀	၁၀,၀၀၀	၂,၃၉၇,၀၀၀,၀၀၀	၃၀၀,၀၀၀	၁၀,၀၀၀	၃,၀၀၀,၀၀၀,၀၀၀
ဒေါ်တင်တင်အေး	၇၉,၉၀၀	၁၀,၀၀၀	၇၉၉,၀၀၀,၀၀၀	၁၀၀,၀၀၀	၁၀,၀၀၀	၁,၀၀၀,၀၀၀,၀၀၀
ဦးဘရမ်ဒန်မောင်ဝင်း	၃၉,၉၅၀	၁၀,၀၀၀	၃၉၉,၅၀၀,၀၀၀	၅၀,၀၀၀	၁၀,၀၀၀	၅၀၀,၀၀၀,၀၀၀
ဒေါ်အေမိမိမိဝင်း	၃၉,၉၅၀	၁၀,၀၀၀	၃၉၉,၅၀၀,၀၀၀	၅၀,၀၀၀	၁၀,၀၀၀	၅၀၀,၀၀၀,၀၀၀
စုစုပေါင်း	၃၉၉,၅၀၀	၁၀,၀၀၀	၃,၉၉၅,၀၀၀,၀၀၀	၅၀၀,၀၀၀	၁၀,၀၀၀	၅,၀၀၀,၀၀၀,၀၀၀

ကမ်းလှမ်းဈေးနှုန်းသတ်မှတ်ခြင်း

ဤကမ်းလှမ်းမှုတွင် Myanmar Securities Exchange Centre Co., Ltd. မှ Sole Bookrunner, Sole Lead Manager and Underwriter အဖြစ်ဆောင်ရွက်လျက် [Joint Underwriters အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်လိုသည့် Securities Companies များရှိပါက အဆိုပါကုမ္ပဏီများနှင့် အတူ] အကောင်းဆုံးကြိုးစားအားထုတ်မှုနည်းလမ်း (Best efforts basis) ဖြင့် တာဝန်ခံ၍ တစ်ဆင့်ဖြန့်ချိရောင်းချပေးရန် သဘောတူညီထားပါသည်။ အသေးစိတ် အချက်အလက်များကို **"အပိုင်း (၁)။ အများပြည်သူသို့ ကမ်းလှမ်းချက် အနှစ်ချုပ် – အဓိပ္ပာယ်ဖွင့်ဆိုချက်များ"** တွင် ဖတ်ရှုနိုင်ပါသည်။

ကမ်းလှမ်းအစုရှယ်ယာများ၏ ကမ်းလှမ်းဈေးနှုန်းသည် ကနဦးအားဖြင့် ကမ်းလှမ်းအစုရှယ်ယာတစ်စုလျှင် **[[၂,၅၀၀] နှင့် [၂,၇၀၀] ကျပ် အတွင်း] (ကမ်းလှမ်းဈေးနှုန်း၏ ရည်ညွှန်းတာဘောင်)** အတွင်း ဖြစ်မည်ဟု ခန့်မှန်းပါသည်။ ကမ်းလှမ်းဈေးနှုန်း၏ ရည်ညွှန်းတာဘောင်ကို Discounted Cash Flow (DCF) Analysis၊ Market Multiple Analysis အစရှိသည့် တန်ဖိုးဖြတ်မှုမျိုးစုံနှင့် Sole Bookrunner, Sole Lead Manager and Underwriter ၏ ရင်းနှီးမြှုပ်နှံသူများဖြင့် ကြားနာသည့် ဆွေးနွေးပွဲရလဒ်များ (Hearing Result) အပေါ်တွင် အခြေခံထားပါသည်။ ထိုမှသာလျှင် ဈေးကွက်အား ပိုမိုအခြေပြုသော အမြင်များကို ထည့်သွင်းပေါင်းစပ်နိုင်မည် ဖြစ်သည်။ Discounted Cash Flow (DCF) Analysis တွင် ကုမ္ပဏီ၏ စီးပွားရေးလုပ်ငန်း စီမံကိန်းများနှင့် သက်ဆိုင်ရာဌာနများထံမှ ခန့်မှန်းချက်များကို လေ့လာခဲ့ပြီး ငွေသားစီးဆင်းမှု ခန့်မှန်းချက်များ အပေါ် သက်ရောက်မှုရှိသည့် ယူဆချက်များနှင့် အဓိက အကျိုးသက်ရောက်စေသော အချက်များကို စီမံခန့်ခွဲမှုအဖွဲ့နှင့် တိုင်ပင်ဆွေးနွေးခဲ့ပါသည်။ Market Multiple Analysis တွင် ရန်ကုန်စတော့အိပ်ချိန်းတွင် စာရင်းတင်သွင်းထားသော ကုမ္ပဏီများ၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ် နှင့် အခြားအာဆီယံနိုင်ငံများရှိ ဆေးပစ္စည်းကိရိယာများနှင့် ဆေးဝါးထုတ်ကုန်များ ဖြန့်ဖြူးရေးနှင့် ထုတ်လုပ်ရေး ကုမ္ပဏီများ၏ ဈေးကွက်တန်ဖိုးများကို ရည်ညွှန်းထားပါသည်။ ကမ်းလှမ်းဈေးနှုန်းအား Book-Building Process ဖြင့် ဈေးနှုန်းသတ်မှတ်ပြီး၊ ထိုမှသာလျှင် ကမ်းလှမ်းအစုရှယ်ယာအတွက် ဈေးကွက်အခြေပြု ဈေးနှုန်းသတ်မှတ်မှု တစ်ရပ်ကို ဆောင်ရွက်စေနိုင်မည်ဖြစ်သည်။ Book-Building Process ဆိုသည်မှာ ကမ်းလှမ်း အစုရှယ်ယာ အတွက် အသင့်တော်ဆုံး ကမ်းလှမ်းဈေးနှုန်းကို သိရှိနိုင်ရန်အလို့ငှာ ကုမ္ပဏီမှ အများပြည်သူသို့ ကမ်းလှမ်းရောင်းချမည့် အစုရှယ်ယာများအတွက် ရင်းနှီးမြှုပ်နှံသူများ၏ ဝယ်လိုအား သို့မဟုတ် အစုရှယ်ယာများ၌ ထည့်ဝင်ကြသည့် အတိုင်းအတာ ဆိုင်ရာ သတင်းအချက်အလက်များကို စစ်တမ်း ကောက်ယူ စုစည်းသော လုပ်ငန်းစဉ် ဖြစ်ပါသည်။ Sole Bookrunner, Sole Lead Manager and Underwriter အဖြစ် ဆောင်ရွက်သူ Myanmar Securities Exchange Centre Co., Ltd. ထံ သို့သော်လည်းကောင်း၊ Sole Bookrunner, Sole Lead Manager and Underwriter မှ တာဝန်ခွဲဝေပေးထားသော အခြား Securities Companies ထံသို့ သော်လည်းကောင်း အဆိုပါ ကမ်းလှမ်းဈေးနှုန်း၏ ရည်ညွှန်းတာဘောင်ကို အခြေပြုလျက် လျှောက်လွှာပုံစံများ

တင်သွင်းကြခြင်းအားဖြင့် ရင်းနှီးမြှုပ်နှံသူတို့သည် အဆိုပါ Book Building လုပ်ငန်းစဉ်တွင် ပါဝင်ခွင့် ရကြပါမည်။ ယခု ကမ်းလှမ်းမှုတွင် ထုတ်ဝေရောင်းချမည့် ကမ်းလှမ်းအစုရှယ်ယာများ အရေအတွက်နှင့် ကမ်းလှမ်းဈေးနှုန်း တို့အား ကျွန်ုပ်တို့၏ ဒါရိုက်တာအဖွဲ့မှ Sole Bookrunner, Sole Lead Manager and Underwriter နှင့်တိုင်ပင်ကာ ဆုံးဖြတ် သတ်မှတ်ပေး ပါမည်။ ထိုသို့ ဆုံးဖြတ်သတ်မှတ်သည့် အချက်တို့အား [၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၁၇] ရက်တွင် ကြေညာနိုင်ရန် မျှော်လင့်ပါသည်။ ကမ်းလှမ်း ဈေးနှုန်းတာဘောင်နှင့် ကမ်းလှမ်းဈေးနှုန်း တို့အား ဆုံးဖြတ်သတ်မှတ်ကြရာတွင် ဒါရိုက်တာအဖွဲ့နှင့် Sole Bookrunner, Sole Lead Manager and Underwriter တို့သည် ကျွန်ုပ်တို့ ကုမ္ပဏီ၏ ဘဏ္ဍာရေးအခြေအနေ၊ အနာဂတ်စီးပွားရေး အလားအလာ၊ လက်ရှိဈေးကွက်၏ အနေအထားနှင့် ရင်းနှီးမြှုပ်နှံသူများ၏ အမြင်များကို ထည့်သွင်းစဉ်းစားကြပါမည်။ [[၂၀၂၆ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်] ၊ နေ့လည် [၂:၀၀] နာရီအချိန်] တွင် ကမ်းလှမ်းအစုရှယ်ယာများ အတွက် လျှောက်လွှာများ လက်ခံမှု စာရင်းပိတ်သော အခါ ဒါရိုက်တာအဖွဲ့နှင့် Sole Bookrunner, Sole Lead Manager and Underwriter တို့သည် (Book Building ပြုစုသည့် လုပ်ငန်းစဉ်နှင့် ဆက်စပ်လျက် ရှေ့တွင် ဖော်ပြခဲ့ပြီးသော အခြားအချက်တို့ အပြင်) လက်ခံရရှိသည့် လျှောက်လွှာပုံစံများ အရ လျှောက်ထားကြသည့် ကမ်းလှမ်းအစုရှယ်ယာပေါင်းကို ဆန်းစစ်သုံးသပ်ရန် အခွင့်အလမ်း တစ်ရပ် ရရှိပြီး ဖြစ်ကြရာ၊ ယင်းတို့တွင် အခြေခံလျက် ကမ်းလှမ်းဈေးနှုန်း ကို ကမ်းလှမ်းအစုရှယ်ယာ တစ်စုလျှင် **[[၂,၅၀၀] နှင့် [၂,၇၀၀] ကျပ် အတွင်း]** နှုန်းဟု သတ်မှတ်ခဲ့ပါသည်။

၂.၂။ တာဝန်ခံ၍တစ်ဆင့်ဖြန့်ချိရောင်းချမည့် ငွေချေး သက်သေခံလက်မှတ် ကုမ္ပဏီနှင့် ၄င်း၏ အရောင်းကိုယ်စားလှယ်များ၏ အချက်အလက်များ

၂.၂.၁။ တာဝန်ခံ၍တစ်ဆင့်ဖြန့်ချိရောင်းချမည့် ငွေချေး သက်သေခံလက်မှတ် ကုမ္ပဏီ(များ)

Sole Bookrunner, Sole Lead Manager and Underwriter		
အမည်	:	မြန်မာငွေချေး သက်သေခံလက်မှတ်များ လဲလှယ်ရောင်း ဝယ်ရေး ကုမ္ပဏီလီမိတက်
မှတ်ပုံတင်ထားသော ရုံးလိပ်စာ	:	အမှတ် ၂၁-၂၅၊ ဆူးလေဘုရားလမ်း၊ မြန်မာ့စီးပွားရေးဘဏ် - ပထမထပ် (ရန်ကုန်တိုင်းဒေသကြီးရုံး)၊ ရန်ကုန်တိုင်းဒေသကြီး၊ မြန်မာနိုင်ငံ။
ကုမ္ပဏီမှတ်ပုံတင်အမှတ်	:	၁၅၅၁၇၃၄၄
MIC ခွင့်ပြုမိန့်အမှတ်		၁၇၄/၉၆
ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းလိုင်စင်အမှတ်	:	၀၀၂
ဖုန်းနံပါတ်	:	+၉၅ – ၁ – ၃၇၈၆၄၇၊ ၃၈၇၀၃၁
ဖက်စ်နံပါတ်		+၉၅ – ၁ – ၃၈၇၀၃၂
Website	:	https://www.msecmyanmar.com

Joint Underwriter		
အမည်	:	
မှတ်ပုံတင်ထားသော ရုံးလိပ်စာ	:	
ကုမ္ပဏီမှတ်ပုံတင်အမှတ်	:	
ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းလိုင်စင်အမှတ်	:	
ဖုန်းနံပါတ်	:	
Website	:	

[ကနဦးခွင့်ပြုချက် ရရှိပြီးနောက်တွင် အခြားသော ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများ ကို ဤကမ်းလှမ်းမှုတွင် ပါဝင်ရန် ဖိတ်ကြားမည်ဖြစ်ပြီး ၎င်းတို့မှ ပါဝင်ဆောင်ရွက်ရန် ဆုံးဖြတ်ပါက အဆိုပါ ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီများ၏ အချက်အလက်များကို ထည့်သွင်းဖော်ပြသွားပါမည်။]

၂.၂.၂။ ရောင်းချမှုကိုယ်စားလှယ်(များ)

ယခုကမ်းလှမ်းခြင်းတွင် အရောင်းကိုယ်စားလှယ်များ မရှိပါ။

၂.၃။ တာဝန်ခံ၍တစ်ဆင့်ဖြန့်ချိရောင်းချမည့် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများနှင့် ပတ်သက်သည့် အကြောင်းအရာများ

[၂၀၂၆ ခုနှစ်၊ ဒီဇင်ဘာလ ၉] ရက်နေ့တွင် ကျွန်ုပ်တို့ ကုမ္ပဏီနှင့် Sole Bookrunner, Sole Lead Manager and Underwriter တို့အကြား လက်မှတ်ရေးထိုးခဲ့သော ထည့်ဝင်လိုသူများ ရှာဖွေပေးရန် တာဝန်ခံ၍ တစ်ဆင့်ဖြန့်ချိမှု ဆိုင်ရာ သဘောတူစာချုပ် နှင့် ဤအလားအလာညွှန်းတမ်းပါ စည်းမျဉ်း၊ စည်းကမ်းချက်များနှင့် အညီ၊ ကုမ္ပဏီသည် ကမ်းလှမ်း အစုရှယ်ယာများကို ကမ်းလှမ်းဈေးနှုန်းဖြင့် မြန်မာနိုင်ငံအတွင်းရှိ အများပြည်သူများသို့ ဝယ်ယူရန် ကမ်းလှမ်းခြင်းကို သဘောတူပြီး၊ Sole Bookrunner, Sole Lead Manager and Underwriter မှ စာရင်းပိတ်ရက်မတိုင်မီ သို့မဟုတ် ထိုရက်နေ့တွင် အစုရှယ်ယာများအတွက် စာရင်းသွင်းသူများ နှင့်/သို့မဟုတ် ဝယ်ယူသူများကို အကောင်းဆုံး ကြိုးစားအားထုတ်မှု နည်းလမ်း (Best Efforts Basis) ဖြင့် ရှာဖွေပေးရန် သဘောတူပါသည်။ အကောင်းဆုံးကြိုးစားအားထုတ်မှုနည်းလမ်း (Best Efforts Basis) ဖြင့် တာဝန်ခံ၍ တစ်ဆင့်ဖြန့်ချိရောင်းချခြင်းနှင့် ပတ်သက်၍ ပိုမိုသိရှိလိုပါက **"အပိုင်း (၁)။ အများပြည်သူသို့ကမ်းလှမ်းရောင်းချခြင်း အနှစ်ချုပ် – အဓိပ္ပာယ်ဖွင့်ဆိုချက်များ"** တွင် ဖတ်ရှုနိုင်ပါသည်။

စာရင်းပိတ်ရက် (Closing Date) ဆိုသည်မှာ [၂၀၂၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်] (သို့မဟုတ်) ကုမ္ပဏီနှင့် Sole Bookrunner, Sole Lead Manager and Underwriter တို့အကြား ကမ်းလှမ်းအစုရှယ်ယာများအတွက် ထည့်ဝင်မှုများအား စာရင်းရှင်းရန် သဘောတူညီသည့် အခြားနေ့ရက်တစ်ရက်ရက်၏ (မြန်မာစံတော်ချိန်) **[မွန်းလွဲ ၁:၀၀ နာရီ]** ကို ဆိုလိုပါသည်။ အဆိုပါ စာရင်းပိတ်ရက်တွင် ဤအလားအလာညွှန်းတမ်းပါ စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ကမ်းလှမ်းအစုရှယ်ယာ အားလုံးအတွက် ခိုင်လုံသော လျှောက်ထားလွှာများနှင့်အတူ ပေးချေရမည့် ငွေကြေးအပြည့်အဝအတွက် ခိုင်လုံသော ငွေလွှဲပြောင်းမှုပုံစံများကို လက်ခံရရှိပြီးဖြစ်ပါက၊ Underwriting Agreement အရ တာဝန်ခံဖြန့်ချိမည့် အစုရှယ်ယာများနှင့် စပ်လျဉ်း၍ Sole Bookrunner, Sole Lead Manager and Underwriter တို့၏ တာဝန်ဝတ္တရားများ ပြီးဆုံးမည် ဖြစ်ပါသည်။
သို့သော် တာဝန်ခံ၍ တစ်ဆင့်ဖြန့်ချိမည့် အစုရှယ်ယာများအနက် တစ်စုံတစ်ရာ အတွက် စာရင်းပိတ်ရက် (မြန်မာစံတော်ချိန်) **[မွန်းလွဲ ၁:၀၀ နာရီ]** နောက်ဆုံးထားလျက် အတည်ဖြစ်သည့် လျှောက်ထားမှုမရရှိလျှင် Sole Bookrunner, Sole Lead Manager and Underwriter မှ ကုမ္ပဏီထံသို့ စာရင်းပိတ်ရက် ၏ နောက်တစ်ရက် ဈေးကွက်ဖွင့်ရက် **[နေ့လည် ၁၂:၀၀ နာရီ]** နောက်ဆုံးထားလျက် လျှောက်လွှာတင်သွင်းခြင်း မရှိသည့် ကမ်းလှမ်းအစုရှယ်ယာများ၏ အရေအတွက်ကို ကုမ္ပဏီထံ စာဖြင့် ရေးသားအကြောင်းကြားပါမည်။

Sole Bookrunner, Sole Lead Manager and Underwriterသည် တာဝန်ခံ၍ တစ်ဆင့်ဖြန့်ချိမှု ဆိုင်ရာ သဘောတူစာချုပ်အရ အခြား Securities Companies များ (မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေး ကော်မရှင် (SECM)၏ ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေအရ တာဝန်ခံ၍ တစ်ဆင့် ဖြန့်ချိရောင်းချခြင်း လုပ်ငန်းလိုင်စင်ရရှိထားသူများ) ကို [Joint Underwriters]အဖြစ် ခန့်အပ်ခွင့် ရှိပါသည်။ ဤကိစ္စနှင့်စပ်လျဉ်း၍ Sole Bookrunner, Sole Lead Manager and Underwriter သည် ကမ်းလှမ်းအစုရှယ်ယာများ၏ ထိုအရေအတွက်အတွက် စာရင်းသွင်းခြင်း နှင့်/သို့မဟုတ် ဝယ်ယူခြင်း ပြုလုပ်လိုသော ရင်းနှီးမြှုပ်နှံသူများအား ရှာဖွေရန် အခြား securities companies များနှင့် [၂၀၂၆ ခုနှစ်၊

ဒီဇင်ဘာလ ၇ ရက်] တွင် ချုပ်ဆိုမည့် သဘောတူညီချက်စာချုပ်ပါ စည်းမျဉ်း၊ စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်ခွင့်ရှိမည် ဖြစ်ပါသည်။

စဉ်	Securities Companies	တာဝန်	အစုရှယ်ယာအရေအတွက်	ကမ်းလှမ်းအစုရှယ်ယာများ၏ ရာခိုင်နှုန်း
၁	Myanmar Securities Exchange Centre Co., Ltd.	Sole Bookrunner, Sole Lead Manager, and Underwriter	[□]	[□]
၂	[□]	[ပူးတွဲတာဝန်ခံ၍တစ်ဆင့်ဖြန့်ချိရောင်းချသူ]	[□]	[□]
၃	[□]		[□]	[□]

Sole Bookrunner, Sole Lead Manager and Underwriter နှင့် Joint Underwriters တို့သည် အထက် ဖော်ပြပါ ဇယားအတိုင်း သက်ဆိုင်ရာ တာဝန်ခံဖြန့်ချိရမည့် အစုရှယ်ယာ အရေအတွက် ဆိုင်ရာ ကမ်းလှမ်းဈေးနှုန်း စုစုပေါင်းကို ကျွန်ုပ်တို့ ကုမ္ပဏီသို့ [၂၀၂၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်] နေ့တွင် အကျေပေးချေရန် တာဝန်ရှိသည်။

Sole Bookrunner, Sole Lead Manager and Underwriter တို့သည် ငွေချေးသက်သေခံလက်မှတ် တာဝန်ယူဖြန့်ချိခြင်း လုပ်ငန်းကို တရားဝင် လုပ်ကိုင်ခွင့်ပြုထားခြင်းခံရသော လိုင်စင်ရ ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီများအနက် တစ်ခုဖြစ်သည်ဟူသော အချက်ပေါ်အခြေခံခြင်းအားဖြင့်၊ Sole Bookrunner, Sole Lead Manager and Underwriter တို့၏ (အခြေခံမတည်ငွေရင်းနှင့် ငွေဖြစ်လွယ်မှု စသော) ဘဏ္ဍာရေးနှင့် လုပ်ငန်းဆောင်ရွက်လည်ပတ်မှုဆိုင်ရာ အရင်းအမြစ်များသည် အထက်ပါ တာဝန်ခံဖြန့်ချိခြင်းဆိုင်ရာ တာဝန်ဝတ္တရားများကို ဆောင်ရွက်ရန်လုံလောက်သည်ဟု ဒါရိုက်တာများက ယူဆပါသည်။

၂.၄။ ငွေပေးသွင်းမည့်နည်းလမ်းများ

ယခု ကမ်းလှမ်းချက်အရ ကမ်းလှမ်းအစုရှယ်ယာများအတွက် လျှောက်ထားသူများထံမှ လျှောက်လွှာများနှင့် လျှောက်လွှာကြေးများ လက်ခံရန်အလို့ငှာ Sole Bookrunner, Sole Lead Manager and Underwriter အား ကျွန်ုပ်တို့ ကုမ္ပဏီမှ ခန့်အပ်ထားပါသည်။ Sole Bookrunner, Sole Lead Manager and Underwriter သည် လျှောက်လွှာများနှင့် လျှောက်လွှာကြေးများ လက်ခံရာတွင် ပူးပေါင်းဆောင်ရွက်ရန် အခြားငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများကို ခန့်အပ်မည်ဖြစ်ပါသည်။ ထို့အပြင် MSEC သည် ၎င်း၏ တာဝန်ခံ၍တစ်ဆင့်ဖြန့်ချိရောင်းချခြင်း တာဝန်ဝတ္တရားများနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံရှိ အခြားသော အခြားငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီများအကြား သဘောတူညီချက်စာချုပ် ချုပ်ဆိုခွင့်ရှိပါမည်။ Sole Bookrunner, Sole Lead Manager and Underwriter နှင့် အခြားငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများအား ကော်မရှင်ကြေးဖြင့် ပေးချေရမည်ဖြစ်ပြီး ၎င်းတို့အနေဖြင့် (၁) ကမ်းလှမ်းအစုရှယ်ယာများကို လျှောက်ထားသူများထံ အကောင်းဆုံး ကြိုးစားအားထုတ်မှု နည်းလမ်းဖြင့် ရောင်းချရန် ကြိုးစားပေးခြင်းနှင့်၊ (၂) ကမ်းလှမ်းအစုရှယ်ယာများကို ကမ်းလှမ်းရာတွင် လျှောက်ထားသူများအား ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးနည်းဥပဒေ၏ နည်းဥပဒေပုဒ်မ ၆၈၊ ပုဒ်မခွဲ(ခ)၊ (စ)၊ (ဆ) များနှင့်အညီ ပြည့်စုံသော ရှင်းလင်းချက်များပေးအပ်ခြင်း တို့ကို သဘောတူညီချက်စာချုပ်အရ ဆောင်ရွက်ရပါမည်။

ကမ်းလှမ်းအစုရှယ်ယာများအတွက် လျှောက်ထားသူများသည် သက်ဆိုင်ရာ ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီများမှ သတ်မှတ်ပေးသည့် လျှောက်ထားခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများအတိုင်း လိုက်နာဆောင်ရွက်သင့်ပါသည်။ အများပြည်သူ လေ့လာနိုင်ရန် အလို့ငှာ သက်ဆိုင်ရာ ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီများ၏ ရုံးခန်းများ၌ ဤအလားအလာညွှန်းတမ်း မိတ္တူကို ထားရှိပေးမည် ဖြစ်ပါသည်။

ကနဦး လျှောက်ထားမှုအတွက် ကမ်းလှမ်းအစုရှယ်ယာမှာ အနည်းဆုံး တစ်စု (၁-စု) လျှောက်ထားရမည် ဖြစ်ပါသည်။ လျှောက်ထားသူတစ်ဦး အနေဖြင့် ပိုမိုများပြားသော ကမ်းလှမ်းအစုရှယ်ယာများအတွက် ကမ်းလှမ်းအစုရှယ်ယာ တစ်စု၏ ကိန်းပြည့်အဆ အရေအတွက်ဖြင့် လျှောက်ထားနိုင်ပါသည်။

ယခု အစုရှယ်ယာ ဝယ်ယူခြင်း ကမ်းလှမ်းချက်အား အများပြည်သူသို့ ဖွင့်လှစ်ထားမည့် အချိန်ကာလများမှာ **"အပိုင်း (၁)။ အများပြည်သူသို့ အစုရှယ်ယာများကမ်းလှမ်းရောင်းချခြင်း အနှစ်ချုပ် - အများပြည်သူသို့ ကမ်းလှမ်းမှုအတွက် ခန့်မှန်းအချိန်ဇယား"** ပါ အချက်အလက်များ အတိုင်း ဖြစ်ပါသည်။

၂.၅။ အစုရှယ်ယာများကို ခွဲဝေရောင်းချမည့် အစီအစဉ်

ကျွန်ုပ်တို့၏ ကုမ္ပဏီ သည် ကမ်းလှမ်းအစုရှယ်ယာပေါင်း **[၂၉၆,၂၉၆] နှင့် [၃၂၀,၀၀၀] အတွင်း]** ထည့်ဝင်ခွင့်ကို ယခု ကမ်းလှမ်းချက်အရ အများပြည်သူသို့ ကမ်းလှမ်းပါသည်။ အဆိုပါ ကမ်းလှမ်းချက်သည် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေး ကော်မရှင် ၏ အတည်ပြုချက်အပေါ် မူတည်ပါသည်။

ယခုကမ်းလှမ်းချက် မတိုင်မီက ကမ်းလှမ်းအစုရှယ်ယာများ အတွက် အများပြည်သူဆိုင်ရာ စျေးကွက် မရှိခဲ့ပါ။
အစုရှယ်ယာများ ကမ်းလှမ်းမှုပြီးသည့်အခါ အစုရှယ်ယာရှင်များ နှင့် ရင်းနှီးမြှုပ်နှံသူများသည် ဝယ်ယူခဲ့သည့် အစုရှယ်ယာများကို ရန်ကုန်စတော့အိပ်ချိန်းမှ တဆင့်ရောင်းဝယ်မှုပြုနိုင်လိမ့်မည်ဟု မျှော်လင့်သော်လည်း ကျွန်ုပ်တို့၏ အစုရှယ်ယာများရောင်း ဝယ်မှု သွက်လက်သည့် စျေးကွက်ဖြစ်မဖြစ်ကိုမူ အာမခံချက် မပေးပါ။ အသေးစိတ် အချက်အလက်များနှင့် ပတ်သက်၍ **"အပိုင်း (၈)။ မြန်မာနိုင်ငံ၏ ငွေချေးသက်သေခံလက်မှတ် စျေးကွက်"** တွင် ကြည့်ရှုပါရန်။

နောက်ဆုံးတင်သွင်းသည့်နေ့ရက်တွင် ကျွန်ုပ်တို့၏ အဓိက အစုရှယ်ယာရှင်များ၊ ဒါရိုက်တာများသို့မဟုတ် ကျွန်ုပ်တို့၏ အုပ်ချုပ်ရေး၊ ကြီးကြပ်ရေး သို့မဟုတ် စီမံခန့်ခွဲရေးအဖွဲ့ဝင်တစ်ဦးဦးသည် ဤကမ်းလှမ်းခြင်းအရ ကမ်းလှမ်းအစုရှယ်ယာများ ထည့်ဝင်ရန် ရည်ရွယ်သော သို့မဟုတ် ကမ်းလှမ်းခြင်း၏ စုစုပေါင်းပမာဏ ၅% ထက် ပို၍ ထည့်ဝင်ရန် ရည်ရွယ်သော သူတစ်ဦးဦးကိုမျှ မတွေ့ရှိရပါ။

၂.၆။ အစုရှယ်ယာများကို ခွဲဝေမှုအစီအစဉ်

ကမ်းလှမ်း အစုရှယ်ယာများကို ရန်ကုန်စတော့အိပ်ချိန်းတွင် စာရင်းတင်သွင်းမည် ဖြစ်သည့်အတွက် အစုရှယ်ယာ သက်သေခံလက်မှတ်များကို ထုတ်ပေးမည် မဟုတ်သော်လည်း ကမ်းလှမ်းအစုရှယ်ယာများအတွက် လျှောက်လွှာတင်သွင်းခဲ့ရာတွင် အောင်မြင်သည့် လျှောက်ထားသူများသည် လျှောက်လွှာပုံစံတွင် ဖော်ပြထားသည့်အတိုင်း အစုရှယ်ယာစာရင်းဝင်သည့်နေ့၏ နံနက် ၈:၀၀ နာရီထက် နောက်မကျစေဘဲ လျှောက်ထားအောင်မြင်သော အစုရှယ်ယာအရေအတွက်ကို ငွေချေးသက်သေခံလက်မှတ်ဆိုင်ရာ အကောင့်အတွင်းမှ လက်ခံရရှိစေမည်ဖြစ်ပါသည်။

၂.၇။ စာရင်းတင်သွင်းခြင်း

ကုမ္ပဏီ၏ အစုရှယ်ယာ စုစုပေါင်း **[၉,၂၉၆,၂၉၆] နှင့် [၉,၃၂၀,၀၀၀] အတွင်း]** ရှိ အစုရှယ်ယာများကို ရန်ကုန်စတော့အိပ်ချိန်းတွင် စာရင်းတင်သွင်း၍ ရောင်းဝယ်မည်ဖြစ်ပြီး၊ ယင်းသည် ရန်ကုန်စတော့အိပ်ချိန်း ၏ သဘောတူညီချက်ဖြင့်သာ အတည်ဖြစ်ပါမည်။

၂.၈။ အများပြည်သူသို့ ကမ်းလှမ်းရောင်းချခြင်းအတွက်ခန့်မှန်းကုန်ကျစရိတ်များ

ယခုကမ်းလှမ်းချက်နှင့် စပ်လျဉ်း၍ ကျွန်ုပ်တို့မှ ပေးချေရမည့် အသုံးစရိတ် စုစုပေါင်းမှာ ကျပ် **၆၈၃,၀၈၄,၀၀၀ ခန့်**ရှိကြောင်း ခန့်မှန်းသိရှိရပြီး၊ အသေးစိတ်မှာ အောက်ဖော်ပြပါ ဇယားအတိုင်းဖြစ်ပါသည်။

စတော့အိပ်ချိန်းတွင် စာရင်းတင်သွင်းရန်အတွက် ခန့်မှန်းစရိတ်	**ကျပ်**
ပညာရှင်အခကြေးငွေများ (Professional Fees) (ဘဏ္ဍာရေးဆိုင်ရာ ပညာရှင် အခကြေးငွေ၊ တာဝန်ခံဖြန့်ချိရောင်းချသူများ၏ အခကြေးငွေနှင့် ဥပဒေ ပညာရှင် အခကြေးငွေ)	၆၃၇,၅၈၄,၀၀၀
စာရင်းတင်သွင်းခြင်း ဆိုင်ရာ အသုံးစရိတ်များ (Listing (Registration) Expenses	၃၃,၅၀၀,၀၀၀
အထွေထွေ အသုံးစရိတ်များ (Miscellaneous Expenses)	၂,၀၀၀,၀၀၀
ပုံနှိပ်ခြင်း၊ Roadshow ပြုလုပ်ခြင်းနှင့် ကြော်ငြာခြင်းအတွက် ကုန်ကျစရိတ်များ	၁၀,၀၀၀,၀၀၀
စုစုပေါင်းခန့်မှန်းကုန်ကျစရိတ်များ	**၆၈၃,၀၈၄,၀၀၀**

၂.၉။ အစုရှယ်ယာရောင်းရငွေကို အသုံးပြုမည့် အစီအစဉ်များ

ကမ်းလှမ်းအစုရှယ်ယာ တစ်စုလျှင် **[၂,၅၀၀] နှင့် [၂,၇၀၀] ကျပ် အတွင်း]** ဖြစ်သော ကမ်းလှမ်းဈေးနှုန်းအပေါ် တွင် အခြေခံလျက် ကမ်းလှမ်းအစုရှယ်ယာ **[[၂၉၆,၂၉၆] နှင့် [၃၂၀,၀၀၀] စောင် အတွင်း]** ခွဲဝေချထားခြင်း နှင့် ထုတ်ဝေ ရောင်းချခြင်းမှ ရရှိမည့် စုစုပေါင်းရငွေမှာ **[[၇၄၀,၇၄၀,၀၀၀] နှင့် [၈၆၄,၀၀၀,၀၀၀] ကျပ်အတွင်း]** ဖြစ်ပေမည်။

အဆိုပါ ကမ်းလှမ်းအစုရှယ်ယာများ ထုတ်ဝေခြင်းမှ စုစုပေါင်း ရငွေ ဖြစ်သည့် **[[၇၄၀,၇၄၀,၀၀၀] နှင့် [၈၆၄,၀၀၀,၀၀၀] ကျပ် အတွင်း]** ကို အောက်ပါအတိုင်း သုံးစွဲရန် ရည်ရွယ်ပါသည်-

ရရှိငွေများ အသုံးပြုမှု	**အကြောင်းအရာ**	**တန်ဖိုး**	**အချိန်ကာလ**	**စီးပွားရေးအခြေအနေ သတ်မှတ်ချက်**
စီးပွားရေး လုပ်ငန်း ချဲ့ထွင်ရေး အစီအစဉ်	ကျောက်ကပ် သွေးသန့်စင်စက်များနှင့် ဆက်စပ်ပစ္စည်းများ ဖြန့်ဖြူးရောင်းချခြင်း ကျောက်ကပ်သွေးသန့်စင်စက် ဆိုသည်မှာ ကျောက်ကပ်များမှ သွေးကို ထိရောက်စွာ သန့်စင်ခြင်းနှင့် စစ်ထုတ်ခြင်း မလုပ်နိုင်တော့သည့်အခါ သွေးကို သန့်စင် စစ်ထုတ်ပေးသော ဆေးဘက်ဆိုင်ရာ ကိရိယာတစ်မျိုး ဖြစ်ပါသည်။ ၎င်းသည် ခန္ဓာကိုယ်အတွင်း လိုအပ်သည်ထက် ပိုလျှံနေသော အရည်များနှင့် စွန့်ပစ်ပစ္စည်းများကို ဖယ်ရှားပေးပြီး ခန္ဓာကိုယ်ကို ဘေးကင်း ကျန်းမာစေရန် ကူညီပေးပါသည်။	ကျပ် ၈၀၀ သန်း	၂၀၂၆-ဧပြီလ	ကွန်ကော့ဒီးယားသည် ကျောက်ကပ် သွေးသန့်စင်စက်များ ဖြန့်ဖြူးရောင်းချခြင်း ဈေးကွက်သို့ ဝင်ရောက်ခြင်းဖြင့် လုပ်ငန်း၏ ဆေးဘက်ဆိုင်ရာ စက်ပစ္စည်းများ ဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်းနယ်ပယ်ကို ချဲ့ထွင်သွားမည် ဖြစ်ပါသည်။ ယခု ရင်းနှီးမြှုပ်နှံမှုအတွက် လိုအပ်သော ခန့်မှန်းရန်ပုံငွေမှာ ကျပ်ဘီလီယံခန့် ဖြစ်ပါသည်။ ထို့ကြောင့် ယခု ကမ်းလှမ်းချက်မှ ရရှိမည့် စုစုပေါင်း ရငွေသည် လိုအပ်သော ပမာဏကို အပြည့်အဝ ဖြည့်ဆည်းပေးနိုင်မည် မဟုတ်ပါ။ လိုအပ်သော ငွေပမာဏကို ကုမ္ပဏီ၏ လုပ်ငန်းလည်ပတ်ရန်ပုံငွေမှ အသုံးပြုသွားမည် ဖြစ်ပြီး ထပ်မံလိုအပ်လာပါက ကုမ္ပဏီမှ ချေးငွေရယူခြင်းကို စဉ်းစားနိုင်ပါသည်။

အစီအစဉ်	ဖော်ပြချက်	%	တန်ဖိုး	အသုံးပြုပုံ	ရောင်းသူ	အချိန်ကာလ	ဦးစားပေး အဆင့်
စီးပွားရေးလုပ်ငန်း ချဲ့ထွင်ရေး အစီအစဉ်	ကျောက်ကပ် သွေးသန့်စင်စက်များနှင့် ဆက်စပ်ပစ္စည်းများ ဖြန့်ဖြူးရောင်းချခြင်း	၁၀၀	ကျပ် ၈၀၀ သန်း	ရရှိငွေများကို ကျောက်ကပ်သွေးသန့်စင်စက်များနှင့် ဆက်စပ်ပစ္စည်းများ ဝယ်ယူရန် အတွက် အသုံးပြုမည် ဖြစ်ပါသည်။	နိုင်ငံခြားမှ ရောင်းသူ	၂၀၂၆ ဧပြီလ	NA

အထက်ဖော်ပြပါ ရည်ရွယ်ချက်များအတွက် အသုံးပြုမည့် အချိန်ကာလနှင့် ပမာဏတို့မှာ ကျွန်ုပ်တို့၏ ဒါရိုက်တာများ၏ ဆုံးဖြတ်ချက်အပေါ် မူတည်၍ ပြောင်းလဲနိုင်ပါသည်။ သို့ရာတွင် အနာဂတ်တွင် ဖြစ်ပေါ်လာနိုင်သော အခြေအနေများ သို့မဟုတ် တိုးတက်ပြောင်းလဲမှုများ ဖြစ်သည့် အထွေထွေစျေးကွက် အခြေအနေများ ၊ ကျွန်ုပ်တို့၏ လုပ်ငန်းကဏ္ဍဆိုင်ရာ အလားအလာများ၊ မြန်မာနိုင်ငံ၏ လူမှုရေး၊ နိုင်ငံရေးနှင့် စီးပွားရေး အခြေအနေများနှင့် လုပ်ထုံးလုပ်နည်းဆိုင်ရာ ပတ်ဝန်းကျင်အပြောင်းအလဲများအပြင်၊ ကျွန်ုပ်တို့၏ မတည်ငွေရင်း လိုအပ်ချက် အပြောင်းအလဲများနှင့် ယင်းလိုအပ်ချက်များကို ဖြည့်ဆည်းရန် ရန်ပုံငွေနှင့် မတည်ငွေရင်း ရရှိနိုင်မှု အစရှိသည့် အချက်များကြောင့် အထက်တွင် ဖော်ပြထားသည့် အသားတင် ရရှိငွေများ ကို အသုံးပြုမည့် အစီအစဉ်အား လိုက်လျောညီထွေ ပြောင်းလဲရန် လိုအပ်နိုင်ပါသည်။ အကယ်၍ အဆိုပါ ရရှိငွေများကို အသုံးပြုမည့် အစီအစဉ်နှင့် ပတ်သက်၍ အရေးကြီးသော အပြောင်းအလဲတစ်စုံတစ်ရာ ရှိခဲ့ပါက ကျွန်ုပ်တို့သည် ရန်ကုန်စတော့အိပ်ချိန်း (YSX) တွင် ယင်းအပြောင်းအလဲနှင့် ပတ်သက်၍ ချက်ချင်း ကြေညာသွားမည် ဖြစ်ပါသည်။

ကနဦးအဆင့်တွင် ကျောက်ကပ်သွေးသန့်စင်စက် အလုံးရေ ၁၅ လုံးမှ ၂၀ လုံးခန့်ကို ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်ကဲ့သို့သော အဓိကမြို့ကြီးများတွင် ဖြန့်ဖြူးရန် မျှော်မှန်းထားပါသည်။ နောက်ဆုံးတင်သွင်းသည့်နေ့ရက် အရ ကျွန်ုပ်တို့၏ ဒါရိုက်တာများသည် အဆိုပါ အသားတင်ရရှိငွေများအား အသုံးပြုခြင်းဖြင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် တွင် ဝင်ငွေတိုးတက်မှုကို စတင်အထောက်အကူပြုနိုင်မည်ဟု ခန့်မှန်းထားပါသည်။ ကျွန်ုပ်တို့သည် ဤပရောဂျက်အတွက် လိုအပ်သော လုပ်ငန်းလိုင်စင်များကို ရရှိထားပြီးဖြစ်ကာ သတ်မှတ်ထားသော အချိန်ကာလအတွင်း ကျောက်ကပ်သွေးသန့်စင်စက် အရေအတွက်အတိုင်း တင်သွင်းရန် လုပ်ဆောင်လျက်ရှိပါသည်။ စက်ပစ္စည်းများ၏ ခန့်မှန်းကုန်ကျစရိတ်နှင့် တင်သွင်းမှုအတွက် ဆက်စပ်ကုန်ကျစရိတ်များမှာ အကြောင်းအမျိုးမျိုးအပေါ် မူတည်၍ ကွာဟနိုင်ပါသည်။ ထို့ကြောင့် နောက်ဆုံးတင်သွင်းသည့်နေ့ရက်အရ ဤပရောဂျက်တွင် ရရှိငွေများကို ရင်းနှီးမြှုပ်နှံပြီးနောက် တိုးတက်လာမည့် လုပ်ဆောင်နိုင်စွမ်း သို့မဟုတ် စုစုပေါင်းအမြတ်ကို တိကျသော ပမာဏဖြင့် ခန့်မှန်းဖော်ပြရန် မဖြစ်နိုင်သေးပါ။ သို့ရာတွင် ကျွန်ုပ်တို့၏ အတွေ့အကြုံနှင့် ကျွမ်းကျင်မှုများအပေါ် အခြေခံ၍ ဤပရောဂျက်ကြောင့် အသားတင်အမြတ်သည် ခန့်မှန်းခြေ ၉% မှ ၁၅% အထိ တိုးတက်လာနိုင်မည်ဟု မျှော်မှန်းထားပါသည်။ ရလဒ်အနေဖြင့် ကျွန်ုပ်တို့၏ စီမံခန့်ခွဲမှုအဖွဲ့မှ ဤပရောဂျက်တွင် အောင်မြင်စွာ ရင်းနှီးမြှုပ်နှံပြီး ကုမ္ပဏီ၏ စုစုပေါင်းဝင်ငွေနှင့် အမြတ်အစွန်းကို တိုးပွားစေရုံသာမက ကျွန်ုပ်တို့၏ အဓိကဝယ်ယူသူများနှင့်လည်း ပိုမိုခိုင်မာသော ဆက်ဆံရေးကို တည်ဆောက်နိုင်မည်ဟု ရှုမြင်ပါသည်။

ယခုအဆိုပြုထားသော လုပ်ငန်းချဲ့ထွင်မှုအတွက် ကုမ္ပဏီသည် မြန်မာနိုင်ငံရှိ ကျောက်ကပ်သွေးသန့်စင်ခြင်း ဝန်ဆောင်မှုများ အတွက် လက်ရှိ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျောက်ကပ်သွေးသန့်စင်စင်တာ နှင့် ကျောက်ကပ်ဆေးခြင်းအတွက် စဉ်ဆက်မပြတ်လိုအပ်လျက်ရှိသော ဆက်စပ်ပစ္စည်းများ အစရှိသည့် အခြေခံလိုအပ်ချက် အခြေအနေများကို ထည့်သွင်း စဉ်းစားခဲ့ပါသည်။ သွေးသန့်စင်စက်ဖြင့် ကျောက်ကပ်သန့်စင်ခြင်းသည် မြန်မာနိုင်ငံတွင် အဓိကအသုံးပြုနေသော နည်းလမ်းဖြစ်ပြီး ကျောက်ကပ်သွေးသန့်စင်စင်တာများသည် လစဉ် ကုသမှုအကြိမ်အရေအတွက် အမြောက်အမြားကို လုပ်ဆောင်နေရသည်ဟု ခန့်မှန်းရပါသည်။ ကုမ္ပဏီအနေဖြင့် ဤလုပ်ငန်းကဏ္ဍသည် ဆက်စပ်ပစ္စည်းများကို အစဉ်မပြတ် ပံ့ပိုးပေးခြင်းဖြင့် ပုံမှန်ဝင်ငွေလမ်းကြောင်းများ ရရှိနိုင်မည်ဟု မျှော်မှန်းထားသည့်အပြင်၊ ဆေးရုံများနှင့် ကျောက်ကပ်သွေးသန့်စင်စင်တာများအကြား

ဝန်ဆောင်မှုနှင့် ပြုပြင်ထိန်းသိမ်းမှုဆိုင်ရာ သဘောတူညီချက်များ အပါအဝင် ရေရှည်စီးပွားရေး အစီအစဉ်များအတွက် အခွင့်အလမ်းများ ဖန်တီးပေးနိုင်မည်ဟုလည်း မျှော်မှန်းထားပါသည်။ မြန်မာနိုင်ငံရှိ ကျောက်ကပ်သွေးသန့်စင်စက် စျေးကွက်တွင် လက်ရှိ၌ နိုင်ငံတကာအမှတ်တံဆိပ်များက အဓိကနေရာယူထားပြီး၊ ထိပ်တန်းအမှတ်တံဆိပ်တစ်ခုဖြစ်သော Fresenius မှ စျေးကွက်ဝေစု အမြောက်အမြားကို ရယူထားကာ ကျန်ရှိသော ဝေစုများကို အခြားခိုင်မာသော အမှတ်တံဆိပ်များက ရယူထားပါသည်။ ကုမ္ပဏီသည် ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍတွင် ၎င်း၏ လက်ရှိဖြန့်ဖြူးရေး စွမ်းဆောင်ရည်များနှင့် ဆက်ဆံရေးများကို အသုံးချခြင်းဖြင့် ယှဉ်ပြိုင်မှု ပြင်းထန်သော အခင်းအကျင်းတွင် နေရာတစ်ခုရရှိရန် ရည်ရွယ်ထားပါသည်။

ကျောက်ကပ်သွေးသန့်စင်ခြင်း ဝန်ဆောင်မှု နှင့် ပတ်သက်သည့် အသေးစိတ် အချက်အလက်များကို **"အပိုင်း (၃)။ အစုရှယ်ယာထုတ်ဝေသည့် ကုမ္ပဏီ၏ အချက်အလက်များ၊ ၃.၁။ ကုမ္ပဏီ၏ လုပ်ငန်းဆိုင်ရာ အချက်အလက်များ ၊ ၃.၁.၂။ ကုမ္ပဏီ၏ လုပ်ငန်းဆောင်ရွက်နိုင်မှု အားသာချက်များ /မဟာဗျူဟာများ"** တွင် ဖတ်ရှုနိုင်ပါသည်။

ရောင်းချသူများ ၏ အမည်နှင့် လိပ်စာများသည် လျှို့ဝှက်ထားရှိရမည့် အချက်အလက်များဖြစ်ပြီး ထိုသို့ထုတ်ဖော်ခွင့် မရှိခြင်းကြောင့် ဖော်ပြမထားပါ။

ဤကမ်းလှမ်းခြင်းတွင် ထည့်ဝင်မှု အနည်းဆုံး မည်မျှ ရရှိစေရမည်ဟု သတ်မှတ်ထားခြင်း မရှိပါ။ ထို့ကြောင့် ထည့်ဝင်မှု အနည်းဆုံး မည်မျှ ရရှိမှသာ ဤကမ်းလှမ်းမှုအရ အစုရှယ်ယာ ခွဲဝေချထားမှုများကို ဒါရိုက်တာများ ဆက်လက် ဆောင်ရွက်ခွင့် ရှိမည်ဟု သတ်မှတ်ထားခြင်းလည်း မရှိပါ။ Sole Bookrunner၊ Sole Lead Manager and Underwriter နှင့် Joint Underwriters တို့က တာဝန်ခံ ဖြန့်ချိသော အစုရှယ်ယာ (Underwritten Share) တစ်စုလျှင် **[[၂,၅၀၀] နှင့် [၂,၇၀၀] ကျပ် အကြား]** ရှိသော ကမ်းလှမ်းဈေးနှုန်းအရ တာဝန်ခံ ဖြန့်ချိသော အစုရှယ်ယာများ ကို ခွဲဝေချထား ထုတ်ဝေ ရောင်းချခြင်းမှ အကြမ်း ရငွေများမှာ စုစုပေါင်း **[[၇၄၀,၇၄၀,၀၀၀] နှင့် [၈၆၄,၀၀၀,၀၀၀]] ကျပ်အတွင်း]** ရှိမည် ဖြစ်ပါသည်။ အဆိုပါ ရရှိငွေများကို အဆိုပြုရည်ရွယ်ချက်များအလို့ငှာ အသုံးပြုခြင်းမတိုင်မီ ကုမ္ပဏီ၏ ဘဏ်စာရင်းတစ်ခုတွင် အပ်နှံထားမည် ဖြစ်ပါသည်။

၂.၁၀။ မတည်ငွေရင်း အခြေအနေ

နောက်ဆုံးတင်သွင်းသည့်နေ့ရက်ရှိ အနေအထားအရ ကျွန်ုပ်တို့ ကုမ္ပဏီ၏ မတည်အရင်းအနှီးမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

	နောက်ဆုံးတင်သွင်းသည့်နေ့ရက်ရှိ အနေအထားအရ
အစုရှယ်ယာ (သာမန်အစုရှယ်ယာ အရေအတွက်) (No. of Ordinary shares)	၉,၀၀၀,၀၀၀ စောင်
စုစုပေါင်းအစုရှယ်ယာမတည်ငွေရင်း (ကျပ်)	**၉,၀၀၀,၀၀၀,၀၀၀**

ကာလတိုပေးရန်တာဝန် စုစုပေါင်း	၅,၁၀၅,၃၅၀,၀၀၀
ကာလရှည်ပေးရန်တာဝန် စုစုပေါင်း	-
ပေးရန်တာဝန် စုစုပေါင်း (က)	**၅,၁၀၅,၃၅၀,၀၀၀**

အစုရှယ်ယာ တန်ဖိုး	၉,၀၀၀,၀၀၀,၀၀၀
အမြတ်လက်ကျန်များ	၁၂,၂၇၉,၃၁၆,၀၀၀
အစုရှယ်ယာရှင်များ၏ စုစုပေါင်းပိုင်ဆိုင်ခွင့်များ (ခ)	**၂၁,၂၇၉,၃၁၆,၀၀၀**
မတည်အရင်းအနှီး (က+ခ)	**၂၆,၃၈၄,၆၆၆,၀၀၀**

အထက်ဖော်ပြပါ ဇယားတွင် နောက်ဆုံးတင်သွင်းသည့်နေ့ရက်အထိ ကျွန်ုပ်တို့၏ မတည်အရင်းအနှီးတန်ဖိုးကို ဖော်ပြထားပါသည်။ ယင်းမှာ ကျွန်ုပ်တို့၏ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့ရှိ အကျဉ်းချုံး ကြားဖြတ်ဘဏ္ဍာရေးအခြေအနေပြရှင်းတမ်းမှ ထုတ်နှုတ်ဖော်ပြထားခြင်းဖြစ်ပါသည်။ အထက်ဖော်ပြပါ ဇယားရှိ အချက်အလက်များကို ဤအလားအလာညွှန်းတမ်းတွင် ပါရှိသော ဘဏ္ဍာရေးရှင်းတမ်းများနှင့် ဆက်စပ်မှတ်စုများဖြင့် အတူယှဉ်တွဲ၍ ဖတ်ရှုသင့်ပါသည်။

ညှိနှိုင်းထားသော မတည်ငွေရင်း အခြေအနေ

ကမ်းလှမ်း အစုရှယ်ယာများရောင်းချခြင်း ပြီးနောက်တွင် ညှိနှိုင်းငွေရင်းထည့်ဝင်ခြင်းအတွက် အောက်ဖော်ပြပါ ဇယားတွင် ဖော်ပြထားသည့်အတိုင်း ခန့်မှန်းထားပါသည်။

ကိုက်ညှိ/ ညှိနှိုင်း အစုရှယ်ယာ မတည်ငွေရင်း (သာမန်အစုရှယ်ယာ အရေအတွက်)	[၉,၂၉၆,၂၉၆ – ၉,၃၂၀,၀၀၀] စောင်
ကိုက်ညှိ/ ညှိနှိုင်း အစုရှယ်ယာမတည်ငွေရင်း စုစုပေါင်း (ကျပ်)	[၉,၇၄၀,၇၄၀,၀၀၀ – ၉,၈၆၄,၀၀၀,၀၀၀]

ကာလတိုပေးရန်တာဝန် စုစုပေါင်း	၅,၁၀၅,၃၅၀,၀၀၀
ကာလရှည်ပေးရန်တာဝန် စုစုပေါင်း	၀
ပေးရန်တာဝန် စုစုပေါင်း (က)	**၅,၁၀၅,၃၅၀,၀၀၀**

အစုရှယ်ယာ တန်ဖိုး	[၉,၇၄၀,၇၄၀,၀၀၀ – ၉,၈၆၄,၀၀၀,၀၀၀]
အမြတ်လက်ကျန်ငွေများ	၁၂,၂၇၉,၃၁၆,၀၀၀
အစုရှယ်ယာရှင်များ၏ စုစုပေါင်းပိုင်ဆိုင်ခွင့်များ (ခ)	**[၂၂,၀၂၀,၀၅၆,၀၀၀ - ၂၂,၁၄၃,၃၁၆,၀၀၀]**
မတည်အရင်းအနှီး (က+ခ)	**[၂၇,၁၂၅,၄၀၆,၀၀၀ - ၂၇,၂၄၈,၆၆၆,၀၀၀]**

၂.၁၁။ ဆုံးရှုံးနိုင်သည့်အချက်များ

ကျွန်ုပ်တို့၏ အစုရှယ်ယာများ၌ ရင်းနှီးမြှုပ်နှံခြင်းတွင် သိသိသာသာ ဆုံးရှုံးနိုင်ခြေများ ပါဝင်ပတ်သက်လျက် ရှိသဖြင့်၊ ဤအလားအလာညွှန်းတမ်း အတွင်း မီးမောင်းထိုးပြထားသော ဆုံးရှုံးနိုင်သည့်အချက်များကို နားလည် သဘောပေါက်သည့် ပုဂ္ဂိုလ်များ အတွက်သာ သင့်လျော်ပါသည်။ လူကြီးမင်း အနေဖြင့် ဤအပိုင်း အတွင်း ဖော်ပြထားသော အောက်ပါ ဆုံးရှုံးနိုင်ခြေ တစ်ခုချင်းကို လည်းကောင်း၊ ဤအလားအလာညွှန်းတမ်း အတွင်း ဖော်ပြထားသော အခြား သတင်းအချက်အလက် အားလုံးတို့ကို လည်းကောင်း ဂရုတစိုက် စဉ်းစားသုံးသပ်ပြီးမှသာ ကျွန်ုပ်တို့၏ အစုရှယ်ယာများတွင် ရင်းနှီးမြှုပ်နှံခြင်း ဆိုင်ရာ အဆုံးအဖြတ်ကို ပြုလုပ်သင့်ပါသည်။ ကျွန်ုပ်တို့သည် ဤစာတမ်းတွင် ဖော်ပြထားသည်တို့ထက် မကသော ဆုံးရှုံးနိုင်ခြေများကို ရင်ဆိုင်ကြုံတွေ့ရနိုင်ပါသည်။ အချို့သော ဆုံးရှုံးနိုင်ခြေတို့ကို လက်ရှိအချိန်တွင် ကျွန်ုပ်တို့ မသိသေးပါ။ လက်ရှိ အချိန်တွင် အရေးမကြီးဟု မိမိတို့က ထင်မှတ်သော်လည်း နောက်ပိုင်းတွင် အရေးကြီးသည့် ဆုံးရှုံးနိုင်ခြေများ အဖြစ် ပြောင်းလဲသွားသည့် အရာများလည်း ရှိနိုင်ပါသည်။ ဖော်ပြပါ ဆုံးရှုံးနိုင်ခြေတို့ အနက် တစ်ရပ်ရပ် အမှန်တကယ် ဖြစ်ပွားခြင်းသည် ကျွန်ုပ်တို့၏ ဘဏ္ဍာရေး အခြေအနေ၊ လုပ်ငန်းဆောင်ရွက်မှု ရလဒ်များ၊ ငွေသား စီးဆင်းမှု၊ စီးပွားရေးလုပ်ငန်းနှင့် မျှော်မှန်းချက်များအား ထိခိုက် နစ်နာစေနိုင်ပြီး၊ အစုရှယ်ယာများ၌ တစ်စုံတစ်ရာ ရင်းနှီးမြှုပ်နှံထားမှုအား အရေးပါသော အတိုင်းအတာဖြင့် တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်၍ ထိခိုက် နစ်နာစေနိုင်ပါသည်။ ထိုအခါ အစုရှယ်ယာများ အရောင်းအဝယ် ပြုသည့် ဈေးနှုန်း မတည်ငြိမ်ခြင်း သို့မဟုတ် ကျဆင်းခြင်း ဖြစ်လာနိုင်ပြီး၊ အစုရှယ်ယာများတွင် လူကြီးမင်း ရင်းနှီးမြှုပ်နှံထားမှု တစ်စိတ်တစ်ဒေသကို ဖြစ်စေ၊ အားလုံးကို ဖြစ်စေ ဆုံးရှုံးရနိုင်ပါသည်။

ဤအလားအလာညွှန်းတမ်းတွင် ကျွန်ုပ်တို့၏ အနာဂတ် စွမ်းဆောင်ရည် အပေါ် တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်၍ သက်ရောက်မှု ရှိနိုင်သည့် ကြိုတင်မျှော်မှန်းထားသည့် အကြောင်းအရာများလည်း ပါရှိပါသည်။ ဤအလားအလာညွှန်းတမ်းအတွင်း ဤအပိုင်းနှင့် အခြား နေရာတို့တွင် တင်ပြထားသော ကျွန်ုပ်တို့ ရင်ဆိုင်ရသည့် ဆုံးရှုံးနိုင်ခြေများ၊ မသေချာမရေရာမှုများ အပါအဝင် အချို့သော အကြောင်းရင်းတို့ကြောင့် ကျွန်ုပ်တို့ ကုမ္ပဏီက အမှန်တကယ် ရရှိသော ရလဒ်များ သည် အဆိုပါ ကြိုတင်မျှော်မှန်းထားသည့်အကြောင်းအရာများက ခန့်မှန်းထားသည့် ရလဒ်များနှင့် အတိုင်းအတာတစ်ရပ်အထိကွာခြားနိုင်ပါသည်။ လူကြီးမင်း အနေဖြင့် ဤအလားအလာညွှန်းတမ်း၏ "**အပိုင်း (၁)။ အများပြည်သူသို့ အစုရှယ်ယာများ ကမ်းလှမ်းရောင်းချခြင်း**

အနှစ်ချုပ် - အနာဂတ်မျှော်မှန်း ဖော်ပြချက်များ" အပိုဒ်တွင် ပါရှိသည့် ကြိုတင်မျှော်မှန်းထားသည့်အကြောင်းအရာများ ဆိုင်ရာ သတိပေးချက်ကိုလည်း ထည့်သွင်းစဉ်စားသင့်ပါသည်။

ကျွန်ုပ်တို့ ကုမ္ပဏီ၏ အစုရှယ်ယာများတွင် ရင်းနှီးမြှုပ်နှံခြင်း မပြုမီ လူကြီးမင်း ကိုယ်တိုင်နှင့် သီးခြား သက်ဆိုင်သော အခြေအနေများနှင့်စပ်လျဉ်း၍ လူကြီးမင်း၏ ကျွမ်းကျင်ပညာရှင် အကြံပေးပုဂ္ဂိုလ်များထံမှ အကြံပြုချက် ရယူသင့်ပါသည်။

ကျွန်ုပ်တို့၏ စီးပွားရေးလုပ်ငန်း၊ လုပ်ငန်း လည်ပတ်လုပ်ကိုင်မှုများနှင့် သက်ဆိုင်သော ဆုံးရှုံးနိုင်သည့်အချက်များ

ကျွန်ုပ်တို့၏ စီးပွားရေးလုပ်ငန်းသည် ကျွန်ုပ်တို့ထံ ပစ္စည်းပေးသွင်းသူများ အပေါ် မှီခိုအားထားရပါသည်။

ကျွန်ုပ်တို့ကုမ္ပဏီသည် ကုန်ပစ္စည်းများ ထုတ်လုပ်ခြင်းကို ဆောင်ရွက်မှု မရှိသည့်အတွက် ကျွန်ုပ်တို့ထံ ပစ္စည်းပေးသွင်းသူများ၏ ထောက်ပံ့မှုအပေါ်တွင် အလွန်အမင်း မှီခိုအားထားရပါသည်။

စဉ်	ပစ္စည်းပေးသွင်းသူ	ကုမ္ပဏီ၏ စုစုပေါင်းဝင်ငွေရာခိုင်နှုန်း (၂၀၂၄-၂၀၂၅)	ကုမ္ပဏီ၏ စုစုပေါင်းဝင်ငွေရာခိုင်နှုန်း (၂၀၂၃-၂၀၂၄)
၁။	Mindray	၄၁	၃၂
၂။	Fujifilm (Fuji Xerox)	၂၁	၂၂
၃။	Topcon	၁၄	၂၀
၄။	Leica	၃	၆
၅။	Garmin	၂	၃

ကျွန်ုပ်တို့နှင့် ကျွန်ုပ်တို့၏အဓိက ပစ္စည်းပေးသွင်းသူများ (top suppliers) အကြား ဆက်ဆံရေးသည် နှစ် ၂၀ ကျော်ခန့် ကြာမြင့်ခဲ့သည့်အလျောက် ပစ္စည်းပေးသွင်းသူ တစ်ဦးချင်းစီနှင့် ချုပ်ဆိုထားသည့် စာချုပ်သဘောတူညီချက် စာချုပ်ကို [တစ်နှစ်]စဉ်ဆက်မပြတ် သက်တမ်းတိုးခြင်းဖြင့် (rolling basis) လက်မှတ်ရေးထိုးထားပါသည်။ သို့သော် ကျွန်ုပ်တို့အနေဖြင့် အနာဂတ်တွင် ဤဆက်ဆံရေးကို ဆက်လက်ထိန်းသိမ်းနိုင်မည်ဟု အာမခံချက်မပေးနိုင်ပါ။ ကုန်ပစ္စည်းထုတ်လုပ်သူများနှင့် ဖြန့်ဖြူးရောင်းချသူများ အကြား ချုပ်ဆိုသည့် ဖြန့်ဖြူးရောင်းချခြင်း သဘောတူညီချက်စာချုပ်၏ တစ်နှစ်ကာလသက်တမ်းသည် ဈေးကွက်၏ အစဉ်အလာတစ်ခု ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ထိပ်တန်း ပစ္စည်းပေးသွင်းသူများနှင့် ၅ နှစ်မှ ၂၀ နှစ်ခန့် ကြာမြင့်ခဲ့သည့် ဆက်ဆံရေးရှိသည်သာမက ယခုထိတိုင် အပြန်အလှန်အကျိုးအမြတ်ရှိပြီး ထိရောက်မှုရှိသော ဆက်ဆံရေးကို ထည့်သွင်းစဉ်းစားပြီး ဒါရိုက်တာအဖွဲ့ အနေဖြင့် ဖြန့်ဖြူးရောင်းချခြင်း သဘောတူညီချက်များ သက်တမ်းကုန်ဆုံးပြီးနောက် အလားတူ ကူးသန်းရောင်းဝယ်ရေး စံနှုန်းများအတိုင်း သက်တမ်းတိုးနိုင်မည်ဟု ယူဆထားပါသည်။

ထိုကဲ့သို့ ပစ္စည်းပေးသွင်းသူများ (suppliers) အပေါ် မှီခိုနေရခြင်းကြောင့် နောက်ထပ် ဆုံးရှုံးနိုင်ခြေများကို ဖြစ်ပေါ်စေပါသည်။ ပစ္စည်းပေးသွင်းသူများသည် ကျွန်ုပ်တို့အနေဖြင့် ထိန်းချုပ်နိုင်စွမ်းမရှိသော အချက်များဖြစ်သည့် လုပ်ငန်းလည်ပတ်မှုဆိုင်ရာ စိန်ခေါ်မှုများ၊ ထောက်ပံ့ရေးကွင်းဆက် ပြတ်တောက်မှုများ သို့မဟုတ် ဘဏ္ဍာရေးဆိုင်ရာ အခက်အခဲများ စသည်တို့ကြောင့် ၎င်းတို့၏ တာဝန်ဝတ္တရားများကို ဖြည့်ဆည်းရာတွင် အခက်အခဲများကို ကြုံတွေ့ရနိုင်ပါသည်။ ကျွန်ုပ်တို့၏ ပစ္စည်းပေးသွင်းသူများသည် ၎င်းတို့၏ ဈေးနှုန်းများကို မြှင့်တင်ရန် ကြိုးစားခြင်း၊ ငွေပေးချေမှုစည်းကမ်းသတ်မှတ်ချက်များကို ပြောင်းလဲခြင်း၊ ထပ်မံကုန်ကျသည့် စရိတ်များကို ကျွန်ုပ်တို့ထံမှ ကောက်ခံခြင်း၊ ကုန်ပစ္စည်းများပေးသွင်းမှုလျော့ချခြင်း (သို့မဟုတ်) လုပ်ငန်းလည်ပတ်မှုရပ်ဆိုင်းခြင်း အစရှိသည့် အခြေအနေများ ဖြစ်ပေါ်လာပါက ကျွန်ုပ်တို့အနေဖြင့် ဝယ်ယူသူများ၏ မျှော်လင့်ချက်များကို ဖြည့်ဆည်းရာတွင် အခက်အခဲများဖြစ်ပေါ်လာနိုင်ပြီး ကျွန်ုပ်တို့ကုမ္ပဏီ၏ ဂုဏ်သတင်းအပေါ် ဆိုးကျိုးသက်ရောက်စေနိုင်ပါသည်။

ကျွန်ုပ်တို့ ကုန်ပစ္စည်းများ၏ ရောင်းအားသည် မြန်မာနိုင်ငံရှိ ဈေးကွက်၏ ဝယ်လိုအားအပေါ် မှီခိုအားထားရပါသည်။

ကျွန်ုပ်တို့ ကုန်ပစ္စည်းများ၏ ရောင်းအားသည် မြန်မာနိုင်ငံရှိ ဈေးကွက်တစ်ခုလုံး၏ ဝယ်လိုအား အပေါ် မူတည်ပြီး အကြောင်းအခြင်းအရာများစွာကြောင့် ထိခိုက်နိုင်ပါသည်။ မက်ခရို စီးပွားရေးဆိုင်ရာ အခြေအနေ ပြောင်းလဲမှုများဖြစ်သည့် ငွေကြေးဖောင်းပွခြင်း၊ ငွေကြေးတန်ဖိုးလျော့ကျခြင်း သို့မဟုတ် စီးပွားရေးတိုးတက်မှု နှေးကွေးခြင်း တို့ကြောင့် စီးပွားရေး ရင်းနှီးမြှုပ်နှံမှုများနှင့် စားသုံးသူများ၏ သုံးစွဲနိုင်မှုတို့အပေါ် ဆိုးကျိုးသက်ရောက်နိုင်ပြီး ကျွန်ုပ်တို့ ကုန်ပစ္စည်းများ၏ ဝယ်လိုအားကိုလည်း လျော့ကျစေနိုင်ပါသည်။ ကျွန်ုပ်တို့၏ ကုန်ပစ္စည်းများအနက်မှ [အချို့] သည် စီးပွားရေးလုပ်ငန်းများအတွက် ငွေလုံးငွေရင်း ရင်းနှီးမြှုပ်နှံမှုများ ဖြစ်သည့်အလျောက် ကုမ္ပဏီများ၏ ကုန်ပစ္စည်းအသစ်များတွင် ရင်းနှီးမြှုပ်နှံလိုသော ဆန္ဒ သို့မဟုတ် ရင်းနှီးမြှုပ်နှံနိုင်စွမ်း အပေါ်တွင်မူတည်၍ ကမ္ဘာ့စီးပွားရေး နှင့်/သို့မဟုတ် မြန်မာ့စီးပွားရေးများ အားနည်းမှုရှိပါက ကျွန်ုပ်တို့ ကုန်ပစ္စည်းများ၏ ဝယ်လိုအားကို အကျိုးသက်ရောက်မှုရှိနိုင်ပါသည်။

ထို့အပြင် ဈေးကွက်အလားအလာ ပြောင်းလဲမှုများ၊ နည်းပညာ တိုးတက် ပြောင်းလဲမှုများ သို့မဟုတ် ဝယ်ယူသူများ၏ ကြိုက်နှစ်သက်မှုများ ပြောင်းလဲလာခြင်း တို့ကြောင့် တချို့ကုန်ပစ္စည်းများ၏ ဝယ်လိုအားလျော့နည်းမှုကို ဖြစ်ပေါ်စေနိုင်ပါသည်။ ဈေးကွက်ထဲသို့ ပိုမိုအဆင့်မြင့်သော ကုန်ပစ္စည်းအသစ်များ ဝင်ရောက်လာသည်နှင့်အမျှ ကျွန်ုပ်တို့၏ ကုန်ပစ္စည်းများသည် ခေတ်နောက်ကျသွားခြင်း သို့မဟုတ် ဈေးကွက်အတွင်း ယှဉ်ပြိုင်နိုင်စွမ်း နည်းပါးသွားခြင်းကို ဖြစ်ပေါ် နိုင်ပါသည်။ ကျွန်ုပ်တို့၏ ပစ္စည်းပေးသွင်းသူများမှ မော်ဒယ်အသစ်များ မိတ်ဆက်ပါက သို့မဟုတ် ကုန်ပစ္စည်းအဟောင်းများကို ထုတ်လုပ်မှု ရပ်ဆိုင်းပါက ကျွန်ုပ်တို့၏ လက်ကျန် ကုန်ပစ္စည်များကို ရောင်းချရန် ခက်ခဲခြင်း၊ သို့မဟုတ် ကုန်ပစ္စည်းအသစ်များတွင် ပိုမိုရင်းနှီးမြှုပ်နှံရန် လိုအပ်ခြင်း ကဲ့သို့သော စိန်ခေါ်မှုများကို ရင်ဆိုင်ရနိုင်ပါသည်။ ကျွန်ုပ်တို့၏ ဝယ်ယူသူများသည်လည်း ပိုမိုတိုးတက်ကောင်းမွန်သော ထုတ်ကုန်အသစ်များ ထွက်ရှိမည်ကို မျှော်လင့်ထားပါက ၎င်းတို့၏ အလားအလာရှိသော ဝယ်ယူမှုများကို ရွှေ့ဆိုင်းနိုင်ပြီး ယင်းကြောင့် ကျွန်ုပ်တို့၏ ဝင်ငွေ ကျဆင်းနိုင်သည့် အလားအလာကို ဖြစ်ပေါ်စေနိုင် ပါသည်။

မြန်မာနိုင်ငံရှိ အစိုးရတင်ဒါစာချုပ်များအောက်တွင် ကျွန်ုပ်တို့၏ ရောင်းချမှုများသည် ဝယ်ယူခြင်း (procurement) နှင့် တင်ဒါအောင်မြင်ခြင်း (award) အစရှိသည့် စွန့်စားရမှုများ ရှိနိုင်ပါသည်။

ကုမ္ပဏီသည် ၎င်း၏ ဝင်ငွေတစ်စိတ်တစ်ပိုင်းကို အစိုးရတင်ဒါများယှဉ်ပြိုင်ပြီး တင်ဒါစာချုပ်များအရ ရောင်းချမှုများမှ ရရှိပါသည်။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် အစိုးရတင်ဒါစာချုပ်များမှ ရရှိသောဝင်ငွေသည် ကုမ္ပဏီစုစုပေါင်းဝင်ငွေ၏ ခန့်မှန်းခြေ ၂၄% ခန့် ရှိပါသည်။ ကုမ္ပဏီ၏ တင်ဒါနှင့်ပတ်သက်သော ရောင်းချမှုများသည် တင်ဒါအောင်မြင်မှုရလဒ်များ၊ ဝယ်ယူမှု အစီအစဉ်များ သို့မဟုတ် ဘတ်ဂျက်ခွဲဝေချထားမှုများပေါ် မူတည်၍ တစ်နှစ်နှင့်တစ်နှစ် ကွာခြားနိုင်ပါသည်။ ထို့ကြောင့် ကုမ္ပဏီ၏ လုပ်ငန်းသည် အစိုးရတင်ဒါစာချုပ်များအပေါ် မှီခိုနေရခြင်းနှင့် ဆက်စပ်သော စွန့်စားရမှုများ ရှိနိုင်ပါသည်။ တင်ဒါအောင်မြင်မှုများ လျော့နည်းသွားခြင်း၊ ဝယ်ယူမှု လုပ်ငန်းစဉ်များ ကြန့်ကြာခြင်း၊ ဝယ်ယူမှုဆိုင်ရာ မူဝါဒများ သို့မဟုတ် ဘတ်ဂျက်ခွဲဝေမှုများ အပြောင်းအလဲဖြစ်ခြင်း၊ စာချုပ်ရပ်စဲခံရခြင်း၊ လုပ်ငန်းဆောင်ရွက်မှု သို့မဟုတ် အာမခံချက်ဆိုင်ရာ လိုအပ်ချက်များ သို့မဟုတ် ငွေပေးချေမှု ကြန့်ကြာခြင်းတို့သည် ကုမ္ပဏီ၏ ဝင်ငွေ၊ ငွေကြေးစီးဆင်းမှုနှင့် လုပ်ငန်းလည်ပတ်မှု ရလဒ်များကို ဆိုးကျိုးသက်ရောက်စေနိုင်ပါသည်။ ထို့အပြင် တင်ဒါအခွင့်အလမ်းများနှင့် စာချုပ်ပါအတိုင်း ဆောင်ရွက်နိုင်မှုတို့သည် မြန်မာနိုင်ငံ၏ လူမှုရေး၊ နိုင်ငံရေး၊ စီးပွားရေးနှင့် လုပ်ထုံးလုပ်နည်းဆိုင်ရာ အပြောင်းအလဲများကြောင့်လည်း ထိခိုက်မှုရှိနိုင်ပါသည်။

ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးတိုးတက်မှု နှေးကွေးခြင်း၊ နိုင်ငံရေးနှင့် ဥပဒေရေးဆိုင်ရာ မလိုလားအပ်သော အခြေအနေများသည် ကျွန်ုပ်တို့၏ ဝင်ငွေများနှင့် အမြတ်ရရှိနိုင်စွမ်းကို ထိခိုက်စေနိုင်ပါသည်။

ကျွန်ုပ်တို့၏ ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများကို သုံးစွဲသူများ၏ ဝယ်လိုအားသည် အထွေထွေစီးပွားရေး စွမ်းဆောင်ရည်နှင့် ဆက်စပ်နေပြီး လုပ်ငန်းသုံးစွဲမှု အတိုင်းအတာအပေါ်မူတည်၍ အကျိုးသက်ရောက်မှုရှိပါသည်။ အထွေထွေစီးပွားရေး အခြေအနေများ ဆုတ်ယုတ်မှုကြောင့် ဝယ်လိုအားကျဆင်းခြင်း၊ အလိုအလျောက်သုံးစွဲမှုကို အကျိုးသက်ရောက်စေနိုင်သော သို့မဟုတ် လျော့ကျစေနိုင်သော ဆုံးရှုံးနိုင်ခြေများ၊ သုံးစွဲသူများ၏ယုံကြည်မှု လျော့နည်းခြင်း သို့မဟုတ် ဥပဒေ၊ နည်းဥပဒေများ နှင့်

ကျွန်ုပ်တို့ လုပ်ကိုင်လျက်ရှိသော ကဏ္ဍအပေါ် အစိုးရအာဏာပိုင်များမှ ထုတ်ပြန်ထားသည့် အမိန့်ကြော်ငြာစာများ၊ စည်းမျဉ်းများနှင့် မူဝါဒများ အစရှိသည့် မလိုလားအပ်သော နိုင်ငံရေး အခြေအနေများကြောင့် ကျွန်ုပ်တို့၏ လုပ်ငန်းလည်ပတ်မှုများမှ ဝင်ငွေများ နှင့် အမြတ်ရနိုင်စွမ်းကို လျော့ကျစေနိုင်ပါသည်။ ထိုသို့ပြောင်းလဲမှုများကြောင့် ဝယ်လိုအားလျော့နည်းသွားသဖြင့် ကျွန်ုပ်တို့၏ အကျိုးအမြတ်ဖြစ်ထွန်းနိုင်စွမ်း အပေါ်တွင်လည်း အနှုတ်လက္ခဏာ သက်ရောက်စေနိုင်ပါသည်။

လက်နက်ကိုင်ပဋိပက္ခများ၊ အကြမ်းဖက်မှုများနှင့် စစ်ပွဲများကြောင့် ကျွန်ုပ်တို့ကုမ္ပဏီ၏ လုပ်ငန်းလည်ပတ်မှုကို ထိခိုက်နိုင်ပါသည်။

လက်နက်ကိုင်ပဋိပက္ခများ၊ အကြမ်းဖက်မှုများနှင့် စစ်ပွဲများ ဖြစ်ပွားမှုကြောင့် ကျွန်ုပ်တို့ သို့မဟုတ် ကျွန်ုပ်တို့၏ ပစ္စည်းပေးသွင်းသူများ လုပ်ကိုင်လျက်ရှိသော နိုင်ငံများ၏ စီးပွားရေး အခြေအနေများသည် မရေရာမှုများ ဖြစ်ပေါ် နိုင်ပြီး ကျွန်ုပ်တို့၏ ကုန်ပစ္စည်းများ၏ ဝယ်လိုအား၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ အခြေအနေများ၊ လုပ်ငန်းလည်ပတ်မှု အကျိုးရလဒ်များအပေါ် ဆိုးကျိုး သက်ရောက်မှု ရှိနိုင်ပါသည်။

ကျွန်ုပ်တို့ စီးပွားရေးလုပ်ငန်းအား ဆက်လက်လုပ်ဆောင်နိုင်မှုစွမ်းရည်မှာ တစ်ခါတစ်ရံတွင် တည်ဆဲဥပဒေများနှင့် ညီညွတ်မှုမရှိဟုဆိုကာ ငြင်းပယ်ခြင်းခံရနိုင်ဖွယ်ရှိသော သက်ဆိုင်ရာဒေသ အာဏာပိုင်များထံမှ ခွင့်ပြုချက်၊ ခွင့်ပြုမိန့်ရယူခြင်း (သို့မဟုတ်) ထိန်းသိမ်းထားခြင်းအပေါ်တွင်လည်း များစွာမှီခိုနေပါသည်။

ကျွန်ုပ်တို့၏ စီးပွားရေးလုပ်ငန်းအား ကောင်းစွာ စီမံလည်ပတ်ပြီး ဖွံ့ဖြိုးတိုးတက်လာအောင် လုပ်ဆောင်နိုင်မှု စွမ်းရည်မှာ (အခြားအကြောင်းများစွာအတွင်းမှ) ဒေသဆိုင်ရာ အာဏာပိုင်များမှ လုပ်ငန်းလိုအပ်ချက်အရ ထုတ်ပေးသော လိုင်စင်များနှင့် သို့မဟုတ် ပါမစ်များ၊ ခွင့်ပြုမိန့်များ စသည်တို့အား ရယူခြင်း၊ ထိန်းသိမ်းထားခြင်း၊ သက်တမ်းတိုးခြင်း၊ အသစ်လျှောက်ထားခြင်းတို့ လုပ်ဆောင်နိုင်မှုအပေါ်တွင် မူတည်ပါသည်။ အဆိုပါ လိုင်စင်များသည် သက်ဆိုင်ရာ အာဏာပိုင်များထံတွင် အချိန်နှင့်တပြေးညီ သက်တမ်းတိုးရန် လိုအပ်ပြီး၊ လိုက်နာဆောင်ရွက်ရမည့် သတ်မှတ်ချက်များလည်း ပြောင်းလဲမှုရှိနိုင်ပါသည်။ ကျွန်ုပ်တို့သည် သက်ဆိုင်ရာ အာဏာပိုင်များ၏ ကြီးကြပ်မှု ခံယူရန်လိုအပ်ပြီး အာဏာပိုင်အဖွဲ့အစည်းများအနေဖြင့် သက်တမ်းတိုးဆောင်ရွက်သည့် လုပ်ငန်းလိုင်စင်များကို ပယ်ဖျက်ခြင်း သို့မဟုတ် ငြင်းပယ်ခြင်းကို ဆောင်ရွက်နိုင်ပါသည်။ ကျွန်ုပ်တို့၏ စီးပွားရေးလုပ်ငန်း လည်ပတ်လုပ်ကိုင်နိုင်ရန်အတွက် လိုအပ်သော လိုင်စင် နှင့် ခွင့်ပြုမိန့်မှန်သမျှကို လက်ရှိအားဖြင့် ရရှိထားပြီးဖြစ်သော်လည်း နောင်အနာဂတ်ကာလတွင် ထိုသို့ ရလိမ့်မည်ဟု မည်သည့် အာမခံချက်မျှမရှိပါ။ ထို့အပြင် သက်ဆိုင်ရာ လိုင်စင်(များ)ပါ စည်းကမ်းချက် တစ်စုံတစ်ရာကို ဖြစ်စေ၊ အစိုးရ၏ အခြား စည်းမျဉ်း၊ သတ်မှတ်ချက်၊ ကျင့်ဝတ်၊ လိုက်နာဆောင်ရွက်ရမည့် စံနှုန်းစံထား တစ်စုံတစ်ရာကို ဖြစ်စေ ချိုးဖောက်ကြောင်း ကျွန်ုပ်တို့အား စစ်ဆေး တွေ့ရှိခဲ့လျှင် - သက်ဆိုင်ရာ အစိုးရ အာဏာပိုင်တို့ အနေဖြင့် ကျွန်ုပ်တို့ကို အရေးယူနိုင်ပါသည်။ အရေးယူသည်ဟု ဆိုရာ၌ သတိပေးခြင်း၊ (အကျုံးဝင်သည့် ထောင်ဒဏ် နှင့်/သို့မဟုတ် ငွေဒဏ်တို့ အပါအဝင်) ပြစ်ဒဏ် ချမှတ်ခြင်း၊ လိုင်စင် တစ်ခုလုံး (သို့မဟုတ် တစ်စိတ်တစ်ပိုင်း)ကို ရပ်ဆိုင်းခြင်း၊ လိုင်စင် သက်တမ်း လျှော့ချခြင်း၊ နောက်ထပ် စည်းကမ်းချက်များ၊ ကန့်သတ်ချက်များ သတ်မှတ်ခြင်း နှင့်/သို့မဟုတ် လိုင်စင် (တစ်ခုလုံး သို့မဟုတ် တစ်စိတ်တစ်ပိုင်း)အား ပယ်ဖျက်ခြင်း တို့ ပါဝင်နိုင်ပါသည်။ ထို့အပြင် ကျွန်ုပ်တို့သည် နိုင်ငံခြားရပ်ခြား ပစ္စည်းပေးသွင်းသူများထံမှ ကုန်ပစ္စည်းများ တင်သွင်းခြင်းနှင့် ပတ်သက်၍ အကောက်ခွန်ဦးစီးဌာန၏ စစ်ဆေးခြင်း သို့မဟုတ် စုံစမ်းမေးမြန်းခြင်းများနှင့် ကြုံတွေ့ရနိုင်ပါသည်။ အကောက်ခွန်ဦးစီးဌာနသည် ကျွန်ုပ်တို့၏စီးပွားရေးလုပ်ငန်း လည်ပတ်မှု၊ ငွေသားစီးဆင်းမှုနှင့် ကုမ္ပဏီ၏ ဘဏ္ဍာရေးစွမ်းဆောင်ရည်အပေါ် သိသာစွာ သက်ရောက်မှု ရှိနိုင်သော ပြစ်ဒဏ် ချမှတ်ခြင်း သို့မဟုတ် သွင်းကုန်များအပေါ်တွင် ထပ်တိုးခွန်ကောက်ခံခြင်းများကို ဆောင်ရွက်နိုင်ပါသည်။

ကျွန်ုပ်တို့၏ လုပ်ငန်းဆောင်ရွက်မှု တစ်ခုခုသည် လက်ရှိ နည်းဥပဒေ သို့မဟုတ် စည်းမျဉ်းတို့၏ သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်မှု မရှိကြောင်းနှင့် ၊ ကျွန်ုပ်တို့တွင် တာဝန်ရှိကြောင်း ဆုံးဖြတ်ခြင်း ခံရလျှင် ဖြစ်စေ၊ ကျွန်ုပ်တို့သည် လိုအပ်သော လိုင်စင်များကို မရရှိခဲ့လျှင် သို့မဟုတ် သက်တမ်း မတိုးနိုင်ခဲ့လျှင် ဖြစ်စေ ကျွန်ုပ်တို့၏ စီးပွားရေးလုပ်ငန်းကို ရပ်ဆိုင်းရနိုင်ပါသည်။ ကျွန်ုပ်တို့ အပေါ် ဒဏ်ငွေများလည်း ချမှတ်နိုင်ပါသည်။ ယင်းတို့ကြောင့် ကျွန်ုပ်တို့၏ စီးပွားရေးလုပ်ငန်း၊ အသားတင် ရရန်ပိုင်ခွင့်များ၊ ဘဏ္ဍာရေး အခြေအနေနှင့် လုပ်ငန်း ဆောင်ရွက်မှု ရလဒ်များကို သိသိသာသာ ထိခိုက် နစ်နာစေနိုင်ပါသည်။ လုပ်ငန်းဆောင်ရွက်

လည်ပတ်ရန် လိုအပ်သော လိုင်စင်များနှင့်ပတ်သက်၍ သတင်းအချက်အလက်များကို **"အပိုင်း (၉)။ လုပ်ငန်းနှင့် ပတ်သက်သည့် မြန်မာနိုင်ငံဥပဒေများနှင့် စည်းမျဉ်းများ အကျဉ်းချုပ် ဖော်ပြချက်"** တွင် ဖတ်ရှုနိုင်ပါသည်။

ပြဋ္ဌာန်း ဥပဒေများအရ လိုအပ်သော မှတ်တမ်းများနှင့် အခြား ကော်ပိုရိတ် မှတ်တမ်းများသာမက လုပ်ထုံးလုပ်နည်း ဆိုင်ရာ သတ်မှတ်ချက်များ၊ ထိန်းသိမ်းထားရှိမှု ဆိုင်ရာ လိုက်နာဆောင်ရွက်ခြင်း မရှိမှု မှတ်တမ်းရာဇဝင်

MyCo အီလက်ထရောနစ်မှတ်ပုံတင်စနစ်တွင် DICA ထံ တင်ပြရသော ပုံစံများ နှင့် စာရွက် စာတမ်းများကဲ့သို့သော ပြဋ္ဌာန်းဥပဒေအရ လိုအပ်သော မှတ်တမ်းများ အနက်မှ အချို့ကို ကုမ္ပဏီ၏ မှတ်ပုံတင်စာရင်း နှင့် အညွှန်းများတွင် သင့်လျော်စွာ ပူးတွဲထိန်းသိမ်းထားခြင်း မရှိခြင်း အစရှိသည်တို့သည် မြန်မာနိုင်ငံ၏ ဥပဒေများကို ချိုးဖောက်ပျက်ကွက်မှု ဖြစ်ပါသည် ("ယခင်ကော်ပိုရိတ်မှတ်တမ်းဆိုင်ရာ ပျက်ကွက်မှုများ")။ ကုမ္ပဏီသည် သဘောတူညီစာချုပ်များ ချုပ်ဆိုရာတွင် ဒါရိုက်တာအဖွဲ့၏ ဆုံးဖြတ်ချက် ပါဝင်မှုမရှိဘဲ ချုပ်ဆိုခဲ့သည့် သာဓကများ ရှိခဲ့ပါသည်။ ကုမ္ပဏီသည် ယခင်ကော်ပိုရိတ်မှတ်တမ်းဆိုင်ရာ ပျက်ကွက်မှုများကို ပြုပြင်လျက်ရှိပြီး ယင်းသို့ ယခင်ကော်ပိုရိတ်မှတ်တမ်းဆိုင်ရာ ပျက်ကွက်မှုများထပ်တလဲလဲပေါ်ပေါက်မှုကို ရှောင်လွှဲနိုင်ရန်လည်း အစီအစဉ်များ ချမှတ်ဆောင်ရွက်လျှက်ရှိပါသည်။ ကျွန်ုပ်တို့သည် မြန်မာနိုင်ငံ၏ ဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်းများအတိုင်း လိုက်နာဆောင်ရွက်ရန်အတွက် ကြီးကြပ်ရန်နှင့် ဒါရိုက်တာအဖွဲ့ ထံသို့ သတင်းပေးပို့ရန် Compliance Officer ကို ကုမ္ပဏီအတွင်း ခန့်အပ်ပြီးဖြစ်ပါသည်။

တည်ဆဲဥပဒေအရ (သို့မဟုတ်) အစိုးရအာဏာပိုင်များမှ ကျွန်ုပ်တို့ထံ ထုတ်ပေးထားသော လိုင်စင်၊ ပါမစ်၊ ခွင့်ပြုချက်များသည် သတ်မှတ်ချက်များနှင့် ကိုက်ညီခြင်းမရှိဟု တွေ့ရှိရပါက ပြစ်ဒဏ်ပေးခြင်း၊ ဒဏ်ငွေပေးဆောင်စေခြင်း၊ အခြားစီမံအုပ်ချုပ်မှုဆိုင်ရာ ပြစ်ဒဏ်များ ပေးခြင်းတို့ အပါအဝင် ထိုလိုင်စင်၊ ပါမစ် နှင့် ခွင့်ပြုချက်တို့ကို ထုတ်ပေးခြင်းမပြုဘဲ ငြင်းပယ်ခြင်း၊ ဆိုင်းငံ့ခြင်း နှင့် ပယ်ဖျက်ခြင်းတို့ ပြုလုပ်နိုင်ပါသည်။

ကျွန်ုပ်တို့ ကုမ္ပဏီကို တရားစွဲဆိုမှု (သို့မဟုတ်) အခြားစည်းမျဉ်းဥပဒေ ကြပ်မတ်ရေးဆိုင်ရာ အရေးယူမှုတို့ အမှန်တကယ်ခံရနိုင်ခြင်း (သို့မဟုတ်) ခံရရန် ခြိမ်းခြောက်မှု ရှိနိုင်ခြင်း

ကျွန်ုပ်တို့၏ စီးပွားရေးလုပ်ငန်းနှင့် စပ်လျဉ်း၍ ကျွန်ုပ်တို့အပေါ် တရားစွဲဆိုမှုများ၊ စည်းမျဉ်း ဥပဒေ ကြပ်မတ် အရေးယူမှုများ ရှိလာနိုင်ပါသည်။ ပုဂ္ဂလိက တရားစွဲဆိုမှုများကို ရင်ဆိုင်ခုခံရခြင်းသည် ငွေကုန်ကြေးကျ များပြားပြီး အချိန်ကာလ ကြာမြင့်နိုင်ပါသည်။ ကျွန်ုပ်တို့အပေါ် အမိန့်တစ်စုံတစ်ရာ ချမှတ်ခဲ့ပါက ငွေရေးကြေးရေး ပေးရန်တာဝန်များ သိသာထင်ရှားစွာ ရှိလာနိုင်ပါသည်။ အစိုးရဌာနနှင့် သက်ဆိုင်ရာ အဖွဲ့အစည်းတို့ကလည်း ကျွန်ုပ်တို့အပေါ် အရေးယူဆောင်ရွက်မှုအမျိုးမျိုး ပြုလုပ်လာနိုင်ပါသည်။ ထိုအရေးယူ ဆောင်ရွက်မှုတို့အား ရင်ဆိုင်ဖြေရှင်းရသဖြင့် ငွေကုန်ကြေးကျ ရှိလာနိုင်သည့်အပြင် အဆိုပါ အစိုးရဌာနနှင့် သက်ဆိုင်ရာ အဖွဲ့အစည်းတို့က ဥပဒေ၊ နည်းဥပဒေ သို့မဟုတ် စည်းမျဉ်းများ လိုက်နာရန်ပျက်ကွက်ကြောင်း ဆုံးဖြတ်၍ ဒဏ်ကြေးများလည်း ချမှတ်နိုင်ပါသည်။

ကျွန်ုပ်တို့အနေဖြင့် မထင်မှတ်သော (သို့မဟုတ်) မမျှော်မှန်းနိုင်သော သဘာဝပါတ်ဝန်းကျင်ဆိုင်ရာ တာဝန်များရှိသည်။

ကျွန်ုပ်တို့သည် သိသာထင်ရှားသော သဘာဝပါတ်ဝန်းကျင်ဆိုင်ရာ ဖြစ်ပေါ်လာနိုင်သော တာဝန်ယူမှုများကို လုပ်ဆောင်ရန် နိုင်ငံတော်အဆင့်၊ ဒေသအဆင့် သဘာဝပါတ်ဝန်းကျင်ဆိုင်ရာ ဥပဒေများ၊ အမိန့်များ နှင့် နည်းဥပဒေများကို လိုက်နာဆောင်ရွက်ရန် တာဝန်ရှိသည်။ ယခုလက်ရှိတွင် ကျွန်ုပ်တို့ပိုင်ဆိုင်သော အဆောက်အဦးပိုင်ဆိုင်မှုများအပေါ် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဆန့်ကျင်ကန့်ကွက်တောင်းဆိုမှုများ သို့မဟုတ် ခြိမ်းခြောက်မှုများ ရှိသည်ဟု မသိရှိသေးသော်လည်း နောင်တွင် ထိုကဲ့သို့သော တောင်းဆိုမှုများ ရှိမလာနိုင်ဟု တပ်အပ်ပြောရ်မရပါ။ အလုံးစုံ တာဝန်များ ကျရောက်လာနိုင်ပါသည်။ တောင်းဆိုမှုများကို ချေပရာ၌ ကုန်ကျစရိတ်၊ ငွေပေးခြင်းသို့မဟုတ် ဖြေရှင်းခြင်း၊ တာဝန်ယူရန် ပျက်ကွက်ခြင်း၊ ပြဿနာရှိသော အဆောက်အဦးများနှင့်စပ်လျဉ်း၍ ပြန်လည်ညှိနှိုင်း ဖျန်ဖြေခြင်းစသည့် လုပ်ငန်းရပ်များမှာ ကျွန်ုပ်တို့၏ စီးပွားရေးလုပ်ငန်းများ အောင်မြင်နိုင်မှုရလဒ်ကို များစွာ ဆန့်ကျင်ထိခိုက်စေပါသည်။

ကျွန်ုပ်တို့၏ အောင်မြင်မှုသည် ကျွန်ုပ်တို့ စီမံခန့်ခွဲသူ အကြီးအကဲအဖွဲ့များနှင့် လုပ်ငန်းကျွမ်းကျင်မှုရှိသော ဝန်ထမ်းများကို ဆွဲဆောင် စည်းရုံးထိန်းသိမ်းထားနိုင်မှုပေါ်မူတည်သည်။ ကျွန်ုပ်တို့တွင် "အဓိကလူပုဂ္ဂိုလ်"အား ထိန်းသိမ်းထားရန် အာမခံမူဝါဒများ မရှိသေးပါ။

အဓိကစီးပွားရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် ကျွန်ုပ်တို့စီးပွားရေးလုပ်ငန်း၏ စွမ်းဆောင်ရည် နှင့် အောင်မြင်မှုများ ရရှိရန်မှာ စီမံခန့်ခွဲအုပ်ချုပ်သူအဖွဲ့နှင့် ကျွမ်းကျင်ဝန်ထမ်းများ၏ စဉ်ဆက်မပြတ် တာဝန်ထမ်းဆောင်နိုင်ရန် ခန့်ထားနိုင်မှု၊ ယင်းတို့အား ပြုစုပျိုးထောင်သင်ကြားပေးမှုနှင့် အလုပ်တွင် မြဲနေ အောင် ထိန်းသိမ်းထားနိုင်သည့်စွမ်းရည်များအပေါ် မူတည်နေပါသည်။

အချိန်မကျသေးဘဲ၊ သင့်တော်သော အစားထိုးရွေးချယ်ခန့်အပ်မှု မရှိသေးဘဲ အဓိကကျသည့် ဒါရိုက်တာ ဘုတ်အဖွဲ့ဝင်များ၊ စီမံခန့်ခွဲသူအကြီးအကဲများ နှုတ်ထွက်သွားခြင်း၊ ဆုံးရှုံးသွားခြင်းမျိုးသည် ကျွန်ုပ်တို့ စီးပွားရေးလုပ်ငန်းဆောင်ရွက်ရာတွင် ငွေကြေးအမြတ်အစွန်းဆိုင်ရာ စွမ်းဆောင်နိုင်မှု၊ လုပ်ငန်းလည်ပတ် ဆောင်ရွက်နိုင်မှုနှင့် ဘဏ္ဍာရေးဆိုင်ရာ အခြေအနေနှင့် အနာဂတ်အလားအလာများအပေါ် အနုတ်လက္ခဏာဆောင်သော အကျိုးသက်ရောက်မှုများ ဖြစ်ပေါ်စေနိုင်ပါသည်။
ကျွန်ုပ်တို့တွင် အကြီးအကဲစီမံခန့်ခွဲသူများ ဆုံးရှုံးမှုကို ကာကွယ်ရန် "အဓိကလူပုဂ္ဂိုလ်များ" ထိန်းသိမ်း ထားနိုင်ရေး အာမခံမူဝါဒများ မရှိသေးပါ။ ထို့အပြင် အတွေ့အကြုံရှိသော ဝန်ထမ်းအကြီးအကဲများအား ရရှိရန်၊ ဆွဲဆောင်ထားရှိရန် နှင့် ထိန်းသိမ်းထားရန်အတွက် လုပ်ဆောင်ရမှုများမှာ ပြိုင်ဆိုင်မှု ပြင်းထန်ပါသည်။ ကျွန်ုပ်တို့အနေဖြင့် အနာဂတ်တွင် အဓိကအရေးကြီးသော ပုဂ္ဂိုလ်များကို ဆွဲဆောင် ထိန်းသိမ်းမထားနိုင်ပါက ကျွန်ုပ်တို့၏ စီးပွါးရေး၊ လုပ်ငန်းဆောင်ရွက်လည်ပတ်မှုများ၊ ဘဏ္ဍာရေးစွမ်းဆောင်ရည်များ၊ ဘဏ္ဍာရေးဆိုင်ရာ အခြေအနေများ နှင့် မျှော်လင့်ချက်တို့ကို ထိခိုက်ကာ ဆိုးကျိုးသက်ရောက်စေနိုင်ပါသည်။

ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ အကြီးအကဲ စီမံခန့်ခွဲအုပ်ချုပ်သူ မန်နေဂျာများအပေါ်တွင်များစွာ မှီခိုအားထားနေရပါသည်။

ကျွန်ုပ်တို့၏ အောင်မြင်မှုသည် စီမံခန့်ခွဲအုပ်ချုပ်သူ အကြီးတန်းအဖွဲ့ဝင်များ၏ လုပ်ငန်းကျွမ်းကျင်မှု၊ အတွေ့အကြုံများမှု၊ လုပ်ငန်းစွမ်းဆောင်နိုင်မှု အထူးသဖြင့် ကျွန်ုပ်တို့၏ ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် ဒေါက်တာသန်းဝင်း အပေါ်တွင် များစွာ မူတည်ပါသည်။ ဒေါက်တာသန်းဝင်း နှင့် သူ၏မိသားစုသည် ဤကုမ္ပဏီ၏ အစုရှယ်ယာအများကို အဓိက ပိုင်ဆိုင်ထားသူများဖြစ်သည့်အတွက် ဒေါက်တာသန်းဝင်းမှ ကုမ္ပဏီ၏ အကျိုးစီးပွားအတွက် ဆက်လက်ဆောင်ရွက်မှုကို အာမခံရန် လုံခြုံမှုတစ်ခုအဖြစ် ဆောင်ရွက်ပေးပါသည်။ (နောက်ဆက်တွဲ အသေးစိတ်အကြောင်းအရာများကို "**အပိုင်း (၄)။ အစုရှယ်ယာထုတ်ဝေသည့် ကုမ္ပဏီ၏ စီမံအုပ်ချုပ်မှုဆိုင်ရာ အချက်အလက်များ၊ အစုရှယ်ယာရှင်များနှင့် အစုရှယ်ယာများ - ဒါရိုက်တာဘုတ်အဖွဲ့ နှင့် ဒါရိုက်တာများ**" တွင်ဖတ်ရှုပါရန်။) သို့ရာတွင် အခြားသောစီမံခန့်ခွဲရေး အဖွဲ့ဝင်အကြီးအကဲများ ဤကုမ္ပဏီ၌ ဆက်လက်တာဝန်ထမ်းဆောင်ရန် ရှိ/မရှိကို သေချာသော အာမခံချက်မျိုးမရှိပါ။ အကယ်၍ ကျွန်ုပ်တို့အနေဖြင့် ထိုအဓိကအကြီးအကဲဝန်ထမ်းတစ်ယောက် သို့မဟုတ် ထို့ထက်ပို၍ ဆုံးရှုံးခဲ့လျှင် ကျွန်ုပ်တို့ အောင်မြင်စွာ အကောင်အထည်ဖော်ရန် ရည်ရွယ်ထားသော လုပ်ငန်းစီမံချက်များ လုပ်ဆောင်နိုင်မည့် စွမ်းရည်အပေါ် များစွာထိခိုက်စေပါမည်။ ကျွန်ုပ်တို့သည် ယေဘုယျအားဖြင့် ဝန်ထမ်းများအတွက် "အဓိကလူပုဂ္ဂိုလ်" ထိန်းသိမ်းထားနိုင်ရေး အာမခံမူဝါဒများ မထားရှိသေးပါ။ ကျွန်ုပ်တို့၏ အနာဂတ်အောင်မြင်မှုများသည် ကျွန်ုပ်တို့၏ အဓိကလုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်း၊ တပ်ဆင်ခြင်းနှင့် ရောင်းချခြင်း တို့တွင် လက်ရှိတာဝန်ထမ်းဆောင်နေကြသော အဓိကပုဂ္ဂိုလ်များအနေဖြင့် ဤကုမ္ပဏီတွင် ဆက်လက်အလုပ်လုပ်ကိုင်ခြင်း ရှိမှု/မရှိမှုအပေါ်တွင် များစွာမူတည်ပါသည်။ ထို့အပြင် ထိုကဲ့သို့သော ဆုံးရှုံးမှုများသည် ကျွန်ုပ်တို့၏ ရှယ်ယာတန်ဖိုးများကို ကျဆင်းစေနိုင်သောကြောင့် အရင်းအနှီးစျေးကွက်ကို အနှုတ်လက္ခဏာဆောင်သော အမြင်များ ပေါ်ပေါက်စေမည် ဖြစ်ပါ သည်။

ကုမ္ပဏီ၏ စီးပွားရေးလုပ်ငန်းနှင့် လုပ်ငန်း လည်ပတ်ဆောင်ရွက်မှုများသည် ပြင်းထန်သော ယှဉ်ပြိုင်မှုနှင့် ကြုံတွေ့ရနိုင်ပါသည်။

မြန်မာ့စီးပွားရေးကဏ္ဍအား လျင်မြန်စွာ ဖြေလျှော့လိုက်ခြင်းသည် ကျွန်ုပ်တို့၏ စီးပွားရေးလုပ်ငန်းနှင့်အလားတူ စီးပွားရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံသူ ပိုမိုများပြားလာစေနိုင်ပါသည်။ ပြိုင်ဖက်များမှ ပိုမိုကောင်းမွန်ပြီး နည်းပညာအဆင့်မြင့်မားသော အလားတူ ကုန်ပစ္စည်းများကို သက်သာသော စျေးနှုန်းများဖြင့် ကမ်းလှမ်းနိုင်ပြီး ပိုမိုအားကောင်းသော ဖြန့်ဖြူးရေးကွန်ရက်များနှင့်

ဈေးကွက်ရှာဖွေရေးအရင်းအမြစ်များကို ပိုင်ဆိုင်နိုင်ပါသည်။ ထို့အပြင် ဈေးကွက်ထဲသို့ အသစ်ဝင်ရောက်လာသော ပြိုင်ဖက်များမှ ဆန်းသစ်သောကုန်ပစ္စည်းများ သို့မဟုတ် ပိုမိုများပြားသော ဘဏ္ဍာရေးအရင်းအမြစ်များ ရှိသည့်အားလျော်စွာ ကျွန်ုပ်တို့၏ အလားအလာရှိသော ဝယ်ယူသူများကို ဆွဲဆောင်နိုင်ပါသည်။ ထိုကဲ့သို့သော ယှဉ်ပြိုင်မှု များပြားခြင်းကြောင့် ကျွန်ုပ်တို့၏ ဈေးနှုန်းများ လျော့ချရသည့် ဖိအားများနှင့် ရင်ဆိုင်ရပြီး အမြတ်ရရှိနိုင်စွမ်း လျော့ကျခြင်း၊ သို့မဟုတ် ဈေးကွက်ဝေစုကို ထိန်းသိမ်းထားရန်အတွက် ဈေးကွက်ရှာဖွေခြင်းနှင့် တီထွင်ဆန်းသစ်ခြင်းတို့တွင် အမြောက်အများ ရင်းနှီးမြှုပ်နှံရခြင်းတို့ ဖြစ်ပေါ်လာနိုင်ပါသည်။ ကျွန်ုပ်တို့အနေဖြင့် ထိရောက်စွာ ယှဉ်ပြိုင်နိုင်စွမ်း မရှိပါက ကုမ္ပဏီ၏ စီးပွားရေးလုပ်ငန်းအပေါ် သိသိသာသာ ဆိုးကျိုးသက်ရောက်မှုကို ခံစားရနိုင်ပါသည်။ ဈေးကွက်တွင် ထိရောက်စွာ ယှဉ်ပြိုင်နိုင်ခြင်းမရှိပါက ကုမ္ပဏီ၏ ဘဏ္ဍာရေး စွမ်းဆောင်ရည်ကို ဆိုးကျိုး သက်ရောက်စေနိုင်သည့် ဝယ်ယူသူများဆုံးရှုံးခြင်း၊ ဝင်ငွေလျော့နည်းခြင်း နှင့် ဈေးကွက်တွင် ရပ်တည်မှုအားနည်းခြင်း တို့ကိုဦးတည်နိုင်ပါသည်။

ကျွန်ုပ်တို့ ကုန်ပစ္စည်းအမှတ်တံဆိပ်များ၏ အရည်အသွေး သို့မဟုတ် ဂုဏ်သတင်း ကျဆင်းယိုယွင်းခြင်းသည် ကျွန်ုပ်တို့၏ ဂုဏ်သတင်း၊ စီးပွားရေးလုပ်ငန်း၊ ဘဏ္ဍာရေးအခြေအနေ သို့မဟုတ် လုပ်ငန်းလည်ပတ်မှု ရလဒ်များအပေါ် ဆိုးကျိုးသက်ရောက်မှု ရှိလာနိုင်ပါသည်။

ကျွန်ုပ်တို့၏ ကုန်ပစ္စည်းအမှတ်တံဆိပ်များနှင့် ဂုဏ်သတင်းများသည် ကျွန်ုပ်တို့အတွက် အလွန်အရေးပါသော ပိုင်ဆိုင်မှုများ ဖြစ်ပါသည်။ အများပြည်သူများက ကျွန်ုပ်တို့ ကုန်ပစ္စည်းအမှတ်တံဆိပ်များ နှင့် ယင်းနှင့်ဆက်နွယ်နေသော ဂုဏ်သတင်း ကောင်းမွန်မှုများကို မှတ်မှတ်ရရ ရှိနေခြင်းသည် ကျွန်ုပ်တို့၏ ဝယ်ယူသူများကို ဆွဲဆောင်ထားနိုင်စွမ်း ရှိသည်ဟူသော ကျွန်ုပ်တို့၏ စွမ်းရည်ကို ပြသခြင်းလည်းဖြစ်ပါသည်။ ထိုကဲ့သို့သော အကြောင်းအရာများအပေါ်တွင် မှီခိုလျက်ရှိသောကြောင့် ကျွန်ုပ်တို့၏ လုပ်ငန်းသည် ကုန်ပစ္စည်းအမှတ်တံဆိပ် ခေတ်နောက်ကျသွားခြင်း သို့မဟုတ် ဂုဏ်သတင်း ထိခိုက်ခြင်းနှင့် စပ်လျဉ်းသည့် ဆုံးရှုံးနိုင်ခြေတို့ကြောင့် ထိခိုက်မှုရှိနိုင်ပါသည်။ ကျွန်ုပ်တို့၏ ကုန်ပစ္စည်းအမှတ်တံဆိပ်များသည် ခေတ်နောက်ကျသွားပါက သို့မဟုတ် ယုံကြည်စိတ်ချရမှု မရှိပါက သို့မဟုတ် အရည်အသွေးကို တစ်သမတ်တည်း ထိန်းသိမ်းထားနိုင်ခြင်း မရှိပါက ကျွန်ုပ်တို့အနေဖြင့် ဝယ်ယူသူများကို ဆွဲဆောင်နိုင်စွမ်း ရှိတော့မည်မဟုတ်ပါ။

ထို့အပြင် ကျွန်ုပ်တို့၏ မည်သည့် ကုန်အမှတ်တံဆိပ်တစ်ခုခု သို့မဟုတ် ကုမ္ပဏီ၏ အထွေထွေ ကုန်အမှတ်တံဆိပ်တို့၏ ဂုဏ်သတင်း ထင်ပေါ်ကျော်ကြားမှုကို ဆန့်ကျင်ဘက်အကျိုးသက်ရောက်မှုရှိသည့် လွှမ်းမိုးနိုင်သော အကြောင်းရင်းများစွာ ရှိပါသည်။ ပိုင်ဆိုင်မှု အနေအထား နှင့် စီမံခန့်ခွဲအုပ်ချုပ်ရေးဆိုင်ရာ အလေ့အကျင့်များပြောင်းလဲခြင်း၊ လုပ်ငန်းခွင်တွင် မတော်တဆမှုများ သို့မဟုတ် ထိခိုက်ဒဏ်ရာအနာတရများဖြစ်ပေါ် ခြင်း၊ သဘာဝဘေးအန္တရာယ်များ၊ ရာဇဝတ်မှုများ ဖြစ်ပွားခြင်း၊ ဝယ်ယူသူတစ်ဦးမှ မကောင်းသတင်းဖြန့်ဝေခြင်း၊ သို့မဟုတ် အလားတူဖြစ်ရပ်များ ဖြစ်ပေါ်ပါလာက ကျွန်ုပ်တို့၏ ထင်ပေါ်ကျော်ကြားမှု၊ အများပြည်သူများ အကြားတွင် အထင်အမြင်လွဲမှားမှု နှင့် ကျွန်ုပ်တို့၏ စီးပွားရေးလုပ်ငန်းအပေါ် စားသုံးသူများ ယုံကြည်မှု ကျဆင်းလာနိုင်သည်အထိ မလိုလားအပ်သော အကျိုးသက်ရောက်တတ်ပါသည်။ ထို့အပြင် မကြာသေးမီနှစ်များအတွင်း လူမှုကွန်ရက်မီဒီယာများ အသုံးပြုမှု သိသိသာသာတိုးမြင့်လာခြင်းကြောင့် ထိုကဲ့သို့သော ဖြစ်ရပ်များ ဖြစ်ပွားခဲ့ပါက လူမှုကွန်ရက်မီဒီယာများပေါ် လျှင်မြန်စွာ ရောက်ရှိသွားနိုင်ပြီး အများပြည်သူများအနေဖြင့် ကျွန်ုပ်တို့အပေါ် အနှုတ်လက္ခဏာဆောင်သော အမြင်များ ဖြစ်ပေါ်စေနိုင်ပါသည်။ ထိုကဲ့သို့သော အခြေအနေ ဖြစ်ပေါ်လာပါက တရားမျှတမှု ရရှိရေးအတွက် ဥပဒေအရ တရားစွဲဆိုမှုများကို ကျွန်ုပ်တို့အနေဖြင့် ရင်ဆိုင်ရနိုင်ပါသည်။ အကယ်၍ အများပြည်သူ မှတ်ယူထားသော ကျွန်ုပ်တို့ ကုန်အမှတ် တံဆိပ်များ၏ အရည်အသွေး ကျဆင်းလာပါက သို့မဟုတ် ကျွန်ုပ်တို့၏ ဂုဏ်သတင်းထင်ပေါ် ကျော်ကြားမှု ထိခိုက်ပျက်စီး လာပါက ကျွန်ုပ်တို့၏ စီးပွားရေး၊ ဘဏ္ဍာရေး အခြေအနေ နှင့် လုပ်ငန်းလည်ပါတ် ဆောင်ရွက်မှု ရလဒ်များအပေါ် ဆန့်ကျင်ဘက်အကျိုး သက်ရောက်မှုများ ဖြစ်ပေါ်စေနိုင်ပါသည်။

ကုမ္ပဏီအတွက် အာမခံထားရှိခြင်းသည် လုံလောက်မှု မရှိနိုင်ပါ။

ကုမ္ပဏီအနေဖြင့် မီးလောင်ခြင်း၊ သူခိုးခိုးယူခံရခြင်း၊ နှင့် ရေကြီးခြင်း၊ ငလျင်လှုပ်ခြင်း စသည့် သဘာဝဘေးအန္တရာယ်များကြောင့် ကုမ္ပဏီ၏ ပစ္စည်းဥစ္စာများ ပျက်စီးခြင်း သို့မဟုတ် ဆုံးရှုံးခြင်းများ ရင်ဆိုင်ရရုံမျှမက ကျွန်ုပ်တို့၏ ဝယ်ယူသူများ သို့မဟုတ်

ကုန်ပစ္စည်းပေးသွင်းသူများ အပါအဝင် တတိယပုဂ္ဂိုလ် အဖွဲ့အစည်းများထံမှ လက်ရှိ ကျွန်ုပ်တို့၏ အာမခံပေါ်လစီမူဝါဒများအောက်တွင် အကျုံးဝင်မှုမရှိသော တောင်းဆိုမှုများနှင့် အငြင်းပွားမှုများကို ရင်ဆိုင်ရနိုင်ပါသည်။

ထိုဖြစ်ရပ်များသည် ကုမ္ပဏီ၏ လုပ်ငန်းလည်ပတ်မှုများကို အနှောင့်အယှက်ဖြစ်စေခြင်း သို့မဟုတ် ရပ်ဆိုင်းစေခြင်းကို ဦးတည်သွားစေနိုင်သောကြောင့် ကုမ္ပဏီ၏ လုပ်ငန်းလည်ပတ်မှုများ၊ ဘဏ္ဍာရေးစွမ်းဆောင်ရည်နှင့် ဘဏ္ဍာရေး အခြေအနေအပေါ် ဆိုးကျိုးသက်ရောက်စေနိုင်ပါသည်။ ကုမ္ပဏီ၏ အာမခံပေါ်လစီမူဝါဒများအရ ထိုဆုံရှုံးမှုများအပေါ် တစ်ပိုင်းတစ်စ ကာမိနိုင်သော်လည်း ကုမ္ပဏီပိုင်ဆိုင်သော ပိုင်ဆိုင်မှု ပစ္စည်းဥစ္စာများအားလုံးအတွက် အာမခံ ကာမိနိုင်ရန်၊ လွှမ်းခြုံနိုင်ရန် လုံလောက်မှုမရှိပါ။ တစ်ခါတစ်ရံတွင် ဆုံးရှုံးမှုသည် အာမခံပေးနိုင်သည့် ပမာဏထက် ကျော်လွန်ခြင်း သို့မဟုတ် ဆုံးရှုံးပျက်စီးမှုသည် ကုမ္ပဏီ၏ အာမခံပေါ်လစီမူဝါဒများအရ အကျုံးမဝင်ခြင်း စသည်တို့ ဖြစ်ပေါ်လာပါက ကုမ္ပဏီ၏ ဘဏ္ဍာရေး စွမ်းဆောင်ရည် နှင့် အခြေအနေများအပေါ် များစွာ ထိခိုက်စေနိုင်ပါသည်။

ကုမ္ပဏီ၏ လုပ်ငန်းလည်ပတ်စရိတ်များ အနာဂတ်တွင် တိုးလာနိုင်သော်လည်း ယင်းတိုးမြင့်မှုကို ဈေးကွက်သည်များထံ အပြည့်အဝ လွှဲပြောင်းပေးနိုင်စွမ်း မရှိပါ။

လုပ်ငန်းလည်ပတ်စရိတ်များဖြစ်သည့် ဝန်ဆောင်မှုကုန်ကျစရိတ်များ၊ အလုပ်သမားများအတွက် လုပ်အားခများနှင့် အာမခံကုန်ကျစရိတ်များသည် ပုံသေမဟုတ်ဘဲ အနာဂတ်တွင် ကုန်ကျစရိတ် တိုးမြင့်လာနိုင်ပါသည်။ တိကျသေချာသော သဘောတူညီမှုများ မလုပ်ထားနိုင်ခဲ့လျှင် သို့မဟုတ် မရှိခဲ့လျှင် ထိုစရိတ်များ တိုးမြင့်လာခြင်းကို ကုမ္ပဏီ၏ ဝယ်ယူသူများထံသို့ ကျခံစေခြင်း ပြုလုပ်နိုင်မည် မဟုတ်ပါ။ ကုမ္ပဏီ၏ ဝယ်ယူသူများအား တိုးမြင့်လာမည့် ကုန်ကျစရိတ်များကို ကျခံစေနိုင်ခြင်းမရှိပါက ကုမ္ပဏီ၏ ငွေသားစီးဆင်းမှုနှင့် လုပ်ငန်းလည်ပတ်မှု ရလဒ်များကို သိသိသာသာ ဆိုးကျိုးသက်ရောက် စေနိုင်ပါသည်။

ကုမ္ပဏီ၏ စီးပွားရေးလုပ်ငန်းနှင့် လုပ်ငန်းလည်ပတ်မှုများသည် အများပြည်သူသုံး ဝန်ဆောင်မှုများ ရရှိနိုင်မှုအပေါ် မှီခိုအားထားရပါသည်။

အများပြည်သူများ သုံးစွဲသည့် လျှပ်စစ်ဓာတ်အား၊ ရေနှင့် ဆက်သွယ်ရေးစနစ် ကဲ့သို့သော ဝန်ဆောင်မှုများသည် ကုမ္ပဏီ၏ စီးပွားရေးလုပ်ငန်းများ ကောင်းစွာ လည်ပတ်ဆောင်ရွက်နိုင်ရန်အတွက် လွန်စွာအရေးပါပါသည်။ ဤအခြေခံလိုအပ်သော ဝန်ဆောင်မှုများတွင် သိသိသာသာ ပြတ်တောက်ခြင်း သို့မဟုတ် အလုံအလောက် ရရှိမှုမရှိခြင်း တို့ကြောင့် ကုမ္ပဏီ၏ စီးပွားရေးနှင့် လုပ်ငန်းလည်ပတ်မှုများကို ထိခိုက်စေနိုင်ပါသည်။ လျှပ်စစ်ဓာတ်အား မကြာခဏပြတ်တောက်ခြင်း သို့မဟုတ် ဆက်သွယ်ရေးစနစ်များ ကောင်းမွန်မှုမရှိခြင်းသည် ကျွန်ုပ်တို့၏ လက်ဝယ်ရှိ ကုန်ပစ္စည်းများ စီမံခန့်ခွဲနိုင်စွမ်း၊ ကုန်ပစ္စည်း ပေးသွင်းသူများနှင့် ဝယ်ယူသူများထံ ဆက်သွယ်ဆောင်ရွက်နိုင်စွမ်း သို့မဟုတ် အရောင်းအဝယ် ထိရောက်စွာ ပြုလုပ်နိုင်စွမ်း ကို ထိခိုက်စေနိုင်ပါသည်။ အရန်မီးစက်များအသုံးပြုခြင်း ကဲ့သို့သော ပြုပြင်ဖြေရှင်းရေးနည်းလမ်းများကို အကောင်အထည်ဖော်ခြင်းကြောင့် ကုမ္ပဏီ၏ လုပ်ငန်းလည်ပတ်မှု စရိတ်များ တိုးမြင့်လာနိုင်ပါသည်။ ဝန်ဆောင်မှုများ အချိန်ကြာမြင့်စွာ ပြတ်တောက်ခြင်းကြောင့် ကုန်ပစ္စည်းများ ဖြန့်ဖြူးရာတွင် နှောင့်နှေးကြန့်ကြာမှုများ၊ ထုတ်လုပ်မှုစွမ်းအား ကျဆင်းသွားခြင်းများ ဖြစ်ပေါ်ကာ ကျွန်ုပ်တို့၏ ဝင်ငွေနှင့် ဝယ်ယူသူများ၏ စိတ်ကျေနပ်မှုများအပေါ် ထိခိုက်စေနိုင်ပါသည်။

နိုင်ငံခြားငွေလဲလှယ်နှုန်း အတက်အကျရှိခြင်း၊ မတည်ငြိမ်ခြင်းတို့ကြောင့် ကျွန်ုပ်တို့၏ ထုတ်ပြန်ထားသော ဘဏ္ဍာရေးရလဒ်များအပေါ် မလိုလားအပ်သော အကျိုးသက်ရောက်မှုများကို ဖြစ်ပေါ်စေနိုင်ပါသည်။

မြန်မာနိုင်ငံ၏ လက်ရှိ နိုင်ငံရေးအခြေအနေနှင့် စီးပွားရေးအခြေအနေ မရေရာမှုများကြောင့် ကျပ်ငွေတန်ဖိုး သိသိသာသာ ကျဆင်းလျက်ရှိပြီး၊ နိုင်ငံခြားငွေလဲလှယ်နှုန်းများ တည်ငြိမ်မှုမရှိခြင်းနှင့် မြင့်မားခြင်းကို ဦးတည်နိုင်ပါသည်။

ကျွန်ုပ်တို့ ကုမ္ပဏီ၏ အဓိက ငွေသားထွက်ငွေများသည် ကုန်ပစ္စည်းများနှင့် အပိုပစ္စည်းများကို အမေရိကန်ဒေါ်လာဖြင့် ပေးချေရန် လိုအပ်သည့် နိုင်ငံခြား ဖြန့်ဖြူးရောင်းချသူများထံမှ အဓိကဝယ်ယူရခြင်းကြောင့် ဖြစ်ပါသည်။ သို့ရာတွင် ကုန်သွယ်ခွန်နှင့် အကောက်ခွန် ကဲ့သို့သော အခွန်ပေးဆောင်မှုများမှာ ကျပ်ငွေဖြင့် ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ဝန်ထမ်းလစာနှင့် ကုန်ပစ္စည်းများ

သယ်ယူပို့ဆောင်ရာတွင် ကုန်ကျစရိတ်များ ကဲ့သို့သော အခြားသော ကုန်ကျစရိတ်များကိုကျပ်ငွေဖြင့် ပေးချေပြီး၊ ကျွန်ုပ်တို့၏ အဓိကဝင်ငွေအများစုကို သင့်လျော်သော နိုင်ငံခြားငွေလဲလှယ်နှုန်းဖြင့် ကျပ်ငွေသို့ ပြောင်းလဲရရှိပါသည်။ ထို့ပြင် ကျွန်ုပ်တို့၏ ဘဏ္ဍာရေးဆိုင်ရာရှင်းတမ်း နှင့် အစီရင်ခံစာကို မြန်မာကျပ်ငွေဖြင့်သာ ဖော်ပြလေ့ရှိပြီး ကျွန်ုပ်တို့၏ အဓိကဝင်ငွေနှင့် ထွက်ငွေများကို အမေရိကန်ဒေါ်လာအပေါ်အခြေခံ၍ ကျပ်ငွေသို့ ပြောင်းလဲရခြင်းတို့ကြောင့် ကျပ်ငွေသည် အမေရိကန်ဒေါ်လာနှင့် နှိုင်းယှဉ်လျှင် တန်ဖိုးလျော့ကျသွားပါက နိုင်ငံခြားငွေလဲလှယ်နှုန်းကြောင့် ဆုံးရှုံးနိုင်ခြေများကို ရင်ဆိုင်ရနိုင်ပါသည်။

ပြည်တွင်းကျပ်ငွေ တန်ဖိုးသည် အမေရိကန်ဒေါ်လာနှင့် နှိုင်းယှဉ်ပြီး အပြောင်းအလဲများပါက ကျွန်ုပ်တို့၏ လုပ်ငန်းလည်ပတ်မှုရလဒ်များပေါ် အကျိုးသက်ရောက်မှုများ ဖြစ်ပေါ်စေရုံမျှမက ထုတ်ပြန်ထားသော ဘဏ္ဍာရေးရလဒ်များအပေါ် သိသာထင်ရှားသည့် ဆိုးကျိုးသက်ရောက်မှုများ ရှိနိုင်ပါသည်။ နိုင်ငံခြားငွေလဲလှယ်နှုန်း မတည်ငြိမ်ခြင်းသည် ကျွန်ုပ်တို့၏ ဘဏ္ဍာရေးဆိုင်ရာရှင်းတမ်း အစီရင်ခံစာကို အောက်ပါအတိုင်း အကျိုးသက်ရောက်နိုင်ပါသည်။

- ငွေကြေးအမျိုးအစားပြောင်းလဲဖော်ပြရာ၌ဖြစ်ပေါ်လာနိုင်သော (Translation Risk) ဆုံးရှုံး နိုင်ခြေအန္တရာယ် ရှိပါသည်။ ယင်းမှာ သတ်မှတ်ကာလ တစ်ခုအတွင်း ဝင်ငွေထွက်ငွေအပေါ် တွက်ချက်ရာတွင်လည်းကောင်း သို့မဟုတ် မည်သည့် ရက်စွဲတစ်ခုခုကိုမဆို နောက်ဆုံး ထား၍ ဘဏ္ဍာရေးရှင်းတမ်းရေး ဆွဲထုတ်ပြန်ရာတွင်လည်းကောင်း၊ ထိုကာလအတွင်း ဖြစ်ပွားနေသော မြန်မာကျပ်ငွေ နှင့် နိုင်ငံခြားငွေလဲလှယ်နှုန်းအပေါ်တွင်သာ အခြေခံတွက်ချက်ရခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သော (Translation Risk) ဆုံးရှုံးနိုင်ခြေ အန္တရာယ်ရှိခြင်း၊

- ငွေပေးချေခြင်း၊ ငွေလက်ခံခြင်းပြုလုပ်ရာတွင် (Transaction Risk) ဆုံးရှုံးနိုင်ခြေ အန္တရာယ်ရှိခြင်း၊ ကျွန်ုပ်တို့၏ ဝင်ငွေ နှင့် ပိုင်ဆိုင်မှုများ (Revenue & Assets) နှင့် ဆက်နွယ်ပြီး ကုန်ကျစရိတ် နှင့် ပေးရန်တာဝန် (Cost & Liabilities) များ ဆောင်ရွက်ရာတွင် ငွေကြေးတန်ဖိုးအတက်အကျ တည်ငြိမ်မှု မရှိခြင်းပင်ဖြစ်သည်။

ကျပ်ငွေတန်ဖိုးလျော့ကျခြင်းသည် ကျွန်ုပ်တို့၏ ဝင်ငွေများနှင့် အမြတ်ရနိုင်စွမ်းကို ဆိုးကျိုးသက်ရောက်စေနိုင်ပါသည်။

ကျွန်ုပ်တို့၏ ကုမ္ပဏီသည် အဓိကအားဖြင့် ကုန်ပစ္စည်းများကို နိုင်ငံခြားဖြန့်ဖြူးရောင်းချသူများထံမှ တင်သွင်းပြီး ဝယ်ယူမှုကုန်ကျစရိတ် အများစုမှာ အမေရိကန်ဒေါ်လာဖြင့် ကျသင့်ပါသည်။ သို့သော် ကျွန်ုပ်တို့၏ ဝင်ငွေအများစုကို ဝယ်ယူသူများနှင့် နှစ်ဖက်သဘောတူ ထားသော နိုင်ငံခြားငွေလဲလှယ်နှုန်းဖြင့် သင့်ပြီး ကျပ်ငွေဖြင့် လက်ခံရရှိပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့၏ စီးပွားရေးလုပ်ငန်း သည် အဓိကအားဖြင့် ငွေလဲလှယ်နှုန်း အပြောင်းအလဲများကြောင့် ကျပ်ငွေတန်ဖိုးကျဆင်းသည့် နိုင်ငံခြားငွေလဲလှယ်မှု ဆုံးရှုံးနိုင်ချေနှင့် ကြုံတွေ့ရနိုင်ပါသည်။ အတက်အကျကြောင့် ဖြစ်ပေါ်သော ငွေကြေးလဲလှယ်နှုန်း အတက်အကျများနှင့် ပတ်သက်၍ သိသာထင်ရှားစွာ ထိခိုက်နိုင်ခြေ ရှိပါသည်။ ကျပ်ငွေသည် အမေရိကန်ဒေါ်လာနှင့် နှိုင်းယှဉ်လျှင် တန်ဖိုးကျဆင်းလာပါက ဝယ်ယူတင်သွင်းစရိတ် မြင့်တက်လာပြီး ကုမ္ပဏီ၏ အမြတ်အစွန်းကို တိုက်ရိုက် အကျိုးသက်ရောက်ပြီး ကုမ္ပဏီ၏ ဈေးနှုန်းသတ်မှတ်ရေးဗျူဟာကို ပြန်လည်ချိန်ညှိရန် လိုအပ်စေပါသည်။ ကုမ္ပဏီအနေဖြင့် မြင့်တက်လာသော ကုန်ကျစရိတ်များကို ကုန်ပစ္စည်းများ၏ ဈေးနှုန်းမြင့်တင်ခြင်းအားဖြင့် ဝယ်ယူသူများထံသို့ လွှဲပြောင်းကျခံစေခြင်းများ ဖြစ်ပေါ်လာနိုင်ပါသည်။ ထိုသို့သော ဈေးနှုန်းမြင့်တက်မှုများသည် ဝယ်ယူသူများ၏ ဝယ်ယူနိုင်စွမ်းကို ဆိုးကျိုးသက်ရောက်စေပြီး ကုမ္ပဏီ၏ ကုန်ပစ္စည်းများအပေါ် ဝယ်လိုအား လျော့နည်းလာနိုင်ပါသည်။

အနာဂတ်တွင် ရင်းနှီးမြှုပ်နှံငွေမြင့်တင်ခြင်းသည် အစုရှယ်ယာပိုင်ဆိုင်မှုကို လျော့နည်းစေနိုင်ခြင်း သို့မဟုတ် ကျွန်ုပ်တို့၏ စီးပွားရေးလည်ပတ်မှုကို အဟန့်အတားဖြစ်ခြင်းများ ဖြစ်ပေါ်စေနိုင်ပါသည်။

အနာဂတ်တွင် ရင်းနှီးမြှုပ်နှံမှု ငွေပမာဏတိုးမြင့်ရန်နှင့် လုပ်ငန်းအသုံးစရိတ်များ တိုးမြင့်အသုံးပြုနိုင်ရန် ရံပုံငွေအား တိုးမြင့်ဆောင်ရွက်ရန် လိုအပ်ကောင်းလိုအပ်မည် ဖြစ်ပါသည်။ ယင်းလိုအပ်ငွေအား (Equity Securities) အစုရှယ်ယာထုတ်ဝေသည့်နည်းဖြင့်လုပ်ဆောင်ပါက အချိန်ကာလတစ်ခုသို့ ရောက်သောအခါ လက်ရှိအစုရှယ်ယာပိုင်ရှင်များ၏ အစုရှယ်ယာပိုင်ဆိုင်မှု ရာခိုင်နှုန်း

ကျဆင်းသွားနိုင်ပါသည်။ အခြားတစ်နည်းမှာ ထိုရင်းနှီးမြှုပ်နှံငွေ တိုးမြှင့်ခြင်းအား ထပ်ဆင့်ငွေချေးယူသည့် စနစ်ဖြင့် ပြည့်မီအောင်ဖြေရှင်းပါက ထိုငွေချေးယူသည့်စနစ်မှတစ်ဆင့် ကျွန်ုပ်တို့ကို အောက်ပါ အဟန့်အတားများ ဖြစ်စေပါသည်။

- ကျွန်ုပ်တို့၏ အစုရှယ်ယာအမြတ်ဝေစုများ ခွဲဝေပေးနိုင်မှုကို ကန့်သတ်နိုင်ခြင်း သို့မဟုတ် ကျွန်ုပ်တို့အနေဖြင့် အမြတ်ဝေစု ခွဲဝေပေးရာတွင် သဘောတူညီမှု ရရှိရန် လိုအပ်ခြင်း၊
- ကျွန်ုပ်တို့၏ စီးပွားရေးနှင့်လုပ်ငန်းဆိုင်ရာ အခြေအနေအား ပြောင်းပြန်ဖြစ်စေကာ အားနည်းချက် သို့မဟုတ် ထိလွယ်ရှလွယ်မှုကို များစွာကြီးထွားလာစေခြင်း၊
- ကျွန်ုပ်တို့၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန် ဆောင်ရွက်မည့် အစီအစဉ်များ၏ အကောင်အထည်ဖော်နိုင်စွမ်းကို အကန့်အသတ်ဖြစ်ခြင်း၊
- ကျွန်ုပ်တို့တွင် ပေးရန်ရှိသော ကြွေးမြီများအား ကျွန်ုပ်တို့၏ လုပ်ငန်းလည်ပတ်စီးဆင်းမှုများမှ ရရှိသောငွေ၏ သိသာသော ပမာဏတစ်ရပ်ကို ပြန်လည်ပေးဆပ်ရန်လိုအပ်ပါသည်။ ထိုသို့ပေးဆပ်ခြင်းအားဖြင့် ငွေလုံးငွေရင်းအသုံးစရိတ်များ၊ လှည့်လည်ရင်းနှီးငွေ (Working Capital) လိုအပ်မှုများ နှင့် အခြားအထွေထွေ ကုမ္ပဏီကုန်ကျစရိတ်များအတွက် အသုံးပြုနိုင်သော ကျွန်ုပ်တို့၏ လည်ပတ်စီးဆင်းငွေများ လျော့ကျလာမည်ဖြစ်သည်။
- ကျွန်ုပ်တို့၏ စီမံချက်များချမှတ် လုပ်ဆောင်ရာတွင် ပြောင်းလွယ်ပြင်လွယ်မှုကို ကန့်သတ်ထားခြင်း သို့မဟုတ် ကျွန်ုပ်တို့၏ စီးပွားရေးလုပ်ငန်း၊ လုပ်ဆောင်ချက် ပြောင်းလဲမှု အပေါ် တုန့်ပြန်ဆောင်ရွက်ရာ၌ ကန့်သတ်ထားခြင်းတို့ ဖြစ်သည်။

ကျွန်ုပ်တို့သည် ကျွန်ုပ်တို့စီးပွားရေး လည်ပတ်မှုအတွက် မျှော်မှန်းထားသော ငွေလုံးငွေရင်းအသုံးစရိတ်အတွက်နှင့် လှည့်လည်ရင်းနှီးငွေအတွက် အနာဂတ်ကာလတွင် ငွေကြေးလိုအပ်ချက်ကို သင့်တော်ကောင်းမွန်သော စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ အပြည့်အဝ ဖြည့်ဆည်းရန် ဆောင်ရွက်နိုင်မည်မဟုတ်ပေ။

ကျွန်ုပ်တို့သည် ကျွန်ုပ်တို့စီးပွားရေး လည်ပတ်မှုအတွက် မျှော်မှန်းထားသော ငွေလုံးငွေရင်းအသုံးစရိတ်အတွက်နှင့် လှည့်လည်ရင်းနှီးငွေအတွက် အနာဂတ်ကာလတွင် ငွေကြေးလိုအပ်ချက်ကို သင့်တော်ကောင်းမွန်သော စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ အပြည့်အဝ ဖြည့်ဆည်းရန် ဆောင်ရွက်နိုင်မည်မဟုတ်ပေ။ အနာဂတ်တွင် လုပ်ငန်းတိုးချဲ့ရန်အတွက် သတ်မှတ်ထားသော အစီအစဉ်များအတွက် လုံလောက်သော ငွေကြေးထောက်ပံ့မှုပေးနိုင်မည့် ပြည်တွင်း၊ ပြည်ပ ငွေချေးသူများကို ရှာဖွေရာတွင် အခက်အခဲများ ကြုံတွေ့ရနိုင်ပါသည်။ အကယ်၍ ကျွန်ုပ်တို့သည် ထိုသို့သော ငွေကြေးထောက်ပံ့မှုကို အခြေအနေကောင်းများဖြင့် သို့မဟုတ် လုံးဝမရရှိနိုင်ပါက ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏လုပ်ငန်းလည်ပတ်မှုများကို လုံလောက်စွာ ထောက်ပံ့နိုင်ခြင်း မရှိတော့ဘဲ သို့မဟုတ် ကျွန်ုပ်တို့ စီစဉ်ထားသော ချဲ့ထွင်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ခြင်း မရှိတော့နိုင်ပါ။ ထိုအရာအားလုံးသည် ကျွန်ုပ်တို့ စီးပွားရေးလုပ်ငန်း၊ ဘဏ္ဍာရေးဆိုင်ရာ အခြေအနေ၊ အမြတ်အစွန်းရရှိနိုင်မှု၊ လုပ်ငန်းအောင်မြင်မှု ရလဒ်ရရှိမှု၊ စီးပွားရေးဖွံ့ဖြိုးမှု မဟာဗျူဟာတစ်ခုလုံး အပေါ်တွင်လည်း သိသိသာသာ ပြောင်းပြန် အကျိုးသက်ရောက်သွားနိုင်ပါသည်။

ဝယ်ယူသူများ၏ ဝယ်လိုအားအပေါ် ဖြည့်ဆည်းနိုင်စွမ်းသည် ကျွန်ုပ်တို့၏ ကုန်လက်ကျန်များကို စနစ်တကျ ထိန်းသိမ်းထားနိုင်စွမ်းအပေါ်တွင် မူတည်ပါသည်။

ဝယ်ယူသူများ၏ ဝယ်လိုအားကို အချိန်နှင့်တပြေးညီ တုံ့ပြန်နိုင်ရန်အတွက် သင့်တင့်လျောက်ပတ်သော ကုန်လက်ကျန်များကို ထိန်းသိမ်းထားရန် လိုအပ်ပါသည်။ ကျွန်ုပ်တို့၏ Inventory turnover days များသည် ရောင်းအားကောင်းသောပစ္စည်းများအတွက် ခန့်မှန်းခြေ (၃) လမှ (၆) လနှင့် စုစုပေါင်းကုန်လက်ကျန်အားလုံးအတွက် ခန့်မှန်းခြေအားဖြင့် (၁) နှစ်မှ (၁) နှစ်ခွဲ အတွင်း ရှိပါသည်။

အကယ်၍ ကျွန်ုပ်တို့၏ ကုန်လက်ကျန် လျော့နည်းနေချိန်တွင် ဝယ်ယူသူများမှ ကုန်အမှာစာများကို အချိန်တိုအတွင်း မှာယူလာပါက ကျွန်ုပ်တို့အနေဖြင့် ထိုကဲ့သို့သော ဝယ်ယူမှုများကို အချိန်နှင့်တပြေးညီ ဖြည့်ဆည်းနိုင်မည် မဟုတ်ပါ။ အခြားတစ်ဖက်တွင်လည်း

ကုန်လက်ကျန်များကို လိုအပ်သည်ထက် ပိုမိုထားရှိပါက ယင်းကုန်လက်ကျန်များအတွက် သိုလှောင် ထိန်းသိမ်းစရိတ်များ ပိုမိုကျသင့်မည် ဖြစ်ပါသည်။ ကျွန်ုပ်တို့အနေဖြင့် အနာဂတ်တွင် ကုန်လက်ကျန် လျော့နည်းခြင်း နှင့်/သို့မဟုတ် လိုအပ်သည်ထက် ပိုမိုထားရှိခြင်းကြောင့် ကြုံတွေ့ရနိုင်သည့် ပြဿနာများကို ရင်ဆိုင်ရမည်မဟုတ်ဟု အာမခံချက်မျိုး မပေးနိုင်ပါ။ ထိုအခြေအနေများသည် ကျွန်ုပ်တို့၏ ဂုဏ်သတင်း၊ လုပ်ငန်းလည်ပတ်မှု နှင့် ဘဏ္ဍာရေး အခြေအနေများအပေါ်တွင် ဆိုးကျိုးသက်ရောက်စေနိုင်ပါသည်။

ထို့အပြင် ကျွန်ုပ်တို့၏ စွမ်းဆောင်ရည်အပေါ်တွင် ဘဏ္ဍာရေးစရိတ်များ၊ သိုလှောင်ခနှင့် ကုန်ပစ္စည်းသယ်ယူပို့ဆောင်ရေး ကုန်ကျစရိတ်ကဲ့သို့သော ကုန်လက်ကျန်ပစ္စည်းများ လက်ဝယ် ကိုင်ဆောင်ထားရခြင်းကြောင့် ကျသင့်သည့် စရိတ်များကြောင့်လည်း အကျိုးသက်ရောက်မှု ရှိနိုင်ပါသည်။ ယင်းကုန်ကျစရိတ်များ သိသိသာသာမြင့်တက်လာပါက ကျွန်ုပ်တို့ ကုမ္ပဏီ၏ ဘဏ္ဍာရေးအခြေအနေနှင့် အမြတ်ရရှိနိုင်စွမ်းအပေါ် တွင် သိသိသာသာ ပြောင်းပြန် အကျိုးသက်ရောက်မှုများ ရှိနိုင်ပါသည်။

ချို့ယွင်းမှုများရှိခြင်း၊ ပြန်လည်သိမ်းယူခြင်း သို့မဟုတ် သယ်ယူပို့ဆောင်ရာတွင် နှောင့်နှေး ကြန့်ကြာမှုများအတွက် ဝယ်ယူသူများမှ တောင်းဆိုမှုများ ဖြစ်ပေါ်ပါက ကျွန်ုပ်တို့အနေဖြင့် အပိုကုန်ကျစရိတ်များ ကျခံရခြင်းနှင့် အရင်းအမြစ်များသုံးစွဲရခြင်းများကို ကြုံတွေ့ရနိုင်ပါသည်။

ကုန်ပစ္စည်းများတွင် ချို့ယွင်းမှု တစုံတရာရှိခြင်း သို့မဟုတ် ပြန်လည်သိမ်းယူခြင်း၊ သို့မဟုတ် ဝယ်ယူသူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းရန် ပျက်ကွက်ခြင်းတို့ကြောင့် ကျွန်ုပ်တို့၏ ကုမ္ပဏီအပေါ် တောင်းဆိုမှုများကို ပြုလုပ်နိုင်ပါသည်။ ဤတောင်းဆိုမှုများတွင် ကျွန်ုပ်တို့ထံမှ ချို့ယွင်းချက်ရှိသော ကုန်ပစ္စည်းများ ဝယ်ယူခြင်းကြောင့် ဖြစ်ပေါ်လာသော ဆုံးရှုံးမှုများအတွက် ဝယ်ယူသူများအား လျော်ကြေးပေးချေရန် ပါဝင်နိုင်ပါသည်။ ထို့အပြင် ကျွန်ုပ်တို့၏ ကုန်ပစ္စည်းပေးသွင်းသူများမှ ပေးပို့မှုနှောင့်နှေးခြင်းကြောင့် ဝယ်ယူသူများထံသို့ ကျွန်ုပ်တို့၏ ကုမ္ပဏီမှ ပေးပို့မှုနှောင့်နှေးပါက ဝယ်ယူသူများအနေဖြင့် ကျွန်ုပ်တို့အား တောင်းဆိုမှု ပြုလုပ်လာနိုင်ပါသည်။

ထို့အပြင် ကျွန်ုပ်တို့သည် ချို့ယွင်းချက်ရှိသော ကုန်ပစ္စည်းများကို ပြန်လည်ပြုပြင်ရာတွင် လုပ်အားခများ ပိုမိုကုန်ကျနိုင်ပြီး ကျွန်ုပ်တို့၏ အမြတ်ရရှိနိုင်စွမ်းကို ထိခိုက်စေနိုင်ပါသည်။ မည်သည့် ကုန်ပစ္စည်းများကိုမဆို ချို့ယွင်းချက်ရှိ၍ ပြန်လည်သိမ်းယူပါက သက်ဆိုင်ရာ ကုန်အမှတ်တံဆိပ် နှင့်ကျွန်ုပ်တို့၏ ဂုဏ်သတင်းများ၊ ကုန်ပစ္စည်းမော်ဒယ်များ၏ အရည်အသွေး နှင့် ဘေးကင်းလုံခြုံမှုအပေါ် ဝယ်ယူသူများ၏ ယုံကြည်မှုလျော့ကျ စေနိုင်ပါသည်။ ကျွန်ုပ်တို့အနေဖြင့် အလားအလာညွှန်းတမ်း နောက်ဆုံးတင်သွင်းသည့် နေ့ရက်အထိ ကုန်ပစ္စည်းများ ပြန်လည်သိမ်းယူရခြင်းများကို ကြုံတွေ့ရခြင်း မရှိသေးသော်လည်း ကျွန်ုပ်တို့ရောင်းချသော ကုန်ပစ္စည်းများ နှင့်စပ်လျဉ်း၍ အနာဂတ်တွင် ထိုကဲ့သို့ ပြန်လည်သိမ်းယူရခြင်းမျိုး ကြုံတွေ့ရမည်မဟုတ်ဟု အာမခံချက် မပေးနိုင်ပါ။

ချို့ယွင်းမှုများရှိခြင်း၊ ပြန်လည်သိမ်းယူခြင်း သို့မဟုတ် သယ်ယူပို့ဆောင်ရာတွင် နှောင့်နှေးကြန့်ကြာမှုများအတွက် ဝယ်ယူသူများမှ တောင်းဆိုမှုများနှင့် စပ်လျဉ်း၍ ဥပဒေကြောင်းအရ အငြင်းပွားခြင်း သို့မဟုတ် တရားရင်ဆိုင်ရခြင်းများ ကြုံတွေ့ရနိုင်ပြီး ကျွန်ုပ်တို့၏ ဘဏ္ဍာရေးအခြေအနေနှင့် စွမ်းဆောင်ရည်ကို ထိခိုက်စေနိုင်သည့် သိသာထင်ရှားသော ကုန်ကျစရိတ်များနှင့် အရင်းအမြစ်များကို သုံးစွဲရန် လိုအပ်နိုင်ပါသည်။

မြန်မာနိုင်ငံ၏ အသစ်ထုတ်ပြန်သော နှင့်/သို့မဟုတ် ပြန်လည်ပြင်ဆင်သော ဥပဒေများနှင့် စည်းမျဉ်းများကို လိုက်နာဆောင်ရွက်ရခြင်းကြောင့် သိသာထင်ရှားသော ကုန်ကျစရိတ်များ ကျခံရနိုင်ပါသည်။

ကျွန်ုပ်တို့၏ စီးပွားရေးလုပ်ငန်း လည်ပတ်ဆောင်ရွက်ရန်အတွက် လိုက်နာရန် လိုအပ်သော မြန်မာနိုင်ငံ၏ ဥပဒေများနှင့် စည်းမျဉ်းများကို "**အပိုင်း ၉ - လုပ်ငန်းနှင့် ပတ်သက်သည့် မြန်မာဥပဒေများနှင့် စည်းမျဉ်းများ အကျဉ်းချုပ်**" တွင် ဖတ်ရှုနိုင်ပါသည်။

ထိုကဲ့သို့ ပြန်လည်ပြင်ဆင်သော ဥပဒေများနှင့် စည်းမျဉ်းများ သို့မဟုတ် အသစ်ထုတ်ပြန်သော အစိုးရ၏ မူဝါဒများကြောင့် ကျွန်ုပ်တို့အနေဖြင့် ပိုမိုတင်းကျပ်သော သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရသဖြင့် ကုန်ကျစရိတ်များ ပိုမိုကျခံရခြင်းနှင့် အရင်းအမြစ်များ ပိုမိုသုံးစွဲရခြင်းတို့ ကြုံတွေ့ရနိုင်ပါသည်။ ထိုသို့သော စီးပွားရေးလုပ်ငန်း အလေ့အထများ ပြောင်းလဲရခြင်း

သို့မဟုတ် ဥပဒေများနှင့် စည်းမျဉ်းများကို လိုက်နာဆောင်ရွက်ခြင်းကြောင့် ကုန်ကျစရိတ်များ ပိုမိုကျခံရခြင်းများကြောင့် သိသာထင်ရှားသော ဆိုးကျိုးသက်ရောက်မှု ရှိနိုင်ပါသည်။

ကျွန်ုပ်တို့၏ လုပ်ငန်း လည်ပတ်မှုများအပေါ် သက်ရောက်မှုရှိနိုင်သည့် ထောက်ပံ့ရေး ကွင်းဆက်များ ပြတ်တောက်ခြင်းများနှင့် ကြုံတွေ့ရနိုင်ပါသည်။

ကျွန်ုပ်တို့ကုမ္ပဏီသည် နိုင်ငံခြား ဖြန့်ဖြူးရောင်းချသူများထံမှ ကုန်ပစ္စည်း တင်သွင်းခြင်းအပေါ် များစွာမှီခိုနေရသဖြင့် ထောက်ပံ့ရေးကွင်းဆက်ဆိုင်ရာ ဆုံးရှုံးနိုင်ခြေများနှင့် ကြုံတွေ့ရနိုင်ပါသည်။ ရေကြောင်းပို့ဆောင်မှုတွင် ကြန့်ကြာခြင်း၊ ဆိပ်ကမ်းများတွင် ကုန်စည်အတင်အချ နှောင့်နှေးခြင်း၊ သို့မဟုတ် သယ်ယူပို့ဆောင်ရေး အခက်အခဲများရှိခြင်း အစရှိသည့် နိုင်ငံတကာ ကုန်စည်စီးဆင်းမှု အခက်အခဲများကြောင့် ဝယ်ယူသူများ၏ ဝယ်လိုအားကို ပြည့်မီအောင် ဆောင်ရွက်ခြင်း နှင့် ကုန်ပစ္စည်းများကို အချိန်နှင့်တပြေးညီ ပို့ဆောင်ရန် ဆောင်ရွက်ခြင်း တို့တွင် အကျိုးသက်ရောက်မှုများ ရှိနိုင်ပါသည်။ ထို့အပြင် စည်းမျဉ်းများ ပြောင်းလဲခြင်း နှင့် အထူးသဖြင့် မြန်မာနိုင်ငံအပေါ် သက်ရောက်မှုရှိသည့် နယ်စပ်ထိန်းချုပ်မှုများ အစရှိသည့် ပထဝီ နိုင်ငံရေးဆိုင်ရာ အချက်များကြောင့် စိန်ခေါ်မှုများကို ပိုမိုကြုံတွေ့ရနိုင်ပါသည်။

တချို့သော နယ်မြေများတွင် ကုမ္ပဏီ၏ ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများကို ထိရောက်စွာ ပို့ဆောင်ပေးနိုင်စွမ်းကို ထိခိုက်စေနိုင်သည့် လုံခြုံရေး စိန်ခေါ်မှုများ ရှိပါသည်။ ထိုသို့သော စိန်ခေါ်မှုများကြောင့် ဖြန့်ဖြူးရောင်းချသူများ၊ ကုမ္ပဏီ၏ ရုံးခွဲများရှိ သို့လှောင်ရုံများနှင့် နောက်ဆုံးသုံးစွဲသူများသို့ ပို့ဆောင်ရာတွင် နှောင့်နှေးကြန့်ကြာမှုများ ဖြစ်ပေါ်စေနိုင်ပါသည်။ ထို့အပြင် အဆိုပါ အခြေအနေများ၏ မှန်းဆမရခြင်းကြောင့် အပိုကုန်ကျစရိတ်များကို ဖြစ်ပေါ်စေနိုင်ပြီး ကုမ္ပဏီသည် ကုန်ကျစရိတ် ပိုမိုမြင့်မားသော အခြားသယ်ယူပို့ဆောင်ရေး လမ်းကြောင်းများကို အသုံးပြုရန် လိုအပ်လာနိုင်ပါသည်။ ရလဒ်အနေဖြင့် ကုမ္ပဏီ၏ လုပ်ငန်းလည်ပတ်မှု ကုန်ကျစရိတ်များ တိုးမြင့်လာခြင်းကို ရင်ဆိုင်ရနိုင်ပြီး ကုမ္ပဏီ၏ အမြတ်ရရှိနိုင်စွမ်းကို ထိခိုက်စေနိုင်ပါသည်။

ကျွန်ုပ်တို့၏ ကုမ္ပဏီတွင်း ထိန်းချုပ်မှုစနစ်သည် ကုမ္ပဏီ၏ ရရန်ပိုင်ခွင့်များကို ကာကွယ်စောင့်ရှောက်ရန် ထိရောက်မှု မရှိနိုင်ပါ။

စီးပွားရေးလုပ်ငန်း လည်ပတ် လုပ်ကိုင်ရာတွင် ထိရောက်မှုရှိရေး၊ ဘဏ္ဍာရေးရာ အစီရင်ခံမှုများကို ယုံကြည်အားထားနိုင်စေရေးနှင့် ရရန်ပိုင်ခွင့်များ ဘေးကင်းလုံခြုံရေးတို့ သေချာစေရန် ရည်ရွယ်လျက် ကုမ္ပဏီတွင်း ထိန်းချုပ်မှု အစီအစဉ်များ ထူထောင်ပြီးနောက် ကျင့်သုံးလျက်ရှိသော်လည်း ကုမ္ပဏီ၏ မှားယွင်းဖော်ပြမှုများ သို့မဟုတ် လိမ်လည်လှည့်ဖြားမှုများကို အချိန်နှင့်တပြေးညီ သိရှိနိုင်စွမ်းမရှိခြင်းကဲ့သို့သော ထိရောက်မှုမရှိခြင်းများ ဆက်လက်တည်ရှိနေနိုင်ပါသည်။ ထိုအားနည်းချက်များသည် ကုမ္ပဏီအား ဘဏ္ဍာရေးဆုံးရှုံးခြင်း၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်မှုကို အတားအဆီးဖြစ်ခြင်းနှင့် ဘဏ္ဍာရေးရာ အစီရင်ခံခြင်းအပေါ် ဆိုးကျိုးသက်ရောက်မှုများရှိခြင်း အစရှိသည့် ဆုံးရှုံးနိုင်ခြေများကို ဖြစ်ပေါ်စေနိုင်ပါသည်။ ဌာနတွင်းစာရင်းစစ်အဖွဲ့မှ ထိန်းချုပ်မှု လစ်ဟာချက်များကို ကြိုတင်ဖော်ထုတ် ကုစားနေသော်လည်း အရေးကြီးသည့် အားနည်းချက်များ ဆက်လက်တည်ရှိနိုင်ခြေကို လုံးဝဖယ်ရှား၍ မရနိုင်ပါ။ ဤအခြေအနေသည် ဘဏ္ဍာရေးဆိုင်ရာ မတိကျမှုများ သို့မဟုတ် လုပ်ငန်းဆောင်ရွက်မှု အားနည်းချက်များကို ဖြစ်ပေါ်စေနိုင်ပြီး ကုမ္ပဏီ၏ စီးပွားရေးလုပ်ငန်း စွမ်းဆောင်ရည်ကို ထိခိုက်စေနိုင်ပါသည်။

တင်သွင်းခွင့်လိုင်စင်များ ရရှိရန် ခက်ခဲခြင်းနှင့် နိုင်ငံခြားငွေ ရှားပါးခြင်းတို့သည် ကျွန်ုပ်တို့အပေါ် ဆိုးကျိုး သက်ရောက်နိုင် ပါသည်။

ကျွန်ုပ်တို့၏ စီးပွားရေးလုပ်ငန်း လည်ပတ်ဆောင်ရွက်ရန်အတွက် မြန်မာနိုင်ငံ၏ အာဏာပိုင်များ အဖွဲ့အစည်းများထံမှ တင်သွင်းခွင့်လိုင်စင်များ၊ ပါမစ်များနှင့် ခွင့်ပြုမိန့်များ ရရှိရန် လိုအပ်ပါသည်။ ထိုသို့သော ခွင့်ပြုမိန့်များ ရရှိရာတွင် နှောင့်နှေးကြန့်ကြာခြင်း၊ ကန့်သတ်မှုရှိခြင်း သို့မဟုတ် မရရှိခြင်းတို့သည် ကျွန်ုပ်တို့၏ ထောက်ပံ့ရေးကွင်းဆက် သိသိသာသာ အနှောင့်အယှက်ဖြစ်စေပြီး ကျွန်ုပ်တို့၏ ပြည်ပ ကုန်ပစ္စည်းပေးသွင်းသူများထံမှ ကုန်ပစ္စည်းများ တင်သွင်းနိုင်စွမ်းကို အဟန့်အတားဖြစ်စေနိုင်ပါသည်။ ထို့အပြင် မြန်မာနိုင်ငံတွင် နိုင်ငံခြားငွေရှားပါးခြင်းနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် မှ ချမှတ်ထားသော ကန့်သတ်ချက်များကြောင့် ကျွန်ုပ်တို့၏

ပြည်ပ ကုန်ပစ္စည်းပေးသွင်းသူများအား အချိန်နှင့်တပြေးညီ ငွေပေးချေနိုင်စွမ်းကို ဆိုးကျိုး သက်ရောက်စေနိုင်ပါသည်။ ဤဆုံးရှုံးနိုင်ခြေ ဖြစ်ပေါ်စေသည့် အကြောင်းရင်းများသည် ရေကြောင်းကုန်စည်ပို့ဆောင်မှု နှောင့်နှေးခြင်း၊ ဝယ်ယူစရိတ်များမြင့်မားခြင်း သို့မဟုတ် လုံလောက်သော ကုန်ပစ္စည်းလက်ကျန်များ သိုလှောင်ထားနိုင်စွမ်းမရှိခြင်းတို့ကို ဖြစ်ပေါ်စေနိုင်ပြီး ကျွန်ုပ်တို့၏ လုပ်ငန်းလည်ပတ်ဆောင်ရွက်မှုများ၊ ဘဏ္ဍာရေးအခြေအနေ နှင့်စီးပွားရေးလုပ်ငန်း စွမ်းဆောင်ရည်ကိုပါ အရေးပါသည့် ဆိုးကျိုးသက်ရောက်မှုများ ရှိနိုင်ပါသည်။

အတိုးနှုန်းများ မြင့်တက်လာခြင်းကြောင့် ကျွန်ုပ်တို့၏ အမြတ်ရရှိနိုင်စွမ်းနှင့် ထုတ်ပြန်ထားသော ဘဏ္ဍာရေးရလဒ်များအပေါ် ထိခိုက်စေနိုင်ပါသည်။

လက်ရှိ အတိုးနှုန်းများ ပြောင်းလဲမှုများကြောင့် ကျွန်ုပ်တို့၏ အမြတ်ရရှိနိုင်စွမ်းနှင့် ထုတ်ပြန်ထားသော ဘဏ္ဍာရေးရလဒ်များအပေါ် ဆိုးကျိုးသက်ရောက်စေနိုင်ပါသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ကျွန်ုပ်တို့အပါအဝင် မြန်မာနိုင်ငံရှိ စီးပွားရေးလုပ်ငန်းများအပေါ် သက်ရောက်မှုရှိသည့် အခြေခံအတိုးနှုန်းများကို သိသိသာသာ တိုးမြှင့်မည်ဖြစ်ကြောင်းကို ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့တွင် ကြေညာခဲ့ပါသည်။ အတိုးနှုန်းမြင့်မားခြင်းသည် သင့်တင့်သောစရိတ်ဖြင့် ချေးငွေရရှိနိုင်မှုကို လျော့ကျစေပြီး ငွေဖြစ်လွယ်မှုကို ကြပ်တည်းစေနိုင်သည့် အခြေအနေများကို ဖြစ်ပေါ်စေနိုင်ပါသည်။ ထို့အပြင် ဤအချက်များသည် ကျွန်ုပ်တို့ ဝယ်ယူသူများ၏ ဘဏ္ဍာငွေရရှိနိုင်မှုနှင့် ကျွန်ုပ်တို့ ကုန်ပစ္စည်းများအပေါ် ဝယ်ယူနိုင်စွမ်းကို လျော့ကျစေနိုင်ပါသည်။ ဤဖြစ်စဉ်များသည် ကျွန်ုပ်တို့၏ ဘဏ္ဍာရေး ကုန်ကျစရိတ်များကို တိုးမြင့်စေနိုင်ပြီး၊ လုပ်ငန်းလည်ပတ်ရန် လိုအပ်သော လှည့်လည်ရင်းနှီးငွေ သို့မဟုတ် နေ့စဉ် လုပ်ငန်းဆောင်ရွက်ချက်များကို ဆောင်ရွက်ရန် လိုအပ်သော ရင်းနှီးငွေများကို အကန့်အသတ်ဖြစ်စေနိုင်ပါသည်။

ကျွန်ုပ်တို့၏ ကုမ္ပဏီအမှတ်တံဆိပ်များ (Company Marks) မှတ်ပုံတင်ရန် လျှောက်ထားမှုများသည် အချိန်နှင့်တစ်ပြေးညီ ခွင့်ပြုချက်ရရှိမည် သို့မဟုတ် လုံးဝခွင့်ပြုချက်ရရှိမည်ဟု သေချာရေရာမှု မရှိနိုင်ပါ။

စီမံခန့်ခွဲမှုဆိုင်ရာ ကြန့်ကြာမှုများ၊ တတိယအဖွဲ့အစည်းများမှ ကန့်ကွက်မှုများ သို့မဟုတ် အခြားသော အကြောင်းအရင်းများကြောင့်ဖြစ်စေ လျှောက်ထားမှုများကို သတ်မှတ်ထားသော အချိန်ကာလအတွင်း အတည်ပြုမည် သို့မဟုတ် မှတ်ပုံတင်ခွင့် ရရှိမည်ဟု အာမခံချက်မရှိပါ။ အကယ်၍ ကျွန်ုပ်တို့အနေဖြင့် မိမိတို့၏ ကုမ္ပဏီအမှတ်တံဆိပ်များ (Company Marks) မှတ်ပုံတင်ခွင့် မရရှိခြင်း သို့မဟုတ် မှတ်ပုံတင်ကို ဆက်လက်ထိန်းသိမ်းထားနိုင်ခြင်း မရှိခဲ့ပါက (သို့မဟုတ်) တတိယအဖွဲ့အစည်းများက ထပ်တူညီသော (သို့မဟုတ်) ရှုပ်ထွေးမှားယွင်းစေနိုင်သော အမှတ်တံဆိပ်များကို အသုံးပြုခဲ့ပါက၊ ကုမ္ပဏီ၏ ဝိသေသအမှတ်အသား (corporate identity)၊ အမှတ်တံဆိပ် တည်ဆောက်မှု (branding) နှင့် ဝယ်ယူသူများ၏ အသိအမှတ်ပြုမှုတို့ကို ကာကွယ်နိုင်စွမ်းအပေါ် ဆိုးကျိုးသက်ရောက်နိုင်ပြီး ယင်း မှတဆင့် ကျွန်ုပ်တို့၏ လုပ်ငန်းနှင့် ဂုဏ်သတင်းအပေါ် ထိခိုက်မှုများ ဖြစ်ပေါ်စေနိုင်ပါသည်

သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများထံတွင် အချို့သော အလုပ်ခန့်ထားမှု သဘောတူစာချုပ်များကို မှတ်ပုံတင်ထားခြင်း မရှိသည့်အတွက် ကျွန်ုပ်တို့သည် ဒဏ်ကြေးများ ပေးဆောင်ရနိုင်သည့် အခြေအနေရှိနိုင်ပါသည်။

၂၀၁၃ ခုနှစ်၊ အလုပ်အကိုင်နှင့် ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ (Employment and Skills Development Law 2013) အရ အလုပ်ရှင်များသည် အလုပ်သမားများနှင့် အလုပ်ခန့်ထားမှု သဘောတူစာချုပ်များကို ချုပ်ဆိုရန်နှင့် သတ်မှတ်ထားသော အချိန်ကာလအတွင်း သက်ဆိုင်ရာ မြို့နယ်အလုပ်သမားရုံးသို့ မိတ္တူများ ပေးပို့တင်ပြရန် လိုအပ်ပါသည်။ ဤလိုအပ်ချက်များကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ပါက ပြစ်ဒဏ်များအပြင် ရာဇဝတ်ကြောင်းအရ အရေးယူမှုများပါ ကြုံတွေ့ရနိုင်ပါသည်။ လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခဲ့သည့် ကာလအပိုင်းအခြားနှင့် ပတ်သက်၍ သက်ဆိုင်ရာ အာဏာပိုင်များက ကျွန်ုပ်တို့အပေါ် ဥပဒေအရ အရေးယူဆောင်ရွက်မှုများ ပြုလုပ်မည် မဟုတ်ကြောင်း အာမခံချက်မပေးနိုင်ပါ။

ထို့အပြင် မှတ်ပုံတင်ထားခြင်းမရှိသော အလုပ်ခန့်ထားမှု သဘောတူစာချုပ်များသည် ကျွန်ုပ်တို့၏ အလုပ်သမားများအပေါ် စာချုပ်ပါ စည်းကမ်းချက်များအတိုင်း လိုက်နာကျင့်သုံးရန် စိန်ခေါ်မှုများ ရှိလာနိုင်ပါသည်။

ကျွန်ုပ်တို့၏ အလုပ်ခန့်ထားမှု သဘောတူစာချုပ်များကို မှတ်ပုံတင်ရန် ပျက်ကွက်မှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် တရားစွဲဆိုခံရမှု၊ ပြစ်ဒဏ်စီရင်ခံရမှု၊ ဒဏ်ကြေးများ သို့မဟုတ် ဆိုးကျိုးသက်ရောက်စေနိုင်သော စစ်ဆေးတွေ့ရှိချက်များသည် ကျွန်ုပ်တို့၏ လုပ်ငန်း၊ ဘဏ္ဍာရေးအခြေအနေ၊ လုပ်ငန်းလည်ပတ်မှုရလဒ်များနှင့် ဂုဏ်သတင်းတို့အပေါ် သိသာထင်ရှားသော ဆိုးကျိုးသက်ရောက်မှု ရှိနိုင်ပါသည်။

မြန်မာနိုင်ငံ တံဆိပ်ခေါင်းအက်ဥပဒေ (Myanmar Stamp Act) နှင့်အညီ လိုအပ်သော တံဆိပ်ခေါင်းခွန် ထမ်းဆောင်ထားခြင်း မရှိသည့် အချို့သော သဘောတူစာချုပ်များကို ဥပဒေကြောင်းအရ အတည်ပြုဆောင်ရွက်ရန် အခက်အခဲရှိနိုင်ပါသည်။

၁၈၉၉ ခုနှစ်၊ မြန်မာနိုင်ငံ တံဆိပ်ခေါင်းအက်ဥပဒေ (Stamp Act) အရ ငှားရမ်းမှု သဘောတူစာချုပ်များ (lease agreements) အပါအဝင် အချို့သော စာချုပ်စာတမ်းများ (instruments) အပေါ်တွင် လက်မှတ် မရေးထိုးမီ သို့မဟုတ် ရေးထိုးသည့်အချိန်တွင် တံဆိပ်ခေါင်းခွန် (stamp duty) ပေးဆောင်ရန် လိုအပ်ပါသည်။ စာချုပ်စာတမ်းတစ်ခုအပေါ်တွင် သတ်မှတ်ထားသော တံဆိပ်ခေါင်းခွန်ကို ထည့်သွင်းထမ်းဆောင်ထားခြင်း မရှိပါက (သို့မဟုတ်) အပြည့်အဝ ထမ်းဆောင်ထားခြင်း မရှိပါက ပေးဆောင်ရန် ကျန်ရှိနေသော တံဆိပ်ခေါင်းခွန်နှင့် သက်ဆိုင်ရာ ဒဏ်ကြေးများကို ပေးဆောင်ပြီးသည့်တိုင်အောင် အဆိုပါစာချုပ်စာတမ်းကို မှတ်ပုံတင်၍မရနိုင်သလို တရားရုံးတွင် သက်သေအထောက်အထားအဖြစ် တင်ပြ၍လည်း မရနိုင်ပါ။ ထို့အပြင် တံဆိပ်ခေါင်းခွန် ပေးဆောင်ရန် နောက်ကျခြင်း သို့မဟုတ် လုံလောက်စွာ မပေးဆောင်ခြင်းတို့အတွက် ပေးဆောင်ရမည့် တံဆိပ်ခေါင်းခွန် ပမာဏ၏ သုံးဆအထိ ဒဏ်ကြေး ငွေပေးဆောင်ရန် သတ်မှတ်ခြင်း ခံရနိုင်ပါသည်။

တံဆိပ်ခေါင်းခွန် လုံလောက်စွာ ထမ်းဆောင်ထားခြင်း မရှိသော သဘောတူစာချုပ်တစ်ခုအား အိမ်ရှင် သို့မဟုတ် အခြားသော အဖွဲ့အစည်းများနှင့် အငြင်းပွားမှု ဖြစ်ပွားခြင်းကဲ့သို့သော ဖြစ်ရပ်များတွင် သက်သေအထောက်အထားအဖြစ် တင်ပြနိုင်စွမ်း မရှိခြင်းသည့်အတွက် အဆိုပါစာချုပ်အရ ကျွန်ုပ်တို့၏ ရပိုင်ခွင့်များကို ဥပဒေကြောင်းအရ အတည်ပြု ဆောင်ရွက်နိုင်စွမ်းအပေါ် ဆိုးကျိုး သက်ရောက်စေနိုင်ပါသည်။

မြန်မာနိုင်ငံနှင့် စပ်လျဉ်း၍ ဆုံးရှုံးနိုင်သည့်အချက်များ

ကျွန်ုပ်တို့ ကုမ္ပဏီအနေဖြင့် မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ လုံခြုံရေး၊ စီးပွားရေးနှင့် လူမှုရေး အခြေအနေများ၏ သက်ရောက်မှု ခံရနိုင်ပါသည်။

မြန်မာနိုင်ငံ၏ စီးပွားရေးသည် (ငွေရေးကြေးရေးကဏ္ဍ နှင့် စာရင်းကိုင်စနစ်တို့ အပါအဝင်) ဖွံ့ဖြိုးတိုးတက်ဆဲ ဖြစ်ပါသည်။ ထို့ပြင် ကုမ္ပဏီများ အနေဖြင့် ၎င်းတို့၏ မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်း အဆင်ပြေ ချောမွေ့စွာ လုပ်ကိုင်နိုင်ရန်နှင့် ကုန်ကျစရိတ်များအား အကျိုးသက်ရောက်စေနိုင်သည့် ဆက်သွယ်ရေးစနစ်များ လုံလောက်မှုမရှိခြင်း ၊ သယ်ယူပို့ဆောင်ရေး နှင့် အခြား အခြေခံ အဆောက်အအုံများ၊ အသုံးအဆောင်များ နှင့် အခြား မရှိမဖြစ် ဝန်ဆောင်မှုများအား ကိုင်တွယ်ဖြေရှင်းရန် လိုအပ်ကောင်း လိုအပ်မည် ဖြစ်ပါသည်။ လက်ရှိ မြန်မာ အစိုးရ၏ နိုင်ငံရေး၊ စီးပွားရေး နှင့် လူမှုရေး ပြုပြင်ပြောင်းလဲခြင်းများသည် ရှေ့ဆက်သွားနေမည် သို့မဟုတ် အောင်မြင်လိမ့်မည်ဟု သော်လည်းကောင်း၊ မြန်မာနိုင်ငံ၏ စီးပွားရေးလုပ်ငန်းများ နှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပတ်ဝန်းကျင် အနေအထားများသည် ဆက်လက် တိုးတက်ကောင်းမွန်လိမ့်မည် သို့မဟုတ် ရေရှည် တည်တံ့ခိုင်မြဲလိမ့်မည်ဟု လည်းကောင်း အာမခံနိုင်ခြင်း မရှိပါ။ မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး နှင့် လူမှုရေး အခြေအနေများတွင် မလိုလားအပ်သော အပြောင်းအလဲများ ဖြစ်ပေါ်ခြင်း၊ ဘေးအန္တရာယ် ကင်းရှင်းရေး နှင့် လုံခြုံရေးတို့အား ထိခိုက်နိုင်သော အခြေအနေများ ရှိနေခြင်းတို့သည် ကျွန်ုပ်တို့ စီးပွားရေးလုပ်ငန်းမှ အလားအလာရှိသော ဝယ်ယူသူများအား ဆွဲဆောင်နိုင်မှုအပေါ် မလိုလားအပ်သည့် သက်ရောက်မှုများ ဖြစ်ပေါ်စေနိုင်ပါသည်။

မြန်မာနိုင်ငံ၏ တရားဥပဒေစနစ်ကို ဖွံ့ဖြိုးတိုးတက်လာရန် ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံ၏ ဥပဒေ စည်းမျဉ်းများအား မှန်ကန်စွာအဓိပ္ပာယ် ဖွင့်ဆို ကျင့်သုံးရန်လိုအပ်သည်။

ကျွန်ုပ်တို့ ကုမ္ပဏီ၏ မြန်မာနိုင်ငံ အတွင်း လုပ်ငန်းဆောင်ရွက်မှုများသည် မြန်မာနိုင်ငံ၏ ဥပဒေပြုရေး မဏ္ဍိုင်က ပြဋ္ဌာန်းသည့် ဥပဒေ စည်းမျဉ်းများဖြင့် လည်းကောင်း၊ အစိုးရ အာဏာပိုင်များနှင့် အစိုးရ အဖွဲ့အစည်းအသီးသီးတို့က ထုတ်ပြန်သော အမိန့်ကြော်ငြာစာများ၊ လမ်းညွှန်ချက်များဖြင့် လည်းကောင်း အကျုံးဝင်ပါသည်။

မြန်မာနိုင်ငံ၏ တရားဥပဒေ မူဘောင်များအား ခေတ်မီ အားကောင်း စေသည့် မြန်မာ့ဥပဒေ စည်းမျဉ်းများ ဆိုင်ရာ အပြောင်းအလဲများ လတ်တလော အချိန်များ အတွင်း၌ သိသိသာသာ ဖြစ်ပေါ် ခဲ့ပြီး၊ ကျွန်ုပ်တို့၏ ဒါရိုက်တာများ အနေဖြင့် ထိုသို့သော အပြောင်းအလဲများ ဆက်လက် ဖြစ်ပေါ်လိမ့်မည်ဟု ယုံကြည်ပါသည်။ သို့သော်လည်း မြန်မာနိုင်ငံတော်အစိုးရ အနေဖြင့် ၎င်း၏ တရားရေး စနစ်ကို ရင်းနှီးမြှုပ်နှံသူများ၏ လိုအပ်ချက်များဖြင့် ကိုက်ညီမှု ရှိစေရန် အတွက် လည်းကောင်း၊ နိုင်ငံခြားမှ ရင်းနှီးမြှုပ်နှံမှုများကို အားပေး ဆွဲဆောင်ရန် အတွက် လည်းကောင်း၊ တိုးတက် ဖွံ့ဖြိုးစေရေး ဆောင်ရွက်နေဆဲ ဖြစ်ရာ၊ လက်ရှိ ဥပဒေ စည်းမျဉ်းများ အနေဖြင့် အချို့သော ဖြစ်ရပ် သို့မဟုတ် အခြေအနေများတွင် သက်ရောက်ခြင်း ရှိမရှိ၊ သက်ရောက်ပါက မည်သို့ သက်ရောက်မည် ဆိုသည်တို့ဖြင့် စပ်လျဉ်း၍ မသေချာ မရေရာမှုများ ရှိနေဆဲပင် ဖြစ်ပါသည်။ အထူးသဖြင့် ထိုသို့သော ဥပဒေ စည်းမျဉ်းများ ဆိုင်ရာ အပြောင်းအလဲများက မြန်မာနိုင်ငံ၏ ဥပဒေပိုင်းနှင့် ကြပ်မတ်ကွပ်ကဲရေးပိုင်းတို့အား တိုးတက် ကောင်းမွန်စေခဲ့သော်လည်း၊ အဆိုပါ ဥပဒေ စည်းမျဉ်းများ၏ ပြည့်စုံ လုံလောက်မှုရှိစေရန်နှင့် စိုးရိမ်ပူပန်ချက် အားလုံးကို ဖြေရှင်းပေးနိုင်မှု ရှိရန် မသေချာသည့် အပြင်၊ အချင်းချင်း ဆန့်ကျင် ဝိရောဓိ ဖြစ်နေခြင်း၊ အဓိပ္ပာယ် မထင်ရှားခြင်းနှင့် အဓိပ္ပာယ် ဖွင့်ဆိုမှု အမျိုးမျိုး ကွဲပြားနေခြင်းတို့ ရှိနေနိုင်ပါသည်။

ထို့ပြင် မြန်မာနိုင်ငံ၏ ဥပဒေ နှင့် စည်းမျဉ်းများကို အလွတ်သဘောဖြစ်သော သို့မဟုတ် ဌာနတွင်း ဖြစ်သော လမ်းညွှန်ချက်များ၊ ကျင့်ထုံးများဖြင့် ဖြည့်စွက်ခြင်း သို့မဟုတ် အခြားနည်း ပြုပြင်ခြင်းတို့ ရှိနေနိုင်သည့် အပြင်၊ အဆိုပါ လမ်းညွှန်ချက်များ၊ ကျင့်ထုံးများ အတွက် မှတ်တမ်း မှတ်ရာ မရှိမှု၊ ယေဘုယျအားဖြင့် အများပြည်သူက မရရှိနိုင်မှုနှင့် တသမတ်တည်း ကျင့်သုံးခြင်း မရှိမှုတို့ဖြင့်လည်း ရင်ဆိုင်ရနိုင်ပါသည်။ ထိုသို့သော လမ်းညွှန်ချက်များ၊ ကျင့်ထုံးများဖြင့် စပ်လျဉ်း၍ တရားရုံးများမှ စီရင်ချက် မချဖူးခြင်း၊ ဥပဒေပြုရေး ကဏ္ဍမှ မပြဋ္ဌာန်းဖူးခြင်း ဖြစ်နိုင်သည့် အပြင်၊ ကြိုတင် အသိပေးခြင်း မရှိဘဲ သို့မဟုတ် လုံလောက်စွာ အသိပေးခြင်း မရှိဘဲ ပြောင်းလဲသွားခြင်းလည်း ဖြစ်နိုင်ပါသည်။ထိုမှတစ်ပါးလည်း မြန်မာနိုင်ငံ၏ ဥပဒေ စည်းမျဉ်းများအား အဓိပ္ပာယ် ဖွင့်ဆိုခြင်း၊ အကောင်အထည်ဖော်ခြင်း သို့မဟုတ် စည်းကြပ်ကျင့်သုံးခြင်းတို့နှင့် စပ်လျဉ်း၍ ရှေ့မှ စီရင်ထုံး သာဓကများတွင်လည်း အကန့်အသတ်များ ရှိနေပါသည်။ ယင်းကြောင့် မြန်မာနိုင်ငံ၏ ဥပဒေ စည်းမျဉ်းများအား အဓိပ္ပာယ် ဖွင့်ဆိုခြင်းနှင့် အသုံးချခြင်း တို့တွင် နောက်ထပ် မသေချာ မရေရာမှုများ ဖြစ်ပေါ် လာစေနိုင်ပါသည်။

မြန်မာနိုင်ငံ အနေဖြင့် စီရင်ထုံးပြုဥပဒေ၊ ပြဋ္ဌာန်းဥပဒေနှင့် ဓလေ့ထုံးတမ်းဥပဒေ စနစ်များအား ရောယှက်ကာ လက်ခံ ကျင့်သုံးသော်လည်း၊ ဥပဒေများအား အကောင်အထည်ဖော် ဆောင်ရွက်ရာ၌ အစိုးရ ပေါ်လစီများက လွှမ်းမိုးပါသည်။ ထို့ပြင် မြန်မာနိုင်ငံ၏ ဥပဒေများနှင့် စည်းမျဉ်း စည်းကမ်းများကို စည်းကြပ်ကျင့်သုံးရာတွင် အာဏာပိုင်များ၏ သဘောအတိုင်း ဆုံးဖြတ်ခြင်း အတိုင်းအတာ တစ်ခု အထိ ပါရှိနေနိုင်ပြီး၊ ဒေသန္တရ အစိုးရ၊ အစိုးရအာဏာပိုင်နှင့် အစိုးရအဖွဲ့အစည်းအသီးသီး အလိုက် အကောင်အထည်ဖော် ဆောင်ရွက်ပုံ ကွဲပြားမှု ရှိနိုင်ပါသည်။

မည်သို့ပင် ဖြစ်စေ၊ လက်ရှိ အချိန်တွင် တရားရုံးဖြင့် ဖြစ်စေ၊ အနုညာတနည်းဖြင့် ဖြစ်စေ၊ ကူးသန်း ရောင်းဝယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု ဆိုင်ရာ အငြင်းပွားမှုများအား ပြည်တွင်း အနုညာတခုံရုံးများဖြင့် ဖြေရှင်းခြင်းမှာ အကန့်အသတ်ဖြင့်သာ ရှိပါသည်။ မြန်မာနိုင်ငံ၏ တရားရုံးများတွင် ကူးသန်းရောင်းဝယ်ရေး ဆိုင်ရာ အငြင်းပွားမှုများ ဖြေရှင်းခြင်းဖြင့် စပ်လျဉ်း၍ အတွေ့အကြုံ သိသိသာသာ နည်းပါးဆဲ ဖြစ်ပါသည်။ အနုညာတနည်းဖြင့် ဖြေရှင်းခြင်းကို ၂၀၁၆-ခုနှစ် အနုညာတ စီရင်ဆုံးဖြတ်ခြင်း ဥပဒေဖြင့် အညီ လုပ်ဆောင်နိုင်သော်လည်း၊ ကူးသန်းရောင်းဝယ်ရေး ဆိုင်ရာ အငြင်းပွားမှုများ အတွက် ခုံသမာဓိ နာယက အဖြစ် ဆောင်ရွက် အဆုံးအဖြတ်ပေးနိုင်သည့် ပြည်တွင်း၌ ကျွမ်းကျင်သူတို့မှာ အကန့်အသတ်ဖြင့်သာ ရှိပါသည်။

မြန်မာနိုင်ငံ၏ တရားရေးစနစ် အတွင်းရှိ မသေချာမရေရာမှုများသည် လည်းကောင်း၊ မြန်မာနိုင်ငံ ဥပဒေ စည်းမျဉ်းများအား အဓိပ္ပာယ် ဖွင့်ဆို ကျင့်သုံးရာ၌ မသေချာမရေရာမှုများသည် လည်းကောင်း၊ ကျွန်ုပ်တို့ စီးပွားရေးလုပ်ငန်း၏ ဆွဲဆောင်နိုင်မှု အပေါ် မလိုလား အပ်သည့် သက်ရောက်မှုများ ဖြစ်ပေါ်စေနိုင်ပါသည်။ ထိုမှ တစ်ဆင့် ကျွန်ုပ်တို့ ကုမ္ပဏီ၏ စီးပွားရေးလုပ်ငန်း၊ လုပ်ငန်းဆောင်ရွက်မှု ရလဒ်များ၊ ငွေဖြစ်လွယ်မှု (liquidity) နှင့် ဘဏ္ဍာရေး အနေအထားတို့အပေါ်သို့လည်း မလိုလား အပ်သည့် သက်ရောက်မှုများ ဖြစ်ပေါ် နိုင်ပါသည်။

မြန်မာနိုင်ငံ အပေါ် ချမှတ်သော တားဆီးပိတ်ဆို့မှုများက ကျွန်ုပ်တို့၏ကုမ္ပဏီ အပေါ် သက်ရောက်မှု ရှိနိုင်ပါသည်။

ကျွန်ုပ်တို့ ကုမ္ပဏီ အနေဖြင့် မြန်မာနိုင်ငံ အပေါ် ချမှတ်သော တားဆီးပိတ်ဆို့မှုများ၏ သက်ရောက်မှုကို ခံရနိုင်ပါသည်။ ယင်းကဲ့သို့ မြန်မာနိုင်ငံ အပေါ် တားဆီးပိတ်ဆို့မှု (အားလုံး မဟုတ်သော်လည်း) အချို့ကို ယာယီ ဆိုင်းငံ့ခြင်း သို့မဟုတ် အပြီးတိုင် ဖယ်ရှားခြင်း လုပ်ဆောင်ပြီး ဖြစ်သော်လည်း၊ သက်ဆိုင်ရာ ဆိုင်းငံ့ထားမှုများအား အပြီးတိုင် ဖယ်ရှားခြင်း ပြုမပြု၊ ယာယီ ဆိုင်းငံ့ခြင်း ပြုမပြု၊ တားဆီးပိတ်ဆို့မှုအသစ်များကို ဆောင်ရွက်ခြင်း ပြုမပြု ၊ သို့မဟုတ် နောက်ထပ် တားဆီးပိတ်ဆို့မှုများ ပြုမပြု မသေချာပါ။ ထိုသို့ ဆက်လက် တည်ရှိနေသည့် တားဆီး ပိတ်ဆို့မှုများသည် လည်းကောင်း၊ ဆိုင်းငံ့ထားသည့် တားဆီးပိတ်ဆို့မှုများအား သက်တမ်းတိုး မပေးခြင်းသည် လည်းကောင်း၊ နောက်ထပ် တားဆီး ပိတ်ဆို့မှုများ ချမှတ်ခြင်းသည် လည်းကောင်း မြန်မာနိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အနှောက်အယှက် ဖြစ်စေပြီး၊ ကျွန်ုပ်တို့ စီးပွားရေးလုပ်ငန်း၏ အလားအလာရှိသော ဝယ်ယူသူတို့အား ဆွဲဆောင်နိုင်မှု အပေါ် မလိုလား အပ်သည့် သက်ရောက်မှုများ ဖြစ်ပေါ် စေနိုင်ပါသည်။ ထိုမှ တစ်ဆင့် ကျွန်ုပ်တို့ ကုမ္ပဏီ၏ စီးပွားရေးလုပ်ငန်း၊ လုပ်ငန်းဆောင်ရွက်မှု ရလဒ်များ၊ ငွေဖြစ်လွယ်မှု (liquidity) နှင့် ဘဏ္ဍာရေး အနေအထားတို့အပေါ်သို့လည်း မလိုလား အပ်သည့် သက်ရောက်မှုများ ဖြစ်ပေါ် နိုင်ပါသည်။

မြန်မာနိုင်ငံတွင် လုပ်ဆောင်မည့် ပရောဂျက်တို့ အတွက် အများနှင့် သက်ဆိုင်သောကဏ္ဍမှ လည်းကောင်း၊ အများနှင့် မသက်ဆိုင်သော ကဏ္ဍမှလည်းကောင်း ဘဏ္ဍာငွေ ဖြည့်တင်းနိုင်မှု အားနည်းနေဆဲ ဖြစ်ပါသည်။

မကြာသေးမီက ပြဋ္ဌာန်းသည့် ဥပဒေအရ မြန်မာနိုင်ငံရှိဘဏ်များအား နိုင်ငံခြားငွေ ကိုင်တွယ် ဆောင်ရွက်ခွင့်နှင့် မြန်မာကုမ္ပဏီများသို့ နိုင်ငံခြားငွေဖြင့် ငွေချေးခွင့်များ လိုင်စင်ချထားပေးပြီး ဖြစ်သော်လည်း၊ မြန်မာနိုင်ငံအတွင်း ဆောင်ရွက်လျက်ရှိသော ပရောဂျက်တို့ အတွက် ဘဏ္ဍာငွေ ရရှိနိုင်မှုတွင် အကန့်အသတ် ရှိဆဲပင် ဖြစ်ပြီး၊ ဆက်၍လည်း ရှိနေနိုင်ပါသည်။ လက်ရှိအချိန်တွင် ပြည်တွင်းဘဏ်များထံမှ ချေးငွေရယူနိုင်သော်လည်း ပြည်တွင်းဘဏ်များမှ ချေးငွေရယူသည့် စရိတ်မှာ မြင့်မားလှပါသည်။ ပြည်ပမှ ချေးငွေ ရယူသည့် နည်းလမ်း တစ်ခု ရှိသေးသော်လည်း ယင်းမှာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ခွင့်ပြုချက် ရရှိမှု အပေါ် မူတည်ပါသည်။ ဘဏ္ဍာငွေ ဖြည့်တင်းရေး နည်းလမ်းများတွင် ရွေးချယ်ခွင့် နည်းပါးခြင်းနှင့် သက်ဆိုင်ရာ ဘဏ္ဍာငွေ ဇစ်မြစ် အသီးသီးမှ ကျွန်ုပ်တို့ ကုမ္ပဏီ အပေါ် ကန့်သတ်ချက်များ ချမှတ်ခြင်းတို့ကြောင့် ကျွန်ုပ်တို့ ကုမ္ပဏီသည် အနာဂတ် တိုးချဲ့ရေး အစီအစဉ်များ အတွက် ဘဏ္ဍာငွေ လုံလောက်စွာ ရရှိင်လိမ့်မည်ဟု မည်သည့် အာမခံချက်မျှ မပေးနိုင်ပါ။

မြန်မာနိုင်ငံ၏ လက်ရှိ စီးပွားရေးအခြေအနေအရ ပြည်တွင်းရှိ အခြားလုပ်ငန်းများ၏ စာရင်းဇယားများ နှင့် မျက်မှောက် သတင်းအချက် အလက်များကိုရရှိရန် ခက်ခဲနိုင်ပါသည်။

ဈေးကွက်သတင်းအချက်အလက်များ လုံလောက်စွာမရရှိသည့်အတွက် အစုရှယ်ယာများကို လုံလောက်စွာ ဈေးနှုန်း မသတ်မှတ်နိုင်ခြင်းမျိုး ဖြစ်နိုင်ပြီး မိမိတို့၏ စွမ်းဆောင်ရည်ကို တိုင်းတာဆုံးဖြတ်ရာတွင် ခက်ခဲနိုင်ပါသည်။ တိကျသော သတင်း အချက်အလက်များ မရရှိသည့်အတွက် မိမိတို့ထံသို့ အခါအား လျော်စွာ ရောက်ရှိလာသော စီးပွားရေး အခွင့်အလမ်းများ၏လားရာ နှင့် အလားအလာ ကို သုံးသပ်တွက်ချက်ရန် ခက်ခဲသဖြင့် မိမိတို့အနေဖြင့် မိမိတို့ လုပ်ငန်းများ၏ ရလဒ် နှင့် ဘဏ္ဍာရေး အခြေအနေများကို ဆိုးကျိုးသက်ရောက်စေနိုင်သော ဆုံးဖြတ်ချက်များကို ချမှတ်လုပ်ဆောင်မိခြင်းမျိုး ဖြစ်ပေါ် နိုင်ပါသည်။

မြန်မာနိုင်ငံတွင် ကျွမ်းကျင်လုပ်သားများ ရှားပါးလာမှုကြောင့် ကျွန်ုပ်တို့အပေါ် ဆိုးရွားစွာ သက်ရောက်နိုင်ပါသည်။

ကျွန်ုပ်တို့ကုမ္ပဏီသည် အရောင်း၊ စျေးကွက်ရှာဖွေခြင်း၊ နည်းပညာဆိုင်ရာ ဝန်ဆောင်မှုပေးခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှု ပစ္စည်းကိရိယာများတွင် အထူးကျွမ်းကျင်မှုရှိသော လုပ်သားအင်အားကို အားထားရပါသည်။ မကြာမီနှစ်များအတွင်း ပိုမိုများပြားသော လုပ်သားများသည် နိုင်ငံခြားအခွင့်အလမ်းများကို ရှာဖွေလာကြသည့်အတွက် ပြည်တွင်းကုမ္ပဏီများအနေဖြင့် ကျွမ်းကျင်ပညာရှင်များ ရှားပါးခြင်းကို ကြုံတွေ့ရပြီး ပြည်တွင်းတွင် အရည်အချင်းပြည့်မီသော ပညာရှင်များကို ထိန်းသိမ်းထားရန် နှင့် ခန့်အပ်ရာတွင် အခက်အခဲများ ဖြစ်ပေါ်လျက်ရှိပါသည်။ ရလဒ်အနေဖြင့် ခန့်အပ်ခြင်း နှင့် လေ့ကျင့်သင်ကြားခြင်းဆိုင်ရာ ကုန်ကျစရိတ်များ ပိုမိုမြင့်တက်လာကာ လုပ်ငန်းလည်ပတ်မှု ထိရောက်မှုမရှိခြင်း နှင့် လုပ်ငန်း အစီအစဉ်များ အကောင်အထည်ဖော်ရာတွင် နှောင့်နှေးကြန့်ကြာမှုများ ဖြစ်ပေါ်စေနိုင်ပါသည်။ ကျွမ်းကျင်ဝန်ထမ်းများ ရရှိရန် နှင့် ထိန်းသိမ်းထားရန် မစွမ်းဆောင်နိုင်ခြင်းသည် ကုမ္ပဏီ၏ ယှဉ်ပြိုင်နိုင်စွမ်း၊ ထုတ်လုပ်နိုင်စွမ်းနှင့် ၎င်း၏ စီးပွားရေးလုပ်ငန်း ရည်မှန်းချက်များ အောင်မြင်အောင် ဆောင်ရွက်နိုင်စွမ်းကို ဆိုးရွားစွာ အကျိုးသက်ရောက်စေနိုင်ပါသည်။

သဘာဝဘေးအန္တရာယ်များသည် ကျွန်ုပ်တို့အား ဆိုးရွားစွာ အကျိုးသက်ရောက်စေနိုင်ပါသည်။

မြန်မာနိုင်ငံတွင် အခါအားလျော်စွာ ဖြစ်ပေါ်လေ့ရှိသော ရေလွှမ်းမိုးမှု၊ ငလျင်နှင့် ပြင်းထန်သည့်ရာသီဥတု အဖြစ်အပျက်များကဲ့သို့သော သဘာဝဘေးအန္တရာယ်များကြောင့် ကုမ္ပဏီ၏ လုပ်ငန်းဆောင်ရွက်မှုများနှင့် ကုန်ပစ္စည်းများ ဖြန့်ဖြူးရေးကွန်ယက်ကို ထိခိုက်စေနိုင်ပါသည်။ ထိုအဖြစ်အပျက်များသည် အခြေခံအဆောက်အအုံများ၊ သယ်ယူပို့ဆောင်ရေးစနစ်နှင့် ကုန်ပစ္စည်း ထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်းများကို ထိခိုက်ပျက်စီးစေနိုင်ပါသည်။ ထို့အပြင် သဘာဝဘေးအန္တရာယ်များသည် ပြုပြင်ခြင်း၊ အာမခံထားရှိခြင်း သို့မဟုတ် အခြားနည်းလမ်းများ အသုံးပြုရန် လိုအပ်ခြင်း၊ ပိုမိုစျေးကြီးသော သယ်ယူပို့ဆောင်ရေး လမ်းကြောင်းများ အသုံးပြုရန် လိုအပ်ခြင်းတို့ကြောင့် လုပ်ငန်းလည်ပတ်မှု ကုန်ကျစရိတ်များကို တိုးစေနိုင်ပါသည်။ ဤအနှောင့်အယှက်များသည် စားသုံးသူများ၏ ဝယ်ယူလိုသော စိတ်ဆန္ဒကို ကျဆင်းစေပြီး ဝယ်ယူသူများ၏ ဝယ်လိုအားကို လျော့နည်းစေနိုင်ကာ၊ အထူးသဖြင့် ဘေးသင့်ဒေသများတွင် စီးပွားရေးလုပ်ငန်းဆောင်တာများ နှေးကွေးသွားခြင်း သို့မဟုတ် ဝယ်ယူနိုင်စွမ်း ယာယီလျော့နည်းသွားခြင်းကို ဖြစ်ပေါ်စေနိုင်ပါသည်။ ဤဆုံးရှုံးနိုင်ခြေများ၏ ကြိုတင်ခန့်မှန်းရန် ခက်ခဲသော သဘောသဘာဝအလျှောက် ကျွန်ုပ်တို့၏ လုပ်ငန်းဆောင်ရွက်မှုများ၊ ဘဏ္ဍာရေးအခြေအနေ၊ ဝယ်ယူသူများ၏ ဝယ်လိုအားနှင့် စီးပွားရေးလုပ်ငန်းတစ်ခုလုံး၏ စွမ်းဆောင်ရည်တို့တွင် ဆိုးရွားစွာ သက်ရောက်မှုရှိနိုင်ပါသည်။

ဤ အစုရှယ်ယာကမ်းလှမ်းခြင်း၊ စာရင်းတင်သွင်းခြင်းနှင့် ပတ်သက်သော ဆုံးရှုံးနိုင်ခြေများ

ကမ်းလှမ်းမှုအောင်မြင်စွာပြီးမြောက်ခြင်းနှင့်ပတ်သက်၍အာမခံချက်မရှိခြင်း

ယခုကမ်းလှမ်းမှုကို ပြီးမြောက်အောင်မြင်စေရန်အတွက် ဝယ်ယူရမည့် အနည်းဆုံး အစုရှယ်ယာအရေအတွက် သတ်မှတ်ထားခြင်း မရှိပါ။ သို့ရာတွင် ယခုကမ်းလှမ်းမှုသည် အကောင်းဆုံး ကြိုးစားအားထုတ်မှုစနစ် (best-efforts basis) အပေါ် အခြေခံ၍ ဆောင်ရွက်ခြင်းဖြစ်သဖြင့် ကမ်းလှမ်းမှု အောင်မြင်စွာ ပြီးမြောက်ခြင်းသည် အခြားသောအချက်များအပြင် ရင်းနှီးမြှုပ်နှံသူများ၏ ဝယ်လိုအား၊ လက်ရှိစျေးကွက် အခြေအနေများနှင့် အထွေထွေ စီးပွားရေး ပတ်ဝန်းကျင်တို့အပေါ်တွင်လည်း မူတည်နေပါသည်။ စီးပွားရေး အခြေအနေများ၊ ဘဏ္ဍာရေး စျေးကွက်များ သို့မဟုတ် ရင်းနှီးမြှုပ်နှံသူများ၏ သဘောထားများ ဆိုးကျိုးဘက်သို့ ပြောင်းလဲလာပါက အစုရှယ်ယာများ၏ ဝယ်လိုအားကို ထိခိုက်စေနိုင်ပါသည်။ အကယ်၍ ယခုကမ်းလှမ်းမှုအပေါ် စျေးကွက်၏ တုံ့ပြန်မှုသည် လုံလောက်သော အခြေအနေတွင် မရှိကြောင်း ကုမ္ပဏီမှ ဆုံးဖြတ်ပါက ၎င်း၏ သဘောဆန္ဒအလျောက် ကမ်းလှမ်းမှု၏ ပမာဏကို လျှော့ချခြင်း သို့မဟုတ် ကမ်းလှမ်းမှုတစ်ခုလုံးကို ဖျက်သိမ်းခြင်းများ ပြုလုပ်နိုင်ပါသည်။ သို့ဖြစ်ပါ၍ ယခုကမ်းလှမ်းမှုသည် ဤ အလားအလာညွှန်းတမ်းတွင် ဖော်ပြထားသည့်အတိုင်း ပြီးမြောက်မည် သို့မဟုတ် ပြီးမြောက်ခြင်း ရှိ၊ မရှိ ဆိုသည်နှင့် ပတ်သက်၍ အာမခံချက် ပေးနိုင်ခြင်း မရှိပါ။

အနာဂတ်တွင် သိသာထင်ရှားသော အတိုင်းအတာဖြင့် အစုရှယ်ယာများအား ရောင်းချခြင်းကြောင့် ကျွန်ုပ်တို့ အစုရှယ်ယာများ၏ ဈေးကွက်ပေါက်ဈေးအပေါ် မလိုလားအပ်သော သက်ရောက်မှုများ ရှိလာစေနိုင်ပါသည်။

ကမ်းလှမ်းမှု ပြုလုပ်ပြီးသည်နှင့် ချက်ချင်းဆိုသလို ကျွန်ုပ်တို့၏ အစုရှယ်ယာများကို မြန်မာနိုင်ငံရှိ အများပြည်သူဆိုင်ရာ ဈေးကွက်တွင် ရောင်းချနိုင်မည် ဖြစ်ပါသည်။ နောင်အနာဂတ်တွင် ကျွန်ုပ်တို့၏ အစုရှယ်ယာများကို အများပြည်သူဆိုင်ရာ ဈေးကွက်၌ ရောင်းချခြင်း သို့မဟုတ် ရောင်းချရန် ရှိနေခြင်းတို့သည် ကျွန်ုပ်တို့၏ အစုရှယ်ယာဈေးနှုန်းအပေါ် ကျဆင်းစေသည့် ဖိအားများ ရှိလာနိုင်ပါသည်။ ကမ်းလှမ်းမှု ပြုလုပ်ပြီးနောက် အများပြည်သူဆိုင်ရာ ဈေးကွက်တွင် အစုရှယ်ယာ အရေအတွက် အမြောက်အမြားကို ရောင်းချခြင်း သို့မဟုတ် ထိုသို့ ရောင်းချမှုများ ရှိလာနိုင်သည်ဟု ယူဆခြင်းတို့သည် ကျွန်ုပ်တို့၏ အစုရှယ်ယာဈေးကွက်ပေါက်ဈေးအပေါ် အရေးကြီးသော ဆိုးကျိုးသက်ရောက်မှု ရှိနိုင်ပါသည်။

ကျွန်ုပ်တို့၏ အစုရှယ်ယာဈေးနှုန်းသည် အတက်အကျရှိနိုင်ပါသည်။

ကျွန်ုပ်တို့၏ အစုရှယ်ယာများ၏ ဈေးကွက်ပေါက်ဈေးသည် အခြားသောအချက်များအပြင် အောက်တွင် ဖော်ပြထားသော အချက်အလက်များကြောင့် သိသာထင်ရှားစွာနှင့် လျင်မြန်စွာ အတက်အကျ ဖြစ်ပေါ် နိုင်ပါသည်။

- ကျွန်ုပ်တို့ ကုမ္ပဏီ၏ ဘဏ္ဍာရေးနှင့် လုပ်ငန်းဆောင်ရွက်မှု ရလဒ် အမှန်တို့နှင့် ရင်းနှီးမြှုပ်နှံသူများ၊ လေ့လာဆန်းစစ်သူများ မျှော်လင့်ထားသည့် ရလဒ်တို့ အကြား ကွာခြားမှုများ၊
- ကျွန်ုပ်တို့ကုမ္ပဏီ၏ စီးပွားရေးလုပ်ငန်းနှင့် လည်ပတ်လုပ်ကိုင်မှုများ အပေါ် ထင်မြင် မျှော်မှန်းချက်များ၊
- ဤကုမ္ပဏီ၏ လုပ်ငန်းဆောင်ရွက်မှု ရလဒ်များတွင် အပြောင်းအလဲ ရှိမှုများ၊
- ငွေချေးသက်သေခံလက်မှတ်များ လေ့လာဆန်းစစ်သူတို့က ပြုလုပ်သော ဤကုမ္ပဏီ၏ ဘဏ္ဍာရေး စွမ်းဆောင်ရည်ဖြင့် စပ်လျဉ်းသည့် ခန့်မှန်းချက်နှင့် အကြံပြုထောက်ခံချက် ပြောင်းလဲမှုများ၊
- အလားတူ ကုမ္ပဏီတို့၏ ဈေးကွက် တန်ဖိုးဖြတ်မှုများတွင် ပြောင်းလဲမှုများ၊
- ကျွန်ုပ်တို့ ကုမ္ပဏီ အနေဖြင့် တရားစွဲဆိုမှု တစ်စုံတစ်ရာတွင် ပါဝင်ပတ်သက်ခြင်း၊
- အဓိကကျသည့် ဝန်ထမ်းများ ထပ်မံခန့်ထားခြင်းများ သို့မဟုတ် နှုတ်ထွက်ခြင်းများ၊
- အထွေထွေ စီးပွားရေး နှင့် စတော့ဈေးကွက် အခြေအနေ အပြောင်းအလဲများ။

ကျွန်ုပ်တို့၏ ကုမ္ပဏီ သို့မဟုတ် ဒါရိုက်တာ သို့မဟုတ် အမှုဆောင်အရာရှိတို့နှင့် ပတ်သက်သည့် မကောင်းသတင်းသည် ကျွန်ုပ်တို့ အစုရှယ်ယာများ၏ ဈေးနှုန်း အပေါ် မလိုလားအပ်သော သက်ရောက်မှုများ ဖြစ်ပေါ်စေနိုင်ပါသည်။

ကျွန်ုပ်တို့၏ ကုမ္ပဏီ သို့မဟုတ် ဒါရိုက်တာ သို့မဟုတ် အမှုဆောင်အရာရှိ တစ်ဦးဦးနှင့် ပတ်သက်၍ မကောင်းသော သတင်း သို့မဟုတ် ကြေညာချက် တစ်စုံတစ်ရာသည် ကျွန်ုပ်တို့ အစုရှယ်ယာများအပေါ် မလိုလားအပ်သော သက်ရောက်မှုများ ဖြစ်ပေါ်စေနိုင်ပါသည်။ ထိုသို့ မကောင်းသော သတင်း သို့မဟုတ် ကြေညာချက်တွင် လူမွဲခံယူခြင်း ဆိုင်ရာအမှုများ (insolvency proceedings)၊ တရားရင်ဆိုင်မှုများ (legal disputes)၊ အခြားကုမ္ပဏီကိုဝယ်ယူခြင်း (takeovers) နှင့် ဖက်စပ်လုပ်ငန်းများ (joint ventures) တို့၌ ကျရှုံးမှုများစသည်တို့နှင့် ပတ်သက်ခြင်းများ ပါဝင်နိုင်ပါသည်။

ကျွန်ုပ်တို့ ကုမ္ပဏီ အနေဖြင့် ရင်းနှီးမြှုပ်နှံသူများအား အမြတ်ဝေစု မပေးနိုင်ခြင်းများလည်း ရှိနိုင်ပါသည်။

ကျွန်ုပ်တို့ ကုမ္ပဏီက အမြတ်ဝေစု ပေးနိုင်ခြင်းနှင့် အခြား ခွဲဝေပေးမှုတို့ ပြုလုပ်နိုင်ခြင်းသည် ကုမ္ပဏီ၏ ဝင်ငွေ၊ ငွေသားစီးဆင်းမှုများနှင့် အနာဂတ် စီးပွားရေး ချဲ့ထွင်ရေး အစီအစဉ်အတွက် ပြန်လည်ရင်းနှီးမြှုပ်နှံမှုများပေါ် မူတည်နိုင်သည့် အပြင်၊ မြန်မာနိုင်ငံ၏ ဥပဒေ စည်းမျဉ်းများနှင့် လည်းကောင်း၊ ချေးငွေနှင့် စပ်လျဉ်း၍ ကုမ္ပဏီက တာဝန်ခံထားသည့် ကတိကဝတ်များနှင့် လည်းကောင်း ကိုက်ညီရန် လိုအပ်မည် ဖြစ်ပါသည်။ ကျွန်ုပ်တို့ ကုမ္ပဏီ စာရင်းရှင်းဖျက်သိမ်းရသည့် ဖြစ်စဉ်မျိုးတွင် ကုမ္ပဏီ၏

ရရန်ပိုင်ခွင့်များ လုံလုံလောက်လောက် ရှိရန် မသေချာသောကြောင့် ကျွန်ုပ်တို့၏ ရင်းနှီးမြှုပ်နှံထားသော ငွေရင်းများ ပြန်လည်ရရှိရန် မသေချာပါ။

အစုရှယ်ယာများ ရောင်းချမှုကန့်သတ်ချက်များ

ကမ်းလှမ်းအစုရှယ်ယာများအား အများပြည်သူထံ ကမ်းလှမ်းရောင်းချခြင်းကို မြန်မာနိုင်ငံပြင်ပရှိ အခြားနိုင်ငံ၏ စီရင်ပိုင်ခွင့် တစ်ရပ်ရပ်တွင် ဆောင်ရွက်ထားပြီး မဖြစ်စေရ သို့မဟုတ် ဆောင်ရွက်ခြင်းမပြုရ၊ သို့မဟုတ် ထိုသို့ ရည်ရွယ်၍ ဆောင်ရွက်ရန် လိုအပ်သော တရားစီရင်ပိုင်ခွင့်တစ်ရပ်ရပ်တွင် ဤစာရွက်စာတမ်း သို့မဟုတ် ကျွန်ုပ်တို့နှင့် ဆက်စပ်သော အခြားပစ္စည်းတစ်ခုခု သို့မဟုတ် ကမ်းလှမ်းရောင်းချသော ရှယ်ယာများအား လက်ဝယ်ထားရှိမှု၊ ဖြန့်ဝေမှု သို့မဟုတ် ဖြန့်ဖြူးမှုမျိုး ရှိပြီးမဖြစ်စေရ သို့မဟုတ် ရှိမလာစေရ။ သို့ဖြစ်၍ နိုင်ငံ သို့မဟုတ် တရားစီရင်ပိုင်ခွင့် တစ်ခုခုတွင် သို့မဟုတ် ယင်းသို့သော နိုင်ငံ တစ်ခုခုမှ သို့မဟုတ် တရားစီရင်ပိုင်ခွင့်၏ သက်ဆိုင်ရာ နည်းဥပဒေများ နှင့် စည်းမျဉ်းစည်းကမ်းများ တစ်စုံတစ်ရာနှင့်အညီ လိုက်နာဆောင်ရွက်ရာ ရောက်စေမည့် အခြေအနေများတွင်မှတစ်ပါး ကမ်းလှမ်းအစုရှယ်ယာများကို၊ တိုက်ရိုက်ဖြစ်စေ သို့မဟုတ် သွယ်ဝိုက်၍ဖြစ်စေ ကမ်းလှမ်းခြင်း၊ ရောင်းချခြင်း မပြုနိုင်သကဲ့သို့ ဤစာရွက်စာတမ်း သို့မဟုတ် ကမ်းလှမ်းအစုရှယ်ယာများနှင့်စပ်လျဉ်းသော အခြားတစ်ပါးသော ကမ်းလှမ်းသောပစ္စည်း သို့မဟုတ် ကြော်ငြာများအား တစ်စုံတစ်ရာ ဖြန့်ဝေခြင်း သို့မဟုတ် ပုံနှိပ်ခြင်းမပြုနိုင်ပါ။

ဤ အလားအလာညွှန်းတမ်း သို့မဟုတ် ကမ်းလှမ်းခြင်းနှင့် သက်ဆိုင်သောအချက်အလက်များကို ဖြန့်ဝေခြင်းနှင့် ကျွန်ုပ်တို့၏ အစုရှယ်ယာများအား ကမ်းလှမ်းခြင်း၊ ရောင်းချခြင်း သို့မဟုတ် ပေးပို့ခြင်းတို့နှင့် ပတ်သက်၍ အချို့နိုင်ငံများတွင် ဥပဒေအရ ကန့်သတ်ထားခြင်းများ ရှိနိုင်ပါသည်။ သို့ဖြစ်ပါ၍ ဤ အလားအလာညွှန်းတမ်းကို လက်ဝယ်ကိုင်ဆောင်ထားသူ သို့မဟုတ် အစုရှယ်ယာကမ်းလှမ်းခြင်းနှင့် ပတ်သက်သောအရေးကြီး အချက်အလက်များ ရှိပါက ကန့်သတ်ချက်များနှင့် လိုက်နာရန် လိုအပ်ချက်များအတွက် သက်ဆိုင်ရာ ဥပဒေအကြံပေးများနှင့် တိုင်ပင်ဆွေးနွေးရန် အကြံပြုလိုပါသည်။ ဤအလားအလာညွှန်းတမ်းကို မည်သည့်အခြေအနေ တစ်ရပ်ရပ်တွင်မဆို ခွင့်ပြုချက်မရှိဘဲ ကမ်းလှမ်းခြင်း သို့မဟုတ် ဖိတ်ခေါ်ရန် အလို့ငှာအသုံးပြုခြင်းမရှိစေရ။

အပိုင်း (၃)။ အစုရှယ်ယာထုတ်ဝေသည့် ကုမ္ပဏီ၏ အချက်အလက်များ

၃.၁။ ကုမ္ပဏီ၏ လုပ်ငန်းဆိုင်ရာ အချက်အလက်များ

၃.၁.၁။ ကုမ္ပဏီ၏ သမိုင်းကြောင်းနှင့် နောက်ခံအခြေအနေ

ကျွန်ုပ်တို့၏ ကုမ္ပဏီ ကို ၁၉၉၃ ခုနှစ် နိုဝင်ဘာလ ၆ ရက်နေ့တွင် မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ (၁၉၁၄) အရ Concordia International Company Limited အမည်ဖြင့် ပေးရန်တာဝန် ကန့်သတ်ထားသည့် အများနှင့်မသက်ဆိုင်သော ကုမ္ပဏီလီမိတက်အဖြစ် မြန်မာနိုင်ငံတွင် စတင်တည်ထောင်ခဲ့ပါသည်။ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ (၂၀၁၇) နှင့် ယင်းနှင့် ဆက်စပ်သော နည်းဥပဒေများနှင့်အညီ ပြန်လည်မှတ်ပုံတင်ရန် သတ်မှတ်ချက်အရ ကုမ္ပဏီ သည် ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်နေ့မှ စတင် အသက်ဝင်စေလျက် ကုမ္ပဏီမှတ်ပုံတင်အမှတ် ၁၇၇၇၀၃၅၅၁ ဖြင့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန (DICA) ၏ အွန်လိုင်းမှတ်ပုံတင်စနစ် (MyCO) တွင် အစုရှယ်ယာများဖြင့် ပေးရန်တာဝန် ကန့်သတ်ထားသည့် အများနှင့်မသက်ဆိုင်သော ကုမ္ပဏီလီမိတက်အဖြစ် ပြန်လည် မှတ်ပုံတင်ခဲ့ပါသည်။ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ရက်နေ့တွင် ကုမ္ပဏီသည် ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ထံ ပုံစံအက်ဖ်-၁ (အစုရှယ်ယာများဖြင့် ပေးရန်တာဝန်ကန့်သတ်ထားသည့် အများနှင့် မသက်ဆိုင်သော ကုမ္ပဏီမှ အစုရှယ်ယာများဖြင့် ပေးရန်တာဝန်ကန့်သတ်ထားသည့် အများနှင့်သက်ဆိုင်သော ကုမ္ပဏီသို့ ပြောင်းလဲရန် လျှောက်လွှာ) ကို တင်သွင်းခဲ့ပြီး ၂၀၂၄ ခုနှစ်၊ မတ်လ ၂၉ ရက်နေ့မှ စတင်အသက်ဝင်စေလျက် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ (၂၀၁၇) အရ Concordia Public Company Limited အမည်ဖြင့် ပြောင်းလဲခဲ့ပါသည်။ ကုမ္ပဏီသည် ၁၉၉၃ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်နေ့မှစ၍ အများနှင့်မသက်ဆိုင်သော ကုမ္ပဏီလီမိတက်အဖြစ် စီးပွားရေးလုပ်ငန်းကို စတင်လည်ပတ်ခဲ့ပြီး အများနှင့်သက်ဆိုင်သောကုမ္ပဏီအဖြစ်သို့ ပြောင်းလဲဖွဲ့စည်းခြင်း ဖြစ်ပါသဖြင့် မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင်၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနတို့မှ အတည်ပြုချက်အရ လုပ်ငန်းစတင်ဆောင်ရွက်ခွင့်လက်မှတ်ကို ထပ်မံထုတ်ပေးရန် မလိုအပ်ကြောင်း ရှင်းလင်းပြီးဖြစ်ပါသည်။

ကုမ္ပဏီသည် ၁၉၉၃ ခုနှစ်တွင် လုပ်ငန်းဆောင်ရွက်မှုများကို စတင်ခဲ့ပြီး ကနဦးတွင် အင်ဂျင်နီယာပစ္စည်းကိရိယာများ ဖြန့်ဖြူးရောင်းချခြင်းကို အဓိကထား ဆောင်ရွက်ခဲ့ပါသည်။ ၁၉၉၇ ခုနှစ်ရောက်သောအခါတွင် ကုမ္ပဏီသည် ဆေးဘက်ဆိုင်ရာ ပစ္စည်းကိရိယာများ ဖြန့်ဖြူးရောင်းချခြင်းကို တိုးချဲ့ဆောင်ရွက်ခြင်းဖြင့် ဖြန့်ဖြူးရောင်းချလျက်ရှိသော ထုတ်ကုန်များ နယ်ပယ်ကို ချဲ့ထွင်ခဲ့ပြီး ကွဲပြားသော စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။ ၂၀၀၀ပြည့်လွန် နှစ်များတွင် ရုံးလုပ်ငန်းသုံး အလိုအလျောက်စက်ပစ္စည်းကိရိယာများ အထိလုပ်ငန်းချဲ့ထွင်ခဲ့ပြီး ကုမ္ပဏီမှာ ကြီးထွားလာခဲ့ပါသည်။ နှစ်ကာလများတစ်လျှောက် ကုမ္ပဏီသည် မြန်မာနိုင်ငံတစ်ဝှမ်းရှိ အဓိက ဈေးကွက်များကို လွှမ်းခြုံနိုင်သော ရုံးခွဲ (၄)ခုအထိ အောင်မြင်စွာ ချဲ့ထွင်နိုင်ခဲ့ပါသည်။

၂၀၁၉ ခုနှစ်တွင် ကုမ္ပဏီသည် www.concordiamyanmar.com ကို စတင်မိတ်ဆက်ခြင်းဖြင့် အွန်လိုင်းဈေးကွက်များသို့ စွန့်စားဝင်ရောက်ခဲ့ပါသည်။ COVID-19 ကပ်ရောဂါနှင့် ၂၀၂၁ ခုနှစ် နိုင်ငံရေး အပြောင်းအလဲများ အပါအဝင် သိသာထင်ရှားသော စိန်ခေါ်မှုများကို ရင်ဆိုင်ရသော်လည်း Concordia သည် ၎င်း၏ လုပ်ငန်းလုပ်ဆောင်မှုများကို ဆက်လက်လည်ပတ်ပြီး လုပ်ငန်းများ ချဲ့ထွင်နိုင်ခဲ့ပါသည်။

၂၀၂၃ ခုနှစ်တွင် ကုမ္ပဏီသည် ISO 9001:2015 လက်မှတ်ရရှိခဲ့ပြီး သိသာထင်ရှားသော မှတ်တိုင်တစ်ခုကို စိုက်ထူနိုင်ခဲ့ပါသည်။ ကုမ္ပဏီသည် ၂၀၂၄ ခုနှစ်တွင် CRM ဆော့ဖ်ဝဲလ်ကို အသုံးပြုခြင်းဖြင့် နည်းပညာပိုင်းဆိုင်ရာ ပြောင်းလဲမှုအဆင့်ဆင့်ကို ဆောင်ရွက်ခဲ့ပါသည်။

ဆုတံဆိပ်များနှင့် ဂုဏ်ပြုချီးမြှင့်မှုများ
နည်းပညာနှင့် ဆန်းသစ်တီထွင်မှု

SAP နှင့်ပူးပေါင်းဆောင်ရွက်မှု - SAP နှင့် ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် ပိုမို ထိရောက်ကောင်းမွန်သော လုပ်ငန်းလည်ပတ်ဆောင်ရွက်မှုများတွင် အဆင့်မြင့် နည်းပညာများကို အသုံးချသည့် ကျွန်ုပ်တို့၏ စိတ်အားထက်သန်မှုကို ဖော်ပြလျက်ရှိပါသည်။
Odoo ERP အကောင်အထည်ဖော်ခြင်း - ကျွန်ုပ်တို့၏ လုပ်ငန်းလုပ်ဆောင်ချက်အားလုံးတွင် ထိရောက်မှုနှင့် ပေါင်းစပ်မှုများကို ပိုမိုမြင့်တင်နိုင်ရန်အတွက် end-to-end solution အနေဖြင့် Odoo ERP ကိုအသုံးပြုရန် ဆောင်ရွက်လျက်ရှိပါသည်။

အနာဂတ် ဦးတည်ဆောင်ရွက်ချက်များ

ကျွန်ုပ်တို့၏ လုပ်ငန်းစဉ်ဆက်မပြတ် ကြီးထွားဖွံ့ဖြိုးစေရန် အစီအစဉ်တစ်ရပ် အဖြစ်၊ ကျွန်ုပ်တို့၏ မဟာဗျူဟာမြောက် ဦးတည်ချက်နှင့် လုပ်ငန်းဆောင်တာ ထိရောက်မှုကို ပိုမိုအားကောင်းစေရန်အတွက် ၂၀၂၄ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း ကော်ပိုရိတ် ပြန်လည်ဖွဲ့စည်းမှု လုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိပါသည်။

ဤကဲ့သို့ပြန်လည်သုံးသပ်ခြင်းသည် ကျွန်ုပ်တို့၏ အရည်အသွေး၊ ဆန်းသစ်တီထွင်မှုနှင့် စဉ်ဆက်မပြတ် တိုးတက်မှုတို့အတွက် ခိုင်မြဲသောကတိကဝတ်ကို ဖော်ပြနေပါသည်။

ကုမ္ပဏီစတင်တည်ထောင်ချိန်မှစ၍ Concordia သည် ရောင်းအားထူးချွန်မှုအပြင် အများပြည်သူ ကျန်းမာရေးနှင့် လူမှုအသိုင်းအဝိုင်းအပေါ် ပံ့ပိုးမှုများအတွက် အစိုးရအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်း များနှင့် စီးပွားရေးလုပ်ငန်းများမှ အသိအမှတ်ပြုခြင်း ခံခဲ့ရပါသည်။ ကျွန်ုပ်တို့သည် Guardian Independent Certification Ltd မှ ပေးအပ်ချီးမြှင့်သည့် အပြည်ပြည်ဆိုင်ရာ အသိအမှတ်ပြု အရည်အသွေး စီမံခန့်ခွဲမှု၊ စံချိန်စံညွှန်းများကို လိုက်နာမှုအတွက် ISO 9001:2015 လက်မှတ်ကို ဂုဏ်ယူစွာဖြင့်ရရှိခဲ့ပါသည်။ ကျွန်ုပ်တို့၏ ထူးခြားထက်မြက်သော ရောင်းအား အောင်မြင်မှုများ၊ ထူးချွန်မှုများနှင့် အရောင်းကတိကဝတ်တို့ကို အသိအမှတ်ပြုသည့်အနေဖြင့် Mindray၊ Leica နှင့် Topcon အပါအဝင် ကျွန်ုပ်တို့၏ အဓိက ပစ္စည်းပေးသွင်းသူများထံမှ ဂုဏ်ထူးဆောင် ဖြန့်ဖြူးရေးဆုတံဆိပ်များစွာ ရရှိခဲ့ပါသည်။ ထင်ရှားသော ချီးမွမ်းဂုဏ်ပြုမှု ဆုတံဆိပ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

2002

- Champion Award by OHAUS Corporation

2004

- Appreciation Award by Fuji Xerox Document Company

2005

- Best Sales Growth Award by Leica for the best overall pathology imaging sales growth in the Southeast Asia and Hong Kong/Taiwan Region in 2005

2015

- Appreciation Award for Sales Contribution by Topcon for as for outstanding sales contribution as Topcon Eye Care Distributor in 2015
- Appreciation Award for Sales Contribution by Sokkia Topcon for outstanding sales contribution as Topcon Positioning Distributor in 2015
- Best Sales Award by Paramount Bed for outstanding sales performance in 2015
- Achievement of Target Award by Leica

2016

- Appreciation Award for Recognition of New Business Development by Sokkia Topcon for excellence in expanding market presence in Myanmar

2017

- Appreciation Award for Top Payer of Commercial Tax by the Ministry of Planning and Finance (Ranked 421st nationwide during FY2016-2017)
- Appreciation Award for Outstanding Support to Datkhina Dipar Hospital in Myeik, Myanmar, by Alliance for Smiles for the Myeik Cleft Surgery Mission in 2017
- Certificate of Recognition by DD Foundation for outstanding support to children with cleft lip and palate

2018

- Appreciation Award for Top Payer of Commercial Tax by the Ministry of Planning and Finance (Ranked 268th nationwide during FY2017-2018)
- Outstanding Growth Award by Garmin
- Token of Appreciation Award by Paramount Bed

ကုန်အမှတ်တံဆိပ်များ

ကျွန်ုပ်တို့၏ စီးပွားရေးလုပ်ငန်းသည် အောက်ဖော်ပြပါ အဓိကအမှတ်တံဆိပ်များ ရောင်းချခြင်းပေါ်တွင် ဗဟိုပြုပါသည်။

အမှတ်စဉ်	အမှတ်တံဆိပ်	ဦးတည်စျေးကွက်ကဏ္ဍ	ဝင်ငွေ၏ ရာခိုင်နှုန်း (ဘဏ္ဍာရေးနှစ် ၂၀၂၄-၂၀၂၅)	ဝင်ငွေ၏ ရာခိုင်နှုန်း (ဘဏ္ဍာရေးနှစ် ၂၀၂၃-၂၀၂၄)
၁။	Fujifilm Business Innovation	ရုံးလုပ်ငန်းသုံးအလိုအလျောက်စနစ်	၂၁%	၁၉%
၂။	Mindray PLMS	ဆေးဘက်ဆိုင်ရာပစ္စည်းကိရိယာ	၂၀%	၁၀%
၃။	Topcon Eyecare	ဆေးဘက်ဆိုင်ရာပစ္စည်းကိရိယာ	၁၂%	၁၅%
၄။	Mindray Imaging	ဆေးဘက်ဆိုင်ရာပစ္စည်းကိရိယာ	၁၂%	၁၃%
၅။	Mindray IVD	ဆေးဘက်ဆိုင်ရာပစ္စည်းကိရိယာ	၉%	၈%
၆။.	Topcon Survey	အင်ဂျင်နီယာပစ္စည်းကိရိယာ	၃%	၇%
၇။	Leica	ဆေးဘက်ဆိုင်ရာပစ္စည်းကိရိယာ	၂%	၆%
၈။	Garmin	အင်ဂျင်နီယာပစ္စည်းကိရိယာ	၂%	၃%
၉။	Others	-	၁၉%	၁၉%

ကုမ္ပဏီသည် ၎င်းဖြန့်ဖြူးရောင်းချသော ထုတ်ကုန်များနှင့် ပတ်သက်၍ အရေးကြီးသော ပိုင်ဆိုင်မှုဆိုင်ရာ ကုန်အမှတ်တံဆိပ်များ၊ မူပိုင်ခွင့်များ သို့မဟုတ် အခြားသော အသိဉာဏ်ပိုင်းဆိုင်ရာပစ္စည်း မူပိုင်ခွင့်များကို ပိုင်ဆိုင်ထားခြင်း သို့မဟုတ် ယင်းတို့အပေါ် မှီခိုနေခြင်း မရှိပါ။ အဆိုပါ ထုတ်ကုန်များတွင် အသုံးပြုထားသော ကုန်အမှတ်တံဆိပ်များ၊ ဝန်ဆောင်မှုအမှတ်တံဆိပ်များနှင့် လုပ်ငန်းအမည်များသည် သက်ဆိုင်ရာ ကုန်ပစ္စည်းပေးသွင်းသူများ နှင့်/သို့မဟုတ် အခြားသော တတိယအဖွဲ့အစည်းများ ကသာ ပိုင်ဆိုင်ခြင်း ဖြစ်ပါသည်။

ကုမ္ပဏီသည် စာသားအမှတ်တံဆိပ် နှင့် ပုံစံအမှတ်တံဆိပ် နှစ်ခုစလုံး ပါဝင်သော “CONCORDIA” အမှတ်တံဆိပ်များ (စုပေါင်း၍ **“ကုမ္ပဏီအမှတ်တံဆိပ်များ”**) ကို မြန်မာနိုင်ငံ မူပိုင်ခွင့် ဦးစီးဌာန (IPD) တွင် မှတ်ပုံတင်ရန် လျှောက်ထားပြီး ဖြစ်ပါသည်။ ကုမ္ပဏီသည် ၎င်း၏ လုပ်ငန်းဝိသေသ အမှတ်အသားများ ကို ကာကွယ်ရန်၊ သုံးစွဲသူများ၏ အသိအမှတ်ပြုမှုနှင့် ယုံကြည်မှုကို မြှင့်တင်ရန်နှင့် ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်းနှင့် အရောင်းအဝယ်ပြုပြီးနောက် ဝန်ဆောင်မှုပေးခြင်း (after-sales service) လုပ်ငန်းစဉ်များအပါအဝင် အမှတ်တံဆိပ် တည်ဆောက်မှုနှင့် ဈေးကွက်မြှင့်တင်ရေး လုပ်ငန်းများကို အထောက်အကူပြုစေရန်အတွက် ဤကုမ္ပဏီအမှတ်တံဆိပ်များကို မှတ်ပုံတင်ခြင်းသည် အရေးကြီးသည်ဟု ယူဆပါသည်။

အမှတ်တံဆိပ် အမည်	အမှတ်တံဆိပ် ပုံစံ	အမျိုးအစား	နိုင်ငံ	လျှောက်ထားသူ အမည်	လျှောက်ထားသည့် နေ့စွဲ	အခြေအနေ
CONCORDIA	CONCORDIA	၃၅၊ ၃၇၊ ၄၁၊ ၄၂၊ ၄၄	မြန်မာ	Concordia International Company Limited	၂၀ မေ ၂၀၂၃	IPD မှ စစ်ဆေးဆဲ

ကုမ္ပဏီအမှတ်တံဆိပ်များ အပြင်၊ ကုမ္ပဏီသည် အခြားသော ကုန်အမှတ်တံဆိပ် (၃) ခုကိုလည်း မှတ်ပုံတင်ရန်အတွက် မူပိုင်ခွင့်ဦးစီးဌာနသို့ လျှောက်ထားလွှာများ တင်ပြထားပါသည်။ အဆိုပါ ကုန်အမှတ်တံဆိပ်များသည် ကုမ္ပဏီ၏ စီးပွားရေး လုပ်ငန်းလည်ပတ်မှုများအတွက် အရေးကြီးသော အမှတ်တံဆိပ်များဟု မသတ်မှတ်ပါ။

ကုန်အမှတ်တံဆိပ် အမည်	အမှတ်တံဆိပ် ပုံစံ	အမျိုးအစား	နိုင်ငံ	လျှောက်ထားသူ အမည်	လျှောက်ထားသည့် နေ့စွဲ	အခြေအနေ
Quality Control	Quality Control	၄၂	မြန်မာ	Concordia International Company Limited	၀၇ ဩဂုတ် ၂၀၂၃	IPD မှ စစ်ဆေးဆဲ
MEDI TEST	MEDITEST	၁၀၊ ၃၅	မြန်မာ	Concordia International Company Limited	၀၅ ဇူလိုင် ၂၀၂၃	IPD မှ စစ်ဆေးဆဲ
CMS	CMS	၁၀၊ ၃၅	မြန်မာ	Concordia International Company Limited	၂၀ မေ ၂၀၂၃	IPD မှ စစ်ဆေးဆဲ

ကုန်အမှတ်တံဆိပ် လျှောက်ထားမှုများကို မူလက ကုမ္ပဏီ၏ အမည်ဟောင်းဖြစ်သော Concordia International Company Limited အမည်ဖြင့် တင်ပြခဲ့ခြင်းဖြစ်ပါသည်။ ကုမ္ပဏီ၏အမည်အား Concordia Public Company Limited သို့ ပြောင်းလဲပြီးနောက်၊ ကုမ္ပဏီသည် လက်ရှိအမည်သစ်ကို ထင်ဟပ်စေရန်အတွက် သက်ဆိုင်ရာ ကုန်အမှတ်တံဆိပ် လျှောက်ထားလွှာများရှိ လျှောက်ထားသူအမည်ကို ပြင်ဆင်ရန် ၂၀၂၆ ခုနှစ်၊ မတ်လ ၂၄ ရက်နေ့တွင် မူပိုင်ခွင့်ဦးစီးဌာန (IPD) ထံသို့ လျှောက်ထားလွှာများ တင်သွင်းခဲ့ပြီး ဖြစ်ပါသည်။ နောက်ဆုံးတင်သွင်းသည့်နေ့ရက် (Latest Practicable Date) အထိ ကုန်အမှတ်တံဆိပ် လျှောက်ထားမှုများနှင့် အမည်ပြင်ဆင်ခြင်းဆိုင်ရာ လျှောက်ထားမှုများ နှစ်ရပ်လုံးမှာ IPD တွင် စစ်ဆေးဆဲအဆင့်၌သာ ရှိနေသေးပြီး သက်ဆိုင်ရာ မှတ်ပုံတင်လက်မှတ်များကို ထုတ်ပေးခြင်း မရှိသေးပါ။ ကုန်အမှတ်တံဆိပ် လျှောက်ထားမှုများနှင့် အမည်ပြင်ဆင်ခြင်း လျှောက်ထားမှုများ နှစ်ခုစလုံးကို အတည်ပြုပြီးပါက မှတ်ပုံတင်လက်မှတ်များကို Concordia Public Company Limited အမည်ဖြင့် ထုတ်ပေးလိမ့်မည်ဟု မျှော်မှန်းရပါသည်။

မြန်မာနိုင်ငံ၏ ကုန်အမှတ်တံဆိပ် မှတ်ပုံတင်ခြင်းစနစ်သည် စတင်ဖွံ့ဖြိုးစပြုနေသည့် အဆင့်တွင်သာရှိပြီး ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေ (၂၀၁၉) အရ ခေတ်နှင့်လျော်ညီသော မှတ်ပုံတင်ခြင်းစနစ်ကို ၂၀၂၃ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင် စတင် ကျင့်သုံးခဲ့ပါသည်။ မူပိုင်ခွင့်ဦးစီးဌာန (IPD) ၏ လက်ရှိ လုပ်ငန်းစဉ် အချိန်ဇယားများအရ ကုန်အမှတ်တံဆိပ် လျှောက်ထားမှုများသည် အတည်ပြုချက်ရရှိရန် ၅ နှစ်ခန့်အထိ ကြာမြင့်နိုင်ပါသည်။ ဒါရိုက်တာအဖွဲ့အနေဖြင့် ကုမ္ပဏီ၏ ကုန်အမှတ်တံဆိပ် လျှောက်ထားမှုများနှင့် လျှောက်ထားသူအမည် ပြင်ဆင်ခြင်းဆိုင်ရာ လျှောက်ထားလွှာများကို မူပိုင်ခွင့်ဦးစီးဌာနမှ ၎င်း၏ ပုံမှန်လုပ်ငန်းစဉ်အတိုင်း စစ်ဆေးအတည်ပြုပေးမည်ဖြစ်ပြီး ယင်းယေဘုယျကာလအတွင်း Concordia Public Company Limited အမည်ဖြင့် မှတ်ပုံတင်လက်မှတ်များ ထုတ်ပေးနိုင်မည်ဟု ရှုမြင်ပါသည်။ သို့သော်လည်း အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း အဆိုပါ လျှောက်ထားမှုများအပေါ် အတည်ပြုချက်ရရှိမည်ဟု အာမခံချက်ပေးနိုင်ခြင်းမရှိပါ။ ကုမ္ပဏီ၏ အသိဉာဏ်ပိုင်းဆိုင်ရာ ပစ္စည်းမူပိုင်ခွင့်နှင့် ပတ်သက်သည့် ဆုံးရှုံးနိုင်သည့် အသေးစိတ်အချက်အလက်များကို ဤအလားအလာညွှန်းတမ်း၏ "**အပိုင်း (၂)။ အများပြည်သူသို့ ကမ်းလှမ်းရောင်းချခြင်းဆိုင်ရာ အချက်အလက်များ - ဆုံးရှုံးနိုင်သည့်အချက်များ - ကျွန်ုပ်တို့၏ ကုမ္ပဏီ အမှတ်တံဆိပ်များ (Company Marks) ကို မှတ်ပုံတင်ရန် လျှောက်ထားမှုများသည် အချိန်နှင့် တစ်ပြေးညီ ခွင့်ပြုချက်ရရှိမည် သို့မဟုတ် လုံးဝ ခွင့်ပြုချက်ရရှိမည်ဟု သေချာရေရာမှု မရှိနိုင်ပါ**" ကဏ္ဍတွင် ကြည့်ရှုနိုင်ပါသည်။

<u>လုပ်ငန်း၏ လူမှုအကျိုးပြု တာဝန်ထမ်းဆောင်မှု</u>

ကုမ္ပဏီသည် ၎င်း၏ လူမှုတာဝန် ထမ်းဆောင်မှုနှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်ရေး ကတိကဝတ်များနှင့်အညီ မြန်မာနိုင်ငံတစ်ဝန်းရှိ ဒေသခံအသိုက်အဝန်းများ၏ ဘဝဖြစ်ထွန်းတိုးတက်ရေး၊ ကျန်းမာရေးဝန်ဆောင်မှုများ မြှင့်တင်ရေးနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေးတို့ကို အထောက်အကူပြုသော လုပ်ငန်းဆောင်တာများကို တက်ကြွစွာ ဆောင်ရွက်လျက်ရှိပါသည်။ ထိုကြိုးပမ်းအားထုတ်မှုများသည် ကုမ္ပဏီ၏ တာဝန်သိသော ကော်ပိုရိတ်အဖွဲ့ဝင်တစ်ခု၏ ကဏ္ဍကို ထင်ဟပ်စေခဲ့ပြီး အကျိုးသက်ဆိုင်သူများ၊ ဝန်ထမ်းများနှင့် ကျယ်ပြန့်သော လူ့အဖွဲ့အစည်းတစ်ရပ်လုံးအတွက် တည်မြဲသော အပြုသဘောသက်ရောက်မှုများ ဖန်တီးရန် ကုမ္ပဏီ၏ စိတ်အားထက်သန်မှုကို ဖော်ပြနေပါသည်။
၂၀၂၄ ခုနှစ်၊ မေလ ၈ရက်နေ့တွင် ကုမ္ပဏီသည် ရန်ကုန်မြို့ရှိ ရန်ကင်းကလေးဆေးရုံ၏ မွေးကင်းစကလေး ပြင်းထန် အထူးကြပ်မတ်ကုသရေးဌာနသို့ Terumo Syringe Pump တစ်လုံးကိုလှူဒါန်းခဲ့ပါသည်။ ဤလုပ်ဆောင်ချက်သည် မွေးကင်းစကလေးများ၏ ကုသမှုစနစ်ကို မြှင့်တင်ရန်နှင့် အထူးကြပ်မတ်ကုသရန် လိုအပ်သော မွေးကင်းစကလေးများအား ပံ့ပိုးကူညီရန် ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။ ဤအစီအစဉ်သည် လိုအပ်နေသော မွေးကင်းစကလေးငယ်များအတွက် ဆေးဘက်ဆိုင်ရာ စောင့်ရှောက်မှုနှင့် ကုသမှုအရည်အသွေး မြှင့်တင်ရာတွင် အထောက်အကူပြုခဲ့ပါသည်။

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလတွင် ကုမ္ပဏီသည် အမျိုးသမီး စွန့်ဦးတီထွင်လုပ်ငန်းရှင်များကို စွမ်းဆောင်ရည်မြှင့်တင်ရန် ရည်ရွယ်ချက်ဖြင့် ရေးဆွဲထားသော "Women Transforming Myanmar's MSMEs Accelerator Program" အတွက် ပံ့ပိုးကူညီခဲ့ပါသည်။ ဤအစီအစဉ်သည် လေ့ကျင့်သင်ကြားမှု၊ လမ်းညွှန်နည်းပြအကူအညီနှင့် ကွန်ရက်ချိတ်ဆက်မှု အခွင့်အလမ်းများ ရရှိစေရေးအား

ပံ့ပိုးပေးခြင်းဖြင့် မြန်မာနိုင်ငံရှိ အမျိုးသမီးဦးဆောင်သော အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ စီးပွားရေးကျွမ်းကျင်မှုများနှင့် တိုးတက်ကြီးထွားရေး ဖြစ်နိုင်ခြေများကို မြှင့်တင်ပေးနိုင်ခဲ့ပါသည်။

ကုမ္ပဏီသည် ၎င်း၏ ကော်ပိုရိတ်လူမှုတာဝန် (CSR) အာရုံစိုက်မှုကို ဝန်ထမ်းသာယာဝပြောရေးသို့လည်း ချဲ့ထွင်ဆောင်ရွက်ခဲ့ပါသည်။ ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၁၇ ရက်နေ့တွင် ကုမ္ပဏီသည် စီးပွားရေးအခက်အခဲကြားကာလ၌ ငွေကြေးအဆင်ပြေရေးနှင့် အစားအစာဖူလုံရေးကို ဖြည့်ဆည်းပေးရန် ရည်ရွယ်၍ ဝန်ထမ်းများအား ဆန်အိတ်များ လှူဒါန်းခဲ့ပါသည်။ ဤလုပ်ဆောင်ချက်သည် ကုမ္ပဏီ၏ ဝန်ထမ်းများအပေါ် ပြုမူဆောင်ရွက်မှုနှင့် ဝန်ထမ်းများ၏ သာယာဝပြောရေးနှင့် စိတ်ဓာတ်မြှင့်တင်ရေးတို့အတွက် ဆောင်ရွက်မှုတစ်ခုအဖြစ် ခိုင်မာစေခဲ့ပါသည်။

ကျန်းမာရေးစောင့်ရှောက်မှုနှင့် ဝန်ထမ်းသာယာဝပြောရေးအပြင် ကုမ္ပဏီသည် ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးကိုလည်း အလေးထားဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံရေငုပ်အဖွဲ့ချုပ် (Myanmar Underwater Federation) နှင့် ပူးပေါင်းကာ ကုမ္ပဏီသည် နှစ်စဉ် ကမ်းခြေသန့်ရှင်းရေး နှင့် သန္တာကျောက်တန်းထိန်းသိမ်းကာကွယ်ရေး အသိပညာပေးအစီအစဉ်များကို ပံ့ပိုးကူညီလျက်ရှိပါသည်။ ပစ္စည်းကိရိယာများဖြင့် ထောက်ပံ့ခြင်းမှတစ်ဆင့် ကုမ္ပဏီသည် ထိုအစီအစဉ်များ အောင်မြင်စွာကျင်းပနိုင်ရန် လိုအပ်သောအရင်းအမြစ်များ ထောက်ပံ့ကူညီပေးခဲ့ပါသည်။ ဤသို့ဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို မြှင့်တင်ကာ ပင်လယ်ဂေဟစနစ်ကာကွယ်ရေး နှင့်ပတ်သက်သော အသိပညာများမြှင့်တင်ပေးပြီး ဒေသခံအသိုင်းအဝိုင်း၏ ပူးပေါင်းပါဝင်မှုကို ပိုမိုအားပေးလှုံ့ဆော်နိုင်ခဲ့ပါသည်။ ဤဆောင်ရွက်ချက်များသည် လူ့အဖွဲ့အစည်းတစ်ရပ်လုံး အကျိုးခံစားရသည့် သဘာဝအရင်းအမြစ်များကာကွယ်ရေးကို အထောက်အကူပြုရုံသာမက ကုမ္ပဏီ၏ အမှတ်တံဆိပ်ဂုဏ်သတင်းကိုလည်း ခိုင်မာစေပြီး အကျိုးသက်ဆိုင်သူများနှင့်အတူ ကောင်းမွန်သောဆက်ဆံရေးကိုလည်း တည်ဆောက်ပေးနိုင်ခဲ့ပါသည်။

ဆက်လက်၍ ကော်ပိုရိတ်လူမှုတာဝန်ဆိုင်ရာ အစီအစဉ်များအပြင် ကုမ္ပဏီသည် ၎င်း၏ ပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုကို လျှော့ချရန် ရည်ရွယ်၍ ရေရှည်တည်တံ့ခိုင်မြဲရေး လုပ်ဆောင်ချက်များကိုလည်း အကောင်အထည်ဖော်လျက်ရှိပါသည်။ ၎င်းတို့တွင် ကာဗွန်ထုတ်လွှတ်မှု လျှော့ချရန်အတွက် နေရောင်ခြည်စွမ်းအင်သုံး စနစ်သို့ ကူးပြောင်းခြင်းနှင့် ရေရှည်တည်တံ့ခိုင်မြဲသော သယ်ယူပို့ဆောင်ရေးစနစ်ကို မြှင့်တင်ရန် လောင်စာဆီသုံး ယာဉ်များအား ဘက်ထရီသုံးယာဉ်များအဖြစ် ပြောင်းလဲအသုံးပြုခြင်းတို့ ပါဝင်ပါသည်။ ထို့အပြင် ကုမ္ပဏီသည် ကျယ်ပြန့်စုံလင်သော 4R မူဝါဒကို အောက်ပါအတိုင်း အကောင်အထည်ဖော်ထားပါသည် - (၁) တားမြစ်ရန် (Refuse): ရုံးခန်းများနှင့် အစည်းအဝေးခန်းများတွင် တစ်ခါသုံး ပလပ်စတစ်ရောဘူးများ အသုံးပြုရန် တားမြစ်ခြင်း။ (၂) လျှော့ချရန် (Reduce): စွမ်းအင်နှင့် အရင်းအမြစ်သုံးစွဲမှုကို လျှော့ချရန် LED မီးအသုံးပြုခြင်းနှင့် စက္ကူအလေအလွင့်လျှော့ချရန် ဒီဂျစ်တယ်လက်မှတ်များ မိတ်ဆက်အသုံးပြုခြင်း။ (၃) ပြန်လည်အသုံးပြုရန် (Reuse): တစ်ဖက်သာ ပုံနှိပ်ထားသော စက္ကူများကို ပြန်လည် အသုံးပြုခြင်းနှင့် ရုံးသုံးပစ္စည်းများအား အကြောင်းကိုက်ညီသလို ပြန်လည်အသုံးချခြင်း။ (၄) ပြန်လည်အသုံးချရန် (Recycle): နာဂစ်မုန်တိုင်းကြောင့် လဲကျခဲ့သော သစ်ပင်များအား ရုံးသုံးပရိဘောဂများအဖြစ် ပြောင်းလဲအသုံးပြုခြင်းဖြင့် ဆန်းသစ်သော ပြန်လည်အသုံးချမှုနှင့် အရင်းအမြစ်များကို ပြန်လည်အသုံးပြုမှု ဆောင်ရွက်ခြင်း။ အရင်းအမြစ်များ အကျိုးရှိစွာအသုံးချရေးနှင့် စွန့်ပစ်ပစ္စည်းလျှော့ချရေးတို့ကို နေ့စဉ်လုပ်ငန်းလည်ပတ်မှုများတွင် ပေါင်းစပ်ထည့်သွင်းခြင်းအားဖြင့် ကုမ္ပဏီသည် တိုင်းတာ၍ရသော ငွေကြေးစုဆောင်းမှုများ ရရှိနိုင်ရုံသာမက ၎င်း၏ ပတ်ဝန်းကျင်ထိန်းသိမ်းရေး သတိရှိမှုကိုလည်း မီးမောင်းထိုးပြပြီး အကျိုးသက်ဆိုင်သူများအကြားတွင် ဂုဏ်သတင်းကို မြှင့်တင်နိုင်ခဲ့ပါသည်။

အရေးပါသော ငွေလုံးငွေရင်းအသုံးစရိတ်များနှင့် လုပ်ငန်းများ ပြန်လည်ရောင်းချခြင်း

ကုမ္ပဏီသည် စတင်တည်ထောင်ချိန်မှစ၍ ယနေ့အထိ မည်သည့် လုပ်ငန်းကိုမျှ ပြန်လည်ရောင်းချခြင်းကို ဆောင်ရွက်ခဲ့ခြင်း မရှိပါ။ လွန်ခဲ့သော ဘဏ္ဍာရေးနှစ်နှစ်အတွင်း ကျွန်ုပ်တို့၏ ငွေလုံးငွေရင်းအသုံးစရိတ်များသည် အဓိကအားဖြင့် လက်ရှိ စီးပွားရေးလုပ်ငန်းလည်ပတ်မှုအတွက် ပုံသေပိုင်ပစ္စည်းများတွင် ရင်းနှီးမြှုပ်နှံမှုများ ဖြစ်ပြီး ၎င်းတို့သည် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွက် စုစုပေါင်း လုပ်ငန်းလည်ပတ်စရိတ်၏ ၁၃% ခန့်အထိ ရှိပါသည်။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် ငွေလုံးငွေရင်းအသုံးစရိတ်များသည် အနည်းငယ်သာ ရှိမည်ဟု ခန့်မှန်းရပြီး၊ ထိုနှစ်အတွက် စုစုပေါင်းလုပ်ငန်းလည်ပတ်စရိတ်၏ ၂% ခန့်သာ ကိုယ်စားပြုမည်ဟု မျှော်မှန်းရပါသည်။

လွန်ခဲ့သောကာလများ၏ ငွေလုံးငွေရင်းအသုံးစရိတ် (ကျပ်ထောင်ပေါင်း)		အရေးပါသော ငွေလုံးငွေရင်းအသုံးစရိတ် (ကျပ်ထောင်ပေါင်း)
၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်	၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်	၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်
၇၀၈,၉၈၉	၁၄၇,၃၇၉	၁,၀၄၉,၉၉၃

သတိပြုရန် - ဧယားပါ ကိန်းဂဏန်းများအား အနီးဆုံးကျပ်ထောင်ပေါင်းတွင် အခြေခံထားပါသည်။

ယခင်နှစ်နှစ်အတွင်း ကုမ္ပဏီတွင် ထုတ်ကုန်အသစ်များ သို့မဟုတ် စီမံကိန်းအသစ်များအတွက် အရေးပါသော ငွေလုံးငွေရင်းအသုံးစရိတ်များ မရှိခဲ့သော်လည်း၊ ကုမ္ပဏီသည် ၂၀၂၆ ခုနှစ်တွင် ဆေးဘက်ဆိုင်ရာထုတ်ကုန်အသစ်တစ်ခုအား ဈေးကွက်သို့ မိတ်ဆက်ရောင်းချရန် စီမံကိန်းတစ်ခု ရှိပါသည်။ ထိုစီမံကိန်းအတွက် လုပ်ငန်းလည်ပတ်ရန် အရေးပါသော ငွေလုံးငွေရင်းအရင်းအနှီး လိုအပ်မည်ဖြစ်ပါသည်။ အဆိုပါ ဆေးဘက်ဆိုင်ရာထုတ်ကုန်အသစ်မှာ ကျောက်ကပ်သွေးသန့်စင်စက်များနှင့် ၎င်းတို့နှင့် ဆက်စပ်သော သုံးစွဲကုန်ပစ္စည်းများ ဖြစ်ပြီး ၎င်းတို့ကို ကွန်ကော့ဒီယာ၏ ရုံးခွဲများနှင့် ရောင်းချရေးစင်တာများမှ တစ်ဆင့် တစ်နိုင်ငံလုံးအတိုင်းအတာအထိ ဖြန့်ဖြူးသွားမည် ဖြစ်ပါသည်။ ဤစီမံကိန်းအတွက် ရန်ပုံငွေအများစုကို အများပြည်သူသို့ ကမ်းလှမ်းရောင်းချခြင်း မှရရှိသော ရန်ပုံငွေများဖြင့် ရယူသွားမည် ဖြစ်ပါသည်။ အများပြည်သူသို့ ကမ်းလှမ်းရောင်းချခြင်းမှ ရန်ပုံငွေရှာဖွေမရရှိမီကာလအတွင်း လိုအပ်ပါက ငွေလုံးငွေရင်းအသုံးစရိတ်အားလုံးကို လုပ်ငန်းလည်ပတ်မှုမှ ရရှိသော ငွေသားနှင့် ဘဏ်ချေးငွေများဖြင့် ပံ့ပိုးသွားမည် ဖြစ်ပါသည်။ သို့ရာတွင် ကျွန်ုပ်တို့၏ စီမံကိန်းသည် ကျွန်ုပ်တို့ ရင်နှီးမြှုပ်နှံမည့် နေရာဒေသများရှိ စီးပွားရေး၊ နိုင်ငံရေး သို့မဟုတ် အခြားအခြေအနေများ ပြောင်းလဲမှုအပါအဝင် အကြောင်းရင်းများစွာပေါ် မူတည်နေသည်ကို သတိပြုရန် လိုအပ်ပါသည်။ ထိုသို့သော စီမံကိန်းသည် မျှော်မှန်းထားသော အချိန်ကာလအတွင်း သို့မဟုတ် ခန့်မှန်းတွက်ချက်ထားသော ဘတ်ဂျက်အတွင်း ပြီးစီးနိုင်မည်ဟု အာမခံချက်ပေးနိုင်ခြင်း မရှိပါ။

ကျွန်ုပ်တို့၏ မျှော်မှန်းချက်

- အဆင့်မြင့်နည်းပညာများကို အသုံးချ၍ ကျွန်ုပ်တို့အဖွဲ့အစည်းရှိ အဖွဲ့ဝင်တိုင်းအား အောင်မြင်မှုများ ပိုမိုရရှိစေရန် စွမ်းဆောင်ရည်မြှင့်တင်ပေးရန်။
- မြန်မာနိုင်ငံတွင် ရုံးလုပ်ငန်းသုံးအလိုအလျောက်စနစ်များ၊ ဆေးဘက်ဆိုင်ရာကိရိယာများနှင့် အင်ဂျင်နီယာတိုင်းထွာရေးစနစ်များ ကဏ္ဍ၏ အဆန်းသစ်ဆုံး ဈေးကွက်ဦးဆောင်သူ ဖြစ်လာရန်။
- ရန်ကုန်စတော့အိပ်ချိန်းတွင် စာရင်းတင်သွင်းရန်။
- ကောင်းမွန်သော ပြည်သူ့ကျန်းမာရေး၊ ပတ်ဝန်းကျင်၏ ပကတိရှိမှုနှင့် စီးပွားရေးအရတည်တံ့နိုင်မှုဆီသို့ဦးတည်ကာကျွန်ုပ်တို့၏ ပတ်ဝန်းကျင်ကို ကာကွယ်ခြင်း၊ ပြန်လည်ထိန်းသိမ်းခြင်းနှင့် မြှင့်တင်ခြင်းတို့ ပြုလုပ်ရန်။

ကျွန်ုပ်တို့၏ ရည်မှန်းချက်

မြန်မာနိုင်ငံတွင် အကောင်းဆုံး သုံးစွဲသူအတွေ့အကြုံများ ပေးဆောင်နိုင်သည့် ကုမ္ပဏီများအနက် တစ်ခုအဖြစ် ရပ်တည်ရန် ဖြစ်ပါသည်။

ကျွန်ုပ်တို့၏ ကုမ္ပဏီနှင့် ပတ်သက်သည့် နောက်ထပ် အချက်အလက်များကို အလွယ်တကူ ရည်ညွှန်း ကိုးကားနိုင်ရန်အတွက် အောက်တွင် ဆက်လက်ဖော်ပြထားပါသည်။

ဝဘ်ဆိုဒ် :[www.concordiamyanmar.com]

ဖုန်းနံပါတ် :[+၉၅၉၈၀၄၄၁၀၆၀]

မှတ်ပုံတင်ရုံးချုပ် : အဆောက်အဦး (၁၁)၊ အမ်အိုင်စီတီပတ်ခ် ၊ ပထမထပ်မှ စတုတ္ထထပ်အထိ၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့၊ မြန်မာနိုင်ငံ ၁၁၀၅၁

၃.၁.၂။ ကုမ္ပဏီ၏လုပ်ငန်းဆောင်ရွက်နိုင်မှုအားသာချက်များ / မဟာဗျူဟာများ

အားသာချက်များ

- ကျွန်ုပ်တို့တွင် အတွေ့အကြုံရင့်ကျက်၍ ရှေ့လုပ်ငန်းစဉ်ကို ကြိုတင်မြင်နိုင်သော ပညာရှင်များဖြင့်ဖွဲ့စည်းထားသည့် စီမံအုပ်ချုပ်ရေး အဖွဲ့ရှိပါသည်။
  ကုမ္ပဏီကိုကျန်းမာရေး၊ ဆေးဘက်ဆိုင်ရာပစ္စည်းကိရိယာ၊ ရုံးလုပ်ငန်းသုံးအလိုအလျောက်စနစ်၊ မီဒီယာ၊ ဘဏ္ဍာရေးနှင့် ကော်ပိုရိတ်စီမံခန့်ခွဲမှုစသည့် ကဏ္ဍစုံမှ ကွဲပြားသော နောက်ခံအတွေ့အကြုံရှိသည့် အတွေ့အကြုံရင့် စီမံခန့်ခွဲမှုအဖွဲ့မှ ဦးဆောင်လျက်ရှိပါသည်။ ကုမ္ပဏီကို ၁၉၉၃ ခုနှစ်တွင် တည်ထောင်ခဲ့ပြီး ကျွန်ုပ်တို့၏ တည်ထောင်သူနှင့် အမှုဆောင်အရာရှိချုပ် ဒေါက်တာသန်းဝင်းသည် နှစ်ပေါင်း ၃၀ ကျော် စွန့်ဦးတီထွင်မှုနှင့် ခေါင်းဆောင်မှုများတွင် အတွေ့အကြုံရှိသူဖြစ်ပြီး မြန်မာနိုင်ငံ၏ အဓိက ဆေးဘက်ဆိုင်ရာ၊ တိုင်းထွာရေးနှင့် ရုံးလုပ်ငန်းသုံး အလိုအလျောက်စက်ပစ္စည်းများ ဖြန့်ဖြူးရေးကုမ္ပဏီအဖြစ် ကြီးထွားလာစေရန် ဦးဆောင်ခဲ့ပါသည်။ ၎င်းအား ကျန်းမာရေး၊ စီးပွားရေးစီမံခန့်ခွဲမှု၊ မီဒီယာ၊ ဈေးကွက်ရှာဖွေရေးနှင့် ဘဏ္ဍာရေးစီမံခန့်ခွဲမှုတို့တွင် နိုင်ငံတကာအတွေ့အကြုံရှိသော ပညာရှင်များအပါအဝင် ကဏ္ဍစုံမှ အတွေ့အကြုံရှိသည့် ဒါရိုက်တာဘုတ်အဖွဲ့က ပံ့ပိုးထောက်ခံပေးထားပါသည်။ အဓိက အမှုဆောင်အရာရှိများဖြစ်သည့် ကျွန်ုပ်တို့၏ အရောင်းပိုင်းဆိုင်ရာ အရာရှိချုပ် ဒေါက်တာသူရိန်ထွန်းကဲ့သို့သော ပုဂ္ဂိုလ်များသည် တင်ဒါစီမံခန့်ခွဲမှု၊ စီးပွားရေးလုပ်ငန်းလည်ပတ်မှုများနှင့် ကျန်းမာရေးဆိုင်ရာပစ္စည်းများ ဖြန့်ဖြူးရေးလုပ်ငန်းများတွင် နက်ရှိုင်းသော ကျွမ်းကျင်မှုနှင့် အတွေ့အကြုံများအား ကုမ္ပဏီသို့ယူဆောင်လာပါသည်။ စုစုပေါင်းအားဖြင့် စီမံခန့်ခွဲမှုအဖွဲ့၏ ပြည်တွင်းဈေးကွက်အသိပညာ၊ နိုင်ငံတကာစီးပွားရေးအတွေ့အကြုံ၊ ခေါင်းဆောင်မှုနှင့် လုပ်ငန်းတိုးတက်မှုဆိုင်ရာ သမိုင်းမှတ်တမ်းသက်သေတို့သည် ကုမ္ပဏီအား ၎င်း၏ မဟာဗျူဟာများကို အောင်မြင်စွာ အကောင်အထည်ဖော်ရန်၊ လုပ်ငန်းချဲ့ထွင်မှုကို တွန်းအားပေးရန်နှင့် ပြောင်းလဲတိုးတက်နေသော ဈေးကွက်စိန်ခေါ်မှုများကို ထိရောက်စွာ တုံ့ပြန်နိုင်ရန် အနေအထားမျိုး ဖြစ်စေပါသည်။

- ကျွန်ုပ်တို့သည် မြန်မာနိုင်ငံတွင် ဆေးဘက်ဆိုင်ရာ ပစ္စည်းကိရိယာများ၊ တိုင်းထွာရေးပစ္စည်းကိရိယာများနှင့် ရုံးလုပ်ငန်းသုံးအလိုအလျောက်စက်ပစ္စည်းများ အဓိကဖြန့်ဖြူးရောင်းချသည့် ကုမ္ပဏီတစ်ခု ဖြစ်ပါသည်။

  နှစ်သုံးဆယ်ကျော်ကာလအတွင်း၊ ကုမ္ပဏီသည် ဆေးဘက်ဆိုင်ရာ၊ အင်ဂျင်နီယာနှင့် ရုံးလုပ်ငန်းသုံး အလိုအလျောက်စက်ပစ္စည်းကဏ္ဍများတွင် နိုင်ငံတကာအသိအမှတ်ပြု အမှတ်တံဆိပ်များ၏ ထိပ်တန်းဖြန့်ဖြူးရေးကုမ္ပဏီတစ်ခုအဖြစ် ခိုင်မာသောဂုဏ်သတင်းကို တည်ဆောက်နိုင်ခဲ့ပါသည်။ ကုမ္ပဏီသည် ပစ္စည်းပေးသွင်းသူ ကုမ္ပဏီများနှင့် အနည်းဆုံး ၁၀ စုနှစ် တစ်ခုကျော်ကြာ ရှည်ကြာစွာတည်ဆောက်ထားသော ဆက်ဆံရေးများမှတစ်ဆင့် တစ်နိုင်ငံလုံးရှိ ဆေးရုံများ၊ ဆေးခန်းများ၊ အစိုးရအဖွဲ့အစည်းများ၊ ကော်ပိုရိတ်များ၊ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများနှင့် အင်ဂျင်နီယာကုမ္ပဏီများသို့ အရည်အသွေးမြင့် ထုတ်ကုန်ပစ္စည်းမျိုးစုံကို ပို့ဆောင်နိုင်စေရန် ဖြန့်ဖြူးရေးစာချုပ်များ ချုပ်ဆိုထားပါသည်။ ကုမ္ပဏီသည် ဆေးဘက်ဆိုင်ရာ ပစ္စည်းကိရိယာကဏ္ဍတွင် ဈေးကွက်ဝေစု၏ လေးပုံတစ်ပုံခန့် ရရှိထားသည်ဟု ခန့်မှန်းရပြီး Mindray၊ Topcon၊ Terumo နှင့် Paramount အပါအဝင် ကမ္ဘာထိပ်တန်း ပစ္စည်းပေးသွင်းသူကုမ္ပဏီများမှ ပုံရိပ်ဖမ်းစက်၊ ခွဲစိတ်ခန်းသုံးပစ္စည်းနှင့် ကိရိယာများ၊ မျက်စိစောင့်ရှောက်ရေးနှင့် ရောဂါရှာဖွေရေးပစ္စည်းများကို ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဖြူးပေးလျက်ရှိပါသည်။ ကုမ္ပဏီသည် အင်ဂျင်နီယာကဏ္ဍတွင် ဦးဆောင်သူအဖြစ် ရပ်တည်ကာ Topcon နှင့် Garmin ကဲ့သို့သော အမှတ်တံဆိပ်များ၏ တိုင်းထွာရေးနှင့် ပထဝီ အာကာသဆိုင်ရာပစ္စည်း ကိရိယာများကို ရှည်ကြာစွာ ဖြန့်ဖြူးခဲ့မှုကြောင့် လက်ရှိဈေးကွက်ဝေစု၏ သုံးပုံတစ်ပုံခန့် ရရှိမည်ဟု ခန့်မှန်းရပါသည်။ ၂၀၀၃ ခုနှစ်တွင် ရုံးလုပ်ငန်းသုံး အလိုအလျောက်စနစ်ဌာနကို စတင်လုပ်ကိုင်ချိန်မှစ၍

ကျွန်ုပ်တို့သည် ဘက်စုံသုံးကိရိယာများ၊ ပုံနှိပ်စက်များ၊ ပရိဂျက်တာများ၊ ကလောက်ဒ်ကွန်ပျူတာစနစ်များနှင့် ရုံးလုပ်ငန်းလိုအပ်ချက်များအတွက် ကျွမ်းကျင်သောဖြေရှင်းချက်များကို တစ်နိုင်ငံလုံးအတိုင်းအတာအထိ ယုံကြည်စိတ်ချရသော ရောင်းပြီးဝန်ဆောင်မှုများ ပေးစွမ်းနိုင်သည့် Full-Service Maintenance Agreement(FSMA) ဖြင့်ပံ့ပိုးထားပြီး ဈေးကွက်ဝေစု၏ ငါးပုံတစ်ပုံခန့်ရှိသော ဈေးကွက်ဦးဆောင်သူတစ်ဦး ဖြစ်လာခဲ့ပါသည်။ ကျွန်ုပ်တို့၏ ဦးဆောင်ဈေးကွက်အနေအထားကို ကွဲပြားစုံလင်သော ထုတ်ကုန်များအခြေပြုမှုက ပိုမိုခိုင်မာစေပြီး ပြောင်းလဲနေသော ဈေးကွက်အခြေအနေများတွင် ပြောင်းလွယ်ပြင်လွယ်နှင့် ခံနိုင်ရည်ရှိမှုကို သေချာစေကာ ပစ္စည်းပေးသွင်းသူ ကုမ္ပဏီများနှင့် သုံးစွဲသူများအတွက် ယုံကြည်ရသော မိတ်ဖက်တစ်ဦးအဖြစ် ကျွန်ုပ်တို့၏ဂုဏ်သတင်းကို မြှင့်တင်နိုင်ခဲ့ပါသည်။

- ကျွန်ုပ်တို့၏ ရုံးခွဲများသည် ရန်ကုန်နှင့် အဓိကဒေသဆိုင်ရာ မြို့ကြီးများတွင် တည်ရှိပါသည်။

  ကုမ္ပဏီသည် ရန်ကုန်ရှိ ရုံးချုပ်နှင့် နေပြည်တော်၊ မန္တလေး၊ တောင်ကြီးနှင့် မကွေးမြို့များရှိ မဟာဗျူဟာမြောက် တည်နေရာများတွင် ရုံးခွဲလေးခုဖြင့် တစ်နိုင်ငံလုံး ခိုင်မာစွာ ရှိနေပါသည်။ ဤရုံးခွဲကွန်ရက်သည် ကုမ္ပဏီအား အောက်မြန်မာပြည်၊ အထက်မြန်မာပြည်နှင့် မြန်မာပြည်အလယ်ပိုင်းတို့တွင် အရောင်းနှင့် ရောင်းပြီးဝန်ဆောင်မှုများ ပေးစွမ်းနိုင်စေပါသည်။ အထူးသဖြင့် ရှမ်းပြည်နယ်သည် အခြေခံအဆောက်အဦး၊ ကျန်းမာရေးနှင့် စက်မှုလုပ်ငန်း လိုအပ်ချက်များ တိုးပွားလျက်ရှိသော ဖွံ့ဖြိုးဆဲနှင့် အရေးပါသည့် ဈေးကွက်တစ်ခုဖြစ်ပြီး ကျွန်ုပ်တို့၏ တောင်ကြီးရုံးခွဲသည် ထိုအခွင့်အလမ်းများကို ရယူနိုင်ရန် အနေအထားကောင်းဖြစ်စေပါသည်။ အလားတူပင် နေပြည်တော်ရှိ ကျွန်ုပ်တို့၏ ရုံးခွဲသည် စည်းမျဉ်းဥပဒေဆိုင်ရာ ခွင့်ပြုချက်များအတွက် သက်ဆိုင်ရာအာဏာပိုင်များနှင့် ထိရောက်စွာ ဆက်သွယ်ဆောင်ရွက်နိုင်စေရန် လွယ်ကူစေပြီး အများပြည်သူဆိုင်ရာ အဖွဲ့အစည်းများ၏ တင်ဒါလုပ်ငန်းစဉ်များတွင် ပိုမိုချောမွေ့စွာ ပါဝင်နိုင်ရန် အထောက်အကူပြုပါသည်။ ဤအဓိကစီးပွားရေးနှင့် အုပ်ချုပ်ရေးဗဟိုမြို့ကြီးများတွင် လုပ်ငန်းလည်ပတ်ခြင်းဖြင့် ကုမ္ပဏီသည် သုံးစွဲသူများနှင့် ပိုမိုခိုင်မာသော ထိတွေ့ဆက်ဆံမှု၊ ဖြန့်ဖြူးရောင်းချရေး ထိရောက်တိုးတက်လာမှုနှင့် အချိန်နှင့်တပြေးညီ နည်းပညာအထောက်အကူများ ရရှိစေပါသည်။ ဤပထဝီအနေအထား ကျယ်ပြန့်မှုက တစ်နိုင်ငံလုံးအတိုင်းအတာအထိ ဈေးကွက်အခွင့်အလမ်းများ ဖမ်းယူနိုင်စွမ်း၊ သုံးစွဲသူလိုအပ်ချက်များကို ထိရောက်စွာတုံ့ပြန်နိုင်စွမ်းနှင့် ဆေးဘက်ဆိုင်ရာ၊ အင်ဂျင်နီယာနှင့် ရုံးလုပ်ငန်းသုံးအလိုအလျောက်စနစ်ကဏ္ဍများတွင် ယှဉ်ပြိုင်နိုင်သော အနေအထားအား ထိန်းသိမ်းနိုင်စွမ်းတို့ကို အားကောင်းစေပါသည်။

- ကျွန်ုပ်တို့တွင် သစ္စာရှိသော သုံးစွဲသူများ တိုးပွားကြီးထွားလျက်ရှိပါသည်။

  လုပ်ငန်းလည်ပတ်မှု နှစ်သုံးဆယ်ကျော်အတွင်း ကုမ္ပဏီသည် ၎င်း၏စီးပွားရေးကဏ္ဍသုံးခုတွင် သစ္စာရှိသော သုံးစွဲသူများ တိုးပွားများပြားလာအောင် ဆောင်ရွက်နိုင်ခဲ့ ပါသည်။ ကျွန်ုပ်တို့၏ သုံးစွဲသူများတွင် ဆေးရုံများ၊ ဆေးခန်းများ၊ အစိုးရအဖွဲ့အစည်းများ၊ ကော်ပိုရိတ်များနှင့် အင်ဂျင်နီယာကုမ္ပဏီများ ပါဝင်ပြီး ၎င်းတို့ထဲမှ အများစုမှာ ရေရှည်ဝယ်ယူသူများ ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် ယုံကြည်ရသော ရောင်းပြီးဝန်ဆောင်မှုများ၊ Full-Service Maintenance Agreement (FSMA) နှင့် ကြုံတင်ဆောင်ရွက်ထားသော သုံးစွဲသူပံ့ပိုးမှု အစီအစဉ်များဖြင့် ပြိုင်ဘက်များနှင့် ကွဲပြားအောင် ဆောင်ရွက်ထားပြီး ဤလုပ်ဆောင်မှုများသည် စက်ပစ္စည်းများပုံမှန်အလုပ်လုပ်နိုင်မှုနှင့် သုံးစွဲသူကျေနပ်မှုကို ရရှိစေပါသည်။ ဦးတည်ချက်ချ၍ ဈေးကွက်ရှာဖွေရေးလှုပ်ရှားမှုများ၊ ကုန်သွယ်ရေးပြပွဲများနှင့် လုပ်ငန်းဆိုင်ရာပွဲများတွင် တက်ကြွစွာပါဝင်ခြင်းနှင့် စစ်တမ်းကောက်ယူခြင်း၊ ထုတ်ကုန်ပြသခြင်းစသည့် သုံးစွဲသူများနှင့် ထိတွေ့ဆက်ဆံမှုဆိုင်ရာ လုပ်ငန်းများမှတစ်ဆင့် ယုံကြည်မှုနှင့် အမှတ်တံဆိပ်သစ္စာရှိမှုကို နက်ရှိုင်းစွာ တည်ဆောက်နိုင်ခဲ့ပါသည်။ ဤတိုးပွားများပြားလာသော သစ္စာရှိသုံးစွဲသူများသည် တည်ငြိမ်သော ဝင်ငွေရရှိမှု လမ်းကြောင်းကို ဖန်တီးပေးပြီး ဌာနအသီးသီးတွင် အပြန်အလှန်ရောင်းချနိုင်သည့် အခွင့်အလမ်းများကို မြှင့်တင်ပေးကာ မြန်မာနိုင်ငံ၏ ကျန်းမာရေး၊ ရုံးလုပ်ငန်းသုံးအလိုအလျောက်စနစ်နှင့် အင်ဂျင်နီယာကဏ္ဍများရှိ ကျွန်ုပ်တို့၏ ဈေးကွက်ဦးဆောင်မှုကို ခိုင်မာစေပါသည်။

- ကျွန်ုပ်တို့တွင် ခိုင်မာသော ဘဏ္ဍာရေးဆိုင်ရာ မှတ်တမ်းကောင်းများ ရှိပါသည်။

  ကျွန်ုပ်တို့သည် ဆေးဘက်ဆိုင်ရာ ပစ္စည်းကိရိယာများ၊ ရုံးလုပ်ငန်းသုံး အလိုအလျောက်စက်ပစ္စည်းများနှင့် အင်ဂျင်နီယာပစ္စည်းများ ရောင်းဝယ်ဖြန့်ဖြူးရေးတွင် လွန်ခဲ့သောနှစ်သုံးဆယ်ကျော်အတွင်း ရှေ့ဆောင်များထဲမှ တစ်ဦးဖြစ်သည့်အတွက် ကုမ္ပဏီသည် ထူးကဲသော ဂုဏ်သတင်းနှင့် လူသိများသော အမှတ်တံဆိပ်အမည်ဖြင့် ခိုင်မာသည့် ဘဏ္ဍာရေးဆိုင်ရာ မှတ်တမ်းကောင်းများ ရှိပါသည်။ တည်ထောင်ချိန်မှစ၍ ကုမ္ပဏီသည် ၎င်း၏လုပ်ငန်းများမှ သိသာထင်ရှားသော အမြတ်အစွန်းများ ရရှိခဲ့ပြီး နှစ်စဉ်တည်ငြိမ်စွာ ကြီးထွားလာခဲ့ပါသည်။ ရလဒ်အနေဖြင့် ကုမ္ပဏီသည် ခိုင်မာသော ငွေကြေးစီးဆင်းမှုကို ထိန်းသိမ်းထားနိုင်ပြီး စီးပွားရေးလုပ်ငန်းလည်ပတ်မှုများမှ ရရှိသော ငွေသားများဖြင့် ၎င်း၏လုပ်ငန်းလည်ပတ်ရန် လိုအပ်သောရန်ပုံငွေများ အားလုံးနီးပါးကို ပံ့ပိုးနိုင်ခဲ့ပါသည်။ ထို့ကြောင့် ကုမ္ပဏီတွင် လက်ငင်းပေးရန်တာဝန်များအတွင်း ကုန်သွယ်မှုဆိုင်ရာနှင့် အခြားပေးရန်တာဝန်ငွေများ အနည်းငယ်မှအပ မကြာသေးမီနှစ်များအတွင်း ရေရှည်ကြွေးမြီများ မရှိသလောက်နီးပါးဖြစ်ပါသည်။ ဤသို့သော ခိုင်မာသည့် ဘဏ္ဍာရေးဆိုင်ရာမှတ်တမ်းနှင့် ယုံကြည်ရသော ငွေကြေးစီမံခန့်ခွဲမှုသည် ကုမ္ပဏီအား သဘာဝအတိုင်း ကြီးထွားမှုကို ထောက်ပံ့ရန် ပြောင်းလွယ်ပြင်လွယ်ရှိစေပြီး ထုတ်ကုန်အမျိုးအစားအသစ်များနှင့် ဈေးကွက်အသစ်များသို့ ဝင်ရောက်ခြင်းနှင့် ရောင်းပြီးဝန်ဆောင်မှုစွမ်းရည်များ တိုးချဲ့ခြင်းတို့မှတစ်ဆင့် အကောင်အထည်ဖော်နိုင်စေပါသည်။ ပိုမိုအသေးစိတ်သိရှိလိုပါက **အ"ပိုင်း - (၃) အစုရှယ်ယာထုတ်ဝေသည့် ကုမ္ပဏီ၏ အချက်အလက်များ -စီမံခန့်ခွဲမှု၏ ဆွေးနွေးသုံးသပ်ချက် -ငွေဖြစ်လွယ်မှု အခြေအနေနှင့် ရင်းနှီးငွေရလဒ်ဖော်ပြချက်အ" နှင့် "ပိုင်း) ၆ ဘဏ္ဍာရေး - (ရှင်းတမ်းများ"** တို့တွင် ကြည့်ရှုနိုင်ပါသည်။

- ကျွန်ုပ်တို့၏ဝန်ဆောင်မှုစင်တာများမှတစ်ဆင့်ထုတ်ကုန်ရောင်းချခြင်း၊ဌာနရမ်းခြင်းနှင့် ရောင်းပြီးဝန်ဆောင်မှုများအပါအဝင် တစ်နေရာတည်းတွင် ပြည့်စုံသောဝန်ဆောင်မှုများ ပေးစွမ်းပါသည်။

  ကုမ္ပဏီ၏ လုပ်ငန်းပုံစံသည် သုံးစွဲသူများအား ထုတ်ကုန်ဖြန့်ဖြူးရာတွင် လိုက်လျောညီထွေရှိသော ဌာနရမ်းမှု ရွေးချယ်စရာများနှင့် ယုံကြည်စိတ်ချရသော နည်းပညာ အထောက်အပံ့များနှင့် ပေါင်းစပ်ပေးခြင်းအားဖြင့် သုံးစွဲသူများအား ချောမွေ့သော အတွေ့အကြုံပေးနိုင်ရန် ရည်ရွယ်တည်ဆောက်ထားပါသည်။ ကျွန်ုပ်တို့၏ တစ်နိုင်ငံလုံး အတိုင်းအတာရှိ ဝန်ဆောင်မှုစင်တာများသည် သုံးစွဲသူများအတွက် ဝယ်ယူမှုမှ ရေရှည်ထိန်းသိမ်းမှု အထိ အဆင်ပြေချောမွေ့မှုနှင့် ဆက်လက် လုပ်ဆောင်နိုင်စေရန် သုံးစွဲသူများအတွက် တစ်နေရာတည်း ဆက်သွယ်ရမည့် အချက်အဖြစ် ဝန်ဆောင်မှုပေးပါသည်။ ဤပေါင်းစပ်ထားသော နည်းလမ်းသည် စက်ပစ္စည်းများ အလုပ်ရပ်ဆိုင်းချိန်ကို လျှော့ချပေးပြီး သုံးစွဲသူများအတွက် ရောင်းချသူစီမံခန့်ခွဲမှုကို ရိုးရှင်းစေကာ အရည်အသွေးရှိ ထုတ်ကုန်များသာမက ယုံကြည်စိတ်ချရပြီး ရေရှည်ပံ့ပိုးပေးနိုင်သည့် ကျွန်ုပ်တို့၏ စွမ်းရည်ကို ယုံကြည်အားဖြည့်ပေး ပါသည်။

မဟာဗျူဟာများ

- ကျွန်ုပ်တို့၏ အာရုံစိုက်တိုးတက်မှုနှင့် အမှတ်တံဆိပ်အသိအမှတ်ပြုမှုတိုးမြင့်လာမှုများမှတစ်ဆင့် မြန်မာနိုင်ငံရှိ ကျွန်ုပ်တို့၏ ဈေးကွက်အနေအထားကို ပိုမိုခိုင်မာစေပြီး အားကောင်းလာစေမည် ဖြစ်ပါသည်။

  ကုမ္ပဏီသည်ပေါင်းစည်းထားသော၊အချက်အလက်ဗဟိုပြုအရောင်းနှင့်ဈေးကွက်ရှာဖွေရေးလုပ်ငန်းဆောင်တာများမှတစ်ဆင့် ၎င်း၏ဈေးကွက်ဦးဆောင်မှုကို ပိုမိုခိုင်မာစေရန် စီစဉ်ထားပါသည်။ ထောက်ခံညွှန်းပေးခြင်းများအပြင် ကွဲပြားသော လူမှုမီဒီယာ ပလပ်ဖောင်းများနှင့် ကျွန်ုပ်တို့၏ ဝဘ်ဆိုက်တွင် ပလပ်ဖောင်းအလိုက် သတ်မှတ်ထားသော အကြောင်းအရာများကို ဖြန့်ချိခြင်း၊ ဦးတည်ချက်ချ၍ ကြော်ငြာခြင်း၊ ဩဇာရှိသူများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းများဖြင့်

ပံ့ပိုးကာ လူပ်ရှားသူဦးရေရရှိမှု၊ ပါဝင်ဆောင်ရွက်မှုနှင့် စျေးကွက်ရှာဖွေရေး လုပ်ငန်းဆောင်တာများ အောင်မြင်မှုကို အမြင့်ဆုံးဖြစ်စေရန် ခွဲခြမ်းစိတ်ဖြာခြင်းများ ပြုလုပ်ပါသည်။ ကျွန်ုပ်တို့သည် လိုအပ်ချက်ကို လှုံ့ဆော်ရန်နှင့် အရည်အချင်းပြည့်မီသော အခွင့်အလမ်းများ ဖန်တီးရန်အတွက် တိုက်ရိုက်ပြသခြင်းများ၊ စမ်းသပ်သုံးစွဲခွင့်များနှင့် အချိန်အကန့်အသတ်ဖြင့် ကမ်းလှမ်းချက်များ ပါဝင်သည့် ထုတ်ကုန်မိတ်ဆက်ပွဲများနှင့် လှည့်လည်ပြသပွဲများ ကိုစီစဉ်ကျင်းပပြီး ယုံကြည်စိတ်ချရမှုနှင့် မိတ်ဖက်များတည်ဆောက်ရန်အတွက် ကုန်သွယ်ရေးပြပွဲများ၊ ညီလာခံများနှင့် စက်မှုလုပ်ငန်းဆိုင်ရာ ပံ့ပိုးကူညီပွဲများတွင် ပါဝင်ပါသည်။ သုံးစွဲသူများ ဆက်လက်ရှိနေစေရန်အတွက် ကျွန်ုပ်တို့သည် ပုံမှန်သုံးစွဲသူ စစ်တမ်းကောက်ယူမှုများ ပြုလုပ်ပြီး တုံ့ပြန်မှုမြန်သော ထောက်ခံမှု လမ်းကြောင်းများကို ထိန်းသိမ်းကာ ထင်မြင်ချက်များကို အသုံးပြု၍ ထုတ်ကုန်များ၊ စျေးနှုန်းသတ်မှတ်ချက်များနှင့် ဝန်ဆောင်မှု စံချိန်စံညွှန်းများကို မွမ်းမံ ပြုပြင်ပါသည်။ ဤအစမှ အဆုံးထိဆောင်ရွက်မှုသည် အမှတ်တံဆိပ်အသိအမှတ်ပြုမှုကို တိုးပွားစေရန်၊ ကျွန်ုပ်တို့၏ အခွင့်အလမ်း လမ်းကြောင်းကိုချဲ့ထွင်ရန်နှင့် တစ်ကြိမ်တည်းဝယ်ယူသူများကို ရေရှည်သုံးစွဲသူများအဖြစ် ပြောင်းလဲရန် ရည်ရွယ်ပါသည်။

- ကျွန်ုပ်တို့သည် မဟာဗျူဟာမြောက် တည်နေရာများရှိ ဦးတည်သတ်မှတ်ထားသောသုံးစွဲသူများ၏ လိုအပ်ချက်များနှင့် ကိုက်ညီသော ထုတ်ကုန်အသစ်များနှင့် ဝန်ဆောင်မှုအသစ်များကို မိတ်ဆက်ပေးသွားမည် ဖြစ်ပါသည်။

  ကျွန်ုပ်တို့၏ တစ်နိုင်ငံလုံးရှိ ရုံးခွဲများတွင် နှစ်ပေါင်းများစွာကြာအောင် အမျိုးအစားစုံလင်သော ဆေးဘက်ဆိုင်ရာ ပစ္စည်းကိရိယာများ၊ ရုံးလုပ်ငန်းသုံး အလိုအလျောက်စနစ်များ၊ အင်ဂျင်နီယာပစ္စည်းများနှင့် ဝန်ဆောင်မှုများ ပေးလျက်ရှိပါသည်။ ကျွန်ုပ်တို့၏လုပ်ငန်းများသည် မြန်မာနိုင်ငံ၏ အဓိကမြို့ကြီးများဖြစ်သော ရန်ကုန်၊ မန္တလေး၊ နေပြည်တော်၊ တောင်ကြီးနှင့် မကွေးတို့တွင် တည်ရှိနေပြီ ဖြစ်သည့်အတွက် ကျွန်ုပ်တို့၏စီမံခန့်ခွဲမှုအဖွဲ့သည် တည်နေရာအသစ်များသို့ ချဲ့ထွင်ခြင်းထက် လက်ရှိသုံးစွဲသူများ၏ လိုအပ်ချက်များနှင့် ကိုက်ညီသော ထုတ်ကုန်အသစ်များနှင့် ဝန်ဆောင်မှုအသစ်များကို မိတ်ဆက်နိုင်ရန်အတွက် အာရုံစိုက်ဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့ပါသည်။ ဤမဟာဗျူဟာကို အကောင်အထည်ဖော်ရန် ကျွန်ုပ်တို့သည် ပထမဦးစွာ ကျောက်ကပ်သွေးသန့်စင်စက်များနှင့် အသုံးအဆောင်များကို ကျွန်ုပ်တို့၏ရုံးခွဲများ မှတစ်ဆင့် ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ပြီး ရောင်းပြီးဝန်ဆောင်မှုကိုပါ ပံ့ပိုးသွားမည် ဖြစ်ပါသည်။ ဒုတိယအဆင့်တွင် အဓိကမြို့ကြီးများ၌ ကျောက်ကပ်ဆေးစင်တာများ ဖွင့်လှစ်ရန် စီစဉ်ထားပါသည်။

  မကြာသေးမီ နှစ်များအတွင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) နှင့် သက်ဆိုင်ရာ ဆန်းစစ်လေ့လာချက်များအရ ကမ္ဘာတစ်ဝှမ်းတွင် နာတာရှည် ကျောက်ကပ်ရောဂါ (CKD) ဖြစ်ပွားမှု သိသိသာသာ မြင့်တက်လာနေကြောင်း အလေးပေး ဖော်ပြခဲ့ပါသည်။ လက်ရှိ ခန့်မှန်းချက်များအရ ၂၀၂၃ ခုနှစ်တွင် ကမ္ဘာတစ်ဝှမ်း လူဦးရေ ၇၈၈ သန်းခန့် ထိခိုက်ခံစားနေရပြီး၊ ၎င်းမှာ ၁၉၉၀ ပြည့်နှစ်တွင် ၃၇၈ သန်းရှိခဲ့ရာမှ နှစ်ဆကျော် မြင့်တက်လာခြင်းဖြစ်ကာ CKD သည် သေဆုံးမှုနှုန်း အမြန်ဆုံး တိုးတက်လာနေသည့် အကြောင်းရင်းများထဲမှ တစ်ခုဖြစ်လာပါသည်။ ကျွန်ုပ်တို့ သိရှိသရွေ့ မြန်မာနိုင်ငံအတွက် နောက်ဆုံးရ တရားဝင် ကိန်းဂဏန်းများကို အများပြည်သူသို့ ထုတ်ပြန်ထားခြင်း မရှိသော်လည်း၊ ဆေးဘက်ဆိုင်ရာ ကဏ္ဍတွင် ဆယ်စုနှစ်များစွာရှိခဲ့သည့် တိုက်ရိုက် အတွေ့အကြုံများအပေါ် အခြေခံ၍ ကျွန်ုပ်တို့ ဒါရိုက်တာအဖွဲ့အနေဖြင့် ပြည်တွင်းတွင် CKD ဖြစ်ပွားမှုများ တိုးပွားလာနေပြီး ကျောက်ကပ်ဆေးခြင်း ဝန်ဆောင်မှုများအပေါ် လူမှုရေးအရ လိုအပ်ချက်များ မှန်မှန်တိုးတက်လာနေသည်ဟု ရှုမြင်ပါသည်။[၁] ဤနောက်ခံ အခြေအနေများကြောင့် ဒါရိုက်တာအဖွဲ့အနေဖြင့် ကျောက်ကပ်ဆေးစက်များနှင့် ဆက်စပ်သုံးစွဲကုန်များ ဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်းသို့ တိုးချဲ့ခြင်းသည် မြန်မာနိုင်ငံ၏ အရေးကြီးသော ကျန်းမာရေးစောင့်ရှောက်မှု လိုအပ်ချက်ကို အထောက်အကူပြုနိုင်မည်ဟု မျှော်လင့်ရသည့်အပြင်၊ ကုမ္ပဏီ၏ ဆေးဘက်ဆိုင်ရာ (MED) ထုတ်ကုန်အမယ်များနှင့် ဝင်ငွေအခြေခံကို ပိုမိုကျယ်ပြန့်စေမည်ဖြစ်ကာ ကုမ္ပဏီအတွက် ထူးခြားသော မှတ်တိုင်တစ်ခု ဖြစ်လာမည်ဟု ယူဆပါသည်။

[၁] https://pubmed.ncbi.nlm.nih.gov/41213283/

- ကျွန်ုပ်တို့သည် ကျင့်ဝတ်သိက္ခာရှိသော စီမံအုပ်ချုပ်မှုကို ထိန်းသိမ်းကာပွင့်လင်းမြင်သာမှုနှင့်တာဝန်ခံမှုကိုမြှင့်တင်ပေးမည့် ခိုင်မာသော ခေါင်းဆောင်မှုအဖွဲ့ကို တည်ဆောက်ရန် ရည်မှန်းထားပါသည်။

  ကုမ္ပဏီ၏ ရေရှည်အောင်မြင်မှုသည် စီးပွားရေးဆိုင်ရာစွမ်းဆောင်ရည်တစ်ခုတည်းအပေါ်တွင်သာမက ခိုင်မာသော စီမံအုပ်ချုပ်မှုနှင့် စည်းကမ်းနည်းလမ်းကျသည့် ခေါင်းဆောင်မှုအပေါ်တွင်လည်း မူတည်သည်ဟု နားလည်ထားပါသည်။ ကျွန်ုပ်တို့သည် ရိုးသားဖြောင့်မတ်မှု၊ တာဝန်ခံမှုနှင့် ပွင့်လင်းမြင်သာသော ဆုံးဖြတ်ချက်ချမှတ်ခြင်းကို လက်ခံကျင့်သုံးသည့် အဖွဲ့တစ်ခုကို မွေးမြူခြင်းဖြင့် ကျွန်ုပ်တို့၏ ခေါင်းဆောင်မှုဖွဲ့စည်းပုံကို အားကောင်းစေရန် ကတိပြုထားပါသည်။ ၎င်းတွင် လုပ်ငန်းအတွင်း ထိန်းချုပ်မှုများကိုအားဖြည့်ခြင်း၊ အကျိုးဝင်ဥပဒေများ နှင့်စည်းမျဉ်းစည်းကမ်းများကို လိုက်နာခြင်းနှင့် ကုမ္ပဏီတစ်ခုလုံးတွင် ရှင်းလင်းသော အစီရင်ခံမှု လမ်းကြောင်းများကို ပေါင်းစည်းထည့်သွင်းခြင်းတို့ ပါဝင်ပါသည်။ ဤရည်မှန်းချက် အောင်မြင်ရန်အတွက် ကျွန်ုပ်တို့သည် ဒါရိုက်တာအဖွဲ့အဆင့် ကော်မတီများနှင့် လွတ်လပ်သော လုပ်ငန်းတာဝန်များကို ဖွဲ့စည်းထားပြီး ကြီးကြပ် စောင့်ကြည့်မှုကို အားကောင်းစေရန်၊ လိုက်နာဆောင်ရွက်ခြင်း သေချာစေရန်နှင့် တာဝန်ခံမှုကို မြှင့်တင်ပေးရန် ဆောင်ရွက်ပါသည်။ ဤနည်းဖြင့် ကုမ္ပဏီသည် အကျိုးသက်ဆိုင်သူများအကြား ယုံကြည်မှု တည်ဆောက်ရန်နှင့် ရင်းနှီးမြှုပ်နှံမှုများ ဆွဲဆောင်ရန် ရည်ရွယ်ပါသည်။

- ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ သုံးစွဲသူများအား ထူးချွန်ပြောင်မြောက်ပြီး သုံးစွဲသူဗဟိုပြုသော ဝန်ဆောင်မှုများနှင့် အရည်အသွေးမြင့်မားသော ထုတ်ကုန်များကို ပေးဆောင်ခြင်းဖြင့် ကျွန်ုပ်တို့ကိုယ်ကျွန်ုပ်တို့ ခွဲခြားသတ်မှတ်ရန် ရည်မှန်းထားပါသည်။

  ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ အဓိကကဏ္ဍသုံးခုတွင် ကမ္ဘာကျော်အမှတ်တံဆိပ်များ (Mindray, Topcon, Fujifilm BI, Leica, Garmin နှင့် Terumo အပါအဝင်) ၏ ထုတ်ကုန်များကိုစုစည်းပြီး ၊ မြို့နယ်ပေါင်း ၁၂၉ ခုကို လွှမ်းခြုံထားသော ရုံးခွဲလေးခုမှ တစ်ဆင့် ၎င်းကို ခိုင်မာသော သုံးစွဲသူပံ့ပိုးမှုများနှင့် တွဲဖက်ပေးထားပါသည်။ ၂၀၂၄ခုနှစ်တွင် ကျွန်ုပ်တို့၏ ဝန်ဆောင်မှုအဖွဲ့များသည် ဝန်ဆောင်မှုအလုပ်ပေါင်း ၈,၃၀၀ ကျော်ကို အောင်မြင်စွာ ပြီးမြောက်အောင် ဆောင်ရွက်နိုင်ခဲ့ပြီး သုံးစွဲသူကျေနပ်မှုနှုန်း ၇၄% ရရှိခဲ့ပါသည်။ကျွန်ုပ်တို့သည် စက်ပစ္စည်းများ အလုပ်ရပ်ဆိုင်းချိန်ကို အနည်းဆုံးဖြစ်စေရန် ရည်ရွယ်ထားသော အချိန်နှင့်တစ်ပြေးညီ အခြေအနေပြဇယားများ၊ စုစည်းထားသော ဝန်ဆောင်မှုတောင်းဆိုမှုစနစ်နှင့် ကြိုတင် စီစဉ်ထားသော ကာကွယ်ထိန်းသိမ်းမှုများကို မိတ်ဆက်ခဲ့ပါသည်။ ဤပေါင်းစည်းထားသော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုပုံစံသည် တစ်ကြိမ်တစ်ခါတည်း ရောင်းချမှုများကို ကြာရှည်တည်တံ့သော မိတ်ဖက်အဖြစ်သို့ ပြောင်းလဲပေးကာ ကျွန်ုပ်တို့ကို ပြိုင်ဘက်များနှင့် ကွဲပြားစေခဲ့ပါသည်။

- ကျွန်ုပ်တို့သည် စဉ်ဆက်မပြတ် စောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းတို့မှတစ်ဆင့် ကျွန်ုပ်တို့၏မဟာဗျူဟာများကို တိုင်းတာပြီး မွမ်းမံပြုပြင်သွားမည် ဖြစ်ပါသည်။

  ကျွန်ုပ်တို့သည် ဌာနအသီးသီးအတွက် ရည်မှန်းချက်များ သတ်မှတ်ရန်နှင့် ကုန်ကျစရိတ်များ ထိန်းချုပ်ရန်အတွက် နှစ်စဉ်ဝင်ငွေနှင့် ကုန်ကျစရိတ်ဘတ်ဂျက်ကို ပြုစုပါသည်။ သတ်မှတ်ထားသောဝင်ငွေရည်မှန်းချက်အောင်မြင်ရန် အရောင်းဌာနခွဲတစ်ခုစီ၏ ဌာနခေါင်းဆောင်သည် ၎င်း၏ အရောင်းအဖွဲ့၏ စွမ်းဆောင်ရည်ကို နီးကပ်စွာ စောင့်ကြည့်အကဲဖြတ်ရန် လိုအပ်ပါသည်။ ၎င်းအနေဖြင့် ထိန်းချုပ်မှု အားနည်းချက်များနှင့် စိန်ခေါ်မှုများကို ဖော်ထုတ်ပြီး သတ်မှတ်ထားသော ဝင်ငွေရည်မှန်းချက်ပြည့်မီစေရန် အဖွဲ့ကို ဤအခက်အခဲများ ကျော်လွှားရာတွင် ကူညီရမည် ဖြစ်ပါသည်။ ဘဏ္ဍာရေးနှင့် စာရင်းကိုင်ဌာနသည် အဓိကအားဖြင့် ကုန်ကျစရိတ်ဘတ်ဂျက်ကို ကြီးကြပ်စီမံပါသည်။ ဘဏ္ဍာရေးဝန်ထမ်းများသည် သတ်မှတ်ကာလအတွင်း ဘတ်ဂျက်ထက် မကျော်လွန်စေရန် ဌာနတိုင်း၏ ကုန်ကျစရိတ်များကို သေချာစွာ ကြိုးစား ခြေရာကောက်ပါသည်။ ထို့နောက် ကျွန်ုပ်တို့သည် ကုမ္ပဏီ၏ ကြီးထွားမှုအတွက်

မဟာဗျူဟာများကို ရေးဆွဲပြီး ကျွန်ုပ်တို့၏ ရည်မှန်းချက်များကို ဖြည့်ဆည်းရန်နှင့် ပေါ်ပေါက်လာနိုင်သည့် အတားအဆီးများကို ဖြေရှင်းရန် အဖြေများကို အကောင်အထည်ဖော်ပါသည်။ ထို့အပြင် ကျွန်ုပ်တို့၏ လုပ်ငန်းအတွင်း ထိန်းချုပ်ရေးအဖွဲ့သည် အဖွဲ့အစည်းတစ်ခုလုံးရှိ လုပ်ငန်းပိုင်း ထိန်းချုပ်မှုများ၏ ထိရောက်မှုကို အကဲဖြတ်ခြင်း၊ လုပ်ငန်းစဉ်များနှင့် စနစ်များကို ပြန်လည်သုံးသပ်ခြင်းနှင့် ခြောက်လတစ်ကြိမ် စနစ်များ၊ ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများအပေါ် ပုံမှန်အရည်အသွေးစစ်ဆေးမှုများ ပြုလုပ်ပါသည်။ ဤပုံမှန်အကဲဖြတ်မှုများသည် အလေ့အထများကို ဖော်ထုတ်ရန်၊ စွမ်းဆောင်ရည်နိမ့်ကျမှုများကို ကိုင်တွယ်ဖြေရှင်းရန်၊ ထိရောက်မှု မြှင့်တင်ရန်နှင့် ရေရှည်တည်တံ့သော ကြီးထွားမှုကို ထောက်ပံ့ရန် ကျွန်ုပ်တို့၏ မဟာဗျူဟာများကို မွမ်းမံပြုပြင်ရန် အခွင့်အလမ်းပေးပါသည်။

၃.၁.၃။ ကုမ္ပဏီ၏ ဖွဲ့စည်းပုံနှင့် ယင်းကုမ္ပဏီအုပ်စု၏ အကြောင်းအရာဖော်ပြချက်

နောက်ဆုံးတင်သွင်းသည့် နေ့ရက်အရ ကုမ္ပဏီတွင် မည်သည့် လက်အောက်ခံကုမ္ပဏီမျှ မရှိပါ။ သို့ရာတွင် စီမံခန့်ခွဲမှုအဖွဲ့သည် စာရင်းတင်သွင်းခြင်းပြီးနောက် သင့်လျော်သော အချိန်တွင် ABMT Myanmar Company Limited ကို ကုမ္ပဏီ၏ လက်အောက်ခံ ကုမ္ပဏီအဖြစ် ဝယ်ယူရန် ကတိပြုထားပါသည်။

ABMT Myanmar Company Limited (ABMT)

ABMT အား ၂၀၁၃ ခုနှစ်၊ ဇွန်လ ၁၁ ရက်နေ့တွင် မြန်မာနိုင်ငံ၏ ဥပဒေများအောက်၌ ပေးရန်တာဝန် ကန့်သတ်ထားသည့် အများနှင့် မသက်ဆိုင်သော ကုမ္ပဏီအဖြစ် စတင်တည်ထောင်ခဲ့ပါသည်။ ABMT ကို ကုမ္ပဏီ၏ ဒါရိုက်တာနှင့် အစုရှယ်ယာရှင်များလည်း ဖြစ်ကြသည့် ဒေါက်တာသန်းဝင်း၊ ဒေါ်တင်တင်အေး၊ ဦးဘရမ်ဒန်မောင်ဝင်းနှင့် ဒေါ်အေမီ မီမီဝင်း တို့မှ ၁၀၀% ပိုင်ဆိုင်၍ ထိန်းချုပ်ထားပါသည်။ လက်ရှိတွင် ဒေါက်တာသန်းဝင်းမှ ABMT ၏ အမှုဆောင်အရာရှိချုပ် (CEO) အဖြစ် တာဝန်ယူ ဆောင်ရွက်လျက်ရှိပါသည်။ ABMT ၏ စီးပွားရေးလုပ်ငန်းဆောင်ရွက်မှုမှာ အဓိကအားဖြင့် ကုမ္ပဏီ၏ လက်ရှိ လုပ်ငန်းဆောင်ရွက်မှုများနှင့် ထပ်တူဖြစ်နေသော ဆေးဘက်ဆိုင်ရာနှင့် အင်ဂျင်နီယာဆိုင်ရာ ပစ္စည်းကိရိယာများ ရောင်းချခြင်းနှင့် ဖြန့်ဖြူးခြင်းလုပ်ငန်း ဖြစ်ပါသည်။ သို့ရာတွင် ABMT မှ ဖြန့်ဖြူးသော ကုန်အမှတ်တံဆိပ်များနှင့် ၎င်းတို့ ဝန်ဆောင်မှုပေးသည့် ပစ်မှတ်ထားသော စျေးကွက်အပိုင်းအခြားများသည် ကုမ္ပဏီ၏ ကုန်အမှတ်တံဆိပ်၊ စျေးကွက်များနှင့် ကွဲပြားခြားနား မှုရှိပါသည်။ အသေးစိတ်အချက်အလက်များကို **"အပိုင်း (၅)။ ဆက်နွယ်သည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများအကြား ပတ်သက်ဆောင်ရွက်မှုများ - ဆက်နွယ်သည့်ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများနှင့် ပြုလုပ်ထားသော အရေးကြီးသည့် ပတ်သက်ဆောင်ရွက်မှုများ"** တွင် ဖတ်ရှုနိုင်ပါသည်။

ABMT နှင့် Concordia အကြားတွင် အဓိကအားဖြင့် အတိုးပေးရန်လိုအပ်သော ကာလတိုချေးငွေများနှင့် အရောင်းအဝယ် ပြုလုပ်မှုများကဲ့ သို့သော ဆက်နွယ်သည့်ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများအကြား ပတ်သက်ဆောင်ရွက်မှုများ (Related Party Transactions) အချို့ ရှိပါသည်။ ထို့ကြောင့် အစုရှယ်ယာအနည်းစုသာ ပိုင်ဆိုင်သည့် ရှယ်ယာရှင်များ အပါအဝင် Concordia ၏ အစုရှယ်ယာရှင်များ၏ အကျိုးစီးပွားကို ကာကွယ်ရန်နှင့် ကုမ္ပဏီနှင့် ABMT အကြား ဆက်နွယ်သည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများအကြား ပတ်သက်ဆောင်ရွက်မှုများကို လျော့ချရန်အတွက် စီမံခန့်ခွဲမှုအဖွဲ့အနေဖြင့် YSX တွင် စာရင်းဝင်ပြီးနောက် သင့်လျော်သော ကာလတစ်ခုအတွင်း ABMT ၏ ထိန်းချုပ်မှုအာဏာကို ရယူပြီး လက်အောက်ခံကုမ္ပဏီ (Subsidiary) အဖြစ် လွှဲပြောင်းရယူရန် စီမံထားပါသည်။

၃.၁.၄။ မိခင်ကုမ္ပဏီ၊ လက်အောက်ခံကုမ္ပဏီများနှင့် တွဲဖက်ကုမ္ပဏီများ၏ လုပ်ငန်းလုပ်ဆောင်ချက်များ

နောက်ဆုံးတင်သွင်းသည့် နေ့ရက်အရ ကုမ္ပဏီတွင် မည်သည့် လက်အောက်ခံကုမ္ပဏီမျှ မရှိပါ။ အနာဂတ်ဝယ်ယူရန် ရည်ရွယ်ချက်များနှင့် ပတ်သက်၍ ၃.၁.၃ တွင် ကြည့်ရှုနိုင်ပါသည်။

၃.၁.၅။ ခန့်အပ်ထားသည့်ဝန်ထမ်းများ၏ အကြောင်းအရာ ဖော်ပြချက်

နောက်ဆုံးတင်သွင်းသည့် နေ့ရက်အရ ကျွန်ုပ်တို့၏ ကုမ္ပဏီတွင် အောက်ပါလုပ်ဆောင်ချက်များနှင့် လုပ်ငန်းတာဝန်များ ဆောင်ရွက်သည့် ဝန်ထမ်းစုစုပေါင်း ၃၃၇ ဦး ရှိပါသည်။

အဓိကလုပ်ငန်းအမျိုးအစားအလိုက် ခန့်အပ်ထားသောသူများ၏ ခွဲခြမ်းစိတ်ဖြာချက်

လုပ်ငန်း၏ အဓိကအမျိုးအစား	**ဝန်ထမ်းဦးရေ**
စီမံခန့်ခွဲမှု	၄၅
လုပ်ငန်းလုပ်ဆောင်မှုအဖွဲ့	၅၂
လုပ်ငန်းလည်ပတ်မှုအဖွဲ့	၂၄၀
စုစုပေါင်း	၃၃၇

(အလားအလာညွှန်းတမ်းနောက်ဆုံးတင်သွင်းသည့်နေ့ရက် အရ)

တည်နေရာဒေသအလိုက် ခန့်အပ်ထားသောသူများ၏ ခွဲခြမ်းစိတ်ဖြာချက်

တည်နေရာဒေသ	**ဝန်ထမ်းဦးရေ**
ရန်ကုန်	၂၃၇
မန္တလေး	၄၇
နေပြည်တော်	၃၀
မြိတ်	၁
မုံရွာ	၁
ကလေး	၁
ဟင်္သာတ	၁
မြစ်ကြီးနား	၁
တောင်ကြီး	၁၀
မကွေး	၇
ပြည်	၁
စုစုပေါင်း	**၃၃၇**

(အလားအလာညွှန်းတမ်းနောက်ဆုံးတင်သွင်းသည့်နေ့ရက် အရ)

ဝန်ထမ်းများ၏ ပညာရပ်ဆိုင်ရာ အရည်အချင်းများ

ပညာရပ်ဆိုင်ရာ အရည်အချင်း	**ဝန်ထမ်းဦးရေ**
တက္ကသိုလ် (ဘွဲ့ရ)	၂၆၇
တက္ကသိုလ် (ဘွဲ့မရ)	၂၃
အထက်တန်း	၄၁
အလယ်တန်း	၆
စုစုပေါင်း	**၃၃၇**

(အလားအလာညွှန်းတမ်းနောက်ဆုံးတင်သွင်းသည့်နေ့ရက် အရ)

ဝန်ထမ်းများ၏ အသက်အရွယ်

ဝန်ထမ်းများ၏ အသက်အရွယ် (နှစ်)	**ဝန်ထမ်းဦးရေ**
၁၈-၂၈	၈၁
၂၉-၄၀	၁၇၇
၄၁-၆၅	၇၂
၆၆-၇၅	၆
၇၆ နှင့်အထက်	၁
စုစုပေါင်း	**၃၃၇**

(အလားအလာညွှန်းတမ်းနောက်ဆုံးတင်သွင်းသည့်နေ့ရက် အရ)

၂၀၂၆ ခုနှစ်၊ မေလ ၂၂ ရက်နေ့အထိ ကုမ္ပဏီ၏ အလုပ်ခန့်ထားမှု သဘောတူစာချုပ် (Employment Contracts) စုစုပေါင်း ၃၃၇ ခု အနက် ၂၈၉ ခုကို မြန်မာနိုင်ငံရှိ သက်ဆိုင်ရာ မြို့နယ်အလုပ်သမားရုံးများတွင် မှတ်ပုံတင်ပြီး အတည်ပြုချက်ရရှိထားပြီး ဖြစ်ပါသည်။ နောက်ထပ် အလုပ်ခန့်ထားမှု သဘောတူစာချုပ် ၂၅ ခုကိုလည်း သက်ဆိုင်ရာ မြို့နယ်အလုပ်သမားရုံးသို့ တင်ပြထားပြီးဖြစ်ကာ လက်ရှိတွင် အတည်ပြုချက်ရရှိရန် စောင့်ဆိုင်းလျက်ရှိပါသည်။ ကုမ္ပဏီအနေဖြင့် ကျန်ရှိနေသေးသော အလုပ်ခန့်ထားမှု သဘောတူစာချုပ် ၂၃ ခုကို မှတ်ပုံတင်ရန်အတွက် ဆောင်ရွက်လျက်ရှိပြီး၊ ကျန်ရှိနေသော မှတ်ပုံတင်ခြင်း လုပ်ငန်းစဉ်အားလုံးကို သင့်လျော်သည့် အချိန်ကာလအတွင်းအပြီးသတ်ဆောင်ရွက်နိုင်ရန် မျှော်မှန်းထားပါသည်။

အလုပ်ခန့်ထားမှု သဘောတူစာချုပ်များအား မှတ်ပုံတင်ထားခြင်း မရှိမှုနှင့် ပတ်သက်သည့် စွန့်စားရနိုင်ခြေ အသေးစိတ် အချက်အလက်များကို ဤအလားအလာညွှန်းတမ်း ၏ **"အပိုင်း (၂)။ အများပြည်သူသို့ ကမ်းလှမ်းရောင်းချခြင်းဆိုင်ရာ အချက်အလက်များ - ဆုံးရှုံးနိုင်သည့် အချက်များ - သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများထံတွင် အချို့သော အလုပ်ခန့်ထားမှု သဘောတူစာချုပ်များကို မှတ်ပုံတင်ထားခြင်း မရှိသည့်အတွက် ကျွန်ုပ်တို့သည် ဒဏ်ကြေးများ ပေးဆောင်ရနိုင်သည့် အခြေအနေ ရှိနိုင်ပါသည်။"** ကဏ္ဍတွင် ဖတ်ရှုနိုင်ပါသည်။

ကုမ္ပဏီသည် ဝန်ထမ်း ၃၀ ထက်ပိုမိုသော ရန်ကုန်နှင့် မန္တလေးရုံးခွဲများတွင် လုပ်ငန်းခွင် ညှိနှိုင်းရေးကော်မတီ (Workplace Coordinating Committee - WCC) ကို စနစ်တကျ ဖွဲ့စည်းထားပြီး ဖြစ်ပါသည်။ လုပ်ငန်းခွင် ညှိနှိုင်းရေးကော်မတီ တစ်ခုချင်းစီတွင် အလုပ်ရှင်နှင့် အလုပ်သမား နှစ်ဖက်လုံးမှ ကိုယ်စားလှယ်များ ပါဝင်ပြီး လုပ်ငန်းခွင်အတွင်း အငြင်းပွားမှုများကို ဖြေရှင်းရန်နှင့် ကုမ္ပဏီအတွင်း သဟဇာတဖြစ်သော အလုပ်သမား ဆက်ဆံရေးကို မြှင့်တင်ရန်အတွက် အဓိက ယန္တရားတစ်ခုအဖြစ် ဆောင်ရွက်ပါသည်။ နောက်ဆုံးတင်သွင်းသည့်နေ့ရက်အထိ လုပ်ငန်းခွင် ညှိနှိုင်းရေးကော်မတီများကို မြန်မာနိုင်ငံရှိ တည်ဆဲ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဖွဲ့စည်းထားပြီး ဖြစ်ပါသည်။

၃.၂။ စီးပွားရေးလုပ်ငန်းအကြောင်း အသေးစိတ်ဖော်ပြချက်

၃.၂.၁။ လုပ်ငန်း သဘာဝဖော်ပြချက်

ကျွန်ုပ်တို့၏ အဓိကစီးပွားရေး လုပ်ငန်းလုပ်ဆောင်မှုမှာ ဆေးဘက်ဆိုင်ရာ၊ အင်ဂျင်နီယာနှင့် ရုံးလုပ်ငန်းသုံး အလိုအလျောက် စက်ပစ္စည်းများ ရောင်းချခြင်းနှင့် ဖြန့်ဖြူးခြင်း ဖြစ်ပါသည်။ ပစ္စည်းများရောင်းချခြင်း အပြင်၊ ကျွန်ုပ်တို့သည် ပစ္စည်းကိရိယာ ငှားရမ်းခြင်း၊ အင်ဂျင်နီယာဆိုင်ရာ အရည်အသွေးထိန်းချုပ်ရေး ဓာတ်ခွဲခန်းဝန်ဆောင်မှုများ နှင့် ပစ္စည်းကိရိယာများအတွက် နည်းပညာ အထောက်အပံ့ဝန်ဆောင်မှုများ အပါအဝင် ဆက်စပ်ဝန်ဆောင်မှုများကိုလည်း ဆောင်ရွက်ပေးပါသည်။ ကျွန်ုပ်တို့၏ ရုံးချုပ်သည် ရန်ကုန်မြို့တွင်တည်ရှိပြီး မြန်မာနိုင်ငံတစ်ဝှမ်းတွင် ရုံးခွဲလေးခုရှိပါသည်။ ထိုရုံးခွဲများနှင့် ပတ်သက်သည့် နောက်ထပ်အချက်အလက်များကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

အမှတ်စဉ်	ရုံးခွဲ/ရုံးချုပ်	လုပ်ဆောင်ချက်/တာဝန်ဝတ္တရားများ
၁	ရန်ကုန်	ရုံးချုပ်၊ အောက်မြန်မာပြည်ဒေသအတွက် အရောင်းနှင့် ဝန်ဆောင်မှုများ
၂	မန္တလေး	ရုံးခွဲ၊ အထက်မြန်မာပြည်ဒေသအတွက် အရောင်းနှင့် ဝန်ဆောင်မှုများ
၃	နေပြည်တော်	ရုံးခွဲ၊ မြန်မာပြည်အလယ်ပိုင်းဒေသအတွက် အရောင်းနှင့် ဝန်ဆောင်မှုများ
၄	တောင်ကြီး	ရုံးခွဲ၊ ရှမ်းပြည်နယ်အတွက် အရောင်းနှင့် ဝန်ဆောင်မှုများ
၅	မကွေး	ရုံးခွဲ၊ မကွေးတိုင်းဒေသကြီးအတွက် အရောင်းနှင့် ဝန်ဆောင်မှုများ

ကျွန်ုပ်တို့၏ စီးပွားရေးလုပ်ငန်းသည် ရာသီအလိုက်ပြောင်းလဲသော သဘာဝမရှိပါ။ ထို့အပြင် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ ကုန်ပစ္စည်းများကို ကိုယ်တိုင် ထုတ်လုပ်ခြင်း မပြုပါ။ ကျွန်ုပ်တို့သည် ပို့ကုန်သွင်းကုန်ဥပဒေအရ ခွင့်ပြုချက် ရရှိထားသော လက်လီ/လက်ကား ရောင်းဝယ်ရေး ကုမ္ပဏီဖြစ်ပြီး စီးပွားရေးလုပ်ငန်း လုပ်ကိုင်ရန် လက်ကား/လက်လီ မှတ်ပုံတင်လက်မှတ် ရရှိထားပါသည်။ စီးပွားရေးလုပ်ငန်း လုပ်ကိုင်ရန်အတွက် လိုအပ်သော အရေးပါသည့် လိုင်စင်များနှင့် ပတ်သက်သည့် နောက်ထပ် အချက်အလက်များကို **"အပိုင်း (၉) - လုပ်ငန်းနှင့်ပတ်သက်သည့် မြန်မာဥပဒေများနှင့် စည်းမျဉ်းများ အကျဉ်းချုပ် ဖော်ပြချက်" နှင့် "အပိုင်း (၂) - အများပြည်သူသို့ ကမ်းလှမ်းရောင်းချခြင်းဆိုင်ရာ အချက်အလက်များ - ဆုံးရှုံးနိုင်သည့် အချက်များ - ကျွန်ုပ်တို့ စီးပွားရေးလုပ်ငန်းအား ဆက်လက်လုပ်ဆောင်နိုင်မှုစွမ်းရည်မှာ တစ်ခါတစ်ရံတွင် တည်ဆဲဥပဒေများနှင့် ညီညွတ်မှုမရှိဟုဆိုကာ ငြင်းပယ်ခြင်း ခံရနိုင်ဖွယ်ရှိသော သက်ဆိုင်ရာဒေသ အာဏာပိုင်များထံမှ ခွင့်ပြုချက်၊ ခွင့်ပြုမိန့်ရယူခြင်း (သို့မဟုတ်) ထိန်းသိမ်းထားခြင်း အပေါ်တွင်လည်း များစွာမှီခိုနေပါသည်။"** တွင် ကြည့်ရှုပါရန်။

၃.၂.၂။ လုပ်ငန်းကဏ္ဍတစ်ခုခြင်းအလိုက် ဆောင်ရွက်ချက်များ

ကုမ္ပဏီသည် နှစ်ပေါင်းသုံးဆယ်ကျော်ကြာ မြန်မာနိုင်ငံတွင် ကြီးထွားဖွံ့ဖြိုးမှု၊ ယုံကြည်မှုနှင့် ဆန်းသစ်တီထွင်မှုတို့၏ အဓိက ထောက်ကူပံ့ပိုးသူတစ်ဦး ဖြစ်လာခဲ့ပါသည်။ ၁၉၉၃ ခုနှစ်တွင် တည်ထောင်ခဲ့ချိန်မှစ၍ ကျွန်ုပ်တို့သည် အင်ဂျင်နီယာ၊ ရုံးလုပ်ငန်းသုံး အလိုအလျောက်စက်ပစ္စည်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ဖြေရှင်းချက်များ ပေးဆောင်သည့် ထိပ်တန်းကုမ္ပဏီတစ်ခု ဖြစ်လာခဲ့ပါသည်။


ကျွန်ုပ်တို့၏ လုပ်ငန်းအဓိကဆောင်ရွက်ရာ မဟာဗျူဟာမြောက် ရုံးချုပ်ကို ရန်ကုန်တွင် တည်ထောင်ထားပြီး မန္တလေး၊ နေပြည်တော်၊ တောင်ကြီးနှင့် မကွေးမြို့များတွင် ရုံးခွဲများ ဖွင့်လှစ်ထားကာ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လုပ်ငန်းလည်ပတ်လျက်ရှိပါသည်။ ဤကျယ်ပြန့်သော ကွန်ရက်စနစ်ဖြင့် ကျွန်ုပ်တို့၏ စီးပွားရေးလုပ်ငန်းသည် တစ်နိုင်ငံလုံးအတိုင်းအတာအထိ အချိန်နှင့်တစ်ပြေးညီ ပေးပို့ဆောင်ရွက်မှုနှင့် အကူအညီပေးမှုကို အာမခံချက်ပေးကာ သုံးစွဲသူများအား ထိရောက်စွာ ဝန်ဆောင်မှုပေးနိုင်ခဲ့ပါသည်။ မြို့နယ် ၁၂၉ ခုတွင် လုပ်ငန်းလည်ပတ်လျက်ရှိခြင်းဖြင့် နိုင်ငံတစ်ဝှမ်းလွှမ်းခြုံဝင်ရောက်နိုင်မှု တိုးမြှင့်ရေးနှင့် တိုးတက်မှုများဖြစ်ထွန်းစေရေး စသည့် ကျွန်ုပ်တို့၏ ကတိကဝတ်ကို ဖော်ပြနေခြင်းဖြစ်ပါသည်။ အဓိကတည်နေရာများတွင် လုပ်ငန်းလည်ပတ်ခြင်းသည် ခိုင်မာသောသုံးစွဲသူဆက်ဆံရေးကို ထိန်းသိမ်းထားနိုင်ပြီး ၎င်းတို့၏လိုအပ်ချက်များကို အမြန်ဆုံးဖြေရှင်းနိုင်စေပါသည်။ ခိုင်မာသော ဒေသဆိုင်ရာချဉ်းကပ်နိုင်မှုသည် ကုမ္ပဏီ၏ တစ်နိုင်ငံလုံးအတိုင်းအတာအထိ ယုံကြည်ရသောမိတ်ဖက်အဖြစ် အနေအထားကို ပိုမိုခိုင်မာစေပါသည်။ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာဖြေရှင်းချက်များ၊ ရုံးလုပ်ငန်းသုံးအလိုအလျောက်စက်ပစ္စည်းများနှင့် အင်ဂျင်နီယာပစ္စည်းကိရိယာများ စသည့် အဓိကအာရုံစိုက်မှုဖြင့် ကွန်ကော့ဒီးယားသည် မြန်မာနိုင်ငံ၏ အရေးပါသော စီးပွားရေးကဏ္ဍများတွင် ကွဲပြားစုံလင်သော အဓိကစီးပွားရေးကဏ္ဍ သုံးခု၏ ထုတ်ကုန်စုစည်းမှုကို ထိန်းသိမ်းထားပါသည်။

စီးပွားရေးကဏ္ဍသုံးခုဖြစ်သော -ဆေးဘက်ဆိုင်ရာပစ္စည်းကိရိယာ (MED)၊ ရုံးလုပ်ငန်းသုံးအလိုအလျောက်စက်ပစ္စည်း (OA)နှင့် အင်ဂျင်နီယာပစ္စည်းကိရိယာ (ENG) - မှ ရရှိသော ဝင်ငွေများကို အောက်ပါ အမျိုးအစားများအလိုက် ဖော်ပြထားပါသည်။

စီးပွားရေးလုပ်ငန်းကဏ္ဍအသီးသီး၏ ဝင်ငွေအပေါ် ခွဲခြမ်းစိတ်ဖြာချက်

စီးပွားရေးလုပ်ငန်းကဏ္ဍ	စုစုပေါင်းဝင်ငွေ၏ % (ဘဏ္ဍာရေးနှစ် ၂၀၂၄-၂၀၂၅)	စုစုပေါင်းဝင်ငွေ၏ % (ဘဏ္ဍာရေးနှစ် ၂၀၂၃-၂၀၂၄)
ဆေးဘက်ဆိုင်ရာပစ္စည်းကိရိယာ (MED)	၆၈%	၆၃%
ရုံးလုပ်ငန်းသုံးအလိုအလျောက်စက်ပစ္စည်း (OA)	၂၂%	၂၁%
အင်ဂျင်နီယာပစ္စည်းကိရိယာ (ENG)	၈%	၁၆%

မှတ်ချက် - စီးပွားရေးလုပ်ငန်းကဏ္ဍအသီးသီး၏ အရောင်းဝင်ငွေတွင် ၎င်းကဏ္ဍနှင့် ဆက်စပ်သော ရောင်းပြီးဝန်ဆောင်မှုမှ ရရှိသော ဝင်ငွေများ ပါဝင်ပါသည်။



မှတ်ချက် - အခြားဝင်ငွေ ဆိုသည်မှာ အထွေထွေနှင့် အခါအားလျော်စွာ ရရှိသော ထပ်တလဲလဲမဟုတ်သော ဝင်ငွေများကို ကိုယ်စားပြုပါသည်။

ဆေးဘက်ဆိုင်ရာပစ္စည်းကိရိယာ (MED)

			C.I.L Co., Ltd.	ဆေးဘက်ဆိုင်ရာပစ္စည်းကိရိယာများ ဖြန့်ဖြူးခြင်းနှင့် ဓာတ်ခွဲခန်းဝန်ဆောင်မှုပေးခြင်း	C.I.L သည် လုပ်ငန်းသဘောသဘာဝ တူညီသော နယ်ပယ်တွင် ဆောင်ရွက်လျက်ရှိပြီး အလားတူ ဝယ်ယူသူများ ရှိနိုင်ပါသည်။	ဆက်နွယ်သည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများအကြား ပတ်သက်ဆောင်ရွက်မှုများကို မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေနှင့် ကုမ္ပဏီ၏ ဆက်နွယ်သည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများအကြား ပတ်သက် ဆောင်ရွက်မှုများဆိုင်ရာ မူဝါဒအရ သတ်မှတ်ချက်များ နှင့်အညီ ဒါရိုက်တာအဖွဲ့နှင့်

						စာရင်းစစ်နှင့် ဆုံးရှုံးနိုင်ခြေ ကော်မတီသို့ အစီရင်ခံတင်ပြမည် ဖြစ်ပါသည်။
၂။	ဒေါ်တင်တင် အေး	ဒါရိုက်တာနှင့် အစုရှယ်ယာ ရှင်	ABMT Myanmar Co., Ltd.	ဆေးဘက် ဆိုင်ရာပစ္စည်း ကိရိယာများနှင့် အင်ဂျင်နီယာ ပစ္စည်းကိရိယာ များ ဖြန့်ဖြူး ရောင်းချခြင်း	ABMTသည် လုပ်ငန်းသဘော သဘာဝ တူညီသော နယ်ပယ်တွင် ဆောင်ရွက်လျက် ရှိပြီး အလားတူ ပစ္စည်းပေးသွင်း သူများ၊ ဝယ်ယူသူများနှင့် ဆက်သွယ် ဆောင်ရွက်လျက် ရှိပါသည်။	ကွန်ကော့ဒီးယားသည် စာရင်းဝင်ခြင်း ဆောင်ရွက်ပြီးနောက် သင့်တော်သော ကာလအတွင်း ABMT ကို လက်အောက်ခံ ကုမ္ပဏီအဖြစ် ဝယ်ယူရန် ရည်ရွယ်ထားပါသည်။ ဝယ်ယူမှု မပြုမီအထိ ဆက်နွယ်သည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများအကြား ပတ်သက်ဆောင်ရွက်မှုများကို မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေနှင့် ကုမ္ပဏီ၏ ဆက်နွယ်သည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများအကြား ပတ်သက်ဆောင်ရွက်မှုများဆိုင်ရာ မူဝါဒအရ သတ်မှတ်ချက်များနှင့် အညီ ဒါရိုက်တာအဖွဲ့နှင့် စာရင်းစစ်နှင့် ဆုံးရှုံးနိုင်ခြေ ကော်မတီသို့ အစီရင်ခံ တင်ပြမည် ဖြစ်ပါသည်။
၃။	ဦးဘရမ်ဒန် မောင်ဝင်း	ဒါရိုက်တာနှင့် အစုရှယ်ယာ ရှင်	ABMT Myanmar Co., Ltd.	ဆေးဘက် ဆိုင်ရာပစ္စည်း ကိရိယာများနှင့် အင်ဂျင်နီယာပ စ္စည်းကိရိယာ များဖြန့်ဖြူးခြင်း	ABMTသည် လုပ်ငန်းသဘော သဘာဝ တူညီသော နယ်ပယ်တွင် ဆောင်ရွက်လျက် ရှိပြီး အလားတူ ပစ္စည်းပေးသွင်း သူများ၊ ဝယ်ယူသူများနှင့် ဆက်သွယ် ဆောင်ရွက်လျက် ရှိပါသည်။	ကွန်ကော့ဒီးယားသည် စာရင်းဝင်ခြင်း ဆောင်ရွက်ပြီးနောက် သင့်တော်သော ကာလအတွင်း ABMT ကို လက်အောက်ခံ ကုမ္ပဏီအဖြစ် ဝယ်ယူရန် ရည်ရွယ်ထား ပါသည်။ ဝယ်ယူမှုမပြုမီ အထိ ဆက်နွယ်သည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများအကြား ပတ်သက်ဆောင်ရွက်မှုများကို မြန်မာနိုင်ငံကုမ္ပဏီများဥပဒေနှင့် ကုမ္ပဏီ၏ ဆက်နွယ်သည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများအကြား ပတ်သက်ဆောင်ရွက်မှုများဆိုင်ရာ မူဝါဒအရ သတ်မှတ်ချက်များ နှင့်အညီ ဒါရိုက်တာအဖွဲ့နှင့် စာရင်းစစ်နှင့်ဆုံးရှုံးနိုင်ခြေကော်မတီ သို့ အစီရင်ခံတင်ပြမည် ဖြစ်ပါသည်။

၄။	ဒေါ်အေမီ မိမိဝင်း	ဒါရိုက်တာနှင့် အစုရှယ်ယာရှင်	ABMT Myanmar Co., Ltd.	ဆေးဘက်ဆိုင်ရာပစ္စည်းကိရိယာများနှင့် အင်ဂျင်နီယာပစ္စည်းကိရိယာများဖြန့်ဖြူးခြင်း	ABMTသည် လုပ်ငန်းသဘောသဘာဝတူညီသော နယ်ပယ်တွင် ဆောင်ရွက်လျက်ရှိပြီး အလားတူပစ္စည်းပေးသွင်းသူများ၊ ဝယ်ယူသူများနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိပါသည်။	ကွန်ကော့ဒီးယားသည် စာရင်းဝင်ခြင်း ဆောင်ရွက်ပြီးနောက် သင့်တော်သော ကာလအတွင်း ABMT ကို လက်အောက်ခံကုမ္ပဏီအဖြစ် ဝယ်ယူရန် ရည်ရွယ်ထားပါသည်။ ဝယ်ယူမှု မပြုမီအထိ ဆက်နွယ်သည့် ပုဂ္ဂိုလ်သို့မဟုတ် အဖွဲ့အစည်းများအကြား ပတ်သက်ဆောင်ရွက်မှုများကို မြန်မာနိုင်ငံကုမ္ပဏီများဥပဒေနှင့် ကုမ္ပဏီ၏ ဆက်နွယ်သည့် ပုဂ္ဂိုလ်သို့မဟုတ် အဖွဲ့အစည်းများအကြား ပတ်သက်ဆောင်ရွက်မှုများဆိုင်ရာ မူဝါဒအရ သတ်မှတ်ချက်များနှင့်အညီ ဒါရိုက်တာအဖွဲ့နှင့် စာရင်းစစ်နှင့်ဆုံးရှုံးနိုင်ခြေကော်မတီသို့ အစီရင်ခံ တင်ပြမည် ဖြစ်ပါသည်။

အပိုင်း (၆)။ ဘဏ္ဍာရေးရှင်းတမ်းများ

၆.၁။ ဘဏ္ဍာရေးအစီရင်ခံစာများ

ဘဏ္ဍာရေးနှစ် ၂၀၂၃-၂၀၂၄၊ ဘဏ္ဍာရေးနှစ် ၂၀၂၄-၂၀၂၅ နှင့် ဘဏ္ဍာရေးနှစ် ၂၀၂၅-၂၀၂၆ (အကျဉ်းချုံးကြားဖြတ်ဘဏ္ဍာရေးရှင်းတမ်း) တို့အတွက် စာရင်းစစ်ထားသည့် ဘဏ္ဍာရေးအစီရင်ခံစာများကို ဤအလားအလာညွှန်းတမ်း၏ နောက်ဆက်တွဲတွင် ဖော်ပြထားပါသည်။

၆.၂။ စာရင်းစစ်အစီရင်ခံစာ

ဘဏ္ဍာရေးနှစ် ၂၀၂၃-၂၀၂၄၊ ဘဏ္ဍာရေးနှစ် ၂၀၂၄-၂၀၂၅ နှင့် ဘဏ္ဍာရေးနှစ် ၂၀၂၅-၂၀၂၆ (အကျဉ်းချုံးကြားဖြတ်ဘဏ္ဍာရေးရှင်းတမ်း) တို့အတွက် စာရင်းစစ်အစီရင်ခံစာများကို နောက်ဆက်တွဲတွင် ဖော်ပြထားပါသည်။

၆.၃။ ဥပဒေကြောင်းအရ ဆက်လက်ဆောင်ရွက်သွားရန် ရှိနေသည့်ကိစ္စများ

အလားအလာညွှန်းတမ်းပါ နေ့ရက်ထက်အလျင်ကျရောက်သော ၁၂ လ အတွင်း ထုတ်ဝေသူ၏ အနေအထား သို့မဟုတ် အမြတ်အစွန်းရှိနိုင်မှုအပေါ် သိသိသာသာ အကျိုးသက်ရောက်ဖွယ်ရှိနိုင်သော သို့မဟုတ် ထိုသို့ အကျိုးသက်ရောက်သော လူမွေစာရင်းကြေညာခံရခြင်း၊ ပစ္စည်းထိန်း၏ လက်ဝယ်ဖြစ်ခြင်း သို့မဟုတ် အလားတူ အမှုဆောင်ရွက်ချက်များနှင့် စပ်လျဉ်းသော အမှုဆောင်ရွက်ချက်များ အပါအဝင် ဥပဒေဆိုင်ရာ သို့မဟုတ် အနုညာတ စီရင်ဆုံးဖြတ်မှုဆိုင်ရာ အမှုဆောင်ရွက်ချက်များတွင် ပါဝင်ပတ်သက်နေခြင်း မရှိပါ။ ဤတွင် မပြီးပြတ်သေးသော သို့မဟုတ် ဆောင်ရွက်ရန် ရည်ရွယ်ထားသည်ဟု သိရှိထားသော အစိုးရဆိုင်ရာ အမှုဆောင်ရွက်ချက်များလည်း ပါဝင်သည်။

၆.၄။ နောက်ဆက်တွဲဖြစ်ပေါ်လာနိုင်သည့် သက်ရောက်မှုများ

၂၀၂၅ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့တွင် ဖြစ်ပွားခဲ့သော ငလျင်ကြောင့် ကုမ္ပဏီ၏ ပိုင်ဆိုင်မှုများ၊ အထူးသဖြင့် ရုံးသုံးပရိဘောဂနှင့် အသုံးအဆောင်ပစ္စည်းများအချို့ ထိခိုက်ပျက်စီးမှုရှိခဲ့ပါသည်။ ပျက်စီးဆုံးရှုံးမှုများနှင့် ပတ်သက်သည့် အသေးစိတ် အချက်အလက်များကို ကုမ္ပဏီ၏ ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသော ထုတ်ပြန်ချက်များ၌ ကြည့်ရှုနိုင်ပါသည်။ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း ကုမ္ပဏီသည် မြန်မာနိုင်ငံ အကောက်ခွန်ဦးစီးဌာနမှ ပြီးခဲ့သော ခုနစ်နှစ်တာ ကာလအတွက် ဆောင်ရွက်ခဲ့သည့် သွင်းကုန် ထုတ်ကုန်စစ်ဆေးပြီးနောက် ပြန်လည်စစ်ဆေးခြင်း (Post-Clearance Audits - PCA) ကို အသေးစိတ် စစ်ဆေးခံခဲ့ရပါသည်။ အဆိုပါ စစ်ဆေးမှုရလဒ်အရ ကုမ္ပဏီသည် ထိုနှစ်များအတွင်း လျော့နည်းခဲ့သော အကောက်ခွန် ပမာဏတစ်ခုကို ပေးဆောင်ရန် သတ်မှတ်ခြင်းခံခဲ့ရပါသည်။ ထို့ကြောင့် ကုမ္ပဏီသည် အဆိုပါ အကောက်ခွန်နှင့် အခြားဆက်စပ်အခွန်များကို ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလနှင့် ၂၀၂၆ ခုနှစ်၊ ဧန်နဝါရီလတို့တွင် ပေးဆောင်ပြီးစီးခဲ့ရာ၊ ၎င်းသည် ကုမ္ပဏီ၏ ငွေသားစီးဆင်းမှု (Cash Flows) နှင့် ဘဏ္ဍာရေးအခြေအနေအပေါ် အတိုင်းအတာတစ်ခုအထိ သက်ရောက်မှုရှိမည် ဖြစ်ပါသည်။ အလားအလာညွှန်းတမ်း နောက်ဆုံးတင်သွင်းသည့်နေ့ရက် အထိ၊ အထက်ဖော်ပြပါ အဖြစ်အပျက်များကြောင့် ဖြစ်ပေါ်လာသော ထိခိုက်မှုများမှအပ၊ ဤ အလားအလာညွှန်းတမ်းတွင် ပါဝင်သည့် နောက်ဆုံးနှစ်ပတ်လည် ဘဏ္ဍာရေးရှင်းတမ်း နောက်ပိုင်းတွင် ကုမ္ပဏီ၏ ဘဏ္ဍာရေးအခြေအနေအပေါ် သိသာထင်ရှားသော သို့မဟုတ် အရေးကြီးသော ပြောင်းလဲမှုတစ်စုံတစ်ရာ ရှိကြောင်း ဒါရိုက်တာအဖွဲ့မှ သိရှိထားခြင်းမရှိပါ။

အပိုင်း (၇)။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မြန်မာနိုင်ငံရှိ ငွေချေးသက်သေခံလက်မှတ် ဈေးကွက်နှင့် စပ်လျဉ်းသည့် အချက်အလက်များအတွက် **"အပိုင်း (၈)။ မြန်မာနိုင်ငံ ၏ငွေချေးသက်သေခံလက်မှတ် ဈေးကွက်"** ကိုကြည့်ရှုပါ။မြန်မာနိုင်ငံနှင့် ဆက်စပ်သည့် ဆုံးရှုံးနိုင်ခြေ ဖြစ်ပေါ်စေသည့် အကြောင်းရင်းများနှင့် စပ်လျဉ်းသည့် အချက်အလက်များအတွက် **"အပိုင်း (၂)။ အများပြည်သူသို့ ကမ်းလှမ်း ရောင်းချခြင်းဆိုင်ရာ အချက်အလက်များ - ဆုံးရှုံးနိုင်သည့်အချက်များ - မြန်မာနိုင်ငံနှင့် စပ်လျဉ်း၍ ဆုံးရှုံးနိုင်သည့် အချက်များ"** ကို ကြည့်ရှုပါ။ ကျွန်ုပ်တို့ ကုမ္ပဏီနှင့် သက်ဆိုင်သည့် အရေးပါသော ဥပဒေများနှင့် စည်းမျဉ်းများနှင့် စပ်လျဉ်းသည့် အချက်အလက်များ အတွက် **"အပိုင်း (၉)။ လုပ်ငန်းနှင့်ပတ်သက်သည့် မြန်မာဥပဒေများနှင့် စည်းမျဉ်းများ အကျဉ်းချုပ် ဖော်ပြချက်"** ကို ကြည့်ရှုပါ။

အပိုင်း (၈)။ မြန်မာနိုင်ငံ၏ ငွေချေးသက်သေခံလက်မှတ်စျေးကွက်

ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေးဥပဒေကို ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပြီး စတင် အာဏာသက်ရောက်ခဲ့ပါသည်။ ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေအရ ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေး နည်းဥပဒေ များကို ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်နေ့တွင် ထုတ်ပြန် ကြေညာခဲ့ပြီး ငွေချေး သက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေ နှင့် ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေး နည်းဥပဒေ များကို အကောင်ထည်ဖော် ဆောင်ရွက်ရန် အတွက် အချို့သော အမိန့်ကြော်ငြာစာများ (မြန်မာနိုင်ငံ ဥပဒေပြဋ္ဌာန်းမှုတွင် တစ်ဆင့်ခံ ဥပဒေ) ကိုလည်း ထုတ်ပြန်ခဲ့ပြီး ဖြစ်သည့် အပြင် ဆက်လက်၍လည်း ထုတ်ပြန်မည် ဖြစ်ပါသည်။

<u>စည်းကမ်းထိန်းသိမ်းသူများ နှင့် ဥပဒေအရစည်းနှောင်မှုရှိစေခြင်း</u>

မြန်မာနိုင်ငံငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ကို ၂၀၁၄ ခုနှစ်၊ ဩဂုတ်လတွင် ဖွဲ့စည်းခဲ့ပါသည်။ မြန်မာနိုင်ငံ ငွေချေး သက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်သည် မြန်မာနိုင်ငံ အရင်းအနှီး စျေးကွက် များ (Capital Markets) ၏ အဓိက စည်းကမ်းထိန်းသိမ်းရေး အဖွဲ့အစည်း ဖြစ်ပါသည်။ မြန်မာနိုင်ငံငွေချေး သက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေး ကော်မရှင်တွင် များပြားလှစွာသော စီမံခန့်ခွဲရေးဆိုင်ရာ လုပ်ပိုင်ခွင့်များရှိပြီး ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း တစ်ရပ်ရပ်ကို လုပ်ကိုင်ခွင့်လိုင်စင် ထုတ်ပေးခြင်း၊ စတော့အိပ်ချိန်း သို့မဟုတ် ကောင်တာ စျေးကွက်ဆိုင်ရာ ခွင့်ပြုမိန့်တစ်ရပ်ကို ထုတ်ပေးခြင်း၊ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲခြင်း နှင့် ငွေချေးသက်သေခံလက်မှတ်များကို အများပြည်သူသို့ ကမ်းလှမ်းရောင်းချခြင်း တို့ကို အတည်ပြု ပေးခြင်းတို့ကို ဆောင်ရွက်ခွင့်ရှိသည်။ ငွေချေးသက်သေခံ လက်မှတ်များ လဲလှယ် ရောင်းဝယ်ရေးဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် ဘဏ္ဍာရေး နှင့် အခွန်ဝန်ကြီးဌာန (ယခင် စီမံကိန်း နှင့် ဘဏ္ဍာရေးဝန်ကြီးဌာန) (“MOFR”) သည် မြန်မာနိုင်ငံ၊ ငွေချေးသက်သေခံ လက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင် နှင့် ပူးတွဲ၍ နည်းဥပဒေရေးဆွဲပြဋ္ဌာန်းရေးဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်ပါသည်။ဘဏ္ဍာရေး နှင့် အခွန်ဝန်ကြီးဌာန သည် မြန်မာနိုင်ငံ၊ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်နှင့် ညှိနှိုင်းဆောင်ရွက် ပြီးနောက် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ငွေချေးသက်သေခံလက်မှတ်များ လဲလှယ် ရောင်းဝယ်ရေးနည်းဥပဒေများ နှင့် အခြား ပြဋ္ဌာန်းချက်များကို ထုတ်ပြန်ခွင့်အာဏာ ရှိပါသည်။ဘဏ္ဍာရေး နှင့် အခွန်ဝန်ကြီးဌာန နှင့် မြန်မာနိုင်ငံ၊ ငွေချေးသက်သေခံ လက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင် တို့သည် အမိန့်ကြော်ငြာစာများ နှင့် အခြားစည်းကမ်းသတ်မှတ်ချက်များကိုလည်း ထုတ်ပြန်ခွင့်အာဏာ ရှိပါသည်။ ထို့အတူ ပြည်ထောင်စုအစိုးရမှ ငွေချေး သက်သေခံလက်မှတ် စျေးကွက်ကို မြန်မာနိုင်ငံ၌ ထင်ရှားပေါ်လွင်စွာ တည်ထောင်ပြီးစီး၍ ဘဏ္ဍာရေး နှင့် အခွန်ဝန်ကြီးဌာန တွင် စနစ်တကျ လုပ်ကိုင်ဆောင်ရွက်နိုင်ကြောင်း ဆုံးဖြတ်သတ်မှတ်ခြင်း မပြုမီ ကြားကာလအတွင်း ဘဏ္ဍာရေး နှင့် အခွန်ဝန်ကြီးဌာန သည် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း နှင့် မြန်မာနိုင်ငံငွေချေးသက်သေခံလက်မှတ် လုပ်ငန်း ကြီးကြပ်ရေးကော်မရှင် တို့ကို ကြီးကြပ် ကွပ်ကဲမည် ဖြစ်ပြီး အမိန့်ကြော်ငြာစာများ နှင့် အခြားစည်းကမ်းသတ်မှတ်ချက်များကို ထုတ်ပြန်နိုင်သည့် သီးသန့် အာဏာတစ်ရပ်လည်း ၎င်းထံတွင် ရှိပါသည်။ ဥပဒေအရစည်းနှောင်မှု ရှိစေခြင်းကဏ္ဍတွင် လိုင်စင် ပြန်လည် ရုပ်သိမ်းခြင်း စသည့် စီမံခန့်ခွဲရေး နည်းလမ်းအရ အရေးယူဆောင်ရွက်မှုများပြုလုပ် ခြင်း နှင့် ပြစ်မှု ကျူးလွန်သူ များကို စီမံခန့်ခွဲရေးနည်းလမ်းအရ ငွေဒဏ်၊ ပြစ်ဒဏ်များ ချမှတ်ခြင်း တို့ကို ပြုလုပ်ရန် မြန်မာနိုင်ငံငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်အား အာဏာအပ်နှင်းထားပါသည်။ ပြစ်မှုကျူးလွန်ကြောင်း ခိုင်လုံသည့် သက်သေခံချက် ရှိပါက သက်ဆိုင်ရာပုဂ္ဂိုလ်တစ်ဦးဦးထံမှ သက်သေခံချက် ရယူခွင့်၊ စစ်ဆေးခွင့် နှင့် ဆင့်ခေါ်ခွင့်တို့လည်း မြန်မာနိုင်ငံငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေး ကော်မရှင်တွင် ရှိပါသည်။ သို့သော် ထိုသို့ စုံစမ်းစစ်ဆေး ခွင့်အာဏာတွင် ပြည်ထဲရေးဝန်ကြီးဌာန၏ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန (BSI) သို့မဟုတ် ပြည်သူ့ရဲတပ်ဖွဲ့မှ ဆောင်ရွက်ရမည့် ပစ္စည်းများသိမ်းဆည်းခြင်း သို့မဟုတ် ဖမ်းဆီးခြင်း စသည့် လုပ်ပိုင်ခွင့် အာဏာ မရှိပါ။

ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းများ

ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေး ဥပဒေဖြင့် စည်းကမ်းသတ်မှတ်ထားသော ငွေချေး သက်သေခံလက်မှတ် လုပ်ငန်းများတွင် ငွေချေးသက်သေခံလက်မှတ်များ ကိုယ်တိုင် ရောင်းဝယ်ခြင်း၊ ငွေချေး သက်သေခံ လက်မှတ်လုပ်ငန်းတွင် အကျိုးဆောင် သို့မဟုတ် ကိုယ်စားလှယ် အဖြစ် ဆောင်ရွက်ခြင်း၊ ငွေချေးသက်သေခံလက်မှတ်များကို တာဝန်ခံ၍ တစ်ဆင့် ဖြန့်ချိရောင်းချခြင်း၊ ငွေချေးသက်သေခံလက်မှတ် ရင်းနှီးမြှုပ်နှံမှု အတွက် အကြံဉာဏ်ပေးခြင်း၊ ငွေချေးသက်သေခံလက်မှတ်များ အပ်နှံမှု လက်ခံခြင်း နှင့် စာရင်းရှင်းလင်းခြင်း စသည်တို့ ပါဝင်ပါသည်။ ယင်းစကားရပ် များကို ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေတွင် အဓိပ္ပါယ် ဖွင့်ဆိုထားပါသည်။ ထို့အပြင် အမိန့်ကြော်ငြာစာ တစ်ရပ် ထုတ်ပြန်ခြင်းဖြင့် ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းအမျိုးအစား[သစ်]တစ်ရပ် ထပ်ပေါင်း ထည့်ရန် မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ် လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်တွင် လုပ်ပိုင်ခွင့်ရှိပါသည်။ ငွေချေး သက်သေခံလက်မှတ် လုပ်ငန်း အမျိုးအစား တစ်ရပ်ချင်းစီကို လုပ်ကိုင်ဆောင်ရွက်ရန် အတွက် ယေဘုယျအားဖြင့် သီးခြား လိုင်စင်တစ်ခုစီ လိုအပ်ပါသည်။ မည်သူမဆို လိုင်စင် မရှိဘဲ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း တစ်ရပ်ရပ်ကို ဆောင်ရွက်ခြင်း မပြုရန် တားမြစ်ထားပါသည်။ ယင်းတားမြစ်ချက်ကို ချိုးဖောက်ပါက ပြစ်မှုကြောင်း အရ အပြစ်ပေးအရေးယူခြင်း ခံရမည်ဖြစ် ပါသည်။ ငွေချေးသက်သေခံလက်မှတ်များ ကိုယ်တိုင်ရောင်းဝယ်ခြင်း၊ ငွေချေးသက်သေခံ လက်မှတ် လုပ်ငန်းတွင် အကျိုးဆောင် သို့မဟုတ် ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ခြင်း နှင့် ငွေချေးသက်သေခံ လက်မှတ်များကို တာဝန်ခံ၍ တစ်ဆင့်ဖြန့်ချိရောင်းချခြင်း လုပ်ငန်းများကို လိုင်စင်ရ ငွေချေးသက်သေခံ လက်မှတ်ကုမ္ပဏီကသာလျှင် လုပ်ကိုင် ဆောင်ရွက်နိုင်ပါသည်။ မြန်မာနိုင်ငံ ဥပဒေအရ ငွေချေးသက်သေခံ လက်မှတ်ကုမ္ပဏီသည် အစုရှယ်ယာများဖြင့် ပေးရန်တာဝန် ကန့်သတ်ထား သည့် ကုမ္ပဏီတစ်ရပ် ဖြစ်ရ ပါမည်။ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ တစ်ခုသည် ငွေချေးသက်သေခံ လက်မှတ်များ လဲလှယ် ရောင်းဝယ်ရေး နည်းဥပဒေအရ ခွင့်ပြုမတည်ရင်းနှီးငွေ နှင့် အနည်းဆုံး ထည့်ဝင်ပြီး မတည်ရင်းနှီးငွေများ ရှိခြင်းစသည့် သတ်မှတ်ချက်များနှင့် ပြည့်မီရမည်ဖြစ်ပါသည်။ ငွေချေး သက်သေခံ လက်မှတ် ကုမ္ပဏီက လုပ်ကိုင်ဆောင်ရွက်နိုင်သည့် လုပ်ငန်းနယ်ပယ် အတိုင်းအတာသည် ငွေချေးသက်သေခံ လက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးနည်းဥပဒေများတွင် ပြဋ္ဌာန်းထားသည့် အတိုင်း ဖြစ်ပါသည်။ ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီသည် ၎င်း၏ လိုင်စင်ရကိုယ်စားလှယ်များမှ တစ်ပါး အခြားသူ တစ်ဦးဦးကို ၎င်း၏ အမည်ဖြင့် ငွေချေးသက်သေခံ လက်မှတ်လုပ်ငန်း ဆောင်ရွက်လုပ်ကိုင်ခွင့် မပြုနိုင်ပါ။ ပြဋ္ဌာန်းထားသည့် စည်းကမ်းသတ်မှတ်ချက်ကို ချိုးဖောက်ပါက ပြစ်မှုကြောင်း အရ အပြစ်ပေးအရေးယူခြင်း ခံရမည် ဖြစ်ပါသည်။ သို့ဖြစ်သည့် အားလျော်စွာ ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီအနေဖြင့် မိမိတို့ကုမ္ပဏီအတွက် ဆက်သွယ်ဆောင်ရွက်သူများနှင့် ငွေချေးသက်သေခံလက်မှတ် ရောင်းဝယ်ဖောက်ကားမှုများ ဆောင်ရွက်နေသည့် ၎င်း၏ အရာထမ်းများနှင့် ဝန်ထမ်းများသည် မိမိတို့ကုမ္ပဏီ၏ ကိုယ်စားလှယ်များအဖြစ် လိုင်စင်ရယူထားကြောင်း သေချာစေရမည် ဖြစ်သည်။ သီးခြားအနေဖြင့် ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီမှ တာဝန်ခံ သို့မဟုတ် ဝန်ထမ်း တစ်ဦးဦးသည် မြန်မာနိုင်ငံငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်၏ ခွင့်ပြုချက်မရှိဘဲ အခြား ငွေချေးသက်သေခံ လက်မှတ်ကုမ္ပဏီ တစ်ရပ်ရပ်တွင် ဖြစ်စေ အခြား ကုမ္ပဏီ တစ်ရပ်ရပ်တွင် ဖြစ်စေ အခြား စီးပွားရေးလုပ်ငန်း တစ်ရပ်ရပ်တွင် ဖြစ်စေ ပါဝင်ဆောင်ရွက်ခြင်းကို တားမြစ်ထားပါသည်။ လိုင်စင်ရ ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီသည် ငွေချေး သက်သေခံလက်မှတ် ရင်းနှီးမြှုပ်နှံမှုအတွက် အကြံဉာဏ်ပေးခြင်း လုပ်ငန်းကို သီးခြားလိုင်စင်မရှိဘဲ ဆောင်ရွက် လုပ်ကိုင် နိုင်သည်။ ငွေချေးသက်သေခံလက်မှတ် ရင်းနှီးမြှုပ်နှံမှုအတွက် အကြံဉာဏ်ပေးခြင်းလုပ်ငန်းကို ဆောင်ရွက်လိုသူ အခြားသူ တစ်ဦးဦးသည် လိုင်စင်ရယူရန် လိုအပ်ပါသည်။

လိုင်စင်ကိုင်ဆောင်ထားသူ တစ်ဦးသည် ဥပမာအားဖြင့် လိုင်စင်ပါ စည်းကမ်းသတ်မှတ်ချက်များကို ဖောက်ဖျက်လျှင်ဖြစ်စေ၊ လိုက်နာဆောင်ရွက်ရမည့် ၎င်း၏ လုပ်ငန်းဆောင်တာများနှင့် တာဝန်များကို ဆောင်ရွက်ရန် ပျက်ကွက်လျှင် ဖြစ်စေ၊ ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေးဥပဒေ နှင့် ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေး

နည်းဥပဒေများ တွင် ပြဋ္ဌာန်းထားသည့် တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင် ဖြစ်စေ ကာလသတ်မှတ်ချက်ဖြင့် လိုင်စင် ရုပ်သိမ်းခြင်း သို့မဟုတ် လိုင်စင် ပယ်ဖျက်ခြင်းတို့ပြုလုပ်ခွင့်သည် မြန်မာနိုင်ငံငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေး ကော်မရှင် ထံတွင် ရှိပါသည်။

ဖွင့်ဟကြေညာခြင်း

ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေးဥပဒေအရ အများနှင့် သက်ဆိုင်သော ကုမ္ပဏီတစ်ခုသည် ၎င်း၏ ငွေချေးသက်သေခံလက်မှတ်များကို အများပြည်သူသို့ကမ်းလှမ်း ရောင်းချခြင်း မပြုမီတွင် အလားအလာညွှန်းတမ်း အပါအဝင် အများပြည်သူသို့ ကမ်းလှမ်းရောင်းချခြင်း ဆိုင်ရာ လုပ်ထုံးလုပ်နည်းကို မြန်မာနိုင်ငံငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်သို့ တင်ပြရမည် ဖြစ်ပြီး ထိုသို့ ကမ်းလှမ်းရောင်းချခြင်း အတွက် မြန်မာနိုင်ငံငွေချေးသက်သေခံ လက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ထံမှ သဘောတူခွင့်ပြုချက်ကိုလည်း တောင်းခံရမည်။ အများနှင့် သက်ဆိုင်သော ကုမ္ပဏီ တစ်ခုသည် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ (ယခင် ၁၉၁၄ ခုနှစ်၊ ကုမ္ပဏီများအက်ဥပဒေ)၊ ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေးဥပဒေ နှင့် ငွေချေး သက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးနည်းဥပဒေတို့ အရ ထုတ်ပြန်သည့် အမိန့် ကြော်ငြာစာများတွင် ပါရှိသည့် သတ်မှတ်ချက်များကို လိုက်နာရမည်။ အဆိုပါကိစ္စနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်သည် ၂၀၁၆ခုနှစ်၊ ဧပြီလ ၇ ရက်နေ့စွဲဖြင့် ညွှန်ကြားချက်အမှတ် ၅/၂၀၁၆ ကို ထုတ်ပြန်ခဲ့ပါသည်။ မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေပါ သတ်မှတ်ချက်များကို သိလျက်နှင့် မလိုက်နာခြင်း သို့မဟုတ် ဆန့်ကျင်ဖောက်ဖျက်ခြင်း တစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ အလားအလာညွှန်းတမ်း ထုတ်ပြန်မှုတွင် တာဝန်ရှိသူသည် ငွေဒဏ် ပေးဆောင်ရမည်။ ငွေချေးသက်သေခံ လက်မှတ်များ လဲလှယ်ရောင်းဝယ်ရေး နည်းဥပဒေ ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ချိုးဖောက်သူ တစ်ဦးဦးကို ထောင်ဒဏ် ဖြစ်စေ၊ ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည် ဖြစ်ပြီး ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေး နည်းဥပဒေပါ အလားအလာညွှန်းတမ်း သတ်မှတ်ချက်များကို မလိုက်နာခြင်း သို့မဟုတ် ဆန့်ကျင်ဖောက်ဖျက်ခြင်း အတွက် အထက်ဖော်ပြပါ ပြစ်ဒဏ်ကိုချမှတ် ခြင်းခံရမည်။ ထို့ပြင် အလားအလာညွှန်းတမ်းတွင် မှားယွင်းသော ဖော်ပြချက် တစ်ရပ်ရပ် ရှိပါက ကုမ္ပဏီများ ဥပဒေ အရ သတ်မှတ်သည့် သီးခြား အကြောင်းအရာ အချက်အလက်များ တွင် ထိုသို့ မှားယွင်းသော ရေးသားတင်ပြချက်ကို တမင် ပြုလုပ်သူသည် ကုမ္ပဏီများ ဥပဒေ အရ ထောင်ဒဏ် သို့မဟုတ်ငွေဒဏ် ချမှတ်ခြင်းခံရမည့်အပြင် ထိုသို့ မှားယွင်းစွာ ဖော်ပြခြင်းသည် ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေး ဥပဒေ အပိုင်း(၉) အရ တားမြစ် ထားသော ဆောင်ရွက်ချက် တစ်ရပ်ဖြစ်သည့်အတွက် ယင်းကိစ္စ အတွက် တာဝန်ရှိသူသည် ထောင်ဒဏ် သို့မဟုတ် ငွေဒဏ် ချမှတ်ခြင်း ခံနိုင်သည်။ တရားမကြောင်းအရ တာဝန်ရှိမှုများနှင့်စပ်လျဉ်း၍ ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေးဥပဒေတွင် ပြဋ္ဌာန်း ထားခြင်းမရှိသော်လည်း အလားအလာ ညွှန်းတမ်းတွင် အဓိပ္ပါယ် လွဲမှားစေနိုင်သော သို့မဟုတ် မမှန်ကန်သော ဖော်ပြချက် တစ်ရပ်ရပ် ရှိလျှင် အလားအလာညွှန်းတမ်း ထုတ်ပြန်ချိန်တွင် [တာဝန်ယူထားသည့်] ဒါရိုက်တာများ နှင့် ယင်းအလားအလာ ညွှန်းတမ်းကို ထုတ်ပြန်ခွင့်ပြုသူများသည် ကုမ္ပဏီများဥပဒေအရ ယင်းအလားအလာညွှန်းတမ်းကို ယုံကြည်၍ အစုရှယ်ယာများ ဝယ်ယူထားသူများတွင် ဖြစ်ပေါ်သည့် ဆုံရှုံးနစ်နာမှုများ သို့မဟုတ် ထိခိုက်နစ်နာမှုများ အားလုံး အတွက် အတန်အသင့် ခုခံချေပချက်များဖြင့် တာဝန်ရှိစေရမည်။ ငွေချေးသက်သေခံလက်မှတ်များ လဲလှယ် ရောင်းဝယ်ရေး နည်းဥပဒေများ အရ အများနှင့် သက်ဆိုင်သည့်ကုမ္ပဏီသည် ဆင့်ပွားစျေးကွက်တွင် အစုရှယ်ယာ ရောင်းခြင်း သို့မဟုတ် ဝယ်ယူခြင်း ပြုနေကြသော ရင်းနှီးမြှုပ်နှံသူများ၏ အကျိုးခံစားခွင့် နှင့် စပ်လျဉ်းသော အထူး အစီရင်ခံစာများ၊ နှစ်ပတ်လည်အစီရင်ခံစာ နှင့် နှစ်ဝက်အစီရင်ခံစာ တို့ကိုမြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ထံ တင်သွင်းရမည်ဖြစ်ပြီး ယင်းစာရွက် စာတမ်းများမိတ္တူ ကိုကုမ္ပဏီ၏ တရားဝင်မှတ်ပုံတင်ထားသောရုံးတွင် ဖြစ်စေ၊ ဝက်ဘ်ဆိုက် တွင် ဖြစ်စေ ထားရှိစေရမည်။

တားမြစ်ထားသော မမှန်မကန်လိမ်လည်ခြင်းဆိုင်ရာ အပြုအမူများ

တားမြစ်ထားသည့် ပြုလုပ်မှုများကို ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေးဥပဒေ အပိုင်း (၉) တွင် ဖော်ပြထားပြီး အများပြည်သူအကျိုး နှင့် ရင်းနှီးမြှုပ်နှံသူများအား အကာအကွယ်ပေးမှုကို ထိခိုက် စေသော ပြုလုပ်မှုများဖြစ်သည်။ ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီသာမက ရင်းနှီးမြှုပ်နှံသူ တစ်ဦး သို့မဟုတ် အများနှင့် သက်ဆိုင်သောကုမ္ပဏီ တစ်ရပ်တို့ အပါအဝင် မည်သူမဆို တားမြစ်ထားသည့် ပြုလုပ်မှုများကို လုပ်ဆောင်ခြင်းမပြုရန် တားမြစ်ထားပြီး ချိုးဖောက်ပါက ၁၀ နှစ်ထက် မပိုသော ထောင်ဒဏ်ကိုသော်လည်းကောင်း ထောင်ဒဏ် နှင့် ငွေဒဏ် နှစ်ရပ်လုံး သော်လည်းကောင်း ချမှတ်ခြင်းခံရမည်။ တားမြစ်ထားသည့် ပြုလုပ်မှုများမှာ အောက်ပါအတိုင်းဖြစ်သည်။

- ငွေချေးသက်သေခံလက်မှတ်နှင့် ဆက်နွယ်သည့် ဆောင်ရွက်ချက်များ နှင့် ငွေချေးသက်သေခံ လက်မှတ် ဈေးကွက်တွင် ကြီးလေးသော လိမ်လည် လှည့်ဖျားမှု သို့မဟုတ် သက်ရောက်မှု ရှိစေသည့် လိမ်လည်မှု၊ လှည့်ဖျားမှု၊ မှားယွင်းစွာ ဖော်ပြမှု သို့မဟုတ် အရေးကြီး သတင်း အချက်အလက်များကို ထိမ်ချန်မှု တို့ကဲ့သို့သော လုပ်ဆောင်မှု တစ်ရပ်ရပ်တွင် ပတ်သက် ဆက်နွယ်ခြင်း။
- ငွေချေးသက်သေခံလက်မှတ်များကို ရောင်းရန် သို့မဟုတ် ဝယ်ရန် အတွက် အခြားသူများကို လှုံ့ဆော်ခြင်း သို့မဟုတ် သွေးဆောင်ဖြားယောင်းခြင်း ပြုရန်အလို့ငှာ မမှန်ကန်သော သတင်းအချက်အလက်များကို ထုတ်ဖော်အသိပေးခြင်း သို့မဟုတ် ဈေးကွက် အတွင်း ငွေချေး သက်သေခံလက်မှတ်ဈေးနှုန်းကို ကြီးလေးစွာ သက်ရောက်စေသည့် မပြည့်စုံသော သို့မဟုတ် အချိန်အခါ မသင့်သော သတင်းအချက်အလက်များကို ထုတ်ဖော်အသိပေးခြင်း။
- မိမိ အတွက် ဖြစ်စေ၊ အခြားသူများ အတွက် ဖြစ်စေ ငွေချေးသက်သေခံလက်မှတ်များကို ရောင်းရန် သို့မဟုတ် ဝယ်ရန် အလို့ငှာ အတွင်းသတင်းအချက်အလက်များကို အသုံးပြုခြင်း သို့မဟုတ် အတွင်းသတင်းအချက်အလက်များကို ထုတ်ဖော်အသိပေးခြင်း သို့မဟုတ် ပုံပိုးပေးခြင်းသို့မဟုတ် ထုတ်ဖော်အသိပေးခြင်းမရှိသော အတွင်းသတင်းအချက်အလက်များကို အခြေခံ၍ ငွေချေး သက်သေခံလက်မှတ်များ ရောင်းခြင်း သို့မဟုတ် ဝယ်ခြင်း ဆိုင်ရာ အကြံဉာဏ်များကို အခြားသူ များထံ ပေးခြင်း။
- မမှန်ကန်သော ရောင်းလိုအား နှင့် ဝယ်လိုအားကို ဖန်တီး၍ ငွေချေးသက်သေခံလက်မှတ်များ ဝယ်ယူခြင်း သို့မဟုတ် ရောင်းချခြင်းတို့တွင် ပူးပေါင်းကြံစည်ခြင်း၊ သို့မဟုတ် ငွေချေး သက်သေခံ လက်မှတ်များ၏ ဈေးနှုန်းကို ကြိုးကိုင်ခြယ်လှယ်ရန်အလို့ငှာ အခြားသူများနှင့် ပူးပေါင်းကြံစည်၍ ဖြစ်စေ၊ အခြားသူများကို သွေးဆောင်ဖြားယောင်း၍ ဖြစ်စေ စဉ်ဆက်မပြတ်ဝယ်ယူခြင်း သို့မဟုတ် ရောင်းချခြင်း သို့မဟုတ် အရောင်းအဝယ်နည်းလမ်းများကို အသုံးပြုခြင်း။

မြန်မာနိုင်ငံရှိ ငွေချေးသက်သေခံလက်မှတ်ဈေးကွက်ကိုခြုံငုံသုံးသပ်ချက်

ရန်ကုန်စတော့အိပ်ချိန်းသည် နိုင်ငံပိုင်ဘဏ်တစ်ခုဖြစ်သည့် မြန်မာ့စီးပွားရေးဘဏ်နှင့် ဂျပန်ကုမ္ပဏီများဖြစ်သည့် Daiwa Institute of Research နှင့် Japan Exchange Group တို့က ဖက်စပ်ပိုင်ဆိုင်သော ရန်ကုန်စတော့အိပ်ချိန်းဖက်စပ် ကုမ္ပဏီလီမိတက်ဖြစ်ပါသည်။ ရန်ကုန်စတော့အိပ်ချိန်းတွင် အစုရှယ်ယာများ ရောင်းဝယ်ဖောက်ကားခြင်းကို ၂၀၁၆ခုနှစ်၊ မတ်လ ၂၅-ရက်နေ့တွင် စတင်ခဲ့ပါသည်။ ဤဖွင့်ဟကြေညာစာတမ်း တင်သွင်းသည့်နေ့ရက်၌ ရန်ကုန် စတော့အိပ်ချိန်း တွင် First Myanmar Investment Co. Ltd. ၊ Myanmar Thilawa SEZ Holdings Public Ltd. ၊ Myanmar Citizens Bank Limited ၊ First Private Bank Limited. ၊ TMH Telecom Public Co.Ltd. ၊ Ever Flow River Group Public Company Limited. ၊ Amata Holding Public Co. Ltd. ၊ နှင့် Myanmar Agro Exchange Public Co. Ltd. ဟူ၍ စာရင်းတင်သွင်း ထားသည့် ကုမ္ပဏီ ရှစ်ခု ရှိပါသည်။

မြန်မာငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေး ကုမ္ပဏီလီမိတက် (MSEC)ကို မြန်မာနိုင်ငံ၌ ၁၉၉၆ခုနှစ် တွင် အရင်းအနှီးစျေးကွက် ဖွံ့ဖြိုးစေရန် အတွက် ဘဏ္ဍာရေးဝန်ကြီးဌာန ၏ လမ်းညွှန်ချက်နှင့် အညီ မြန်မာ့စီးပွားရေးဘဏ် နှင့် ဂျပန် ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီ တစ်ခု ဖြစ်သော Daiwa Securities Group Inc တို့ အကျိုးတူ ပူးပေါင်း တည်ထောင် ခဲ့ပါသည်။ MSEC သည် ရန်ကုန်စတော့အိပ်ချိန်း မတည်ထောင်နိုင်မီ အများနှင့် သက်ဆိုင်သော ကုမ္ပဏီ ၂-ခု၏ အစုရှယ်ယာများကို ၁၉၉၀ခုနှစ် နောက်ပိုင်းကာလ ကတည်းက စတင်၍ ရောင်းဝယ်ခဲ့ကြပါသည်။

အောက်တွင် ဖော်ပြထားသည့် စတော့အိပ်ချိန်းအပြင် ငွေချေးသက်သေခံလက်မှတ်များ လဲလှယ် ရောင်းဝယ်ရေးဥပဒေတွင် ကောင်တာစျေးကွက် သို့မဟုတ် စာရင်း မဝင်သော ငွေချေးသက်သေခံလက်မှတ် များကို ရောင်းဝယ်ခြင်း အတွက် ဖွဲ့စည်းထားသည့် စျေးကွက်နှင့် စပ်လျဉ်းသော ပြဋ္ဌာန်းချက်များကိုလည်း သတ်မှတ် ပြဋ္ဌာန်းထားပါသည်။ မြန်မာနိုင်ငံငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင်၏ ခွင့်ပြုချက်ဖြင့် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ သုံးခုထက်မနည်းစေရဘဲ ယင်းစျေးကွက်ကို ဖွဲ့စည်းနိုင် ပါသည်။ ခွင့်ပြုချက် ရရှိရန်အတွက် သတ်မှတ်ချက်များ နှင့် လုပ်ထုံးလုပ်နည်းများအပြင် ဖွဲ့စည်းမှု ဆိုင်ရာကိစ္စရပ်များ၊ ၎င်း၏လုပ်ငန်း ဆောင်တာများနှင့် တာဝန်ဝတ္တရားများကို ငွေချေးသက်သေခံ လက်မှတ် များ လဲလှယ်ရောင်းဝယ်ရေးနည်းဥပဒေတွင် ပြဋ္ဌာန်းထားပါသည်။

စတော့အိပ်ချိန်းသည် မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ်စျေးကွက်၏ မဏ္ဍိုင် တစ်ရပ် ဖြစ်ပါသည်။ ယင်းကို မြန်မာနိုင်ငံဥပဒေအရ ပေးရန်တာဝန်ကန့်သတ်ထားသောကုမ္ပဏီ သို့မဟုတ် အကျိုးတူဖက်စပ် လုပ်ငန်းအဖြစ် ဖွဲ့စည်းနိုင်ပါသည်။ စတော့အိပ်ချိန်းအတွက် မြန်မာနိုင်ငံငွေချေး သက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ထံမှ ခွင့်ပြုမိန့် ရယူရမည်ဖြစ်ပြီး ၎င်း၏ ပဋိညာဉ်စာတမ်းကို ဖြစ်စေ၊ စီးပွားရေးလုပ်ငန်းစည်းမျဉ်းများကို ဖြစ်စေ၊ ပြင်ဆင်ဖြည့်စွက်မှု တစ်ရပ်ရပ် အတွက် ခွင့်ပြုချက် အပါအဝင် ၎င်း၏ ကြီးကြပ်ရေးနှင့် စည်းကမ်းထိန်းသိမ်းရေး အာဏာကို လိုက်နာဆောင်ရွက်ကြရမည် ဖြစ်သည်။ ခွင့်ပြုမိန့်အတွက် သတ်မှတ်ချက်များ နှင့် လုပ်ထုံးလုပ်နည်း အသေးစိတ်တို့ကို ငွေချေးသက်သေခံလက်မှတ် များ လဲလှယ်ရောင်းဝယ်ရေးနည်းဥပဒေ တွင် ပြဋ္ဌာန်းထားပြီးဖြစ်သည်။ စတော့အိပ်ချိန်း သည် ရောင်းဝယ်မှုတွင် ပါဝင်သူများနှင့် စပ်လျဉ်း၍ စာရင်းတင်သွင်းမှုဆိုင်ရာ စံချိန်စံညွှန်းများနှင့် ကိစ္စရပ်များကို ဆုံးဖြတ်သတ်မှတ်ရန်အပါအဝင် ၎င်းကိုယ်တိုင် စည်းကမ်းထိန်းသိမ်း ခွင့်ရှိပါသည်။
ရန်ကုန်စတော့အိပ်ချိန်း ကဲ့သို့သော စတော့အိပ်ချိန်း တစ်ခုသည် မြန်မာနိုင်ငံငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေး ကော်မရှင်၏ ခွင့်ပြုချက်မရှိဘဲ ငွေချေးသက်သေခံလက်မှတ်များ အပ်နှံမှုလက်ခံခြင်း နှင့် စာရင်းရှင်းလင်းခြင်းလုပ်ငန်းကို ဆောင်ရွက်ခွင့်ရှိသော်လည်း မြန်မာနိုင်ငံငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင် ထံသို့ အကြောင်းကြားစာ ပေးပို့ရမည်။ စာရင်းဝင်သော အစုရှယ်ယာများနှင့် စပ်လျဉ်း၍ အီလက်ထရောနစ်နည်းဖြင့် မှတ်တမ်းတင် စာရင်းရေးသွင်း လွှဲပြောင်းခြင်းစနစ် (Book-Entry Transfer System) ကို မြန်မာနိုင်ငံတွင် စတင် အသုံးပြုနေပြီ ဖြစ်ပြီး ရန်ကုန်စတော့အိပ်ချိန်း သည် ငွေချေးသက်သေခံလက်မှတ်များ အပ်နှံမှု လက်ခံခြင်း ဆိုင်ရာ ဗဟိုဌာန ဖြစ်လာမည်ဖြစ်သည် ။ ကုမ္ပဏီများ ဥပဒေတွင် အစုရှယ်ယာလက်မှတ်များကို ထုတ်ပေးမည်ဟု ပြဋ္ဌာန်းထားပြီး ကုမ္ပဏီများ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် အီလက်ထရောနစ် နည်းဖြင့် မှတ်တမ်းတင် စာရင်းရေးသွင်း လွှဲပြောင်းခြင်းစနစ်တို့တွင် ကွာဟချက် ကျဉ်းမြောင်းစေရန် အတွက် ၂၀၁၅ခုနှစ်၊ ဩဂုတ်လ ၇-ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၅ ကို မြန်မာနိုင်ငံငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ် ရေးကော်မရှင်က ထုတ်ပြန်ခဲ့ပါသည်။ ထို့အပြင် ၂၀၁၆ခုနှစ်၊ မတ်လ ၂၈-ရက်စွဲပါအမိန့်ကြော်ငြာစာ အမှတ် ၈၆/၂၀၁၆ ကို ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနက ထုတ်ပြန်ခဲ့ပါသည်။ ရန်ကုန်စတော့အိပ်ချိန်းတွင် စာရင်း တင်သွင်းထားသော ကုမ္ပဏီများအနေဖြင့် အီလက်ထရောနစ် ငွေချေးသက်သေခံလက်မှတ်များနှင့် ယင်းနှင့်သက်ဆိုင်သော လုပ်ပိုင်ခွင့်များကို ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီး ဌာနထံတွင် မှတ်ပုံတင်ရန် ယင်းအမိန့်ကြော်ငြာစာတွင် ခွင့်ပြုထားပါသည်။

ထို့ပြင် SECM သည် YSX တွင် နိုင်ငံခြားသားများ ပါဝင်ဆောင်ရွက်ခွင့်ကို အထူးတလည်အားဖြင့် ခွင့်ပြုရန် ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၉ ကို ထုတ်ပြန်ခဲ့ပြီး၊ YSX တွင် တစ်ဦးချင်း နှင့် ကုမ္ပဏီများ အပါအဝင် နိုင်ငံခြားသားများ အရောင်းအဝယ်လုပ်ခြင်းကို ခွင့်ပြုသွားမည်ဖြစ်ကြောင်း အတည်ပြုခဲ့သော်လည်း စတော့ အိပ်ချိန်းတွင် နိုင်ငံခြားသားပါဝင်မှုအတွက် လုပ်ထုံးလုပ်နည်းများကို YSX က သီးခြားဖော်ပြ သွားမည်ဖြစ်ကြောင်းလည်း ဖော်ပြခဲ့သည်။ ထို့ပြင် အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၉ တွင် ဖော်ပြထား သည်မှာ အစုရှယ်ယာတစ်မျိုးတစ်စားတည်းကိုသာ အရောင်းအဝယ်ပြုလုပ်နိုင်မည်ဖြစ်ပြီး ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီများသည် စာရင်းဝင်ကုမ္ပဏီတစ်ခု၌ နိုင်ငံခြားသား အစုရှယ်ယာပိုင်ဆိုင်မှုကို တွက်ချက်သည့်အခါ ကုမ္ပဏီတွင် ယင်းနိုင်ငံခြားသား၏ တိုက်ရိုက်ပိုင်ဆိုင်မှုကိုသာ နိုင်ငံခြားပိုင်ဆိုင်မှုဟု သတ်မှတ်တွက်ချက်ရမည်ဟုလည်း ညွှန်ကြားထားပါသည်။ ထို့ပြင် စာရင်းဝင်ကုမ္ပဏီများအနေဖြင့် မိမိတို့ကုမ္ပဏီတွင် နိုင်ငံခြားသားများ၏ ရောင်းဝယ်မှုကို ၎င်းတို့၏ရှယ်ယာ မည်သည့်ရာခိုင်နှုန်းအထိ ခွင့်ပြုသွားမည်ဆိုခြင်းကိုလည်း YSX သို့ တင်ပြရမည်ဟု ညွှန်ကြားထားပါသည်။ SECM က ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၆ ရက်နေ့ရက်စွဲပါ ညွှန်ကြားချက်အမှတ် ၁/၂၀၂၀ တွင် YSX ရှိ စာရင်းဝင် ကုမ္ပဏီအစုရှယ်ယာများ ကို နိုင်ငံခြားသားများ နေ့စဉ်အစုရှယ်ယာရောင်းဝယ်မှုပြုလုပ်နိုင်ရန် ငွေချေး သက်သေခံလက်မှတ်စာရင်းများ ဖွင့်လှစ်ရန်အတွက် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများ လိုက်နာ ရမည့်သတ်မှတ်ချက်များကို ဖော်ပြထားပါသည်။ ထို့ပြင် ပြည်တွင်း၌နေထိုင်သူ နှင့် ပြည်ပတွင်နေထိုင်သူ နိုင်ငံခြားသားများ အမှန်တကယ်စတင်ရောင်းဝယ်နိုင်သည့် ရက်စွဲကို ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၂၀ ရက်တွင် စတင်မည်ဟု လည်း ဆုံးဖြတ်ပေးထားပါသည်။

ကော်ပိုရိတ်စီမံအုပ်ချုပ်ရေးရှုထောင့်အမြင်မှာ SECM သည် ၂၀၂၀ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၂၀ ကို ထုတ်ပြန်ခဲ့ပြီး စာရင်းဝင်ကုမ္ပဏီများနှင့် အစုရှယ်ယာရှင် ၁၀၀ ဦးနှင့်အထက်ရှိသည့် အများနှင့်သက်ဆိုင်သော ကုမ္ပဏီများတွင် အချို့သောလိုအပ်ချက်များကို အကောင်အထည်ဖော်ခြင်းဖြင့် ထိရောက်သော ကော်ပိုရိတ်စီမံအုပ်ချုပ်ရေး အလေ့အကျင့်များ မြှင့်တင်ရန် ရည်ရွယ်ပါသည်။ အဆိုပါ အမိန့်ကြော်ငြာစာတွင် အောက်ပါအချက်များ ပါဝင်ပါသည်-

- စာရင်းဝင်ကုမ္ပဏီတစ်ခုတွင် ဒါရိုက်တာဘုတ်အဖွဲ့၌ အနည်းဆုံး လွတ်လပ်သောဒါရိုက်တာတစ်ဦး ပါရှိရမည်။
- ဒါရိုက်တာဘုတ်အဖွဲ့သည် တစ်နှစ်လျှင် အနည်းဆုံး အစည်းအဝေး လေးကြိမ် ကျင်းပရမည်။
- စာရင်းဝင်ကုမ္ပဏီတစ်ခုတွင် စာရင်းစစ်ကော်မတီ ရှိရမည်။
- စာရင်းစစ်ကော်မတီကို လွတ်လပ်သောဒါရိုက်တာ တစ်ဦးကဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ရမည်၊အနည်းဆုံး ဒါရိုက်တာ သုံးဦး ပါဝင်ရမည်ဖြစ်ပြီး အမှုဆောင်အရာရှိ ပါဝင်ခွင့်မရှိပါ။
- စာရင်းစစ်ကော်မတီသည် သုံးလတစ်ကြိမ်တွေ့ဆုံရမည်ဖြစ်ပြီး ဒါရိုက်တာဘုတ်အဖွဲ့က ခေါ်ယူလျှင်လည်း တွေ့ဆုံရမည်။

SECM သည် YSX တွင် စာရင်းဝင်အကြိုစျေးကွက် (“PLB”) ဟု ခေါ်သော ဒုတိယစျေးကွက်တစ်ခု တည်ထောင်ရန် အမိန့်ကြော်ငြာစာ အမှတ် ၁/၂၀၂၂ ကို ထုတ်ပြန်ခဲ့သည်။ စာရင်းဝင်အကြိုစျေးကွက် တွင် လက်ရှိ မှတ်ပုံတင်ခြင်း ပြုလုပ်ထားသော ကုမ္ပဏီနှစ်ခုရှိပြီး၊ ၎င်းတို့မှာ Myanma Agricultural & General Development Public Co. Ltd. နှင့် G.B.S Agricultural Services Public Co., Ltd တို့ဖြစ်ပါသည်။

အပိုင်း (၉)။ လုပ်ငန်းနှင့်ပတ်သက်သည့် မြန်မာဥပဒေများနှင့် စည်းမျဉ်းများ အကျဉ်းချုပ် ဖော်ပြချက်

ပို့ကုန် သွင်းကုန်ဥပဒေ (၂၀၁၂)

ပို့ကုန် သွင်းကုန်ဥပဒေ (၂၀၁၂) သည် မြန်မာနိုင်ငံတွင် ကုန်ပစ္စည်းများ တင်သွင်းခြင်း၊ တင်ပို့ခြင်းများနှင့် သက်ဆိုင်ပါသည်။

ပို့ကုန် သွင်းကုန်ဥပဒေ (၂၀၁၂) တွင် မည်သူမျှ ကန့်သတ်တားမြစ်ပိတ်ပင်ထားသော ကုန်ပစ္စည်းများကို တင်ပို့ခြင်း သို့မဟုတ် တင်သွင်းခြင်းမပြုရဟု ပြဋ္ဌာန်းထားပါသည်။ ထို့အပြင် သတ်မှတ်ကုန်ပစ္စည်းများအတွက် လိုင်စင်မရယူဘဲ မည်သူမျှ ထိုသတ်မှတ်ကုန်ပစ္စည်းများကို တင်ပို့ခြင်း သို့မဟုတ် တင်သွင်းခြင်းမပြုရဟု ပြဋ္ဌာန်းထားပါသည်။

ပို့ကုန် သွင်းကုန်ဥပဒေ (၂၀၁၂) ပါ တားမြစ်ချက်များကို ချိုးဖောက်သည့် မည်သူမဆို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြင့်ဖြစ်စေ အရေးယူခြင်းခံရမည် ဖြစ်ပါသည်။

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ (၂၀၁၇)

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ (၁၉၁၄)ကို ရုပ်သိမ်းပယ်ဖျက်၍ မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေကို ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြဋ္ဌာန်းခဲ့ပြီး ၂၀၁၈ ခုနှစ်၊ ဩဂုတ်လတွင် စတင်အာဏာတည်ခဲ့ပါသည်။

မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေ (၂၀၁၇)သည် မြန်မာနိုင်ငံရှိ ကုမ္ပဏီများ၏ ဖွဲ့စည်းတည်ထောင်ခြင်းနှင့် မှတ်ပုံတင်ခြင်း၊ အစုရှယ်ယာမတည်ငွေရင်း၊ စီမံခန့်ခွဲမှုနှင့် အုပ်ချုပ်မှု၊ စာရင်းရှင်းလင်းဖျက်သိမ်းမှု လုပ်ငန်းစဉ်များကို စည်းမျဉ်းကြပ်မတ်ပေးပါသည်။

ထို့အပြင် မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေအရ အများနှင့်သက်ဆိုင်သော ကုမ္ပဏီများသည် အောက်ဖော်ပြပါ အထူးသတ်မှတ်ချက်အချို့နှင့် ကိုက်ညီရန်လိုအပ်ပါသည်-

(၁) အနည်းဆုံးဒါရိုက်တာ (၃) ဦးရှိရမည်ဖြစ်ပြီး ၎င်းတို့အနက်မှ တစ်ဦးသည် နိုင်ငံတော်အတွင်း အမြဲနေထိုင်သူ မြန်မာနိုင်ငံသားတစ်ဦး ဖြစ်ရမည်။

(၂) (မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ (၂၀၁၇) တွင် အထူးခွင့်ပြုထားသည်မှအပ) ကုမ္ပဏီအစုရှယ်ယာတစ်ရပ်ရပ်ကို ပုဂ္ဂိုလ်တစ်ဦးဦးက ပြုလုပ်ခဲ့သော သို့မဟုတ် ပြုလုပ်မည်ဖြစ်သော ဝယ်ယူခြင်းနှင့်စပ်လျဉ်း၍ သို့မဟုတ် ဝယ်ယူရန်အတွက် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ချေးငွေ၊ အာမခံချက်၊ အာမခံအကျိုးခံစားခွင့် သတ်မှတ်ချက် သို့မဟုတ် အခြားနည်းသတ်မှတ်ချက်၊ ငွေကြေးအထောက်အပံ့တစ်စုံတစ်ရာ ပေးအပ်ခြင်းကို တားမြစ်ထားပါသည်။

(၃) အများနှင့်သက်ဆိုင်သည့်ကုမ္ပဏီတစ်ခု၏ ဒါရိုက်တာများ သို့မဟုတ် အများနှင့်သက်ဆိုင်သည့်ကုမ္ပဏီ၏ လက်အောက်ခံ ကုမ္ပဏီတစ်ခုမှ ဒါရိုက်တာများသည် အထွေထွေအစည်းအဝေး၏ သဘောတူညီချက်မပါရှိဘဲ

(က) ကုမ္ပဏီ၏လုပ်ငန်းကို ရောင်းချခြင်း သို့မဟုတ် စွန့်လွှတ်ခြင်း၊ သို့မဟုတ်

(ခ) ဒါရိုက်တာတစ်ဦးမှ ပေးဆပ်ရန်ရှိသော မည်သည့်ကြွေးမြီကိုမဆို လျှော့ပေါ့ပေးခြင်း ပြုခွင့်မရှိပါ။

(၄) အများနှင့်သက်ဆိုင်သောကုမ္ပဏီများ) ဆိုလိုသည်မှာ အများနှင့်မသက်ဆိုင်သောကုမ္ပဏီများမပါ (၏ အစုရှယ်ယာရှင်များ အစည်းအဝေးများအပေါ်သာ သက်ရောက်မှုရှိသည့် အထူးသတ်မှတ်ချက်များ၊ အစည်းအဝေး အကြောင်းကြားစာ၊ အကြောင်းကြားကာလ နှင့် မဲခွဲရန်တောင်းဆိုမှုတို့ အပါအဝင်ဖြစ်သည်၊

(၅) ကုမ္ပဏီ၏ ဒါရိုက်တာတစ်ဦး သို့မဟုတ် ယင်းဒါရိုက်တာက ဖက်စပ်လုပ်ကိုင်သူအဖြစ်ပါဝင်သော လုပ်ငန်း သို့မဟုတ် ယင်းဒါရိုက်တာက ဒါရိုက်တာတစ်ဦးအဖြစ်ပါဝင်သော အများနှင့်မသက်ဆိုင်သောကုမ္ပဏီ တစ်ခုခု သို့ ချေးငွေပေးအပ်ခြင်း သို့မဟုတ် ချေးငွေပေးအပ်ရန်အာမခံခြင်းတို့မှ တားမြစ်ထားပါသည်၊

ကုမ္ပဏီများဥပဒေအရ အတိအလင်းခွင့်ပြုထားသည်မှတစ်ပါး အများနှင့်သက်ဆိုင်သောကုမ္ပဏီ၏ ဒါရိုက်တာတစ်ဦးသည် ၎င်းက တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်၍ အကျိုးစီးပွားပတ်သက်သော ပဋိညာဉ် သို့မဟုတ် စီမံဆောင်ရွက်မှုတစ်ခုခုတွင် ဒါရိုက်တာတစ်ဦးအဖြစ် မဲပေးခွင့် မရှိစေရသကဲ့သို့ ယင်းသို့သော မဲခွဲဆုံးဖြတ်မှုအတွက် ထိုအချိန်တွင် အစည်းအဝေး အထမြောက်ရန်လိုအပ်သည့် ဦးရေ ရရှိရေးအတွက် ၎င်း၏တက်ရောက်မှုကို ထည့်သွင်းတွက်ချက်ခြင်းမပြုရမည့်အပြင် မဲပေးခဲ့ပါကလည်း အဆိုပါမဲကိုထည့်သွင်းရေတွက်ခြင်းမပြုရ။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာ အမှတ် ၂၅/၂၀၁၈

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ၏ အမိန့်ကြော်ငြာစာအမှတ် ၂၅/၂၀၁၈ သည် မည်သည့် မြန်မာနိုင်ငံသားအပြည့်အဝ ဆောင်ရွက်သည့် ကုမ္ပဏီ၊ နိုင်ငံခြားသား အပြည့်အဝ ဆောင်ရွက်သည့် ကုမ္ပဏီ၊ မြန်မာနိုင်ငံသားနှင့် နိုင်ငံခြားသားပေါင်းစည်း ဆောင်ရွက်သည့် ကုမ္ပဏီမဆို လက်လီလက်ကား ရောင်းဝယ်ခြင်း လုပ်ငန်းနှင့်စပ်လျဉ်း၍ မှတ်ပုံတင်ခြင်းဆိုင်ရာ မူဘောင်ကို ချမှတ်ပေးထားပါသည်။ လက်လီလက်ကားရောင်းချဖြန့်ဖြူးရေး လုပ်ငန်းနှစ်မျိုးစလုံးကို မြန်မာနိုင်ငံသားအပြည့်အဝ ပိုင်ဆိုင်သည့် ကုမ္ပဏီများအတွက်

(၁)အမိန့်ကြော်ငြာစာထုတ်ပြန်ပြီးနောက် တည်ထောင်သည့် ကုမ္ပဏီများသည် လက်လီ/လက်ကား ရောင်းချခွင့်လုပ်ငန်း မှတ်ပုံတင်လက်မှတ်အတွက် လျှောက်ထားရမည်။

(၂) အမိန့်ကြော်ငြာစာ မထုတ်ပြန်မီ တည်ထောင်ခဲ့ပြီး ကနဦးရင်းနှီးမြှုပ်နှံငွေ အမေရိကန်ဒေါ်လာ ၇၀၀,၀၀၀ နှင့်အထက် သို့မဟုတ် ယင်းနှင့်ညီမျှသော မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လျက်ရှိပြီးဖြစ်သည့် မြန်မာနိုင်ငံသားအပြည့်အဝ ဆောင်ရွက်သည့် ကုမ္ပဏီများသည် ရက်ပေါင်း ၁၅၀ အတွင်း မှတ်ပုံတင်ခြင်း ပြုရမည်။

ကနဦးရင်းနှီးမြှုပ်နှံငွေ အမေရိကန်ဒေါ်လာ ၇၀၀,၀၀၀ အောက်ရှိ မြန်မာနိုင်ငံသား အပြည့်အဝပိုင်ဆိုင်သည့် ကုမ္ပဏီများသည် မှတ်ပုံတင်ခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။ လိုင်စင်ရ လက်လီ/လက်ကားရောင်းဝယ်သူ အားလုံးသည် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ အချိန်နှင့်အမျှ ချမှတ်သည့် လုပ်ထုံးလုပ်နည်းများကို လိုက်နာရမည်။ ဤအမိန့်ကြော်ငြာစာအောက်တွင် ထုတ်ပေးသော လက်လီ/လက်ကား ရောင်းချခွင့်လုပ်ငန်း မှတ်ပုံတင်လက်မှတ်သည် နိုင်ငံတစ်ဝန်းလုံးအတွက် အကျုံးဝင်သည်။

ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ (၂၀၁၉)

ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေသည် မြန်မာနိုင်ငံ၏ ခေတ်မီကုန်အမှတ်တံဆိပ် မှတ်ပုံတင်ခြင်းစနစ်ကို စတင်ဖော်ဆောင်ခဲ့ပြီး ၂၀၂၃ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင် စတင်အာဏာသက်ရောက်ခဲ့ပါသည်။ ကုန်အမှတ်တံဆိပ် မှတ်ပုံတင်ခြင်းကို မူပိုင်ခွင့်ဦးစီးဌာနက ဆောင်ရွက်ပါသည်။

အဆိုပါ ကုန်အမှတ်တံဆိပ်မူ ပိုင်ခွင့်ဥပဒေသည် အရင်တင်သွင်းသူသာလျှင် မှတ်ပုံတင်ခွင့်ရှိသည့်စနစ် (First-to-File System) ကို ကျင့်သုံးပြီး ကုန်အမှတ်တံဆိပ် အကာအကွယ်ပေးအပ်ခြင်းသည် သက်ဆိုင်ရာကုန်ပစ္စည်းများနှင့်/သို့မဟုတ် ဝန်ဆောင်မှုများအတွက် သက်ဆိုင်ရာတံဆိပ်အား မှတ်ပုံတင်ခြင်းမှတစ်ဆင့် အဓိကရရှိသည်ဟု ပြဋ္ဌာန်းထားသည်။ မှတ်ပုံတင်ပြီးသော တံဆိပ်တစ်ခုအား ယေဘုယျအားဖြင့် လျှောက်ထားသည့်နေ့မှစ၍ ကနဦးကာလ (၁၀) နှစ် သက်တမ်း ပေးအပ်ပြီး နောက်ထပ် (၁၀) နှစ်စီ သက်တမ်းတိုးမြှင့်ခွင့် ရှိသည်။

ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေသည် မှတ်ပုံတင်ပြီးနောက်ပိုင်းဆိုင်ရာ ကိစ္စရပ်များအတွက်လည်း မူဘောင်တစ်ရပ် ချမှတ်ပေးထားရာ ယင်းတို့တွင် မှတ်ပုံတင်ပြီးတံဆိပ်များ၏ လွှဲပြောင်းခြင်း/အပ်နှံခြင်းနှင့် လိုင်စင်ချထားခြင်းတို့ကို မှတ်တမ်းတင်ခြင်းတို့ ပါဝင်သည်။ ထို့ပြင် ကန့်ကွက်ခြင်း၊ ပယ်ဖျက်ခြင်းနှင့် ရုပ်သိမ်းခြင်းတို့အတွက် လုပ်ငန်းစဉ်များကိုပါ ထပ်မံပြဋ္ဌာန်းပေးထားရာ အသုံးမပြုခြင်းကြောင့် ရုပ်သိမ်းခြင်းလည်း အပါအဝင်ဖြစ်သည်။

ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေသည် ချိုးဖောက်မှုနှင့် အခြားတားမြစ်ထားသော လုပ်ရပ်များအတွက် ဒဏ်ငွေနှင့်/သို့မဟုတ် ထောင်ဒဏ် ချမှတ်ခြင်းတို့ ပါဝင်နိုင်သည့် ပြစ်ဒဏ်များနှင့်အတူ အရပ်ဘက်နှင့် ရာဇဝတ်မှုဆိုင်ရာ ဥပဒေအရ အရေးယူ ဆောင်ရွက်ခြင်းများကိုလည်း ပြဋ္ဌာန်းထားသည်။

အပိုင်း (၁၀)။ အခွန်ဆိုင်ရာကိစ္စရပ်များ

မြန်မာနိုင်ငံ၏ ကော်ပိုရိတ်ဝင်ငွေခွန် နှင့် မြန်မာနိုင်ငံတွင် ချမှတ်ထားသော ဝင်ငွေခွန်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေ (၂၀၂၆) နှင့်အညီ အခြေပစ္စည်းမှ မြတ်စွန်းငွေအပေါ် အခွန် နှင့် တံဆိပ်ခေါင်းခွန်တို့ကြောင့် ကျွန်ုပ်တို့ကုမ္ပဏီ၏ အစုရှယ်ယာများအား ပိုင်ဆိုင်ခြင်း၊ ထုခွဲရောင်းချခြင်း နှင့် ထည့်ဝင်ခြင်းတို့မှ ပေါ်ပေါက်နိုင်သည့် အခွန်အခဆိုင်ရာ အရေးပါသော အကျိုးဆက်များ အကြောင်းတို့ကို အောက်တွင် ရှင်းလင်းတင်ပြထားပါသည်။ ထိုတင်ပြချက်သည် ကျွန်ုပ်တို့ကုမ္ပဏီ၏ အစုရှယ်ယာများကို ပိုင်ဆိုင်ခြင်းနှင့် ပတ်သက်၍ ဖြစ်လာနိုင်ဖွယ်ရာရှိသော အခွန်အခဆိုင်ရာ အကျိုးဆက်အားလုံးကို အကြွင်းမဲ့ ပြည့်စုံစွာ ဆန်းစစ်လေ့လာချက်အဖြစ် ရည်ရွယ်ဆောင်ရွက်ထားခြင်း မဟုတ်သလို၊ ဥပဒေရေးရာ အကြံပြုချက် သို့မဟုတ် အခွန်အခဆိုင်ရာ အကြံပြုချက်လည်း မဟုတ်ပါ။ ဤဆွေးနွေးတင်ပြချက်သည် နောက်ဆုံးတင်သွင်းသည့်နေ့ရက်ရှိ တည်ဆဲဥပဒေများအပေါ် မှန်ကန်စွာ အဓိပ္ပာယ်ဖွင့်ဆိုကြောင်း မှတ်ယူ၍သော်လည်း၊ ထိုဥပဒေများအား ကျင့်သုံးရန် တာဝန်ရှိသော တရားရုံး သို့မဟုတ် ဘဏ္ဍာရေး အာဏာပိုင်တို့အနေဖြင့် ယခုအဓိပ္ပာယ်ဖွင့်ဆိုချက်အတိုင်း သဘောတူညီကြလိမ့်မည်ဟု လည်းကောင်း၊ ထို ဥပဒေများတွင် အပြောင်းအလဲ တစ်စုံတစ်ရာ မဖြစ်ပေါ်ဟုလည်းကောင်း အာမခံနိုင်ခြင်းမရှိပါ။ ပြဋ္ဌာန်းပြီးဖြစ်သော်လည်း အများပြည်သူသို့ ထုတ်ပြန်မထားသော သို့တည်းမဟုတ် ယေဘုယျအားဖြင့် အများပြည်သူက မသိရှိနိုင်သော ဥပဒေနှင့် အခြား နည်းဥပဒေ စည်းမျဉ်း သို့မဟုတ် တရားဝင် အတည်ပြုနိုင်သည့် အမိန့်ကြော်ငြာစာများ သို့မဟုတ် တရားဝင် အတည်မပြုနိုင်သည့် ရုံးတွင်း လမ်းညွှန်ချက်များလည်း ရှိနေနိုင်ပြီး၊ ယင်းတို့က အောက်ပါ ဆွေးနွေးတင်ပြချက်အပေါ် သက်ရောက်မှု ရှိနိုင်ပါသည်။ မြန်မာနိုင်ငံ၏ အခွန်အခတို့နှင့် သို့မဟုတ် အခြား အခွန်အခတို့ကြောင့် အစုရှယ်ယာများအား ပိုင်ဆိုင်ခြင်းနှင့် ထုခွဲရောင်းချခြင်းတို့မှ ပေါ်ပေါက်နိုင်သည့် အခွန်အခဆိုင်ရာ အကျိုးဆက်များနှင့် ပတ်သက်၍ အစုရှယ်ယာများတွင် ရင်းနှီးမြှုပ်နှံလိုသူတို့အနေဖြင့် မိမိတို့၏ ကိုယ်ပိုင် အခွန်ဆိုင်ရာ အကြံပေးပုဂ္ဂိုလ်တို့နှင့် ဆွေးနွေး တိုင်ပင်သင့်ပါသည်။ ကျွန်ုပ်တို့ကုမ္ပဏီ၏ အစုရှယ်ယာများကို ဝယ်ယူခြင်း၊ ပိုင်ဆိုင်ခြင်း သို့မဟုတ် ထုခွဲရောင်းချခြင်းမှ ပေါ်ပေါက်လာနိုင်သော အခွန်အခဆိုင်ရာ အကျိုးဆက် သို့မဟုတ် ပေးရန်တာဝန် တစ်စုံတစ်ရာအတွက် ကျွန်ုပ်တို့ ကုမ္ပဏီ၊ ၎င်း၏ ဒါရိုက်တာ တစ်ဦးဦး သို့မဟုတ် ယခု စာရင်းတင်သွင်းခြင်းတွင် ပါဝင်ပတ်သက်သည့် အခြားမည်သူကမျှ တာဝန် မယူပါ။

ကော်ပိုရေးရှင်းဆိုင်ရာ ဝင်ငွေခွန်

ကုမ္ပဏီများဥပဒေအရဖြစ်စေ၊ မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေတစ်ရပ်ရပ်အရဖြစ်စေ မြန်မာနိုင်ငံ၌ ဖွဲ့စည်း တည်ထောင်ထားသည့် ကုမ္ပဏီဖြစ်လျှင်သော်လည်းကောင်း၊ ကုမ္ပဏီ၏ အစုရှယ်ယာ မတည်ငွေရင်းအားလုံးကို မြန်မာနိုင်ငံသားတို့ကသာ ပိုင်ဆိုင်လျှင်သော်လည်းကောင်း၊ ဝင်ငွေခွန်ဆိုင်ရာကိစ္စများ အလို့ငှာ ယင်းကုမ္ပဏီကို မြန်မာနိုင်ငံသား တစ်ဦးအနေဖြင့် မှတ်ယူသည်။ ကွန်ကော့ဒီးယား အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် အပါအဝင်ဖြစ်သည့် ထိုသို့သော ကုမ္ပဏီများကို ပြည်တွင်းနေ နိုင်ငံသားဟု သဘောထားလျက် စုစုပေါင်းဝင်ငွေအပေါ် အခြေခံပြီး အခွန်စည်းကြပ်ပါသည်။ ထိုအခွန်စည်းကြပ်ထိုက်သော စုစုပေါင်း ဝင်ငွေတွင် စီးပွားရေးလုပ်ငန်းမှဝင်ငွေ၊ အခြေပစ္စည်းမှ မြတ်စွန်းငွေနှင့် အခြားရလမ်းများမှရသော ဝင်ငွေတို့ အားလုံး ပါဝင်ပါသည်။ မြန်မာနိုင်ငံ၌ မှတ်ပုံတင်၍ တည်ထောင်ထားသည့် ကုမ္ပဏီကို ၎င်း၏ အခွန်စည်းကြပ်ထိုက်သည့် အသားအမြတ်တင်ဝင်ငွေအပေါ် အခွန် ၂၅% ရာခိုင်နှုန်း စည်းကြပ်ပါသည်။ ရန်ကုန်စတော့အိပ်ချိန်းစာရင်းဝင် အများပိုင်ကုမ္ပဏီများအပေါ် ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ အရ သက်သာခွင့် နှုတ်ပယ်ခြင်းမပြုဘဲ စုစုပေါင်း အသားတင်အမြတ်ဝင်ငွေ အပေါ် ၁၇ ရာခိုင်နှုန်း ဝင်ငွေခွန် စည်းကြပ်ရမည်။ ထို့အပြင် ရန်ကုန်စတော့အိပ်ချိန်းသို့ အသစ်ဝင်ရောက်သည့် ကုမ္ပဏီများသည် ယခင်က ဝင်ငွေခွန် အပြည့်အဝထမ်းဆောင်ရန် ပျက်ကွက်မှုရှိပါက ရန်ကုန်စတော့အိပ်ချိန်းစာရင်ဝင်သည့် ဘဏ္ဍာရေးနှစ်မတိုင်မီ ပြီးခဲ့သည့် ဘဏ္ဍာရေးနှစ် ၂နှစ် အတွက် ဝင်ငွေ အမှန်ကို ဖော်ထုတ်၍ ကျသင့်ဝင်ငွေခွန် ပေးဆောင်ရမည်ဖြစ်ပြီး ယင်း ကျသင့်ဝင်ငွေခွန်ကို အပြည့်အဝပေးသွင်းပြီးဖြစ်ပါက အခွန်ဆိုင်ရာ စီမံအုပ်ချုပ်မှုဥပဒေအရ ဒဏ်ငွေတပ်ရိုက်ခြင်း၊ တရားစွဲဆိုခြင်းတို့မှ ကင်းလွတ်ခွင့် ရှိစေရမည်။

အမြတ်ဝေစုများ ခွဲဝေခြင်း

ကွန်ကော့ဒီးယား အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်ကဲ့သို့ ပြည်တွင်းအခြေစိုက် မြန်မာကုမ္ပဏီထံမှ ခွဲဝေပေးသော အမြတ်ဝေစုရရှိသည့် အစုရှယ်ယာရှင်များသည် ထိုအမြတ်ဝေစုအပေါ် ဝင်ငွေခွန် ပေးဆောင်ရခြင်းမှ ကင်းလွတ်ခွင့်ရပါသည်။

အစုရှယ်ယာများရောင်းချခြင်းမှ မြတ်စွန်းငွေ

ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေ (၂၀၂၆) အရ မြန်မာနိုင်ငံသားများက အစုရှယ်ယာများ ရောင်းချခြင်းမှ မြတ်စွန်းငွေအပေါ် (ရေနံနှင့် သဘာဝဓာတ်ငွေ့ ကဏ္ဍရှိ ကုမ္ပဏီများအား ခွင်းချက်ပြု၍) အခြေပစ္စည်းမှ မြတ်စွန်းငွေအဖြစ် အခွန် တစ်ဆယ် ရာခိုင်နှုန်း (၁၀%) ပေးဆောင်ရမည်ဖြစ်သည်။ အစုရှယ်ယာများ ရောင်းရငွေမှ အစုရှယ်ယာများအတွက် ကုန်ကျခဲ့သည့်စရိတ်ကို နုတ်ခြင်းအားဖြင့် အခွန်စည်းကြပ်ထိုက်သော အခြေပစ္စည်းမှ မြတ်စွန်းငွေကို တွက်ချက်ရပါသည်။ မည်သည့်ပုဂ္ဂိုလ် တစ်ဦးတစ်ယောက်မဆို တစ်နှစ်အတွင်း ရောင်းချခြင်း၊ လဲလှယ်ခြင်းသို့မဟုတ် အခြားနည်းလမ်းများဖြင့် လွှဲပြောင်းသည့် တစ်ခု သို့မဟုတ် ထို့ထက်ပိုသော အခြေပစ္စည်းများ၏ စုစုပေါင်းတန်ဖိုးသည် ကျပ် ၁၀ သန်းထက် မပိုပါက၊ ထိုအခြေပစ္စည်းမှ မြတ်စွန်းငွေ ဖြစ်ပေါ်လာစေကာမူ ဝင်ငွေခွန် စည်းကြပ်ခြင်းမခံရပါ။

တံဆိပ်ခေါင်းခွန်

အစုရှယ်ယာများ ဝယ်ယူသူအနေဖြင့် ဝယ်ယူသည့်အစုရှယ်ယာများ၏ တန်ဖိုးအပေါ် တံဆိပ်ခေါင်းခွန် ၀.၁ ရာခိုင်နှုန်း (၀.၁%) ထမ်းဆောင်ရန် လိုအပ်ပါသည်။

အပိုင်း (၁၁)။ အခြားသတင်းအချက်အလက်များ

သဘောတူခွင့်ပြုချက်များ

၁။ မြန်မာနိုင်ငံ၏ ဥပဒေများနှင့် စပ်လျဉ်း၍ ကျွန်ုပ်တို့ကုမ္ပဏီ၏ ဥပဒေအကြံပေးဖြစ်သည့် Allen & Gledhill (Myanmar) Co., Ltd အနေဖြင့် ဤအလားအလာညွှန်းတမ်းတွင် ဖော်ပြပါရှိသည့် ပုံသဏ္ဌာန်၊ စကားစပ် အနေအထားတို့အတိုင်း ၎င်း၏ အမည်နှင့် ရည်ညွှန်းချက်များ ထည့်သွင်းလျက် ဤအလားအလာညွှန်းတမ်းအား ထုတ်ဝေရန်အတွက်လည်းကောင်း၊ ဤအလားအလာညွှန်းတမ်း အလို့ငှာ ထိုကဲ့သို့သော အခန်းကဏ္ဍမှ ဆောင်ရွက်ရန်အတွက်လည်းကောင်း၊ ၎င်း၏ သဘောတူခွင့်ပြုချက်ကို ပေးအပ်ထားပြီးဖြစ်သည့်အပြင် ပြန်လည်ရုပ်သိမ်းထားခြင်းလည်း မရှိပါ။

၂။ ကျွန်ုပ်တို့ကုမ္ပဏီ၏ မြန်မာဥပဒေများဆိုင်ရာ အကြံပေး ၊ Sole Bookrunner ၊ Sole Lead Manager နှင့် Underwriter တို့ အသီးသီး အနေဖြင့် ဤစာတမ်းအတွင်း မည်သည့် ဖော်ပြချက်ကိုမျှသော်လည်းကောင်း၊ မည်သည့် ကိုးကားချက်ကိုမျှ သော်လည်းကောင်း ပြုလုပ်မထားပါ၊ ပြုလုပ်ရန်လည်း မရည်ရွယ်ပါ။ ထို့ပြင်၊ ဤစာတမ်းပါ ဖော်ပြချက်များ၊ သတင်းအချက်အလက်များ သို့မဟုတ် ထင်မြင်ယူဆချက်များအပေါ် အခြေပြုသော သို့မဟုတ် ယင်းတို့ကြောင့် ဖြစ်ပေါ်သော မည်သည့် ပုဂ္ဂိုလ်တစ်ဦးဦးထံ ပေးရန်တာဝန်ကိုမဆို တာဝန်ရှိသည်ဟု လုံးဝလက်မခံဘဲ ဥပဒေမှ ခွင့်ပြုသည့် အဆုံးစွန်သော အတိုင်းအတာအထိ အတိအလင်း ငြင်းပယ်ပါသည်။

ဘာသာစကား

ဤအလားအလာညွှန်းတမ်းကို အင်္ဂလိပ်၊ မြန်မာ ဘာသာစကား နှစ်မျိုးလုံးဖြင့် ထုတ်ပြန်ပါသည်။ ဤအလားအလာညွှန်းတမ်း၏ အင်္ဂလိပ်ဘာသာမူနှင့် မြန်မာဘာသာမူတို့ အကြား ကွဲလွဲမှု တစ်စုံတစ်ရာရှိလျှင် ဤအလားအလာညွှန်းတမ်း၏ အင်္ဂလိပ်ဘာသာမူက လွှမ်းမိုးစေရမည်။

ကျွန်ုပ်တို့ကုမ္ပဏီ ဒါရိုက်တာများ၏ တာဝန်ယူမှုဖော်ပြချက်

ဤအလားအလာညွှန်းတမ်းကို ကျွန်ုပ်တို့ကုမ္ပဏီ၏ ဒါရိုက်တာများမှ ကြည့်ရှုအတည်ပြုပြီးဖြစ်၍၊ ၎င်းတို့ တစ်ဦးချင်းစီအားဖြင့်လည်းကောင်း၊ အားလုံးစုပေါင်းလျက်လည်းကောင်း၊ ဤအလားအလာညွှန်းတမ်းပါ သတင်းအချက်အလက်တို့၏ တိကျမှန်ကန်မှုအပေါ် အပြည့်အဝတာဝန်ယူပါသည်။ ထို့ပြင်၊ သင့်လျော်သည့် မေးမြန်းစုံစမ်းမှုအားလုံး လုပ်ဆောင်ပြီးနောက် ၎င်းတို့၏ အကောင်းဆုံး သိရှိရမှုနှင့် ယုံကြည်မှုအရ ဤအလားအလာညွှန်းတမ်းတွင် ဖော်ပြပါရှိသော အချက်အလက်မှန်များ၊ ထင်မြင်ယူဆချက်များသည် မျှတမှုရှိပြီး တိကျမှန်ကန်ကြောင်း၊ ဤအလားအလာညွှန်းတမ်းပါ ဖော်ပြချက် တစ်ခုခုအပေါ် ထင်ယောင်ထင်မှား ဖြစ်စေနိုင်မည့် မည်သည့်အရေးကြီး အချက်အလက်ကိုမျှ ထိန်ချန်ထားခြင်းမရှိကြောင်း အတည်ပြုပါသည်။ ထုတ်ပြန်ထားသော သို့မဟုတ် အခြားနည်းဖြင့် အများပြည်သူ သိရှိနိုင်သော ဧစ်မြစ်တို့မှ ကောက်နုတ်ထားသည့် သတင်းအချက်အလက်တို့အတွက်မူ ယင်းတို့ကို အဆိုပါဧစ်မြစ်တို့မှ တိကျမှန်ကန်စွာ ကောက်နုတ်ထားမှု နှင့်/သို့မဟုတ် ဤအလားအလာညွှန်းတမ်း အတွင်း ထိုက်သင့်သည့် ပုံသဏ္ဌာန်၊ စကားစပ်တို့ အတိုင်း တစ်ဖန်ပြန်လည်၍ ကောင်းစွာထည့်သွင်းထားကြောင်း ကျွန်ုပ်တို့ကုမ္ပဏီ၏ ဒါရိုက်တာများက တာဝန်ယူပါသည်။

ကုမ္ပဏီသည် ရန်ကုန်စတော့အိပ်ချိန်း ၏ စည်းမျဉ်းစည်းကမ်းများ နှင့် ပြဋ္ဌာန်းချက်များကို လိုက်နာပါမည်ဟု ကုမ္ပဏီ၏ ဒါရိုက်တာများက တဦးချင်းအနေဖြင့်သော်လည်းကောင်း စုပေါင်း၍သော်လည်းကောင်း တာဝန်ယူပါသည်။

ကြည့်ရှုစစ်ဆေးနိုင်သော စာရွက်စာတမ်းများ

ဤအလားအလာညွှန်းတမ်းအား ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနထံ တင်သွင်းသည့် နေ့ရက်မှ ခြောက်လတိုင်တိုင် အဆောက်အဦး (၁၁)၊ အမ်အိုင်စီတီပတ်ခ်၊ ပထမထပ်မှ စတုတ္ထထပ်အထိ၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့၊ မြန်မာနိုင်ငံရှိ ကျွန်ုပ်တို့ကုမ္ပဏီ၏ တရားဝင်ရုံးခန်း၌ ပုံမှန်ရုံးချိန်များအတွင်း အောက်ပါ စာရွက်စာတမ်းများ၏ မိတ္တူများကို ကြည့်ရှုစစ်ဆေးနိုင်ပါသည် -

(က) ကျွန်ုပ်တို့ကုမ္ပဏီ၏ ကုမ္ပဏီဖွဲ့စည်းပုံအခြေခံစည်းမျဉ်း။

မြန်မာနိုင်ငံအတွင်း ကမ်းလှမ်းအစုရှယ်ယာများအတွက် လျှောက်ထားခြင်းဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များနှင့် လုပ်ထုံးလုပ်နည်းများ

ဤအပိုင်းတွင်လည်းကောင်း၊ လျှောက်လွှာပုံစံများ၊ ကျွန်ုပ်တို့ကုမ္ပဏီ၏ ကုမ္ပဏီဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းများတွင်လည်းကောင်း ဖော်ပြပါရှိသော စည်းကမ်း သတ်မှတ်ချက်များဖြင့်၊ ကမ်းလှမ်း အစုရှယ်ယာများတွင် ကမ်းလှမ်းအစုရှယ်ယာတစ်စုလျှင် ကမ်းလှမ်းဈေးနှုန်းဖြင့် ထည့်ဝင်နိုင်ရေးအတွက် လျှောက်လွှာများ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) လျှောက်ထားချက် တစ်စုံတစ်ရာအား ငြင်းပယ်ခဲ့လျှင် သို့မဟုတ် တစ်စိတ်တစ်ဒေသသာ လက်ခံခဲ့လျှင်ဖြစ်စေ၊

(ခ) အကြောင်းကြောင်းကြောင့် ဤကမ်းလှမ်းမှုအား ဆက်လက် ဆောင်ရွက်နိုင်ခြင်း မရှိခဲ့လျှင်ဖြစ်စေ၊ လျှောက်လွှာတင်ထားသော ငွေပမာဏ အားလုံးကိုသော်လည်းကောင်း၊ လျှောက်လွှာတင်ထားသော ငွေပမာဏမှ လက်ကျန်ငွေကိုသော်လည်းကောင်း (မည်သို့ပင် ဖြစ်စေ၊ ယင်းငွေအပေါ် အတိုးသော်လည်းကောင်း၊ ယင်းငွေမှ ရငွေ သို့မဟုတ် မည်သည့် အကျိုးအမြတ် ဝေစုတစ်စုမျှ သော်လည်းကောင်း မပေးအပ်ဘဲ၊ ကျွန်ုပ်တို့၏ ကုမ္ပဏီအပေါ် မည်သည့် အခွင့်အရေး သို့မဟုတ် တောင်းဆိုခွင့်မျှ မဖြစ်ပေါ်စေဘဲ) ပြန်လည်ထုတ်အမ်းပေးမည်ဟူသော သတ်မှတ်ချက်ဖြင့်၊ ကမ်းလှမ်းအစုရှယ်ယာများ၌ ထည့်ဝင်ခွင့် လျှောက်ထားသည့် ရင်းနှီးမြှုပ်နှံသူသည် ကမ်းလှမ်းအစုရှယ်ယာ တစ်ခုစီအတွက် ကမ်းလှမ်းဈေးနှုန်းကို ပေးချေရန် တာဝန်ရှိပါမည်။

အထွေထွေ

၁။ လူကြီးမင်း၏ လျှောက်ထားမှုကို ကမ်းလှမ်းအစုရှယ်ယာ အနည်းဆုံး တစ်စု (၁-ခု) စီဖြင့်ဖြစ်စေ၊ ယင်းကိန်းဂဏန်း၏ ကိန်းပြည့်အလီ ပါဝင်သည့် ကမ်းလှမ်းအစုရှယ်ယာ အတွဲများဖြင့်ဖြစ်စေ လျှောက်ထားရပါမည်။ အခြားရေတွက်သည့် ပုံစံဖြင့် ကမ်းလှမ်းအစုရှယ်ယာများအား လျှောက်ထားမှုကို ငြင်းပယ်မည် ဖြစ်ပါသည်။

၂။ [၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်] ၊ နံနက် [၉:၀၀] နာရီတွင် စတင်ပြီး၊ [၂၀၂၆ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်] ၊ နေ့လည် [၂:၀၀] နာရီတွင် ကုန်ဆုံးသည့် အချိန်ကာလအတွင်း၌သာ လူကြီးမင်းအနေဖြင့် ဤကမ်းလှမ်းမှုပါ ကမ်းလှမ်းအစုရှယ်ယာ များအတွက် လျှောက်ထားခွင့်ရှိပါသည်။ အကျိုးဝင် ဥပဒေများပေါ်တွင် မူတည်လျက်၊ ဤကမ်းလှမ်းမှုအား ဖွင့်လှစ်ထားသည့် အချိန်ကာလကို Sole Bookrunner ၊ Sole Lead Manager and Underwriter နှင့် ကျွန်ုပ်တို့ကုမ္ပဏီက တိုင်ပင်ပြီး၊ ချင့်ချိန်ဆုံးဖြတ်သည့် နေ့ရက်နှင့်/သို့မဟုတ် အချိန်နာရီကို အတိုးအလျော့ ပြုလုပ်နိုင်ပါသည်။

၃။ ဤအလားအလာညွှန်းတမ်းတွင် ယင်း၏ အစိတ်အပိုင်းအဖြစ် ပါဝင်သော ပုံနှိပ်ထားသည့် လျှောက်လွှာပုံစံများဖြင့်သာ ကမ်းလှမ်းအစုရှယ်ယာများအတွက် လူကြီးမင်း၏ လျှောက်ထားမှုကို တင်သွင်းရပါမည်။

၄။ အသက် တစ်ဆယ့်ရှစ်နှစ် (၁၈-နှစ်) မပြည့်သေးသူနှင့် ရှင်းလင်းမပြီးသေးသော ဒေဝါလီခံထားရသူ (undischarged bankrupt) မည်သူမဆို လျှောက်လွှာ တင်သွင်းခွင့် မရှိပါ။

၅။ မည်သည့် ယုံမှတ်အပ်နှံမှုအဖွဲ့ (trust) ၏ တည်ရှိခြင်းကိုမျှ အသိအမှတ်ပြုမည် မဟုတ်ပါ။ ယုံမှတ်အပ်နှံခြင်းခံရသူ (trustee) တစ်ဦး သို့မဟုတ် ယုံမှတ်အပ်နှံခြင်းခံရသူများ (trustees) က လျှောက်လွှာ တင်သွင်းလျှင် ၎င်းတို့၏ ကိုယ်ပိုင် အမည်ဖြင့်သာ ခြွင်းချက် တစ်စုံတစ်ရာ မထားဘဲ တင်သွင်းရပါမည်။

၆။ ဤအလားအလာညွှန်းတမ်းနှင့် (လျှောက်လွှာပုံစံများ အပါအဝင်) ယင်းနှင့်အတူ ပါရှိသော စာရွက်စာတမ်းများအား မြန်မာနိုင်ငံတွင်းမှလွဲ၍ မည်သည့် စီရင်ပိုင်ခွင့်နယ်ပယ်တွင်မျှ မှတ်ပုံတင်လျှောက်ထားခြင်း သို့မဟုတ် ရယူထားခြင်း မရှိပါ။ အချို့သော စီရင်ပိုင်ခွင့်နယ်ပယ်တို့၌ ၎င်းတို့၏ သက်ဆိုင်ရာ ငွေချေးသက်သေခံဥပဒေများအရ ဤအလားအလာညွှန်းတမ်းနှင့်

လျှောက်လွှာပုံစံများကို ဖြန့်ဝေမှုအား (လုံးဝသော်လည်းကောင်း၊ ဥပဒေပိုင်းအရ ဖြစ်စေ၊ စီမံအုပ်ချုပ်ရေးပိုင်းအရ ဖြစ်စေ ငွေချေးသက်သေခံစာချုပ်ဆိုင်ရာ သတ်မှတ်ချက်များအား လိုက်နာဆောင်ရွက်ခြင်း မရှိလျှင်သော်လည်းကောင်း) ကန့်သတ်တားမြစ်ထားခြင်းများရှိနိုင်ပါသည်။ ရှေ့တွင်ဆိုခဲ့သည်တို့၏ ယေဘုယျ သဘောအား မကန့်သတ်စေဘဲ၊ ဤအလားအလာညွှန်းတမ်းနှင့် လျှောက်လွှာပုံစံများကိုလည်းကောင်း၊ ယင်းတို့၏ မိတ္တူ တစ်စုံတစ်ရာကိုလည်းကောင်း၊ အခြားစီရင်ပိုင်ခွင့်နယ်ပယ် တစ်ရပ်ရပ်ထံ သို့မဟုတ် ထိုအတွင်း၌ တိုက်ရိုက် သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ ယူဆောင်ခြင်း၊ ထုတ်လွှင့်ခြင်း၊ ထုတ်ပြန်ခြင်း သို့မဟုတ် ဖြန့်ဝေခြင်း မပြုရ။ ဤကန့်သတ်ချက်အား လိုက်နာဆောင်ရွက်ရန် ပျက်ကွက်မှုသည် သက်ဆိုင်ရာ စီရင်ပိုင်ခွင့်နယ်ပယ်များတွင် ငွေချေးသက်သေခံစာချုပ်ဆိုင်ရာ ဥပဒေများအား ချိုးဖောက်ရာ ရောက်နိုင်ပါသည်။

၇။ ဤအလားအလာညွှန်းတမ်းနှင့် လျှောက်လွှာပုံစံများသည် ကျွန်ုပ်တို့၏ ကုမ္ပဏီကိုယ်စား သို့မဟုတ် ကုမ္ပဏီကိုယ်တိုင် အခြားစီရင်ပိုင်ခွင့်နယ်ပယ် တစ်ရပ်ရပ်တွင် ငွေချေးသက်သေခံစာချုပ်များအတွက် ထည့်ဝင်ရန် သို့မဟုတ် ယင်းတို့အား ဝယ်ယူရန် ကမ်းလှမ်းမှု သို့မဟုတ် ဖိတ်ခေါ်မှုတစ်ရပ် မဟုတ်ပါ။ ထို့ပြင်၊ ထိုသို့ ကမ်းလှမ်းခြင်း သို့မဟုတ် ဖိတ်ခေါ်ခြင်းပြုလုပ်ရန် တရားမဝင်သော စီရင်ပိုင်ခွင့်နယ်ပယ် တစ်ရပ်ရပ်တွင်ဖြစ်စေ၊ ထိုသို့ကမ်းလှမ်းရန် သို့မဟုတ် ဖိတ်ခေါ်ရန် တရားမဝင်သော ပုဂ္ဂိုလ် တစ်ဦးတစ်ယောက်သို့ဖြစ်စေ ကမ်းလှမ်းမှု သို့မဟုတ် ဖိတ်ခေါ်မှုတစ်ရပ်လည်း မဟုတ်ပါ။ သက်ဆိုင်ရာ စီရင်ပိုင်ခွင့်နယ်ပယ်တစ်ရပ်ရပ်၏ အကျုံးဝင်သော ဥပဒေ သတ်မှတ်ချက်များဖြင့် အညီမှတပါး အဆိုပါ စီရင်ပိုင်ခွင့်နယ်ပယ်၌ ကမ်းလှမ်းအစုရှယ်ယာများကို ကမ်းလှမ်းခြင်း၊ ရောင်းချခြင်း သို့မဟုတ် ပေးအပ်ခြင်း မပြုရသကဲ့သို့၊ ဤအလားအလာညွှန်းတမ်းနှင့် လျှောက်လွှာပုံစံများကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်လျက် လှည့်လည်ခြင်း သို့မဟုတ် ဖြန့်ဝေခြင်း မပြုရပါ။

စီရင်ပိုင်ခွင့်နယ်ပယ်တစ်ရပ်ရပ်၏ ငွေချေးသက်သေခံစာချုပ်များဆိုင်ရာ ဥပဒေများအားဖြစ်စေ၊ ယင်းတွင်အကျုံးဝင်သည့် ဥပဒေပိုင်း သို့မဟုတ် ကြပ်မတ်ကွပ်ကဲရေးပိုင်းသတ်မှတ်ချက်များအားဖြစ်စေ၊ ဖောက်ဖျက်ကျူးလွန်ရာရောက်နိုင်သည်ဟု Sole Bookrunner ၊ Sole Lead Manager and Underwriter နှင့် ကျွန်ုပ်တို့ကုမ္ပဏီက ယုံကြည်သော သို့မဟုတ် ယုံကြည်ရန် အကြောင်းရှိသော မည်သည့်ကမ်းလှမ်းအစုရှယ်ယာ လျှောက်ထားမှုကိုမဆို ကျွန်ုပ်တို့၏ကုမ္ပဏီ၊ Sole Bookrunner ၊ Sole Lead Manager and Underwriter နှင့် ကျွန်ုပ်တို့ကုမ္ပဏီတို့က ငြင်းပယ်ပိုင်ခွင့် ရှိသည်။

တရားဝင် လုပ်ဆောင်ခွင့်ရှိလျှင် မှအပ မြန်မာနိုင်ငံပြင်ပရှိ အခြားနိုင်ငံ၏ စီရင်ပိုင်ခွင့်နယ်ပယ် တစ်ရပ်ရပ်၏ အကျုံးဝင်ရာ ဥပဒေပိုင်း သို့မဟုတ် ကြပ်မတ်ကွပ်ကဲရေးပိုင်းဆိုင်ရာ သတ်မှတ်ချက်များအား လိုက်နာဆောင်ရွက်ခြင်း မရှိဘဲ ဤအလားအလာညွှန်းတမ်းနှင့် လျှောက်လွှာပုံစံများကို လက်ခံရရှိသော အဆိုပါ စီရင်ပိုင်ခွင့်နယ်ပယ်ရှိ မည်သည့် ပုဂ္ဂိုလ် မဆို ထိုသို့ လက်ခံရရှိမှုကို ကမ်းလှမ်းအစုရှယ်ယာများအတွက် ထည့်ဝင်ရန် သို့မဟုတ် ယင်းတို့အား ဝယ်ယူရန် ကမ်းလှမ်းမှု သို့မဟုတ် ဖိတ်ခေါ်မှုအဖြစ် သဘောထား ဆောင်ရွက်ခြင်း မပြုရပါ။

၈။ ဤအလားအလာညွှန်းတမ်းနှင့် လျှောက်လွှာပုံစံများတွင် ဖော်ပြထားသည့် ညွှန်ကြားချက်များကို တိတိကျကျ လိုက်နာဆောင်ရွက်ထားခြင်းမရှိသော လျှောက်ထားမှုမှန်သမျှကို လည်းကောင်း၊ ဖတ်၍မရသော၊ မပြည့်စုံသော၊ မှားယွင်းစွာဖြည့်စွက်ထားသော၊ နည်းလမ်းတကျ လက်မှတ်ရေးထိုး အတည်ပြုထားခြင်းမရှိသော လျှောက်ထားမှု မှန်သမျှကို လည်းကောင်း၊ လူကြီးမင်းတို့က လျှောက်လွှာတင်သည့် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီမှ သတ်မှတ်ထားသော ဘဏ်စာရင်းနှင့်/သို့မဟုတ် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများရှိ လူကြီးမင်း၏ ငွေချေးသက်သေခံ လက်မှတ်စာရင်း၌ လက်ကျန်ငွေ လုံလောက်စွာမရှိဘဲ လျှောက်ထားမှု မှန်သမျှကို လည်းကောင်း Sole Bookrunner ၊ Sole Lead Manager and Underwriter နှင့် ကျွန်ုပ်တို့ကုမ္ပဏီက ငြင်းပယ်ခွင့်ရှိသည်။

၉။ Sole Bookrunner ၊ Sole Lead Manager and Underwriter နှင့် ကျွန်ုပ်တို့ကုမ္ပဏီက လျှောက်ထားမှု တစ်စုံတစ်ရာကို လုံးဝဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ မည်သည့်အကြောင်းပြချက်မျှ မပေးဘဲ ငြင်းပယ်ခွင့် သို့မဟုတ် လက်ခံခွင့်၊ လျှို့ဝှက်ဆန္ဒမဲပေးခြင်း (ballot) သို့မဟုတ် ပမာဏ (scale down) လျှော့ချခွင့်ရှိပြီး ဤအခွင့်အရေးများကိုကျင့်သုံးရာတွင် သတ်မှတ်လျှောက်လွှာပုံစံများဖြင့် လျှောက်ထားမှုများနှင့် ကျွန်ုပ်တို့က သင့်သည်ဟုထင်မြင်သည့် အခြားပုံစံများဖြင့် လျှောက်ထားမှုများအပေါ်တွင်ပါ အကျုံးဝင်ပါသည်။ အဆိုပါ အခွင့်အရေးများ ကျင့်သုံးရန် ဆုံးဖြတ်ချက်ဖြင့်စပ်လျဉ်း၍ မည်သည့် မေးမြန်းစုံစမ်းခြင်း နှင့်/သို့မဟုတ် စာရေးသား ဆက်သွယ်ခြင်းကိုမျှ Sole Bookrunner ၊ Sole Lead Manager and Underwriter နှင့် ကျွန်ုပ်တို့ကုမ္ပဏီက လက်ခံဆောင်ရွက်မည် မဟုတ်ပါ။

၁၀။ ဤစာတမ်းအတွင်း မည်သို့ပင် ပါရှိစေကာမူ၊ ကမ်းလှမ်းမှုအရ လျှောက်ထားသူများထံ ကမ်းလှမ်းအစုရှယ်ယာများအား ခွဲဝေချထားခြင်းကို Sole Bookrunner ၊ Sole Lead Manager and Underwriter နှင့် ကျွန်ုပ်တို့ကုမ္ပဏီ၏ သဘော အတိုင်းသာ ပြုလုပ်မည်ဖြစ်သည်။

၁၁။ လျှောက်ထားမှုအောင်မြင်သူ တစ်ဦးစီထံ ၎င်းအတွက် ခွဲဝေချထားသည့် ကမ်းလှမ်းအစုရှယ်ယာများ အရေအတွက်ကို ၎င်းလျှောက်လွှာတင်ခဲ့ရာ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီရှိ ၎င်း၏ ငွေချေးသက်သေခံလက်မှတ်စာရင်း၌ ထည့်သွင်းပေးမည် ဖြစ်သည်။

၁၂။ လျှောက်လွှာပုံစံတစ်ခုအား ဖြည့်စွက်တင်သွင်းခြင်းအားဖြင့် လူကြီးမင်းသည် -

(က) လူကြီးမင်း လျှောက်ထားသော ကမ်းလှမ်းအစုရှယ်ယာ အရေအတွက် သို့မဟုတ် ယင်းထက် လျော့နည်းသည့် အရေအတွက်ဖြင့် ခွဲဝေ/ချထားပေးခဲ့လျှင် ထိုလျော့နည်းသည့် အရေအတွက်အား ကျွန်ုပ်တို့ကုမ္ပဏီ၏ ကုမ္ပဏီဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းများ၊ လျှောက်လွှာပုံစံများနှင့် ဤအလားအလာညွှန်းတမ်းတွင် ဖော်ပြထားသည့် စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ လက်ခံရန်နှင့် ထည့်ဝင်ရန် ပြန်လည်ရုပ်သိမ်းခြင်း မပြုဘဲ သဘောတူရာလည်း ရောက်ပါသည်၊

(ခ) လျှောက်လွှာတင်သွင်းချိန်၌ လျှောက်ထားသော ကမ်းလှမ်းအစုရှယ်ယာအရေအတွက် အလို့ငှာ (Indicative Offering Price Range အတွင်း ဘောင်ဝင်အောင်) ဖြည့်စွက်ထားသည့် bidding price အရ စုစုပေါင်း ကျသင့်ငွေသည် လူကြီးမင်း လျှောက်လွှာကိုတင်ခဲ့ရာ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီသို့ ပေးရန်အချိန် စေ့ရောက်ပြီး၊ ပေးရန်တာဝန်ရှိကြောင်း လူကြီးမင်းက သဘောတူရာလည်း ရောက်ပါသည်၊

(ဂ) လူကြီးမင်း၏လျှောက်လွှာတွင် ထည့်သွင်းကြေညာတင်ပြထားသည့် သတင်းအချက်အလက်များ တိကျ မှန်ကန်ကြောင်း ဝန်ခံကတိပြုပြီး၊ လူကြီးမင်း၏လျှောက်လွှာကို လက်ခံရန် မခံရန် နှင့်/သို့မဟုတ် လူကြီးမင်းထံ ကမ်းလှမ်းအစုရှယ်ယာ တစ်စုံတစ်ရာ ခွဲဝေချထားခြင်း ပြုရန်/မပြုရန် ဆုံးဖြတ်ရာ၌ အဆိုပါ သတင်းအချက်အလက်များအား ကျွန်ုပ်တို့ကုမ္ပဏီနှင့် သက်ဆိုင်ရာ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီတို့က အထောက်အထားအဖြစ် အသုံးပြုမည်ဖြစ်ကြောင်း အသိအမှတ်ပြု သဘောတူရာလည်း ရောက်ပါသည်၊

